
# မြန်မာနိုင်ငံတွင် မြို့ပြနယ်မြေများ၌
# အများပြည်သူ လိုအပ်ချက်နှင့် ဝန်ဆောင်မှုများပေးခြင်း

## စည်ပင်သာယာရေးအဖွဲ့များနှင့်
## ဌာနများ၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း





မိုက်ကယ်ဝင်းတားနှင့် မြနန္ဒာသင်း

ဒီဇင်ဘာ ၂၀၁၆

RENAISSANCE INSTITUTE

The Asia Foundation

# မြန်မာနိုင်ငံတွင် မြို့ပြနယ်မြေများ၌
# အများပြည်သူ လိုအပ်ချက်နှင့် ဝန်ဆောင်မှုများပေးခြင်း
# စည်ပင်သာယာရေးအဖွဲ့များနှင့်
# ဌာနများ၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း

မိုက်ကယ်ဝင်းတားနှင့် မြနန္ဒာသင်း

ဒီဇင်ဘာ ၂၀၁၆

## ကျေးဇူးတင်လွှာ

ဤသုတေသနစာတမ်းအတွက် စည်ပင်သာယာရေးလုပ်ငန်းများအကြောင်း ဆွေးနွေးပြောဆိုပေးသည့်အပြင်၊ သက်ဆိုင်ရာ စာရွက်၊ စာတမ်း၊ အချက်အလက်များအား အသုံးပြုခွင့်ပေးသည့် ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့ရှိ စည်ပင်သာယာရေးအဖွဲ့များမှ တာဝန်ရှိသူများအား စာရေးသူများအနေဖြင့် အထူးပင် ကျေးဇူးတင်ရှိပါသည်။ ဤစာတမ်းဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့သည့် မြို့နယ်စည်ပင်သာယာရေး ကော်မတီမှ ကော်မတီအဖွဲ့ဝင်များကိုလည်း ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် သုတေသနလုပ်ငန်းအတွက် လိုအပ်သော အထောက်အပံ့များအား ထိရောက်စွာ ပံ့ပိုးကူညီပေးခဲ့သည့် အာရှဖောင်ဒေးရှင်း (The Asia Foundation) နှင့် ဉာဏ်သစ်လင်းအင်စတီကျု (Renaissance Institute) တို့မှ ဝန်ထမ်းများအားလည်း ကျေးဇူးတင်ရှိပါသည်။

## စာရေးသူများအကြောင်း

မိုက်ကယ်ဝင်းတား (Michael Winter) သည် အာရှနှင့် အာဖရိကနိုင်ငံများတွင် ဒေသန္တရအစိုးရနှင့် ဖွံ့ဖြိုးရေးဆိုင်ရာကိစ္စများတွင် အကြံပေးအဖြစ် နှစ်ပေါင်း (၂၀) ကျော် လုပ်ကိုင်လျက်ရှိပြီး၊ ယခုသုတေသနစာတမ်းအား ဦးဆောင်ရေးသားသူလည်း ဖြစ်သည်။ UNCDF၊ UNDP၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ SDC နှင့် ဗြိတန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID) ကဲ့သို့အဖွဲ့အစည်းများတွင်လည်းလုပ်ကိုင်နေသူတစ်ဦးဖြစ်သည်။ မြနန္ဒာသင်းသည် ဉာဏ်သစ်လင်းအင်စတီကျု (Renaissance Institute)မှ တွဲဖက်သုတေသီတစ်ဦးဖြစ်သည်။ Renaissance Institute ၏ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ သုတေသနနှင့် မူဝါဒဆိုင်ရာ ဆွေးနွေးဖြန့်ဖြူးမှု လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရေးကို ပံ့ပိုးဆောင်ရွက်သူတစ်ဦးလည်းဖြစ်သည်။

## အာရှဖောင်ဒေးရှင်းနှင့် (Renaissance Institute) ဉာဏ်သစ်လင်းအင်စတီကျု အကြောင်း

အာရှဖောင်ဒေးရှင်း (The Asia Foundation) သည် အကျိုးအမြတ်မယူသည့် နိုင်ငံတကာ ဖွံ့ဖြိုးရေးအဖွဲ့အစည်းတစ်ခုဖြစ်ပြီး အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်နေသည့် အာရှဒေသရှိ လူများ၏ လူနေမှုဘဝမြှင့်တင်ပေးသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ဆယ်စုနှစ် ခြောက်နှစ်ကြာကာလအတွင်း ရရှိထားသည့် လုပ်ငန်းနှင့်ဒေသတွင်း အတွေ့အကြုံများတို့အပေါ် အခြေခံ၍ (၂၁) ရာစုတွင် အာရှဒေသအတွင်း တွေ့ကြုံနေရသည့် စိန်ခေါ်မှုများဖြစ်သော စီမံအုပ်ချုပ်မှုနှင့် ဥပဒေ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အမျိုးသမီးစွမ်းဆောင်ရည်မြင့်မားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဒေသတွင်း ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းများကို လုပ်ဆောင်လျှက် ရှိပါသည်။ ထို့ပြင် Books for Asia အစီအစဉ်နှင့် ပညာရပ်ဆိုင်ရာ အပြန်အလှန်ဖလှယ်မှုများကိုပါ ဆောင်ရွက်ခြင်းဖြင့် အာရှဒေသ ငြိမ်းချမ်း၊ တရားမျှတကာ ဖွံ့ဖြိုးသာယာရေးအတွက် ကူညီဆောင်ရွက်လျက်ရှိပါသည်။ ဆန်ဖရန်စစ္စကိုတွင် ရုံးချုပ်တည်ရှိပြီး အာရှနိုင်ငံပေါင်း (၁၈) နိုင်ငံနှင့် ဝါရှင်တန် ဒီ.စီ တို့တွင် ရုံးများရှိပါသည်။ အာရှဖောင်ဒေးရှင်းသည် အစိုးရဌာန ဆိုင်ရာများနှင့် ပုဂ္ဂလိကမိတ်ဖက်များဖြင့် လုပ်ငန်းများ တွဲဖက်လုပ်ဆောင်ကာ၊ ရန်ပုံငွေများအား နှစ်နိုင်ငံနှင့် နိုင်ငံပေါင်းစုံပါဝင်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ကော်ပိုရေးရှင်းများနှင့် တစ်သီးပုဂ္ဂလအလှူရှင်များမှ လက်ခံရရှိပါသည်။

The Renaissance Institute သည် မြန်မာ့စီးပွားရေးပြုပြင်ပြောင်းလဲမှုကို အထောက်အကူပေးရန် အဓိကရည်ရွယ်သော ပညာရှင်အဖွဲ့ဖြစ်သည်။ ဤအဖွဲ့သည် မြန်မာ့စီးပွားရေး ပိုမိုသန့်စွမ်းလာရေးကို အဓိကအာရုံထားကာ မူဝါဒချမှတ်ရာတွင် အထောက်အကူပြုစေရန် ဆန်းစစ်လေ့လာမှုများပေးလျက်ရှိပြီး အစိုးရ၏ စွမ်းဆောင်ရည်တည်ဆောက်ရေးလုပ်ငန်းစဉ်ကို ကူညီဆောင်ရွက်ပေးလျက်ရှိသည့်အပြင်၊ အစိုးရနှင့် အခြားသက်ဆိုင်သူများအကြား ဆက်သွယ်ဆောင်ရွက်မှုလွယ်ကူချောမွေ့စေရန် တို့ကိုလည်း ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် Renaissance Institute သည် လက်ရှိအစိုးရ၏ ဦးစားပေးမူဝါဒများဖြစ်သော ဘဏ္ဍာရေးဆိုင်ရာ ဗဟိုချုပ်ကိုင်မှုလျော့ချရေးနှင့် ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးတို့ကို ပံ့ပိုးကူညီလျက်ရှိသည်။

The Asia Foundation

RENAISSANCE INSTITUTE

## စကားချီး

မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံခန့်သည် မြို့ပြများတွင်နေထိုင်ကြသည့်အလျောက် မြို့ပြစီမံခန့်ခွဲမှုသည် ပိုမိုအရေးပါလာပါသည်။ မြို့ပြပုံစံနှင့် မြို့နေလူဦးရေတိုးတက်မြင့်မားလာခြင်းနှင့်အတူ မြို့ပြဝန်ဆောင်မှုများသည် ပြည်သူနှင့်အစိုးရအကြား ဆက်သွယ်ရာတွင် အလွန်အရေးပါသော ကိစ္စတစ်ရပ် ဖြစ်ပါသည်။ ရန်ကုန်မြို့တော်၊ မန္တလေးမြို့တော်နှင့် နေပြည်တော်မြို့များမှအပ ကျန်မြို့ပြဒေသများတွင် စည်ပင်သာယာရေးအဖွဲ့များ (Development Affairs Organizations – DAOs) ဟု ခေါ် ဆိုသော မြို့ပြအဖွဲ့အစည်းများသည် မြို့ပြပြည်သူ့ဝန်ဆောင်မှုများကို ပံ့ပိုးဖြည့်ဆည်းပေးသကဲ့သို့ ဒေသန္တရစီးပွားရေး စီမံအုပ်ချုပ်မှုကိုပါ ကြီးကြပ်ကွပ်ကဲပါသည်။ မြို့ပြစီမံခန့်ခွဲမှုတွင် အဓိကဇာတ်ကောင်ဖြစ်သည့် စည်ပင်သာယာရေးအဖွဲ့များ DAOs အား အထူးအလေးထား ထောက်ကူပံ့ပိုးရေးမှာ မြန်မာနိုင်ငံ၏ဒီမိုကရေစီအကူးအပြောင်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖွံ့ဖြိုးမှုအတွက်အလွန်အရေးပါသောလုပ်ငန်းတစ်ရပ်ဖြစ်သည်။

အာရှဖောင်ဒေးရှင်းနှင့် Renaissance Institute တို့ပူးပေါင်း၍ စည်ပင်သာယာရေးအဖွဲ့အစည်းများ DAOs များ၏ လုပ်ငန်းစဉ်များ၊ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရေးမူဘောင်များဆိုင်ရာ သုတေသနစာတမ်းကို ဂုဏ်ယူဝမ်းမြောက်စွာ တင်ပြအပ်ပါသည်။ မြို့ပြဒေသ လူမှုဘဝသာယာကောင်းမွန်ရေးနှင့် စီးပွားရေးတိုးတက်မှုအတွက် မြန်မာနိုင်ငံ၏ မြို့ပြစီမံအုပ်ချုပ်မှုနှင့် ငွေရေးကြေးရေးစီမံခန့်ခွဲမှု ယန္တရားကို နားလည်သဘောပေါက်ရန် လွန်စွာအရေးကြီးပါသည်။ စည်ပင်သာယာရေးအဖွဲ့အစည်းများ ရင်ဆိုင်နေရသော အရေးကြီးသည့် အဓိကစိန်ခေါ်မှုများမှာ ကိုယ်ပိုင်ရန်ပုံငွေကို အဓိကအားထားရပ်တည်နေရခြင်းနှင့် လုပ်ငန်းတာဝန်များ လွန်စွာကျယ်ပြန့်ခြင်းတို့ဖြစ်ကြသည်။ သို့သော် မြန်မာနိုင်ငံအုပ်ချုပ်မှုစနစ်တွင် စည်ပင်သာယာရေးအဖွဲ့များမှာ လုပ်ပိုင်ခွင့်အာဏာအများဆုံးလွှဲအပ်ခံထားရသည့် အဖွဲ့အစည်းများဖြစ်သည့်အားလျော်စွာ၊ ဘဏ္ဍာရေးတာဝန်ယူတာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုများ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ခြင်းဖြင့် ဒေသန္တရ ပြည်သူ့ဝန်ဆောင်မှုများပေးရာတွင် ပိုမိုကောင်းမွန်လာစေရန် ဖြည့်ဆည်းပေးရေး၊ ပြည်သူလူထုနှင့် လူမှုပဋိညာဉ် ပြင်ဆင်တည်ဆောက်ရေးတို့အတွက် ထူးခြားသော အနေအထားရှိသည့် အလားအလာအကောင်းဆုံး အဖွဲ့အစည်းများဖြစ်သည်။

ယေဘုယျအားဖြင့် စည်ပင်သာယာရေးအဖွဲ့များ ပြုပြင်ပြောင်းလဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အားပေးကူညီခြင်းသည် အစိုးရနှင့် ပြည်သူကြား ကွာဟချက် ပပျောက်ရေး၊ ယုံကြည်မှုတည်ဆောက်ရေးနှင့် မြို့ပြပြည်သူတို့၏ နေ့စဉ်လူမှုဘဝပေါ် သက်ရောက်မှုရှိသည့် ဖွံ့ဖြိုးရေးရလဒ်ကောင်းများ ဖြစ်ထွန်းလာစေရေးအတွက် အထောက်အကူဖြစ်စေနိုင်ပါသည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ ဒီမိုကရေစီစနစ်ကူးပြောင်းရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအတွက် အလွန်အရေးကြီးသည့် ကိစ္စရပ်များဖြစ်ကြသော အုပ်ချုပ်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကိစ္စရပ်များဆိုင်ရာ ဆွေးနွေးမှုများအတွက် အထောက်အကူဖြစ်စေမည်ဟု မျှော်လင့်မိပါသည်။

ဤစာတမ်းကို ရေးသားပြုစုသူများမှာ အလွတ်တန်း သုတေသီ မိုက်ကယ်ဝင်းတားနှင့် Renaissance Institute မှ တွဲဖက်သုတေသီ မြနန္ဒာသင်းတို့ဖြစ်ပါသည်။ မိုက်ကယ်ဝင်းတားမှာ ဒေသန္တရအစိုးရနှင့် မြို့ပြဘဏ္ဍာရေးဘာသာရပ်ဆိုင်ရာ ကျွမ်းကျင်ပညာရှင် ဖြစ်ပါသည်။ မြနန္ဒာသင်းသည် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာမှု သုတေသနအတွေ့အကြုံရှိသူတစ်ဦးဖြစ်ပြီး၊ လက်ရှိ ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲမှု ပြုပြင်ပြောင်းလဲရေးဆိုင်ရာ သုတေသနလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ပါသည်။ ဤစာတမ်းအတွက် ဗြိတိန်နိုင်ငံ နိုင်ငံတကာဖွံ့ဖြိုးရေးဌာန (DFID)၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးနှင့်ကုန်သွယ်ရေးဆိုင်ရာဌာန (DFAT)၊ ဆွစ်ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SDC) မှ မေတ္တာဖြင့် ရန်ပုံငွေကူညီပံ့ပိုးပေးထားပါသည်။ ဤစာတမ်းတွင် ဖော်ပြထားသော ထင်မြင်ယူဆချက်များသည် စာရေးသူများ၏ အာဘော်သာဖြစ်ပြီး၊ DFID ၊ DFAT ၊ SDC ၊ အာရှဖောင်ဒေးရှင်းနှင့် Renaissance Institute တို့၏ ထင်မြင်ယူဆချက်များကို ထင်ဟပ်မှုမရှိကြောင်းဖော်ပြအပ်ပါသည်။

ဒေါက်တာ ကင်(မ်)နင်း
မြန်မာနိုင်ငံ ဌာနေကိုယ်စားလှယ်
အာရှဖောင်ဒေးရှင်း

ဦးစိုးဝင်း
အမှုဆောင်ညွှန်ကြားရေးမှူး
Renaissance Institute

# မာတိကာ


အတိုကောက်ဝေါဟာရများ ............................................................ က
အဓိကအကြောင်းအရာများ အကျဉ်းချုပ် ............................................................ ခ
အခန်း (၁) နိဒါန်း ............................................................ ၁
၁.၁။ အစီရင်ခံစာကို ခြုံငုံကြည့်ရှုခြင်း ............................................................ ၁
၁.၂။ လေ့လာပုံ နည်းလမ်း ............................................................ ၁
အပိုင်း (၂) မြို့ပြဖွံ့ဖြိုးလာခြင်း၊ မြို့ပြနယ်မြေများနှင့် DAO များ ............................................................ ၂
၂.၁။ မြန်မာနိုင်ငံမှ မြို့ပြဖွံ့ဖြိုးလာခြင်းနှင့် မြို့ပြနယ်မြေများ ............................................................ ၂
၂.၂။ မြို့ပြဖွံ့ဖြိုးလာမှုနှင့် မြို့ပြနယ်မြေများအပေါ်မြန်မာနိုင်ငံ၏ အဖွဲ့အစည်းဆိုင်ရာ တုန့်ပြန်ဆောင်ရွက်ပုံ စည်ပင်သာယာရေးအဖွဲ့များ (DAOs) ............................................................ ၃
၂.၂.၁။ ခြုံငုံကြည့်ရှုခြင်း ............................................................ ၃
၂.၂.၂။ စည်ပင်သာယာအဖွဲ့များ (DAOs) နှင့် စည်ပင်သာယာဦးစီးဌာနများ (DDAs) - မြန်မာနိုင်ငံ၏ မြို့ပြအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဆိုင်ရာ ရောစပ်ထားသော အစီအစဉ်များ ............................................................ ၄
အပိုင်း (၃)စီမံခန့်ခွဲမှု၊ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘဏ္ဍာရေး ............................................................ ၈
၃.၁။ DAOs ကို မည်သူက ကိုင်တွယ်လုပ်ဆောင်နေသနည်း။ စည်ပင်သာယာရေးဦးစီးဌာနများနှင့် အဖွဲ့များ၏ စီမံခန့်ခွဲမှုနှင့် အရင်းအမြစ်များ ............................................................ ၈
၃.၁.၁။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် DDAs ............................................................ ၈
၃.၁.၂။ DAO များ ............................................................ ၉
၃.၁.၃။ DAO/DDA ဝန်ထမ်း - ပြည်ထောင်စုအဆင့်အောက် ပြည်သူ့ဝန်ထမ်းများ ............................................................ ၁၁
၃.၁.၄။ စည်ပင်သာယာရေးကော်မတီများ ............................................................ ၁၂
၃.၂။ DAO များဘာတွေလုပ်ပါသလဲ။ DAO လုပ်ငန်းဆောင်တာများနှင့် ငွေသုံးစွဲမှုပုံစံများ ............................................................ ၁၃
၃.၂.၁။ ပြည်နယ်/တိုင်းဒေသကြီး DDA များ ............................................................ ၁၃
၃.၂.၂။ DAO များ ............................................................ ၁၄
၃.၃။ DAO များက ဘာတွေ သုံးစွဲကြသလဲ။ DAO အသုံးစရိတ်ပုံစံများ ............................................................ ၂၀
၃.၃.၁။ ပြည်နယ်/တိုင်းဒေသကြီး DAO စနစ်များရှိ ပေါင်းစည်းထားသော အသုံးစရိတ်ပုံစံများ ............................................................ ၂၀
၃.၃.၂။ DAO တစ်ခုချင်းစီ၏ အသုံးစရိတ်ပုံစံများ ............................................................ ၂၈
၃.၄။ DAO ဘဏ္ဍာရေး - DAO များက သုံးစွဲမှုများအတွက် ဘဏ္ဍာငွေများ ဘယ်လိုထောက်ပံ့သလဲ။ ............................................................ ၃၁
၃.၄.၁။ ဝင်ငွေရရှိသည့် နည်းလမ်းများ၊ ဝင်ငွေအရင်းအမြစ်နှင့် ဝင်ငွေ ပြန်လည်ခွဲဝေမှု ............................................................ ၃၁
၃.၄.၂။ DAO များ၏ ဝင်ငွေများနှင့် ဝင်ငွေပုံစံများ ............................................................ ၃၃
၃.၄.၃။ DAO များ - ဒေသန္တရနှင့် ဒေသန္တရမှ မဟုတ်သည့် ကိုယ်ပိုင်ဝင်ငွေအရင်းအမြစ်များ ............................................................ ၄၁
အပိုင်း (၄) စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း ............................................................ ၄၅
၄.၁။ ရေရှည်၊ မဟာဗျူဟာနှင့် မြို့ပြ စီမံကိန်း ............................................................ ၄၅
၄.၁.၁။ ရေရှည် ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းရေးဆွဲခြင်းနှင့် မြို့ပြ ဖွံ့ဖြိုးမှု မဟာဗျူဟာများ ............................................................ ၄၅
၄.၁.၂။ DAO များ၏ ရေရှည်နှင့် မြို့ပြစီမံကိန်းရေးဆွဲခြင်း ............................................................ ၄၅
၄.၂။ နှစ်စဉ် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း ............................................................ ၄၆
၄.၂.၁။ ဘတ်ဂျက် ပြက္ခဒိန်များ ............................................................ ၄၇
၄.၂.၂။ ဝင်ငွေခန့်မှန်းချက်များနှင့် ဘတ်ဂျက် အမြင့်ဆုံး၊ အများဆုံးနှင့် အနည်းဆုံးကန့်သတ်ထားမှု ............................................................ ၄၈
၄.၂.၃။ ရွေးချယ်မှုများ - ရွေးစရာများနှင့် ဦးစားပေးများ ............................................................ ၅၁
၄.၂.၄။ ဘတ်ဂျက်တင်ပြခြင်းနှင့် အတည်ပြုခြင်း ............................................................ ၅၆
အပိုင်း (၅) တွေ့ရှိချက်များ၊ ဆွေးနွေးချက်များနှင့် အကြံပြုတင်ပြချက်များ ............................................................ ၅၈
၅.၁။ တွေ့ရှိချက်များနှင့် ဆွေးနွေးချက်များ ............................................................ ၅၈
၅.၁.၁။ အုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့်ဆိုင်သော စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ ............................................................ ၅၉
၅.၁.၂။ ငွေရေးကြေးရေးထောက်ပံ့ခြင်းဆိုင်ရာ ကိစ္စများ ............................................................ ၅၉
၅.၁.၃။ စံသတ်မှတ်ချက်များနှင့် လက်တွေ့ကျင့်သုံးမှု ............................................................ ၆၀
၅.၁.၄။ နှစ်ရှည်၊ မဟာဗျူဟာမြောက်နှင့် မြို့ပြ စီမံကိန်းများရေးဆွဲခြင်း ............................................................ ၆၁
၅.၁.၅။ ပူးပေါင်းပါဝင်မှု၊ တာဝန်ခံမှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် ............................................................ ၆၁

၅.၂။ အကြံပြု တင်ပြချက်များ ............................................................................................................................................................................................................................ ၆၂
၅.၂.၁။DAO/DDAဘဏ္ဍာရေးစီမံကိန်း/ဘတ်ဂျက်ရေးဆွဲခြင်းနှင့်အခြေခံအဆောက်အဦ/ဝန်ဆောင်မှုပေး ခြင်း ....... ၆၂
၅.၂.၂။ DAO များ၊ ဒေသန္တရ အုပ်ချုပ်ရေးနှင့် ပိုမိုကျယ်ပြန့်သည့် အဖွဲ့အစည်း မူဘောင်များ ............................ ၆၅

ကျမ်းကိုးကားစာရင်း ....................................................................................................................................... ၆၇
နောက်ဆက်တွဲ ၁။ မြန်မာနိုင်ငံ၏ မြို့ပြဖွံ့ဖြိုးမှု ............................................................................................ ၆၉
နောက်ဆက်တွဲ ၂။ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးဖွဲ့စည်းတည်ဆောက်ပုံ ........................................................... ၇၀

## ပုံစာရင်း

ပုံ (၁) မြို့နယ်များအလိုက် မြို့ပြဖွံ့ဖြိုးမှုအဆင့် ............................................................................................. ၂
ပုံ (၂) DAO ၏တာဝန်ပေးထားသော လုပ်ငန်းဆောင်တာများ ..................................................................................... ၁၅
ပုံ (၃) ပြည်နယ်၊ တိုင်းဒေသကြီးက လူတစ်ဦးစီအတွက် DAO သုံးငွေ
(ပြည်နယ်၊ တိုင်းဒေသကြီးရှိ စုစုပေါင်း လူဦးရေအတွက်) ................................................................................ ၂၆
ပုံ (၄) ပြည်နယ်၊ တိုင်းဒေသကြီးက လူတစ်ဦးစီအတွက် DAO သုံးငွေ
(ပြည်နယ်၊ တိုင်းဒေသကြီးရှိ စုစုပေါင်းမြို့ပြလူဦးရေအတွက်) .......................................................................... ၂၆
ပုံ (၅) သာမန်၊ ငွေလုံးငွေရင်းအသုံးစရိတ် (တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်) .............................................. ၂၇
ပုံ (၆) DAOs နမူနာများ ၏သာမန်အသုံးစရိတ်အနေအထား : မြို့ငယ်နှင့် DAO ရုံး ................................................... ၂၈
ပုံ (၇) DAOs နမူနာများ ၏သာမန်အသုံးစရိတ်အနေအထား : မြို့နယ်ကြီးနှင့် DAO ရုံး .............................................. ၂၉
ပုံ (၈) DAOs နမူနာများ၏ ငွေလုံးငွေရင်းအသုံးစရိတ်ကို ဖော်ပြခြင်း ..................................................................... ၃၀
ပုံ (၉) တစ်ဦးချင်း DAO/DDA ဝင်ငွေများ (ပြည်နယ်၊ တိုင်းဒေသကြီး) ................................................................... ၃၈
ပုံ (၁၀) DAO ဝင်ငွေအရင်းအမြစ် ................................................................................................................... ၃၉
ပုံ (၁၁) ဝင်ငွေအရင်းအမြစ်များနှင့် မြို့ပြနေရာအရွယ်အစား (ဧရာဝတီတိုင်းဒေသကြီး DAOs) ...................................... ၄၀
ပုံ (၁၂) ဝင်ငွေအရင်းအမြစ်များနှင့် မြို့နယ်၏ မြို့ပြနေထိုင်မှု (ဧရာဝတီတိုင်းဒေသကြီး DAOs) ..................................... ၄၀
ပုံ (၁၃) လှိုင်းဘွဲ့ DAO မြို့ငယ်ဝင်ငွေများ ........................................................................................................ ၄၁
ပုံ (၁၄) ထားဝယ် DAO မြို့ကြီးဝင်ငွေများ ....................................................................................................... ၄၂
ပုံ (၁၅) ပြည်တွင်းအခွန်မှ မျှဝေပေးသော ဧရာဝတီတိုင်းဒေသကြီး DAO ဝင်ငွေများနှင့် မြို့အရွယ်အစား ......................... ၄၃
ပုံ (၁၆) တစ်ဦးချင်း DAO ဝင်ငွေများ မြင့်မားလာခြင်းနှင့် မြို့ပြလူနေမှုနှုန်း ကျဆင်းလာခြင်း (ဧရာဝတီ) ........................ ၄၄
ပုံ (၁၇) DAO/DDA နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင်ပါဝင်သော အဆင့်များ ................ ၄၇
ပုံ (၁၈) တနင်္သာရီတိုင်းဒေသကြီး DAO များ၏ ဝင်ငွေစုစုပေါင်း (၂၀၁၁-၁၆) ............................................................ ၄၉
ပုံ (၁၉) ဧရာဝတီတိုင်းဒေသကြီး DAO/DDA သာမန်အသုံးစရိတ်ဘတ်ဂျက်များဖွဲ့စည်းထားပုံ (၂၀၁၆-၁၇ ဘဏ္ဍာနှစ်) ........ ၅၂
ပုံ (၂၀) ဧရာဝတီတိုင်းဒေသကြီး DAO/DDA ၏ စီစဉ်ထားသော ဘတ်ဂျက်တွင် ပါဝင်သော
ငွေလုံးငွေရင်း အသုံးစရိတ် ဖွဲ့စည်း ထားပုံ (၂၀၁၆-၁၇ ဘဏ္ဍာနှစ်) ........................................................................ ၅၄

## ဘောင်ကွက်စာရင်း

ဘောင်ကွက် (၁) DAOs နှင့် DDAs များ၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ လက်ရှိသမိုင်းကြောင်း ............................................ ၄
ဘောင်ကွက် (၂) မြန်မာနိုင်ငံ၏ မြို့နယ်အုပ်ချုပ်ရေးများ ..................................................................................... ၅
ဘောင်ကွက် (၃) DAOs/DDAs: စည်ပင်သာယာ ရှုမြင်ပုံ - တဝက်ပြည့်သလား (သို့) တဝက်လျော့သလား ........................ ၇
ဘောင်ကွက် (၄) ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ်အတွက်DAO၏သယ်ယူပို့ဆောင်ရေးအခြေခံအဆောက်အဦနှင့်
ပတ်သတ်သည့် ဆောင်ရွက်ချက်များ .................................................................................................. ၁၆
ဘောင်ကွက် (၅) ပြည်သူ့လုပ်ငန်းဌာနများတွင် "ဌာနတွင်း အင်အားစု" နည်းလမ်းများ ............................................... ၁၇
ဘောင်ကွက် (၆) သေးငယ်သော မြို့တော်များနှင့် မြို့နယ်ကြီးများတွင် ပုဂ္ဂလိက ကဏ္ဍမှစွန့်ပစ်အမှိုက်များ သိမ်းယူခြင်း ........ ၁၈
ဘောင်ကွက် (၇) စည်ပင်သာယာရေပေးဝေမှု ဘားအံမြို့ (ကရင်ပြည်နယ်) အနာဂတ်အလားလာများ ............................ ၂၀
ဘောင်ကွက် (၈) ဒေသန္တရအစိုးရ ဝင်ငွေခန့်မှန်းခြင်း .......................................................................................... ၄၈
ဘောင်ကွက် (၉) ညောင်တုန်း DAO တွင် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုကို စီမံကိန်းရေးဆွဲခြင်း .......................................... ၅၅
ဘောင်ကွက် (၁၀) DAO/DDAများစီမံကိန်းရေးဆွဲခြင်းနှင့်ဘတ်ဂျက်ရေးဆွဲရေးအကြောင်းနှင့် လုပ်ငန်းစဉ်ကို ခြုံငုံဖော်ပြခြင်း ... ၅၈

## ဇယားစာရင်း


ဇယား (၁) ပြည်နယ်၊ တိုင်းဒေသကြီးရှိ DDA ဝန်ထမ်းအရေအတွက်......၈
ဇယား (၂) DAO အမျိုးအစားများနှင့် အရေအတွက်များ ......၉
ဇယား (၃) ရောဝတီ DAO – ဝန်ထမ်းအနေအထား......၁၁
ဇယား (၄) ရွေးချယ်ထားသည့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ (အိမ်ခြေများ၏ %) မြို့ပြရေပေးဝေမှု ......၁၉
ဇယား (၅) DAO အသုံးစရိတ်နှင့် တစ်ဦးချင်းအတွက် ပြည်ထောင်စုမှ လွှဲပြောင်းပေးမှု......၂၁
ဇယား (၆) DAO စနစ် သုံးငွေ စုစုပေါင်းကို မြန်မာကျပ်ငွေဖြင့် ဖော်ပြမှု (ရောဝတီ၊ တနင်္သာရီနှင့် မွန်) ......၂၂
ဇယား (၇) DAO စနစ် သုံးငွေစုစုပေါင်းကို အမေရိကန်ဒေါ်လာဖြင့်ဖော်ပြမှု (ရောဝတီ၊ တနင်္သာရီနှင့် မွန်) ......၂၃
ဇယား (၈) DAO စနစ်တစ်ခုလုံး၏ သာမန်နှင့် ငွေလုံးငွေရင်းသုံးငွေ စုစုပေါင်းကို မြန်မာကျပ်ငွေဖြင့် ဖော်ပြမှု (ရောဝတီ၊ တနင်္သာရီနှင့် မွန်) ......၂၄
ဇယား (၉) DAO စနစ်တစ်ခုလုံး၏ သာမန်နှင့် ငွေလုံးငွေရင်းသုံးငွေ စုစုပေါင်းကို အမေရိကန် ဒေါ်လာဖြင့် ဖော်ပြမှု (ရောဝတီ၊ တနင်္သာရီနှင့် မွန်) ......၂၅
ဇယား (၁၀) DAO စနစ် စုစုပေါင်းဝင်ငွေကို မြန်မာကျပ်ငွေဖြင့် ဖော်ပြခြင်း (ရောဝတီ၊ တနင်္သာရီနှင့် မွန်)......၃၄
ဇယား (၁၁) DAO စနစ် စုစုပေါင်းဝင်ငွေကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြခြင်း(ရောဝတီ၊ တနင်္သာရီနှင့် မွန်)......၃၅
ဇယား (၁၂) DAO စနစ် စုစုပေါင်းသုံးစွဲခြင်းမရှိသည့် ငွေစာရင်းပိတ်လက်ကျန်များကို မြန်မာကျပ်ငွေဖြင့် ဖော်ပြခြင်း (ရောဝတီ၊ တနင်္သာရီနှင့် မွန်) ......၃၆
ဇယား (၁၃) DAO စနစ် စုစုပေါင်းသုံးစွဲခြင်းမရှိသည့် ငွေစာရင်းပိတ်လက်ကျန်များကို အမေရိကန် ဒေါ်လာဖြင့် ဖော်ပြခြင်း (ရောဝတီ၊ တနင်္သာရီနှင့် မွန်) ......၃၇
ဇယား (၁၄) DAO/DDA ဘတ်ဂျက် ပြက္ခဒိန်များ (ဘတ်ဂျက် မူလခန့်မှန်းခြေ) ......၄၇
ဇယား (၁၅) DAO ဝင်ငွေခန့်မှန်းချက်များ (၂၀၁၅-၁၆ နှင့် ၂၀၁၆-၁၇)......၄၉

## အတိုကောက်ဝေါဟာရများ

| | |
|---|---|
| ADB | အာရှဖွံ့ဖြိုးရေးဘဏ် |
| BE | ခန့်မှန်း ဘတ်ဂျက် |
| DAO | စည်ပင်သာယာရေးအဖွဲ့ |
| DDA | စည်ပင်သာယာရေးဌာန |
| DUHD | မြို့ပြနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန |
| DRD | ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| EO | မြို့နယ်စည်ပင်အမှုဆောင်(ဦးစီး)အရာရှိ |
| FY | ဘဏ္ဍာနှစ် |
| GAD | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန |
| IRD | ပြည်တွင်းအခွန်များဦးစီးဌာန |
| JICA | ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ |
| MMK | မြန်မာကျပ် |
| MoBA | နယ်စပ်ရေးရာဝန်ကြီးဌာန |
| MoLFRD | မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန |
| OSR | ကိုယ်ပိုင်အရင်းအမြစ်မှ ရသောဝင်ငွေ |
| NRW | အခွန်မပေးရသောရေ |
| RE | ပြန်လည်ပြင်ဆင်ထားသော ခန့်မှန်းဘတ်ဂျက် |
| RI | Renaissance Institute |
| S/R | ပြည်နယ်/တိုင်းဒေသကြီး |
| SLORC | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| SWM | စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေး |
| TDAC | မြို့နယ်စည်ပင်သာယာရေးကော်မတီ |
| UNCDF | ကုလသမဂ္ဂအရင်းအနှီးဖွံ့ဖြိုးရေးရန်ပုံငွေ |
| UNDP | ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ် |
| UNICEF | ကုလသမဂ္ဂကလေးများရန်ပုံငွေ |
| WHO | ကမ္ဘာ့ကျန်းမာရေးအဖွဲ့ |

**DDA နှင့် DAO အမည်ပေးထားပုံများနှင့်ပတ်သက်သော မှတ်စု**

ဤအစီရင်ခံစာတွင် စည်ပင်သာယာရေးဌာနများ (Departments of Development Affairs (DDAs)) ကို ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအစိုးရ၏ အဖွဲ့အစည်းများအဖြစ် ရည်ညွှန်းထားကာ ၎င်းကို (မြို့နယ် သို့မဟုတ် မြို့နယ်ခွဲအဆင့်ရှိ) စည်ပင်သာယာရေးအဖွဲ့ (DAO) များက တာဝန်ခံရသည်။ ထိုနေရာတွင် DDA များကို တစ်ချိန်က နယ်စပ်ရေးရာဝန်ကြီးဌာန လက်အောက်တွင် ရှိခဲ့သော ဌာနအနေဖြင့် ရောထွေးမသွားစေလိုပါ။

ဤအစီရင်ခံစာတွင် ပြည်နယ်/တိုင်းဒေသကြီး DDA နှင့် ၎င်းကိုကိုယ်စားပြုသော မြို့နယ် သို့မဟုတ် မြို့နယ်ခွဲအဆင့်မှ DAO များကို ပေါင်းထားသောစနစ်အား DDA/DAO စနစ်ဟု ရည်ညွှန်းထားပါသည်။

# အဓိကအကြောင်းအရာ အကျဉ်းချုပ်

၁။ **ဤအစီရင်ခံစာတွင် မြန်မာနိုင်ငံရှိ စည်ပင်သာယာရေးအဖွဲ့ (Development Affairs Organization) (နောက်ပိုင်းတွင် DAO ဟု သုံးနှုန်းသွားပါမည်) များ၏ ဆောင်ရွက်နေသော ဘဏ္ဍာရေး၊ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်း နည်းလမ်းများကို လေ့လာထားသည်။** အစီရင်ခံစာကို (၁) မြန်မာနိုင်ငံတွင် ၂၀၁၆ ဖွန်လနှင့် ဇူလိုင်လအတွင်း ပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ အာရှဖောင်ဒေးရှင်းနှင့် Renaissance Institute (RI) သုတေသနအဖွဲ့မှ ဆောင်ရွက်ခဲ့သော ကွင်းဆင်းလေ့လာရေး လုပ်ငန်း[1] (၂) DAO များနှင့်ဆိုင်သော စာရွက်စာတမ်းများကို သုံးသပ်ခြင်း [2] (၃) မြူနီစပယ်အုပ်ချုပ်ရေး၊ ဘဏ္ဍာရေးစီမံခန့်ခွဲမှု၊ ဝန်ဆောင်မှုပေးခြင်း နယ်ပယ်တို့နှင့်ပတ်သက်သော နိုင်ငံတကာအတွေ့အကြုံများမှ လေ့လာတွေ့ရှိချက်များကို အခြေခံထားသည်။ မြို့ပြစီမံခန့်ခွဲမှုအား သီးခြားအစီအစဉ်ဖြင့်ပြုလုပ်နေသော မြန်မာနိုင်ငံ၏ အကြီးဆုံးမြို့တော်သုံးခု (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်)ရှိ DAO များကို ဤအစီရင်ခံစာတွင် ဆွေးနွေးခြင်းမပြုကြောင်း အထူးသတိပြုရန်လိုအပ်သည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ ဒုတိယအဆင့် မြို့တော်များနှင့် မြို့နယ်များကိုသာ အဓိက လေ့လာထားခြင်းဖြစ်သည်။

၂။ **မြန်မာနိုင်ငံသည် မြို့ပြဖွံ့ဖြိုးမှု အတန်အသင့်ရှိပြီးသားဖြစ်ပြီး လာမည့်ဆယ်စုနှစ်များအတွင်း မြို့ပြများ ပိုမိုထွန်းကားလာမည်ဖြစ်သည်။** လက်ရှိတွင် တိုင်းပြည်လူဦးရေစုစုပေါင်း၏ ၃၃.၅ ရာခိုင်နှုန်းသည် မြို့ပြဒေသများတွင်နေထိုင်လျက်ရှိရာ မြန်မာ နိုင်ငံ၏ မြို့ပြဖွံ့ဖြိုးမှုအဆင့်သည် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် တူညီနေသည်။ ထို့အပြင် မြို့ပြလူဦးရေက တိုင်းပြည် လူဦးရေ တစ်ခုလုံး တိုးပွားမှုနှင့်နှိုင်းယှဉ်လျှင် မြန်ဆန်စွာကြီးထွားလာနေသောကြောင့် ၂၀၃၀ ခုနှစ်တွင် နိုင်ငံသား ၁၀ ဦးလျှင် ၄ ဦးမှာ မြို့ပြဒေသတွင် နေထိုင်မည်ဟု ခန့်မှန်းရသည်။ မြန်မာနိုင်ငံတွင် မြို့ပြနေလူဦးရေ၏ ၄၀ ရာခိုင်နှုန်းနီးပါးသည် အဓိကမြို့ကြီးသုံးမြို့တွင် နေထိုင်ကြပြီး ၆၀ ရာခိုင်နှုန်းက ဒုတိယအဆင့်မြို့ကြီးများနှင့် မြို့ငယ်များတွင် နေထိုင်ကြသော်လည်း မြို့ပြထွန်းကားမှုမှာ နေရာအနှံ့ ပျံ့နှံ့လျက်ရှိသည်။ မြန်မာနိုင်ငံလူဦးရေ၏ အထင်ကရအစိတ်အပိုင်းတစ်ခု၏လိုအပ်ချက်များ ပြည့်မီရေးနှင့် မြို့ပြဖွံ့ဖြိုးရေးမှတဆင့် နိုင်ငံတော် အဆင့်ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရန် မြို့ပြဒေသများအား စီမံခန့်ခွဲခြင်းသည် များစွာအရေးပါသည့် အချက်ဖြစ်သည်။ ထို့ကြောင့် ပစ္စုပ္ပန်နှင့် အနာဂတ်ကာလများတွင် DAOs အဖွဲ့များကို အလေးအနက်ထား ဆောင်ရွက်သင့်သည်။

၃။ **မြန်မာနိုင်ငံ၏ ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ ဒုတိယအဆင့်မြို့ကြီးများနှင့်မြို့နယ်များတွင် ပြည်သူ့အကျိုးပြု ဝန်ဆောင်မှု လုပ်ငန်းများကို "စည်ပင်သာယာရေးအဖွဲ့ - DAO"/ "စည်ပင်သာယာရေးဌာန (Department of Development Affairs) (နောက်ပိုင်းတွင် DDA ဟုဖော်ပြပါမည်)" (DAO/DDA) စနစ်များက ဆောင်ရွက်သည်။** အဆိုပါ DAO/DDA စနစ်များသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများ၏ လက်အောက်တွင်ရှိပြီး၊ လုပ်ငန်းတာဝန်အများစုကို ပြည်ထောင်စုအစိုးရနှင့်မဆိုင်ပဲ လွတ်လပ်စွာစီမံခန့်ခွဲသည်။ DAO/DDA စနစ်များသည် ပြည်နယ်/တိုင်း ဒေသကြီးတစ်ခုစီ၏ စည်ပင်သာယာရေးဥပဒေများကို လိုက်နာဆောင်ရွက်ရသော်လည်း လက်တွေ့တွင် တစ်ခုနှင့်တစ်ခု များစွာတူညီမှုရှိသည်။ DAO/DDA စနစ်များသည် ပြည်ထောင်စုအစိုးရဘတ်ဂျက်၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရဘတ်ဂျက်များမှ ရန်ပုံငွေအချို့ကို ရရှိသော်လည်း သာမာန်အားဖြင့် ၎င်းတို့၏လုပ်ငန်းအများစုအတွက် ကိုယ်ပိုင်ရငွေရင်းမြစ်များမှ သုံးစွဲလေ့ရှိကြသည်။

၄။ **ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် DAO/DDA စနစ်များသည် ဝန်ကြီးဌာနများ သို့မဟုတ် အစိုးရပိုင်စီးပွားရေးလုပ်ငန်းများ ကဲ့သို့ လုပ်ကိုင်ဆောင်ရွက်သည်။** ပြည်နယ်/တိုင်းဒေသကြီးတစ်ခုစီရှိ DAO/DDA စနစ်များတွင် အောက်ပါအချက်များ အဓိကအားဖြင့် ပါဝင်သည် -

- **မြို့နယ်နှင့်မြို့နယ်ခွဲအဆင့် DAO ရုံးများ** - ၎င်းတို့သည် သက်ဆိုင်ရာမြို့နယ်အုပ်ချုပ်ရေး နယ်ပယ်အတွင်း ဝင်ငွေအတိုင်းအတာတစ်ခုကို ကောက်ခံရရှိပြီး၊ ၎င်းဝင်ငွေနှင့်အခြားသောဝင်ငွေများကို မြို့ပြရပ်ကွက်များ အတွင်းရှိ စည်ပင်သာယာလုပ်ငန်းများအတွက် အသုံးပြုသည်။ DAO များ၏ တာဝန်ဝတ္တရားများမှာ ကျယ်ပြန့်ပုံရသော်လည်း လက်တွေ့တွင်မူ မြို့ပြ ပြည်သူ့အကျိုးပြုနှင့် ဝန်ဆောင်မှုလုပ်ငန်းများကို အကန့်အသတ်ဖြင့်သာ ဆောင်ရွက်ပေးကြသည်။ လမ်းတံတားဆိုင်ရာ အခြေခံအဆောက်အအုံ တည်ဆောက်ခြင်း/ ပြုပြင်ထိန်းသိမ်းခြင်းနှင့် စွန့်ပစ်အမှိုက်များအားစီမံခန့်ခွဲခြင်းတို့ သည် DAO များ လုပ်ဆောင်ပေးရသော အရေးကြီးဆုံး ပြည်သူ့အကျိုးပြုဝန်ဆောင်မှု လုပ်ငန်းများဖြစ်သည်။ ရေပေးဝေမှုကို လုပ်ဆောင်ပေးသော DAO အနည်း ငယ်သာရှိသည်။ ထို့အပြင် DAO အားလုံးသည် နယ်မြေခံစီးပွားရေး လုပ်ငန်းပေါ်တွင် စည်းမျဉ်းဥပဒေများဖြင့် ကြီးကြပ်ခြင်းနှင့် အခွန်စည်းကြပ်ခြင်းတို့ကို ပြုလုပ်ကြသည်။ DAO များကို (က) ရွေးချယ်/ ရွေးကောက်ထားသော လူထုကိုယ်စားလှယ်အချို့ (၎င်းတို့ထဲမှ တစ်ဦးမှာ ကော်မတီဥက္ကဌ) ပါဝင်သော မြို့နယ် စည်ပင် ယာရေး ကော်မတီ (Township Development Affairs Committee – TDAC [3] ) နှင့် (ခ) အချိန်ပြည့် အစိုးရဝန်ထမ်းများက စီမံခန့်ခွဲသော DAOs ရုံးတို့ဖြင့် ပေါင်းစပ်၊ ဖွဲ့စည်းထားသည်။

---

[1] အထူးသဖြင့် မွန်၊ ကရင်၊ ရှမ်း ပြည်နယ်များနှင့်၊ ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးများ

[2] အာရှဖောင်ဒေးရှင်း၏ DAO ဆိုင်ရာ အစောပိုင်း အစီရင်ခံစာနှစ်စောင် (Arnold ၂၀၁၅ နှင့် Bissinger ၂၀၁၆)

[3] ရပ်ကွက်ကိုယ်စားလှယ်များနှင့်ပတ်သက်၍ ရွေးချယ်နှင့် ရွေးကောက် ဟူသောစကားလုံးကို အစီရင်ခံစာတွင် သုံးနှုန်းထားသည်။

- **ပြည်နယ်/တိုင်းဒေသကြီးအဆင့် DDA** - ၎င်းသည် ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ DAO များအားလုံး အတွက် ဘတ်ဂျက်ဌာနဖြစ်ပြီး၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရထံ စုစည်းထားသော နှစ်စဉ်ဘတ်ဂျက် တင်ပြရန်နှင့် ကိုယ်စားပြုသော မြို့နယ်နှင့် မြို့နယ်ခွဲအဆင့် DAO များကို ကြီးကြပ်ရန်၊ စောင့်ကြည့်ရန်၊ ကူညီပံ့ပိုးရန်တာဝန်ရှိသည်။ DDA အားလုံးသည် ၎င်းတို့၏ စည်ပင်သာယာရေးဝန်ကြီးဌာနမှတဆင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရအသီးသီးထံ တာဝန်ခံရသည်။ အချို့ကိစ္စများတွင် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီများကလည်း DDA များကို ကြီးကြပ်သည်။

**အကယ်၍ ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးဌာနအဖြစ် သတ်မှတ်ယူဆခံရပါက DAO/DDA စနစ်များသည် ဗဟိုချုပ်ကိုင်မှုများစွာလျှော့ချထားသော ဌာနများအဖြစ် ဆောင်ရွက်နိုင်ပြီး၊ အသုံးစရိတ်နှင့်ဝင်ငွေ ကိုက်ညီသည်ဟု ယူဆလျှင် DAO ရုံးများက စီမံကိန်းနှင့် ဘတ်ဂျက်ကို လွတ်လပ်စွာရေးဆွဲနိုင်သည်။** မြန်မာနိုင်ငံ၏ DAO/DDA စနစ်များသည် ထုံးတမ်းစဉ်လာ အဖွဲ့အစည်း ဖွဲ့စည်းပုံမျိုးနှင့် သိပ်မတူပေ။ DAOများသည်မြူနီစီပယ်အုပ်ချုပ်ရေးအဖွဲ့များ အတိအကျမဟုတ်သကဲ့သို့မြို့နယ်မြူနီစီပယ်ဝန်ဆောင်မှုဌာနလည်း မဟုတ်ပေ။ DDA များသည်လည်း ပြည်နယ်/တိုင်းဒေသကြီး မြို့ပြဖွံ့ဖြိုးရေးဝန်ကြီးဌာန သို့မဟုတ် မြို့ပြအုပ်ချုပ်ရေးဌာနများဟု အတိအကျဆို၍မရပေ။

၅။ **ပြည်သူ့ဘဏ္ဍာငွေနှင့်ပတ်သက်၍ DAO/DDAစနစ်များသည် သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီး အပေါ်မူတည်ပြီး စုစုပေါင်းဒေသန္တရ အဆင့်အသုံးစရိတ်၏ များစွာသေးငယ်သော အစိတ်အပိုင်းကိုသာ ရရှိကြသည်။** သာဓကအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် တွင် စုစုပေါင်း DAO/DDA ဘတ်ဂျက် အသုံးစရိတ်များသည် ဧရာဝတီတိုင်းဒေသကြီးတွင် ပြည်နယ်/တိုင်းဒေသကြီး စုစုပေါင်းဘတ်ဂျက်၏ ၈ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်တွင် ၆ ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းတွင် ၅ ရာခိုင်နှုန်း ရရှိကြသည်။

၆။ **သို့ရာတွင် DAO/DDA စနစ်များသည် ဒေသန္တရအဆင့် ကိုယ်ပိုင်ရင်းမြစ်မှရငွေများ၏ အများစုကို ရှာဖွေပေးနိုင်သည်ကို တွေ့မြင်ရသည်။** သာဓကအားဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် DAO များသည် ဧရာဝတီတိုင်းဒေသကြီးတွင် စုစုပေါင်း ကိုယ်ပိုင်ရငွေ ရင်းမြစ်၏ ၅၃ ရာခိုင်နှုန်း၊ ရှမ်းပြည်နယ်တွင် ၄၇ ရာခိုင်နှုန်း၊ တနင်္သာရီတိုင်းတွင် ၅၆ ရာခိုင်နှုန်း ရရှိကြသည်။ DAO ရငွေများကို DAO အသုံးစရိတ်များအတွက်သာ ပြန်လည်ခွဲဝေသုံးစွဲပြီး ၎င်းပမာဏသည် ပြည်နယ်/တိုင်းဒေသကြီး ရငွေများ၏ များပြားသောပမာဏဖြစ်ပြီး မြို့ပြအခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုပေးခြင်းများအတွက် ကျခံသုံးစွဲသည်ကို တွေ့မြင်နိုင်သည်။

## DAO ရငွေများနှင့် ဘဏ္ဍာရေး

၇။ **DAO များသည် ၎င်းတို့၏ ကိုယ်ပိုင်ရငွေများ၊ ပြည်ထောင်စုအစိုးရထံမှ မျှဝေရရှိသော ရငွေများ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများ၊ သို့မဟုတ် အခြား DAO များထံမှ အကန့်အသတ်ဖြင့် လွှဲပြောင်းပေးသော ရန်ပုံငွေများကို စုပေါင်းပြီး မြို့ပြအခြေခံ အဆောက်အအုံနှင့် ဝန်ဆောင်မှုပေးခြင်းတို့အတွက် ပြန်လည်သုံးစွဲသည်။**[4] ၎င်းတို့အနက် ကိုယ်ပိုင်ရင်းမြစ်မှရသော ဝင်ငွေသည် စုစုပေါင်း ဝင်ငွေ၏ အများဆုံးအပိုင်းဖြစ်ပြီး ယေဘူယျအားဖြင့် စုစုပေါင်းဝင်ငွေများ၏ ၉၀ မှ ၉၅ ရာခိုင်နှုန်းခန့် ရှိသည်။ နှစ်စဉ်စုစုပေါင်းဝင်ငွေ၏ ဘတ်ဂျတ်ပမာဏအတွင်း အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ အတွက် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းများကို ပြုလုပ်ကြရသည်။

၈။ **DAO များ၏ ကိုယ်ပိုင်ရငွေများကို သုံးမျိုးခွဲခြားနိုင်သည်။** DAO အများစုအတွက် အကြီးဆုံးကိုယ်ပိုင်ရင်းမြစ်ရငွေများကို လိုင်စင်များအတွက် လေလံပစ်ခြင်းများမှရရှိပြီး၊ ဒေသတွင်း ထိန်းချုပ်ရန်ရည်ရွယ်ထားသော လုပ်ငန်းများဖြစ်သည့် (သားသတ်ရုံနှင့် ကြို့ပို့သယ်ယူပို့ဆောင်ရေး ကဲ့သို့သော) လုပ်ငန်းများကို ပုဂ္ဂလိကလုပ်ကိုင်သူများထံ လေလံပစ်ရာမှရရှိသည်။ မြို့နယ်ပေါ်မူတည်ပြီး လိုင်စင်လေလံများသည် စုစုပေါင်း DAO ရငွေ၏ ၄၀ မှ ၇၀ ရာခိုင်နှုန်းခန့်ရရှိသည်။ DAO ရငွေ၏ နောက်ထပ် အကြီးဆုံးရင်းမြစ်တစ်မျိုးမှာ စီးပွားရေးလုပ်ငန်းလိုင်စင်များဖြစ်သည်။ ကိုယ်ပိုင်ရင်းမြစ်မှရငွေ တတိယတစ်မျိုးမှာ အိုးအိမ်ဆိုင်ရာနှုန်းထား (အခွန်ဟု ပြောကြသည်) ကို ကောက်ခံခြင်းမှရသည်။ ၎င်းမှာ အိမ်ထောင်စုများနှင့် စီးပွားရေး လုပ်ငန်းများက အခြေခံစည်ပင်သာယာရေးဝန်ဆောင်မှုများ (အမှိုက်သိမ်းခြင်းနှင့် လမ်းမီးစသည်) အတွက် ပေးဆောင်သော အခွန်ငွေများဖြစ်သည်။ ယေဘူယျအားဖြင့် ၎င်းအခွန်ငွေများသည် စုစုပေါင်း DAO ဝင်ငွေများ၏ ၁၀ ရာခိုင်နှုန်းထက်နည်းသည်။ [5]

၉။ **ထို့အပြင် DAO များသည် ပြည်ထောင်စုအစိုးရ၏ ဌာနတစ်ခုဖြစ်သည့် ပြည်တွင်းအခွန်ဦးစီးဌာနကကောက်ခံသော ဝင်ငွေခွန် (၅%) နှင့် တံဆိပ်ခေါင်း ခွန် (၂%)**[6] **တို့ကိုလည်းရရှိပြီး အခွန် ရရှိသောနေရာကိုအခြေခံ၍ DAO များကို ခွဲဝေပေးခြင်းဖြစ်သည်။** ယင်းကဲ့သို့အခွန်ဝင်ငွေများကို DAO ဘဏ္ဍာရေးအစီရင်ခံစာများတွင် အခြေခံပစ္စည်း ပိုင်ဆိုင်မှုနှုန်းထားအနေဖြင့် များသော

---

[4] DAO များသည် ရည်မှန်းချက်များ၊ လုပ်ငန်းများအားလုံးအတွက် ငွေချေးခြင်းမပြု။

[5] DAO ဝင်ငွေဘတ်ဂျက်များရှိ အခွန်/နှုန်းထားအမျိုးအစားသည် မြေခွန်၊ ဘီးလိုမ့်ခွန်နှင့် အခွန်ဝေစုများကို တစ်လုံးတည်း စုပေါင်းထားသောကြောင့် မြေခွန်အဖြစ် တိကျစွာ ခွဲခြားရေတွက်ရန် အခက်အခဲရှိသည်။

[6] အဆိုပါ အခွန်ခွဲဝေမှုအစီအစဉ်များကို ယခုအခါရပ်ဆိုင်းနေပြီဖြစ်သည်။ ၂၀၁၇-၁၈ ဘဏ္ဍာနှစ်မှစ၍ ဝင်ငွေခွန်နှင့် တံဆိပ် ခေါင်းခွန်များကို DAO များက လက်ခံရရှိမည်မဟုတ်တော့ပဲ ပြည်နယ်/တိုင်းဒေသကြီးများက ရယူတော့မည်ဖြစ်သည်။

အားဖြင့် ခြုံငုံထည့်သွင်းထားသော်လည်း၊ ခွဲထုတ်ကြည့်ပါက စုစုပေါင်း DAO ဒေသန္တရ အခွန်ရငွေများ၏ ၄၅ ရာခိုင်နှုန်းအထိ ရှိနိုင်သည်။ [7]

၁၀။ **အချို့ DAO/DDA စနစ်များသည် သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအစိုးရများထံမှ လွှဲပြောင်းပေးငွေများကို ရရှိကြသည်။** သာဓကအားဖြင့် ၂၀၁၆-၂၀၁၇ တွင် မွန်ပြည်နယ်၌ DAO များသည် စုစုပေါင်းရငွေ၏ ခြောက်ပုံတစ်ပုံကို ပြည်နယ်အစိုးရထံမှ လွှဲပြောင်းရရှိပြီး၊ ကရင်ပြည်နယ်တွင် ပစ္စည်းအနေဖြင့်(မော်တော်ယာဉ်များကို) လက်ခံရရှိသည်။ နောက်ဆုံးအားဖြင့် လုံလောက်သော ကိုယ်ပိုင်ရင်းမြစ်ရငွေ မရှိသည့် မြို့နယ် DAOများသည် သက်ဆိုင်ရာ ပြည်နယ်နှင့် တိုင်းဒေသကြီးအတွင်းရှိ ဘဏ္ဍာရေးပိုမိုတောင့်တင်းသော DAOများထံမှ ခွဲဝေလွှဲပြောင်းပေးမှုကို လက်ခံရရှိမည်ဖြစ်သည်။ ၎င်းပုံစံသည် ပြည်နယ်/တိုင်းဒေသကြီး၏ DAO/DDA စနစ်အတွင်းရှိ DAO များအကြား တူအောင် တန်းညှိသော ပုံစံဖြစ်သည်။

၁၁။ ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်များအရ DAO များနှင့်ပတ်သက်၍ မှတ်သားရန် **အရေးကြီးသောအချက် နှစ်ချက်ရှိသည်** -

- ပထမအချက်မှာ **DAO များသည် ၎င်းတို့၏ ကိုယ်ပိုင်ရင်းမြစ်ရငွေများအပေါ်တွင်သာ အပြည့်အဝ မှီခိုမှုမပြုခြင်းဖြစ်သည်။** DAO အများစုသည် ပြည်ထောင်စုအဆင့် စည်းကြပ်သောအခွန်များမှ ဝေစုရရှိသည့်အပြင်၊ အချို့ DAO များသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများထံမှလည်း ရန်ပုံငွေများကို လက်ခံရရှိကြသည်။ DAO များသည် ကိုယ်ပိုင် ရင်းမြစ်ရငွေများအပေါ်တွင် ကြီးကြီးမားမား မှီခိုသည့်တိုင်အောင် "အရ၊ အသုံးဘဏ္ဍာငွေ" နှင့်ပတ်သက်ပြီး ကိုယ်ပိုင်ဆုံးဖြတ်ခွင့် မရှိပေ။
- ဒုတိယအချက်မှာ **DAO ကိုယ်ပိုင်ရင်းမြစ်မှရငွေများသည် ယေဘူယျအားဖြင့် မြို့နယ်အုပ်ချုပ်ရေးနယ်ပယ်တစ်ခုလုံး ကျယ်ကျယ်ပြန့်ပြန့် ကောက်ခံခြင်းဖြစ်ပြီး၊ ၎င်းတို့၏ မြို့ပြနယ်မြေလေး၌သာ ကန့်သတ်ကောက်ခံခြင်းမဟုတ်ပေ။** သာဓကအားဖြင့် လိုင်စင်လေလံများသည် မြို့ပြမဟုတ်သောနေရာများမှ ဝင်ငွေများ (ကျေးလက်ဒေသမှ ကားဂိတ်များ၊ မြို့ပြင်မှ သားသတ်ရုံများ) ကို DAOs များက ရရှိနေသည်။ ထို့ကြောင့် DAO အသုံးစရိတ်များသည် မြို့ပြနယ်မြေများအတွက် အသုံးစရိတ်များကိုသာ အဓိကသုံးစွဲနေရခြင်းကြောင့် ကျေးလက်ဒေသများသည် မြို့ပြအသုံးစရိတ်အတွက်ပင် တစ်စိတ် တစ်ပိုင်းပေးနေကြရသည့် သဘောပင်ရှိနေသည်။

## အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုပေးခြင်းအတွက် DAO စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း

၁၂။ ဤအစီရင်ခံစာတွင် စီမံကိန်းရေးဆွဲခြင်းဆိုသည်မှာ အကန့်အသတ်ဖြင့်ရှိသောအရင်းအမြစ်များနှင့်ဆီလျော်စွာ ရွေးချယ်မှုများ ပြုလုပ်ခြင်းနှင့် ဦးစားပေးရမည့် အသုံးစရိတ်များကို ဖော်ထုတ်သည့်လုပ်ငန်းစဉ်ဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။

၁၃။ **DAO များသည် စနစ်တကျပြင်ဆင်ထားသော ကာလရှည် စီမံကိန်းရေးဆွဲခြင်း၊ ကာလလတ် ရင်းနှီးမြှုပ်နှံမှု စီမံကိန်းရေးဆွဲခြင်း၊ မြို့ပြ (မြို့ရွာ) စီမံကိန်းရေးဆွဲခြင်းတို့ကို များစွာတာဝန်ယူလုပ်ဆောင်ပုံမရပေ။** အချို့DAO အနည်းစုသည် ငါးနှစ်စီမံကိန်းရေးဆွဲထားသော်လည်း၊ ၎င်းအစီအစဉ်များအား နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်များအတွက် လမ်းညွှန်အဖြစ်အသုံးပြုခြင်း မရှိကြပေ။ သုံးနှစ်ဆက်တိုက်ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များ၊ သို့မဟုတ် နောင်လာမည့်စီမံကိန်းများအတွက် ကြိုတင်ပြင်ဆင်ရေးဆွဲထားသော ရင်းနှီးမြှုပ်နှံမှုအစီအစဉ်များရှိသည့် DAO တစ်ခုမျှမရှိပါ။ ကိစ္စရပ်အချို့တွင် မြို့ပြစီမံကိန်းများရှိသော်လည်း၊ များသောအားဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနလက်အောက်ရှိ အိုးအိမ်ဦးစီးဌာနက ရေးဆွဲထားခြင်းဖြစ်ပြီး၊ ၎င်းအစီအစဉ်များကိုလည်း DAO များက တာဝန်ရှိသည်ဟု ခံယူပုံမပေါ်ကြောင်း သိသာလှသည်။ DAOများသည် ရေရှည်မြို့ပြမံကိန်း မရှိသောကြောင့် တစ်နှစ်စာစီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲသည့်အဆင့်တွင်သာ ရှိနေသည်။

၁၄။ **DAO များ၏ နှစ်စဉ်စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းသည် နှစ်စဉ်ခန့်မှန်းဝင်ငွေ ကန့်သတ်ချက်အတွင်း၌သာ ပြုလုပ်နေကြသည်။ ခန့်မှန်းဝင်ငွေသည် အများဆုံးသုံးစွဲနိုင်သည့် ဘတ်ဂျက်ပမာဏကို သတ်မှတ်ဖော်ပြထားပြီး၊ ထိုကန့်သတ်ချက်အတွင်း၌သာ သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်ကို ဦးစားပေးရေးဆွဲကြရသည်။** ထို့အပြင် အလိုအလျောက် ထည့်သွင်းစဉ်းစားရသော ဘတ်ဂျက် စံနှုန်းများကလည်း နှစ်စဉ်စီမံကိန်းနှင့်ဘတ်ဂျက်ရေး ဆွဲခြင်းလုပ်ငန်းစဉ်ကို ပုံသွင်းလျက်ရှိသည်။ ဝန်းထမ်းလစာအသုံးစရိတ်သည် ပုံမှန်အားဖြင့် စုစုပေါင်းအသုံးစရိတ်၏ ၃၀ ရာခိုင်နှုန်းထက်မကျော်ရန် ကန့်သတ်ထားရှိပြီး၊ DAO ငွေလုံးငွေရင်း အသုံးစရိတ်သည် စုစုပေါင်း အသုံးစရိတ်၏ ၅၀ ရာခိုင်နှုန်းခန့်ထားရှိရမည်ဟု သတ်မှတ်ထားသည်။

၁၅။ **DAO များသည် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေများအရ သတ်မှတ်ထားသော တရားဝင် လုပ်ငန်းဆောင်တာနှင့် တာဝန်ဝတ္တရားမူဘောင်အတွင်း၌ စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းကို လုပ်ဆောင်ရသည်။** ပြည်နယ်/တိုင်းဒေသကြီး တစ်ခုနှင့်တစ်ခု များစွာတူညီမှုရှိကြပြီး ၎င်းတို့ကို DAOs လုပ်ငန်းတာဝန်ပေးအပ်မှုဇယားတွင် အကျဉ်းချုပ် ဖော်ပြထားသည်။ မူအားဖြင့် DAO များသည် လုပ်ငန်းဆောင်တာများစွာကို ကျယ်ကျယ်ပြန့်ပြန့်လုပ်နိုင်သော အခွင့်အာဏာ ရှိကြသည်။

၁၆။ **လက်တွေ့တွင် သာမန်အသုံးစရိတ်အမျိုးအစားများအတွက် နှစ်စဉ်စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲသည့်အခါ DAO များတွင် ရွေးချယ်စရာနည်းလမ်းများများစားစားမရှိပေ။** စတင်ရေးဆွဲသည့်အခါ စုစုပေါင်းသာမန်အသုံးစရိတ်သည် ဘတ်ဂျက်၏ ၅၀

[7] မြို့နယ် DAO များသည် ၎င်းတို့၏ နယ်မြေအတွင်းမှ စုဆောင်းရရှိသော အခွန်ငွေများ၏ ဝေစုကို လက်ခံရရှိသည်။

**ပုံ - DAO လုပ်ငန်းတာဝန်ပေးအပ်မှုများ**

DAO လူမှုဝန်ဆောင်မှုတာဝန်များနှင့်
လုပ်ငန်းဆောင်တာများ

- မြို့ရွာစီမံကိန်းရေးဆွဲမှု
- ရေပေးဝေမှု
- သန့်ရှင်းရေး
- ရေဆိုးပစ်မှုစနစ်
- ဘေးအန္တရာယ်ကြိုတင်ပြင်ဆင်မှု
- လမ်းမီး
- လမ်း၊တံတား
- လမ်းပေါ်မှ လေလွင့်သူများ
- တိရစ္ဆာန် ထိန်းချုပ်မှု
- ပန်းခြံ၊ ရေကူးကန်၊ အများသုံးရေချိုးခန်း၊ အပန်းဖြေရန်နေရာများ
- လမ်းစည်းကမ်း၊ လမ်းအမည်နှင့် လိပ်စာများ
- သုသာန်များ မီးသင်္ဂြိုလ်စက်များ
- သချိုင်းမြေ ဖယ်ရှားမှုများ
- အများအကျိုးပြု အခြားဖွံ့ဖြိုးရေးလုပ်ငန်းများ
- ကော်မတီများ၏ ကြီးကြပ်မှု အောက်ရှိ အများပိုင် အဆောက်အအုံများ
- ကျူးကျော် အဆောက်အအုံဖျက်ဆီးခြင်း
- ပုဂ္ဂလိက အဆောက်အဦးများ ဆောက်လုပ်ခွင့်ပေးခြင်း
- လိုအပ်သော အခြား တာဝန်များ

DAO စီးပွားရေး အုပ်ချုပ်မှုတာဝန်နှင့်
လုပ်ငန်းဆောင်တာများ

- ကော်မတီပိုင်ဈေးများ
- ပုဂ္ဂလိကပိုင် ဈေးများ
- ကျွဲနွားဈေးများ
- သားသတ်ရုံများ
- လမ်းဘေး ဈေးဆိုင်များ
- အသေးစား ငွေချေး လုပ်ငန်းများ
- မုန့်ဖိုနှင့် စားသောက်ဆိုင်
- အန္တရာယ်ဖြစ်စေသော ရောင်းဝယ်မှု
- တည်းခိုခန်းများ
- တိရိစ္ဆာန် မွေးမြူရေးနှင့် အသေကောင် စွန့်ပစ်မှု
- ပို့ဆောင်ရေးများ
- အနေးယာဉ်များ

ရာခိုင်နှုန်းထက်မကျော်ရန် ကန့်သတ်ပြီး (caps) ဖြစ်သည်။ ၎င်း၏အများဆုံးအပိုင်းမှာ ပုံမှန်လုပ်ငန်းစီမံခန့်ခွဲမှုအသုံးစရိတ် အပါအဝင် အပြောင်းအလဲသိပ်လုပ်မရသော ဝန်းထမ်းလစာစရိတ်ဖြစ်သည်။ အဓိကအသုံးစရိတ်များလျာထားပြီးနောက် ပမာဏအနည်းငယ်သာကျန်ရှိနေသော ဘတ်ဂျက်သာမန်အသုံးစရိတ်တွင် အပြောင်းအလဲလုပ်ရန် ရွေးချယ်စရာနည်းလမ်း နည်းပါးပြီး၊ အချို့ဝန်ဆောင်မှုများတိုးချဲ့နိုင်ရန်နှင့် အချို့ကိုကန်ထရိုက်ပေးရန် ဘဏ္ဍာငွေအနည်းငယ်သာကျန်ရှိသည်။ အကျိုးဆက်မှာ လက်ရှိ DAO ဘတ်ဂျက်များ၏ သာမန်အသုံးစရိတ်သည် တစ်နှစ်နှင့် တစ်နှစ်များစွာ တူညီနေခြင်းဖြစ်သည်။


၁၇။ **ရင်းနှီးမြှုပ်နှံမှုများနှင့်ပတ်သက်၍ DAO များသည် မူအားဖြင့် ဦးစားပေးအသုံးစရိတ်များကို လုပ်ဆောင်နိုင်သည့် အခွင့်အာဏာနှင့် လွတ်လပ်ခွင့်များစွာရှိသောကြောင့် ပိုမိုရွေးချယ်စရာ နည်းလမ်းများရှိမည်ဟု ယူဆရသည်။ လက်တွေ့တွင်မူ DAO များသည် ရင်းနှီးမြှုပ်နှံမှုများအတွက် ရွေးချယ်စရာ များစွာမရှိပေ။** ၎င်းတို့အခွင့်အာဏာရထားသော လုပ်ငန်းဆောင်တာများသည် အခြေခံ အဆောက်အအုံလိုအပ်ချက် (သို့) ငွေလုံးငွေရင်း သုံးစွဲရန်လိုအပ်ချက် အနည်းငယ်သာရှိတတ်ပြီး၊ သို့မဟုတ်လျှင်လည်း ရင်းနှီးမြှုပ်နှံမှုလိုအပ်ချက် ပမာဏအနည်းအကျဉ်းသာရှိတတ်သည်။[8] အခြားအခွင့်အာဏာများသည် မြန်မာနိုင်ငံ၏ သေးငယ်သော မြို့ပြဒေသများနှင့် ဆီလျော်မှုမရှိပေ။ ထို့အပြင် DAO များသည် ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများပေးရန် အခွင့်အာဏာမရှိသောကြောင့် ပညာရေးနှင့် ကျန်းမာရေးကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုမပြုနိုင်ပေ။[9] ထို့အပြင် DAO များသည် အချိုးအစားအားဖြင့် နည်းပါးသော ဝင်ငွေအပေါ်တွင် မှီခိုရသောကြောင့် ကုန်ကျငွေများပြားသော (မိုးပျံကားလမ်းများနှင့် ရေပေးဝေရေးကွန်ယက်များ ကဲ့သို့သော) အကြီးစားအခြေခံအဆောက်အအုံများတွင် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် မဖြစ်နိုင်ပေ။

---

[8] သာဓကအားဖြင့် မြို့ပြနယ်မြေများတွင် သုသာန်မြေနှင့် အားကစားကွင်းများကို အရေအတွက် အကန့်အသတ်ဖြင့်သာ အသုံးပြုနိုင်သည်။ မြို့နယ်များ နှင့် အသေးစားမြို့တော်များသည်ပင် အမှိုက်စွန့်ပစ်ရန်နေရာများတွင် စရိတ်ကြီးသော ရင်းနှီးမြှုပ်နှံမှုများလိုအပ်သည့်အတွက် အရွယ်အစား ကြီးမားရန်လိုအပ်သည်။

[9] တိုင်းပြည်အများစုတွင် စာသင်ကျောင်းနှင့် ကျန်းမာရေးစင်တာများသည် ဒေသန္တရအစိုးရများအတွက် အဓိကအသုံးစရိတ် အမျိုးအစားများဖြစ်သည်။

၁၈။ **ထို့ကြောင့် DAO ရင်းနှီးမြှုပ်နှံမှုရွေးချယ်စရာများကို လမ်းနှင့်ဆက်စပ်သော အလယ်အလတ်အဆင့် အခြေခံအဆောက်အအုံများနှင့် ပစ္စည်းကိရိယာများ/ မော်တော်ယာဉ်များဝယ်ယူခြင်းဟူသော အဓိက အသုံးစရိတ်နှစ်မျိုးတွင်သာ ထိရောက်စွာ ကန့်သတ်ထားသလိုဖြစ်နေသည်**။ ၎င်းတို့သည် DAO များ နှစ်စဉ်ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ ရေးဆွဲသည့်အခါ အခြေခံရမည့် ရွေးချယ်စရာများဖြစ်သည်။ DAO အများစုအတွက် နှစ်စဉ်စီမံကိန်းရေးဆွဲမှုသည် မည်သည့်လမ်းများကို မွမ်းမံခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း ပြုလုပ်မည်၊ မည်သည့် မော်တော်ယာဉ်၊ စက်ယန္တရားများကိုဝယ်ယူမည် စသည်တို့ကို ဆုံးဖြတ်ရသော ကိစ္စသာ ဖြစ်တော့သည်။ ပစ္စည်းကိရိယာများ/မော်တော်ယာဉ်များဝယ်ယူရေးကိစ္စတွင် လိုအပ်ချက်အနည်းငယ်သာ ရှိသောကြောင့် အနည်းအကျဉ်းသာဆုံးဖြတ်ရန်လိုသည်။ ထိုသို့ရင်းနှီးမြှုပ်နှံမှု ရွေးချယ်စရာနည်းပါးခြင်းသည် DAOများ၏ အမှန်တကယ်ငွေလုံးငွေရင်းသုံးစွဲပုံများတွင် ထင်ဟပ်နေသည်(ဧရာဝတီ တိုင်းဒေသကြီးရှိ DAO အားလုံးနှင့်ဆိုင်သော ငွေလုံးငွေရင်း သုံးစွဲပုံများပြပုံကို အောက်ပါပုံတွင် ကြည့်ပါ)။




၁၉။ **DAO များ၏ လမ်း/တံတားဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုအတွက် စီမံကိန်းနှင့်ဘတ်ဂျက် ရေးဆွဲခြင်းလုပ်ငန်းစဉ်သည် အောက်ခြေအဆင့်မှစတင်မှုနှင့် ပညာရှင်အဆင့် စဉ်းစားမှုနှစ်မျိုးစလုံး ပါဝင်သည့်သဘော တွေ့ရသည်**။ DAO ရုံးများသည် TDAC များနှင့် အတူ ဦးစားပေးများနှင့်ပတ်သက်၍ မြို့နယ်တွင်းမှလူများနှင့်တိုင်ပင်ခြင်းအား ကြိုးစားပမ်းစား ပြုလုပ်နေသည်ကို ရှင်းရှင်းလင်းလင်းတွေ့ရသည်။ ထိုသို့ကြိုးပမ်းသော်လည်း စနစ်တကျ သို့မဟုတ် မူဘောင်သတ်မှတ်ချက်များဖြင့် တိုင်ပင် အကြံဉာဏ်ယူမှုများ ပြုလုပ်ခြင်းမဟုတ်ပေ။ ကိစ္စရပ်အနည်းငယ်တွင်သာ ရပ်ကွက်အဆင့်တရားဝင်ကော်မတီများအား ရပ်ရွာ လိုအပ်ချက်နှင့် ဦးစားပေးများကိုဖော်ထုတ်ရန် လုပ်ပိုင်ခွင့်ပေး၍လုပ်စေသည်ကို တွေ့ရသည်။ တိုင်ပင်အကြံဉာဏ်ယူမှုများမှာ လတ်တလောလိုအပ်ချက်အချို့အတွက်သာဖြစ်ပြီး၊ များသောအားဖြင့် ရပ်ရွာဗဟုသုတကြွယ်ဝမှုအပေါ်နှင့် TDAC ရွေးချယ်ခံကော်မတီဝင်များ၏ ပုဂ္ဂလိကကွန်ရက်များအပေါ်တွင် များစွာမူတည်နေသည်။ ရပ်ရွာဦးစားပေးကိစ္စမှန်သမျှ အပေါ်တွင် ပညာရပ်ဆိုင်ရာစဉ်းစားမှုကိုထပ်ပေါင်းထည့်ပြီး၊ ၎င်းကိုမည်သည့်လမ်းများကို အများဆုံးအသုံးပြုနေသည်၊ မည်သည့်လမ်းများမှာ မြို့ပြပို့ဆောင်ဆက်သွယ်ရေးအတွက် ရေရှည်အရေးပါသည် စသည့် ဆုံးဖြတ်ချက်များချမှတ်ရန် DAO အင်ဂျင်နီယာများက အသုံးပြုကြသည်။

၂၀။ **ခြုံငုံ၍ဆိုရလျှင် DAO များ၏ နှစ်စဉ်စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ရင်းမြစ်ရရှိနိုင်မှုနှင့်ရှိရင်းစွဲဘတ်ဂျက်စံများနှင့် ကန့်သတ်ခံထားရပြီး၊ လက်တွေ့တွင် ငွေလုံးငွေရင်းအသုံးစရိတ်နှင့်ပတ်သက်သော ရွေးချယ်စရာနည်းပါးခြင်း၊ မြို့တွင်းလမ်းများ မွမ်းမံ၊ပြုပြင်၊ထိန်းသိမ်းမှုနှင့်ပတ်သက်သည့် ဆုံးဖြတ်ချက်များသာ အများစုဖြစ်နေခြင်း၊ အောက်ခြေအဆင့်တွင် (အလွတ်သဘောပုံစံများနေသည့်) တိုင်ပင်မှုများနှင့် ပညာရှင်အဆင့်စဉ်းစားမှုများ နှစ်မျိုးစလုံးဖြင့် တင်ပြခြင်း စသည်တို့ကို တွေ့ရှိရသည်**။ ကာလရှည် မျှော်မှန်းချက်များအား စနစ်တကျထည့်သွင်းစဉ်းစားခြင်း သို့မဟုတ် မြို့ပြစီမံကိန်းအတွက် သတင်းအချက်အလက်များအပေါ် အခြေခံ၍ စဉ်းစားခြင်းမျိုးမရှိပေ။ ထို့အပြင် အခြားစီမံကိန်းများ သို့မဟုတ် အစိုးရဌာနများနှင့် တိုင်ပင်ညှိနှိုင်းမှုများလည်း မပါဝင်ပေ။

၂၁။ **ဤအစီရင်ခံစာသည် ယေဘူယျအားဖြင့်DAOများနှင့် ပတ်သက်၍လည်းကောင်း၊ အထူးသဖြင့် DAO များ၏ ဘဏ္ဍာရေး၊ စီမံကိန်း/ဘတ်ဂျက်ရေးဆွဲခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့နှင့်ပတ်သက်၍လည်းကောင်း ရှေ့ဆက်ရမည့်လမ်းကြောင်းနှင့်သက်ဆိုင်သောအကြံပြုချက်အချို့ကိုပေးခြင်းအားဖြင့်သုံးသပ်တင်ပြထားသည်**။

# အပိုင်း ၁။ နိဒါန်း

## ၁.၁။ အစီရင်ခံစာကို ခြုံငုံသုံးသပ်ခြင်း

ဤအစီရင်ခံစာသည် မြန်မာနိုင်ငံ၏ပြည်နယ်နှင့်တိုင်းဒေသကြီးများရှိ စည်ပင်သာယာရေးအဖွဲ့ (DAO) များတွင် စီမံကိန်း ရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့နှင့်ပတ်သက်၍ လေ့လာထားသည့် တွေ့ရှိချက် များနှင့် အကြံပြုချက်များကို အကျဉ်းချုပ် တင်ပြထားသည်။ ဤအစီရင်ခံစာသည် DAO များ၏ စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်နှင့် ရလဒ်များအပါအဝင် DAO များ၏ အဖွဲ့အစည်းဆိုင်ရာနှင့် ဘဏ္ဍာငွေဖြည့်တင်းသည့်မူဘောင်အားလုံးကို ခြုံငုံလေ့လာထားသည်။ ထို့အပြင် DAO စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့နှင့်ပတ်သက်၍ အဓိကကျသောကိစ္စရပ်များကို အစိုးရ (ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်) က မည်သို့ဖြေရှင်းနိုင်မည်၊ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များက သင့်လျော်သော အကူအညီများကို မည်သို့ပေးနိုင်မည် အစရှိသည့် ကျယ်ပြန့်သော အကြံပြုချက်များလည်း ဤအစီရင်ခံစာတွင် ပါဝင်သည်။

အစီရင်ခံစာကို အောက်ပါအတိုင်း ဖွဲ့စည်းထားသည် -

- ပထမအခန်းတွင် မြန်မာနိုင်ငံ၌ မြို့ပြဖွံ့ဖြိုးလာခြင်းမှထွက်ပေါ်လာသော အုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုအကြောင်းကို အကျဉ်းချုပ်ဖော်ပြထားပြီး၊ DAO များကို အဆိုပါစိန်ခေါ်မှုများအား ပထမဆုံး စတင်တုန့်ပြန်ဆောင်ရွက်မှုများပြုလုပ်ပေးသည့် အဖွဲ့အစည်းအနေဖြင့် DAO များအကြောင်းဆွေးနွေးထားသည်။
- ဒုတိယအခန်းတွင် DAO များအတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ဘဏ္ဍာရေး ငွေဖြည့်တင်းရေးမူဘောင်အကုန်လုံးကို ခြုံငုံ၍ ခွဲခြမ်းစိတ်ဖြာ လေ့လာထားမှုနှင့်ဆွေးနွေးမှုကို ဖော်ပြထားသည်။
- တတိယအခန်းတွင် DAO များကို လေ့လာဆန်းစစ်ထားပြီး ၎င်းတို့၏ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များ၊ ရလဒ်များကို ခွဲခြမ်းစိတ်ဖြာ သုံးသပ်ထားသည်။
- စတုတ္ထအခန်းတွင် လေ့လာမှု၏တွေ့ရှိချက်အားလုံးကိုစုစည်းဖော်ပြထားပြီး၊အစိုးရ (ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်) နှင့် ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များ နှစ်မျိုးစလုံးအတွက် အကြံပြုချက်အချို့ကို တင်ပြထားသည်။

## ၁.၂။ လေ့လာပုံနည်းလမ်း

မြို့ပြနယ်မြေများရှိ DAO များနှင့် ၎င်းတို့၏စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲမှု ဆောင်ရွက်ချက်များအပေါ် ဤလေ့လာမှုသည် သီးသန့်အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုအစီအစဉ်များဖြင့် လုပ်ဆောင်နေသော မြန်မာနိုင်ငံ၏ အဓိကမြို့ကြီးသုံးခု (ရန်ကုန်၊ မန္တလေး၊ နေပြည်တော်) တို့ကို ခြုံငုံထားခြင်းမရှိပါ။ ယခု သုတေသနလေ့လာမှုသည် အခြားပြည်နယ်/တိုင်းဒေသကြီး ၁၂ ခုရှိ အသေးစား မြို့တော်များနှင့် မြို့နယ်များရှိ DAO စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်းများကိုသာ ဦးစားပေးလေ့လာထားသည်။

ဤအစီရင်ခံစာသည် ၂၀၁၆ ဧပြီလမှ ဇူလိုင်လအတွင်း ဆောင်ရွက်ခဲ့သော သုတေသနအပေါ်တွင် အခြေခံသည်။ ၎င်းသုတေသနတွင် အောက်ပါအချက်များပါဝင်သည် -

မြန်မာနိုင်ငံရှိမြို့ပြအုပ်ချုပ်ရေးနှင့်ဝန်ဆောင်မှုပေးခြင်းတို့နှင့်ပတ်သက်၍အာရှဖောင်ဒေးရှင်းမှထုတ်ဝေထားသော အဓိက အစီရင်ခံစာ အချို့အပါအဝင်၊ ရှိနေသောစာရွက်စာတမ်းများကို လေ့လာသုံးသပ်ခြင်းနှင့် မြန်မာနိုင်ငံ၏ ရွေးချယ်ထားသည့်မြို့ပြနယ်မြေများသို့ ကွင်းဆင်းလေ့လာရေးခရီးစဉ်များသွားရောက်ခဲ့ရာ၊ နေပြည်တော်နှင့် အထူးအရေးကြီးသည့်နယ်မြေများဖြစ်သော ရှမ်း၊ မွန်၊ ကရင်ပြည်နယ်များ၊ ဧရာဝတီ၊ တနင်္သာရီစသည့်တိုင်းဒေသကြီးများပါဝင်ပြီး၊ လေ့လာရေးအဖွဲ့သည် ၎င်းဒေသများ၏ အစိုးရတာဝန်ရှိသူများ၊ DAO တာဝန်ရှိသူများနှင့် အစည်းအဝေးများစွာ ပြုလုပ်ခဲ့ခြင်း။

လေ့လာရေးအဖွဲ့သည် DAO များထံမှ စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်း စာရွက်စာတမ်းမြောက်များစွာကို ရရှိခဲ့သည်။ အပြည့်အဝလုံလောက်မှုမရှိသော်လည်း အဆိုပါ DAO စာရွက်စာတမ်းများသည် သုတေသနအတွက် လွန်စွာအသုံးဝင်သည်။


# အပိုင်း ၂။ မြို့ပြဖွံ့ဖြိုးလာခြင်း၊ မြို့ပြနယ်မြေများနှင့် DAO များ

## ၂.၁။ မြန်မာနိုင်ငံမှ မြို့ပြဖွံ့ဖြိုးလာခြင်းနှင့် မြို့ပြနယ်မြေများ

အဘယ်ကြောင့်မြန်မာနိုင်ငံရှိမြို့ပြနယ်မြေများ၏အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုတို့နှင့်ဆက်စပ်သောကိစ္စရပ်များကို အရေးတယူ လေ့လာနေသနည်းဟု မေးစရာရှိသည်။ အဓိကအကြောင်းရင်း သုံးခုရှိသည်။ ပထမအချက်မှာ တိုင်းပြည်စုစုပေါင်းလူဦးရေတွင် ကြီးမားစွာတိုးတက်နေသည့်အပိုင်းမှာ မြို့ပြများဖြစ်နေသည်။ ဒုတိယအချက်မှာ မြို့ပြဖွံ့ဖြိုးလာခြင်းဖြင့် "နေပျော်ရေး" အတွက်သာမကပဲ၊ စီးပွားရေးအရ အကျိုးဖြစ်ထွန်းမှုများ သေချာပေါက်ရှိလာစေရေးအတွက် မြို့ပြနယ်မြေများ၌ ပြည်သူ့အကျိုးပြုနှင့် ဝန်ဆောင်မှုများ လုပ်ကိုင်ပေးခြင်းသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေသည်။ တတိယအချက်မှာ မြို့ပြနယ်မြေများသည် ဝန်ဆောင်မှုပေးခြင်းနှင့် စီမံခန့်ခွဲမှုဆိုင်ရာ သီးသန့်စီမံခန့်ခွဲမှုများကို ပေးနေခြင်း ကြောင့်ဖြစ်သည်။

**မြန်မာနိုင်ငံလူဦးရေ၏ ကြီးမားသောအပိုင်းသည် မြို့ပြနယ်မြေများတွင်နေထိုင်နှင့်ပြီးသားဖြစ်ပြီး အနာဂတ်တွင်လည်း ထိုအတိုင်းသာဖြစ်မည်ဖြစ်သည်**။ မြန်မာနိုင်ငံသည် မြို့ပြအတော်အတန်ထွန်းကားသော နိုင်ငံဖြစ်ပြီး၊ လက်ရှိတွင် အကြမ်းဖျင်းအားဖြင့် စုစုပေါင်းလူဦးရေ ၅၁ သန်း [10] ၏ သုံးပုံတစ်ပုံ ၃၃.၅၅ ရာခိုင်နှုန်းသည် မြို့ပြနယ်မြေများတွင် နေထိုင်နေကြသည်။ [11] သို့ဖြစ်ရာ အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်တို့၏ မီဂါအဆင့်မြို့ကြီးများကဲ့သို့ မြို့များမရှိသော်လည်း မြန်မာနိုင်ငံ၏ မြို့ပြထွန်းကားမှုအဆင့်သည် အိန္ဒိယ (၃၂.၃၇ ရာခိုင်နှုန်း)၊ ဘင်္ဂလားဒေ့ရှ် (၃၃.၅၂ ရာခိုင်နှုန်း) တို့နှင့် နှိုင်းယှဉ်၍ရသည်။ ထို့အပြင် မြန်မာနိုင်ငံ၏ မြို့တော်များနှင့် မြို့နယ်များသည် လျင်မြန်စွာကြီးထွားနေပြီး၊ မြို့နေလူဦးရေသည် တစ်နှစ်လျှင် ၂.၅ ရာခိုင်နှုန်း တိုးတက်နေသည် (စုစုပေါင်းလူဦးရေတိုးနှုန်း ၀.၈၅ ရာခိုင်နှုန်းထက် သိသိသာသာမြန်ဆန်သည်)။ ၂၀၃၀ ခုနှစ်တွင် စုစုပေါင်း လူဦးရေ၏ ခန့်မှန်းခြေ ၄၃ ရာခိုင်နှုန်းခန့်သည် မြို့နေလူထုဖြစ်လာမည့်အတွက် ယနေ့ (၂၀၁၆) မှစ၍ နောက်ထပ် ၁၅ နှစ်မပြည့်မီတွင် မြန်မာနိုင်ငံသား ၁၀ ဦးလျှင် ၄ ဦးမှာ မြို့တော်များ၊ မြို့နယ်များတွင် နေထိုင်လာကြမည်ဖြစ်သည်။ ထို့အပြင် မြို့ပြထွန်းကားမှုသည်  ပြန့်နှံ့မှုရှိပြီး တိုင်းပြည်၏ တစ်နေရာ၊ နှစ်နေရာခန့်တွင် စုပြုံနေခြင်းမျိုးမဟုတ်ပေ။ မြန်မာနိုင်ငံမြို့ပြနေလူဦးရေ၏ ကြီးမားသော အချိုးဖြစ်သည့် ၃၈ ရာခိုင်နှုန်းသည် အဓိကမြို့တော်များဖြစ်သော ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် နေထိုင်နေသော်လည်း အများစုအချိုး ၆၂ ရာခိုင်နှုန်းမှာ အသေးစားမြို့တော်များ၊ မြို့နယ်များ၊ မြို့သစ်များတွင် နေထိုင်လျက်ရှိသည်။ သို့ဖြစ်ရာ မြို့ပြထွန်းကားမှုသည် တိုင်းပြည်အနှံ့တွင် ဖြစ်ပေါ်နေသည်။ (ပုံ ၁ တွင် ကြည့်)

**ပုံ ၁။ မြို့နယ်များအလိုက် မြို့ပြဖွံ့ဖြိုးမှုအဆင့်**




Source: International Growth Centre 31 March (Twitter)

ဤအစီရင်ခံစာ၏ နောက်ဆက်တွဲ ၁ တွင် ပြည်နယ်နှင့်တိုင်းဒေသကြီးများ၏ မြို့ပြထွန်းကားမှုအဆင့် အသေးစိတ် အချက်အလက်များနှင့် လူဦးရေ ၂၀,၀၀၀ ထက်ပိုသော မြို့တော်များနှင့် မြို့နယ်များ စာရင်းကို ဖော်ပြထားသည်။

[10] ယခုအသုံးပြုထားသော လူဦးရေအချက်အလက်များကို ကမ္ဘာ့ဘဏ်၏ ဖွံ့ဖြိုးရေးညွှန်းကိန်း အချက်အလက်များမှ ရယူထားသည်။
[11] ၂၀၁၄ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံ၏ မြို့ပြလူဦးရေသည် (ကျေးရွာများထက်) မြို့ပေါ်ရပ်ကွက်နေထိုင်သူများဖြင့် ဖွဲ့စည်းထားသည်။ ရပ်ကွက်များကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခွဲခြားသတ်မှတ်ခြင်းဖြစ်သော်လည်း မည်သည့်အချက်ကို အခြေခံသည်ကိုမူ မသိရပေ။

**မြို့ပြထွန်းကားမှုသည် စီးပွားရေးစုဖွဲ့မှု [12] နှင့် စီးပွားရေးမြန်ဆန်စွာကြီးထွားမှုတို့မှတဆင့် ဖြစ်ပေါ်လာသော အခွင့်အလမ်းများကြောင့် ကောင်းကျိုးပေးသော အလားအလာရှိသည်။ သို့ရာတွင် ၎င်းအားသာချက်များသည် မြို့ပြလူဦးရေသိပ်သည်းမှုများမှ ထွက်ပေါ်လာသော အနှုတ်လက္ခဏာဆောင်သော လက္ခဏာများဖြစ်သည့်** မနိုင်ဝန်ထမ်းနေရသော အခြေခံအဆောက်အအုံများ၊ ပိတ်ကြပ်မှုများ၊ လူနေထူထပ်မှုများ၊ လူနေမှုစရိတ်ကြီးမြင့်မှုများ၊ လူထုကျန်းမာရေးအန္တရာယ်များ၊ ညစ်ညမ်းမှုများ စသည်တို့ကြောင့် အားနည်းသွားနိုင်သည်။ အဆိုပါအနှုတ်လက္ခဏာသွင်ပြင်များကို အစိုးရကဏ္ဍမှ ကြားဝင်ဆောင်ရွက်မှုများဖြစ်သည့် စည်းမျဉ်းဥပဒေများဖြင့် ထိန်းချုပ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်း၊ ညှိနှိုင်းလုပ်ဆောင်ခြင်း၊ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် အစိုးရကရင်းနှီးမြှုပ်နှံခြင်း စသည်တို့ဖြင့် ဖြေရှင်းနိုင်သည်။ မြို့ပြနယ်မြေများရှိ ပြည်သူ့အကျိုးပြုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၏ အကောင်းနှင့်အဆိုးသည် စီးပွားရေးဖွံ့ဖြိုးမှု၊ အသက်မွေးဝမ်းကျောင်းကောင်းမွန်မှု၊ မြို့နေလူထု၏ သာယာဝပြောမှုတို့ကို မြို့ပြထွန်းကားမှုက တွန်းအားပေးနိုင်ခြင်း ရှိ/မရှိဟူသောအချက်တွင် သိသိသာသာ ကွဲပြားခြားနားသွားစေသည်။

**မြို့ပြနယ်မြေများသည် ကျေးလက်ဒေသများ၏ လိုအပ်ချက်များနှင့် ကွဲပြားခြားနားပြီး၊ ပိုမိုပြည့်စုံသော ပြည်သူ့အကျိုးပြုနှင့် ဝန်ဆောင်မှုကဏ္ဍများကို အဓိကလိုအပ်သည်။ မြို့ပြနယ်မြေများသည် (ပညာရေးနှင့် ကျန်းမာရေးကဲ့သို့သော) ပုံမှန်လူမှုဝန်ဆောင်မှုကဏ္ဍများအပြင်၊ ယေဘူယျအားဖြင့် ကျေးလက်ဒေသများတွင် လိုအပ်ခြင်းမရှိသော အမှိုက်နှင့်စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုများ၊ အများပြည်သူသယ်ယူ ပို့ဆောင်ရေးစနစ်များ၊ ချိတ်ဆက်ထားသောရေပေးဝေမှုစနစ်များ အစရှိသောစနစ်များကို လိုအပ်သည်။** မြို့ပြလူဦးရေသိပ်သည်းဆမြင့်မားမှုများနှင့် မြို့ပြစီးပွါးရေးလုပ်ငန်းများသည် အမှိုက်ထွက်ရှိမှု နှင့်ညစ်ညမ်းမှုတို့ကြောင့် ဆိုးဝါးသော လူထုကျန်းမာရေးစိန်ခေါ်မှုများကိုပေးနေသည့်အပြင်၊ သီးသန့်ရေပေးဝေမှုစနစ်များလည်း လိုအပ်ပြီး အများပြည်သူသယ်ယူ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဆိုင်ရာလိုအပ်ချက်များကို ပြည့်မီအောင်ဖြည့်ဆည်းရသည့်အခါ ကြီးမားသော စိန်ခေါ်မှုများကို ပေးရုံသာမကပဲ စရိတ်ထောင်းသောဖြေရှင်းနည်းများကို လိုအပ်လာသည်။ နောက်ဆုံးအနေဖြင့် မြို့ပြနယ်မြေများတွင် မြေအသုံးပြုမှုနှင့်မြို့ပြစီမံကိန်းများသည် ကျေးလက်ဒေသများထက် များစွာပိုမိုအရေးကြီးပြီး ရှုပ်ထွေးမှုရှိသည်။ အဆိုပါ မြို့ပြဆိုင်ရာအထူးစိန်ခေါ်မှုများသည် မြို့နေလူထု၏ ပုံမှန်လိုအပ်ချက်များ (ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး အစရှိသဖြင့်) အပြင် နောက်ဆက်တွဲ စိန်ခေါ်မှုများဖြစ်သည်။

## ၂.၂။ မြို့ပြဖွံ့ဖြိုးလာမှုနှင့် မြို့ပြနယ်မြေများအပေါ်မြန်မာနိုင်ငံ၏ အဖွဲ့အစည်းဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ပုံ - စည်ပင်သာယာရေးအဖွဲ့များ (DAOs)

### ၂.၂.၁။ ခြုံငုံလေ့လာခြင်း

ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ဒေသန္တရအာဏာပိုင်များသည် မြို့ပြအုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုတွင် များသောအားဖြင့် ကဏ္ဍတစ်ခုမှ ပါဝင်လေ့ရှိသည်။ ထို့ကြောင့် မြို့ပြနယ်မြေများ၌ အုပ်ချုပ်ရေးအစီအစဉ်များသည် ပုံစံအမျိုးမျိုးကွဲပြားမှုရှိသည်ကိုတွေ့နိုင်သည်။ ၎င်းပုံစံသည် ရွေးချယ်တင်မြှောက်ခံ ဒေသန္တရအစိုးရများ၊ အဖွဲ့အစည်းအရ ကွဲပြားသော မြို့ပြဒေသန္တရအစိုးရများ (မြို့တော်များနှင့် မြူနီစီပယ်အစိုးရများ)၊ မြို့နယ်ကြီးများ၏အာဏာပိုင်များ၊ အထူးရည်ရွယ်ချက် (သို့မဟုတ်) တာဝန်တစ်ခုအတွက် ဖွဲ့စည်းထားသောမြို့ပြအာဏာပိုင်များ (ရေပေးဝေရေး သို့မဟုတ် ပို့ဆောင်ရေး သို့မဟုတ် စီမံကိန်းရေးဆွဲရေးစသော ဝန်ဆောင်မှုလုပ်ငန်းများအတွက်) ကို များသောအားဖြင့် ပုံစံအမျိုးမျိုး ရောနှောတွဲဖက်ထားသည်။ ဗဟို/ပြည်ထောင်စုအစိုးရများကလည်း မြို့ပြအုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုစည်းမျဉ်းများဖြင့် ထိန်းချုပ်မှုများတွင် ကဏ္ဍအမျိုးမျိုးမှပါဝင်ကြပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများ (ကျန်းမာရေးနှင့် ပညာရေးကဲ့သို့သော ဝန်ဆောင်မှုများ)၊ မြို့ပြဖွံ့ဖြိုးရေးနှင့် အိုးအိမ်ဝန်ကြီးဌာနများမှတဆင့် လုပ်ဆောင်သည်။

အခြားတိုင်းပြည်များစွာနှင့် နှိုင်းယှဉ်လျှင် မြန်မာနိုင်ငံ၏မြို့ပြအုပ်ချုပ်မှု ပုံစံတကျမရှိခြင်းသည် တိုင်းပြည်၏ ထူးခြားသောနိုင်ငံရေး စီမံခန့်ခွဲမှု သမိုင်းကြောင့်ဟုဆိုလျှင် အံ့သြစရာမရှိပေ။ မြန်မာနိုင်ငံ၏ မြို့ပြအုပ်ချုပ်မှုနှင့်စီမံခန့်ခွဲမှုသမိုင်းအကျဉ်းကို အာရုဖောင်ဒေးရှင်း၏ ယခင်အစီရင်ခံစာများတွင် တွေ့နိုင်သည်။[13] ဤနေရာတွင် အရေးကြီးသောမှတ်သားစရာအချက်မှာ မြန်မာနိုင်ငံသည် ကိုလိုနီခေတ်နှင့် လွတ်လပ်ရေးအလွန်ခေတ်မြူနီစီပယ်အုပ်ချုပ်မှုပုံစံအတွေ့အကြုံရရှိထားပြီး၊ မူဝါဒချမှတ်သူများနှင့် နိုင်ငံသားများသည် မြို့တော်အစိုးရများနှင့် ကိုယ်တိုင်စီမံခန့်ခွဲခွင့်ရှိသည့်မြူနီစီပယ်ဒေသများကဲ့သို့သော အယူအဆများနှင့် ရင်းနှီးကျွမ်းဝင်မှုရှိသည်ဆိုသည့် အချက်ပင်ဖြစ်သည်။ သို့ရာတွင် မြို့ပြနယ်မြေစီမံခန့်ခွဲရေးစိန်ခေါ်မှုများအပေါ် မြန်မာနိုင်ငံ၏ အဖွဲ့အစည်းပုံစံဖြင့် တုန့်ပြန် ဆောင်ရွက်မှုများသည် မြို့တော်စည်ပင်သာယာရေးကော်မတီများ အချိန်အတန်ကြာရှိခဲ့ပြီးဖြစ်သည့် ရန်ကုန်နှင့် မန္တလေးမြို့တော်များမှာပင် ယခင်ပုံစံကို မကျင့်သုံးသော (မည်သည့်စံနှုန်းကိုမှ မလိုက်နာသော) အခြေအနေတွင် ရှိနေဆဲဖြစ်သည်။

---

[12] See Glaeser & Joshi-Ghani (2013): "အခြားသူများ၏ ပတ်ဝန်းကျင်တွင် ဖြစ်ပေါ်နေသော အကျိုးစီးပွါးများကို စီးပွားရေးလုပ်ငန်းများစုစည်းမှုဟု ခေါ်ဝေါ်စဉ်ပေးထားပြီး မြို့ပြအောင်မြင်မှု၏ ဇစ်မြစ်များကို နားလည်သဘောပေါက်ရန်အတွက် စမှတ်ဖြစ်သည်။ မြို့ပြဗဟိုချက်များတွင် စီးပွါးရေးလုပ်ငန်းစုစည်းမှုများ ဖြစ်ပေါ်ရခြင်းမှာ လူဦးရေသိပ်သည်းမှုသည် ကုန်ပစ္စည်း၊ လူနှင့် အိုင်ဒီယာများ လွယ်ကူရွေ့လျားမှုကို မြင့်တက်စေသောကြောင့်ဖြစ်သည်။ မြို့တော်များသည် လူထုနှင့် လုပ်ငန်းများအကြားမှ ရုပ်ပိုင်းဆိုင်ရာ ကွက်လပ်များကို ဖယ်ရှားပေးသည်။ နီးကပ်မှုသည် ဆက်သွယ်မှုများကို လွယ်ကူစေသောကြောင့် အမှန်တကယ်အဖိုးတန်သည်။ အခြေခံအကျဆုံး စီးပွားရေးစုစည်းမှုကြောင့် စားသုံးသူများအနီးတွင် ဖြန့်ချိသူများ တည်ရှိပါက သယ်ယူပို့ဆောင်စရိတ်များ လျော့နည်းသွားသည်။

[13] See Arnold M. et al. (2015).

ရန်ကုန်၊ မန္တလေး၊ နေပြည်တော်တို့ကိုဖယ်ထားလျှင် မြို့ပြနယ်မြေ တိုက်ရိုက်စီမံခန့်ခွဲမှုပုံစံသည် ပြည်ထောင်စု အစိုးရနှင့် ပြည်နယ်/ တိုင်းဒေသကြီးအစိုးရများအကြား သိသိသာသာ ကွဲပြားလျက်ရှိသည် -

- ပြည်ထောင်စုအဆင့်တွင် အိုးအိမ်ဦးစီးဌာနသည် (ဆောက်လုပ်ရေးဝန်ကြီးဌာန လက်အောက်ရှိ) မြို့ပြဖွံ့ဖြိုး ရေးမူဝါဒများ၊ မြို့ပြ/ မြို့ရွာစီမံကိန်းရေးဆွဲမှုများနှင့် မြို့ပြအခြေခံ အဆောက်အအုံ ဖွံ့ဖြိုးရေးကိစ္စများတွင်ဦးဆောင်နေပုံရသည်။၎င်းဌာန သည် ဒေသန္တရနှင့် မြို့ပြစီမံကိန်းရေးဆွဲခြင်းဆိုင်ရာဥပဒေကို ပြန်လည်ရေးဆွဲသည့်လုပ်ငန်းစဉ်ကိုလုပ်ဆောင်နေပြီး ပြည်နယ် နှင့်တိုင်းဒေသကြီးများတွင် ဝန်ထမ်းနှင့်ရင်းမြစ်မပြည့်စုံသော ရုံးခွဲများထားရှိသည်။ ထို့အပြင် မြို့ပြစီမံကိန်း ရေးဆွဲမှုတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(နောင်တွင်ထွေ/အုပ်ဟုသုံးပါမည်)ကဲ့သို့သောပြည်ထောင်စုအဆင့်ဌာနဆိုင်ရာများကလည်း အခန်းကဏ္ဍတစ်ခုပါဝင်နေပုံရပြီး၊ ထိုသို့ဖြစ်ရခြင်းမှာ ၎င်းအဖွဲ့အစည်းများ၏ မြေယာစီမံခန့်ခွဲခွင့် ဝတ္တရားကြောင့် ဖြစ်သည့် အပြင် အခြားဒေသန္တရအဆင့် ဌာနဆိုင်ရာများကို ခေါ်ယူစည်းဝေးခြင်း၊ ညှိနှိုင်းခြင်း ပြုလုပ်နိုင်သော (ထွေ/အုပ်၏ ကိစ္စရပ်တွင်) အကြီးတန်း ဒေသန္တရ အဆင့်အရာရှိများဖြစ်သည့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၏ အခွင့်အာဏာ ပိုရှိသော ကဏ္ဍတို့ကြောင့်ဖြစ်သည်။
- ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် စည်ပင်သာယာရေးစနစ်များသည် မြို့တော်များ၊ မြို့နယ်များတွင် ပြည်သူ့အကျိုးပြုနှင့် ဝန်ဆောင်မှုဆိုင်ရာ စည်ပင်သာယာလုပ်ငန်းများ (အမှိုက်သန့်ရှင်းရေး စီမံခန့်ခွဲမှု၊ မြို့ပြပို့ဆောင်ရေးကွန်ရက်များ၊ အများ ပြည်သူဆိုင်ရာနေရာများ၊ ရေပေးဝေမှုနှင့် စီးပွားရေးလုပ်ငန်းများမှတ်ပုံတင်ခြင်းစသည်) ကို နိစ္စဓူဝဆောင်ရွက်ပေးရန် အဓိက တာဝန်ရှိသည်။ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများမှာမူ စည်ပင်သာယာကိစ္စများကို စည်းမျဉ်းဥပဒေများထုတ်၍ ထိန်း သိမ်းရန် (အခြားတိုင်းပြည်များတွင် မြူနီစပယ်အုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှုဟု ခေါ်ဝေါ်ဖွယ်ရှိ) တာဝန်ရှိပြီး စည်ပင်သာယာရေး ဥပဒေများ ( ဥပဒေအများစု မှာ ၂၀၁၂ ခုနှစ် မှ ၂၀၁၄ ခုနှစ် အကြားတွင် ထွက်ပေါ်ခဲ့သည်) ကို ပြဌာန်းခြင်းမှတဆင့် ထိုသို့ လုပ်ဆောင်ကြသည်။

### ၂.၂.၂။ စည်ပင်သာယာအဖွဲ့များ (DAOs) နှင့် စည်ပင်သာယာရေးဌာနများ (DDAs) - မြန်မာနိုင်ငံ၏ မြို့ပြအုပ်ချုပ်မှုနှင့် စီမံခန့်ခွဲမှု ဆိုင်ရာ ပေါင်းစပ်ထားသော အစီအစဉ်များ

မြန်မာနိုင်ငံ၏ မြို့ပြဆိုင်ရာ ပြည်သူ့အကျိုးပြုနှင့်ဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်မှုသည် ပြည်ထောင်စုအောက်အဆင့်တွင် DAO များနှင့် ၎င်းတို့၏မိခင်ဌာနဖြစ်သော ပြည်နယ်/တိုင်းဒေသကြီး DDA များ၏ လက်ဝယ်တွင်ရှိသည်။ ဤအစီရင်ခံစာတွင် တောက်လျှောက် ကိုးကားရည်ညွှန်းသော အဖွဲ့အစည်းများမှာ -

- စည်ပင်သာယာရေးအဖွဲ့များ (DAOs) - ပြည်နယ်/တိုင်းဒေသကြီး၏အောက်အဆင့် [14] တွင် မြို့ပြဆိုင်ရာ ပြည်သူ့အကျိုးပြုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ တိုက်ရိုက်ဆောင်ရွက်ရာတွင် လက်တွေ့ပါဝင်ရသော အဖွဲ့အစည်းများ၊
- ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဌာန (DDAs) – DAOs တစ်ဖွဲ့ချင်းကို ကြီးကြပ်၊ စောင့်ကြည့်၊ ကူညီပံ့ပိုးပေးရ သော ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဦးစီးကွပ်ကဲမှု အဖွဲ့အစည်းများ၊
- ပြည်နယ်/တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး - DDA များ (လက်အောက်ခံ DAO များ အပါအဝင်) ကို ကြီးကြပ်ရသော ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ အဆင့်ဝန်ကြီး

အောက်ဖော်ပြပါ ဘောင်ကွက်သည် DAO များနှင့် DDA များ၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ လက်ရှိသမိုင်းကြောင်းကို အကျဉ်းချုပ် ဖော်ပြထားသည်။

**ဘောင်ကွက် ၁**

**DAO များနှင့် DDA များ၏ အဖွဲ့အစည်းပိုင်းဆိုင်ရာ လက်ရှိသမိုင်းကြောင်း**

(၁၉၇၄) ခုနှစ်တွင် မြူနီစီပယ်ကော်မတီများနှင့် ခရိုင်ကောင်စီများကဲ့သို့သော ဒေသန္တရအုပ်ချုပ်ရေးအဖွဲ့များမှ ဝန်ထမ်းများကို မြို့နယ်ဖွံ့ဖြိုးရေး ကော်မတီများသို့ပေါင်းစည်းကာ မြို့ပြအုပ်ချုပ်ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး နှစ်မျိုးစလုံးကို ဦးတည်ခဲ့ပြီး၊ ဒေသန္တရ အုပ်ချုပ်မှုများကို (၁၉၉၃) စည်ပင်သာယာရေး ကော်မတီများဥပဒေဖြင့် နောက်ဆက်တွဲပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ အထူးသဖြင့် အဆိုပါ (၁၉၉၃) ဥပဒေတွင် စည်ပင်သာယာရေးကော်မတီများသည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာတာဝန်ရှိသူများကို တင်ပြရမည်ဟု ရှင်းလင်းစွာဖော်ပြထားသည်။ သို့ရာတွင် (၁၉၉၄) ခုနှစ် ဇန်နဝါရီလတွင် စည်ပင်သာယာရေးကော်မတီများကို ပြည်ထဲရေး ဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနလက်အောက်မှထုတ်ကာ အသစ်ဖွဲ့စည်းသော နယ်စပ်စည်ပင်ဝန်ကြီးဌာန သို့ ထည့်သွင်းခဲ့သည်။ ထွေ/အုပ်၏ စည်ပင်သာယာရေးလုပ်ငန်းတာဝန်

[14] ယေဘူယျအားဖြင့် မြို့နယ်တိုင်းနှင့် မြို့နယ်ခွဲအများစုတွင် DAO ရုံးများရှိသည် (DAO ဝန်ထမ်းသည် ထွေအုပ်စနစ်၏ အဓိက အစိတ်အပိုင်း ဖြစ်နေသောကြောင့်)

များအားလုံးကို နယ်စပ်စည်ပင်ဝန်ကြီးဌာနသို့ တရားဝင် ရွှေ့ပြောင်းခဲ့သည်။ (၁၉၉၇) မှ (၂၀၁၁) ဧပြီလ အစိုးရပြောင်းချိန်အထိ နယ်စပ်စည်ပင်ဝန်ကြီးဌာနသည် ၎င်း၏ စည်ပင်သာယာရေး ဦးစီးဌာနမှတဆင့် စည်ပင်သာယာ အုပ်ချုပ်ရေးနှင့် ကျေးလက်ဖွံ့ဖြိုးရေး နှစ်ခုစလုံးကို တာဝန်ယူဆောင်ရွက်ခဲ့သည်။

(၂၀၀၈) ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်ထောင်စုအဆင့်အောက်စီမံအုပ်ချုပ်မှုအတွက် အဓိကကျသော ဖွဲ့စည်းမှုများ ထည့်သွင်းခဲ့ရာ အထူးသဖြင့် စည်ပင်သာယာအုပ်ချုပ်ရေးလည်း ပါဝင်ခဲ့သည်။ အခြေခံဥပဒေသည် နယ်စပ်ရေးရာ ဝန်ကြီးဌာနအောက်မှ စည်ပင်သာယာရေး ဦးစီးဌာနကိုထုတ်ယူပြီး ၎င်း၏ပြည်ထောင်စုအဆင့် အောက်ရုံးများကို ပြည်နယ်နှင့် တိုင်းဒေသကြီး ၁၄ ခုသို့ ဖြန့်ကျက်ကာ (၂၀၁၁) ဧပြီလတွင် ပေါ်ပေါက်လာသော ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများ၏ အပြည့်အဝလုပ်ပိုင်ခွင့်အောက်သို့ ထည့်သွင်းပေးခဲ့သည်။ (၂၀၀၈) အခြေခံဥပဒေ၏ ဇယား-၂ အရ DAO အဖွဲ့အစည်းများသည် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများ၏ အပြည့်အဝထိန်းချုပ်မှုအောက်တွင်ထားရှိသည့် တစ်ခုတည်းသော အစိုးရဌာနအဖွဲ့အစည်းဖြစ်ပြီး၊ စည်ပင်သာယာရေး ဦးစီးဌာနကိုမူ နယ်စပ်စည်ပင်ဝန်ကြီးဌာန၏ ဌာနအဖြစ်မှ ဖျက်သိမ်းလိုက်သည်။ ကျေးလက်ဖွံ့ဖြိုးရေးဆောင်ရွက်သည့် နယ်စပ် စည်ပင်ဝန်ကြီးဌာန၏ အခွင့်အာဏာကိုမူ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရများထံ လွှဲပြောင်းပေးခြင်းမပြုဘဲ အသစ်ဖွဲ့စည်းလိုက်သော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနလက်အောက်သို့ (၂၀၁၃) ဖွန်လတွင် ထည့်သွင်းခဲ့သည်။ အဆိုပါ ဝန်ကြီးဌာနအသစ်လက်အောက်တွင်မူ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန (DRD) သီးသန့်ဖြစ်သွားပြီး၊ ဝန်ထမ်းများမှာမူ ဖျက်သိမ်းလိုက်သော စည်ပင်သာယာရေး ဦးစီးဌာနမှ ရောက်ရှိလာသူများဖြစ်သည်။ ဤပုံစံအရ မြို့ပြစီမံခန့်ခွဲရေး DAO များနှင့် ကျေးလက်ဖွံ့ဖြိုးရေး DRD များ၏ တာဝန်ဝတ္တရားများကို တရားဝင် ထပ်မံခွဲခြားလိုက်သည်။

Source (and cited directly from): Arnold et al. (2015)], pp 7-8.

**ယေဘုယျအားဖြင့် DAO ရုံးများသည် မြို့နယ်များနှင့်မြို့နယ်ခွဲများ၏** [15] **မြို့ပြစင်တာများတွင်တည်ရှိကြပြီး သက်ဆိုင်ရာ မြို့ပြနယ်မြေ အသီးသီးအား စည်ပင်သာယာရေးလုပ်ငန်းအမျိုးမျိုး၊** စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှု၊ မြို့ပြလမ်းများနှင့်လမ်းသွယ်များကို တည်ဆောက်ခြင်းနှင့် ထိန်းသိမ်းခြင်း၊ ရေပေးဝေမှု၊ စီးပွားရေးလုပ်ငန်းများမှတ်ပုံတင်ခြင်းနှင့် စည်းမျဉ်းဥပဒေများဖြင့်ထိန်းချုပ်ခြင်း၊ မြို့ပြနှင့် မြေအသုံးချမှု စီမံကိန်းရေးဆွဲခြင်း အစရှိသည်များကို ဆောင်ရွက်ပေးသည်။ အဆိုပါကဏ္ဍများတွင် DAO ရုံးများသည် သက်ဆိုင်ရာ မြို့နယ်၏ မြို့ပြဝန်ဆောင်မှုဌာနအဖြစ် လုပ်ကိုင်ဆောင်ရွက်ပြီး၊ မြို့နယ်အတွင်းရှိ ပညာရေးဝန်ဆောင်မှုများကို မြို့နယ်ပညာရေးမှူးရုံးက ကြီးကြပ်သည့်ပုံစံနှင့် များစွာတူညီမှုရှိသည်။

### ဘောင်ကွက် ၂

**မြန်မာနိုင်ငံ၏ မြို့နယ်အုပ်ချုပ်ရေးများ**

တိတိကျကျဆိုရလျှင် ယခုအချိန်အထိ မြန်မာနိုင်ငံ၏ မြို့နယ်အုပ်ချုပ်ရေးသည် တစ်ခုတည်းသော ဖွဲ့စည်းမှုပုံစံ (ဒေသန္တရအစိုးရနှင့် ဆင်တူသော တစ်မျိုးတည်းသာရှိသည့် ပုံစံမျိုး) မရှိသေးပေ။ လက်ရှိမြို့နယ်အုပ်ချုပ်ရေးပုံစံသည် သီးခြားဌာနဆိုင်ရာများဖြစ်ကာ ကိုယ်ပိုင်ကွပ်ကဲမှု လမ်းကြောင်းများရှိကြပြီး၊ ပြည်ထောင်စုအစိုးရထံဖြစ်စေ၊ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများထံဖြစ်စေ တင်ပြကြရသော လျော့တိလျော့လျဲ ညှိနှိုင်းဆောင်ရွက်နေသည့်ပုံစံ ဖြစ်သည်။ ထို့အတွက်ကြောင့် မြို့နယ်စီမံကိန်းရေးဆွဲရေးဌာန၏ နှစ်စဉ်လုပ်မြဲဖြစ်သော ဌာနပေါင်းစုံထံမှ မြို့နယ်စီမံကိန်းများကို ခေါင်းစဉ်တစ်ခုအောက်တွင်စုစည်းကာ အထက်အဆင့် အစိုးရများထံ တင်ပြပြီး၊ ပြည်နယ်နှင့်တိုင်း ဒေသကြီးအဆင့်တွင် ယင်းကဲ့သို့မြို့နယ်စီမံကိန်းများကို အတူတကွစုစည်းကာ ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းခေါင်းစဉ်အောက်တွင် ရောက်ရှိသွားသောအလုပ်မှလွဲလျှင် မြို့နယ်အတွက် အထူးစီမံကိန်း ရေးဆွဲမှု အလွန်နည်းသည်။

ဇစ်မြစ်- Gerhard van't Land (၂၀၁၆) - မြန်မာနိုင်ငံ၏ ဒေသန္တရအစိုးရများအပေါ် အဖွဲ့အစည်းဆိုင်ရာအကဲဖြတ်ချက်ကို တိုက်ရိုက်ကိုးကားဖော်ပြသည်။

**သို့ရာတွင် DAO များနှင့် အခြားမြို့နယ်အဆင့် ဌာနဆိုင်ရာများအကြား အဓိကကျသောကွဲပြားခြားနားမှု အတော်များများရှိပြီး** ယင်းတို့အနက် အချို့မှာ -

- DAO များ၏ မိခင်ဌာနဖြစ်သော DDA သည် ပြည်နယ်/တိုင်းဒေသကြီး အဆင့်အစိုးရဌာန စစ်စစ်ဖြစ်ပြီး၊ ပြည်ထောင်စုအဆင့်

---

[15] မြို့နယ်ခွဲများသည် တရားဝင် အုပ်ချုပ်ရေးယူနစ် ဖြစ်ပုံမရသော်လည်း ပြည်နယ်နှင့် တိုင်းဒေသကြီးအများစု (ကရင်၊ ရှမ်း၊ တနင်္သာရီ စသည်ဖြင့်) ၏ DAO/DDA စနစ်များက ၎င်းတို့၏ မြို့ပြစင်တာအသေးစားများနှင့် ကျေးလက်ဒေသသစ်များကို ညွှန်ပြရန်အတွက် အသုံးပြုကြသည်။ ၎င်းနေရာများတွင် စည်ပင်သာယာရေးလုပ်ငန်းများဆောင်ရွက်ရန် အသေးစား DAO ရုံးများကို ဖွင့်လှစ်ထားကြသည်။ ၎င်းရုံးများတွင် ကိုယ်ပိုင် ဘတ်ဂျက်ရှိသော်လည်း မိမိဒေသမှဝင်ငွေဖြင့် အသုံးစရိတ် ထောက်ပံ့ရန် မဖြစ်နိုင်သောကြောင့် ပိုကြီးသော မြို့နယ်အဆင့် DAO များထံမှ ရံပုံငွေ ထောက်ပံ့မှုကို မှီခိုကြရသည်။

တွင် တူညီသောဌာန မရှိပဲ ပြည်နယ်/ တိုင်းဒေသကြီး အစိုးရကိုသာ တာဝန်ခံရသည်။ DAO များသည်လည်း မိခင်ဌာန DDA နှင့်အတူ ပြည်နယ်/တိုင်း ဒေသကြီးအစိုးရကို တာဝန်ခံရသည်။

- DAO များတွင် သက်ဆိုင်ရာ ဒေသန္တရအဆင့်ကြီးကြပ်/အုပ်ချုပ်ရေးအဖွဲ့ဖြစ်သော မြို့နယ်စည်ပင်သာယာရေးကော်မတီ (TDAC) ရှိပြီး ရွေးချယ်တင်မြှောက်သော ဒေသခံကော်မတီဝင် လေးဦးနှင့် ထွေ/အုပ်ဌာန၊ ကျေးလက်ဖွံ့ဖြိုးရေးဌာန၊ DAO ရုံးတို့မှ ကိုယ်စားလှယ်တစ်ဦးစီတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည်။
- DAOs တိုင်းသည် သီးသန့်ဝင်ငွေရလမ်းများ၊ ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့် အစိုးရများထံမှ ငွေလွှဲပြောင်းရရှိမှုများ ကြောင့် ကိုယ်ပိုင်ဝင်ငွေရင်းမြစ်ရှိကြသည်။ (လိုအပ်ပါက DDA ၊ အခြား DAO များနှင့် မျှဝေအသုံးပြုရသည်) ဤအချက်ကြောင့် DAO တစ်ခုစီသည် ကိုယ်ပိုင်လွတ်လပ်ခွင့် တစိတ်တပိုင်းရှိသော စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲသည့်ဌာနများအဖြစ် ဆောင်ရွက်ခွင့်ရကြသည်။ ထို့အပြင် DAO များသည် ၎င်းတို့၏ ဝင်ငွေအများစုကို သက်ဆိုင်ရာမြို့နယ်များရှိ မြို့ပြရပ်ကွက်များအတွက် ပြည်သူ့အကျိုးပြုနှင့် ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် သုံးစွဲကြသည်။

**DDA များသည်လည်း အခြားသောအစိုးရဌာနများ (ပြည်ထောင်စုအဆင့်နှင့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်) နှင့် ကွဲပြားခြားနားသော အချက်အတော်များများရှိသည် -**

- DDA [16] အနည်းငယ်သည် ပြည်နယ်/တိုင်းဒေသကြီးအဆင့်စည်ပင်သာယာရေးကော်မတီများ၏ ကြီးကြပ်မှု၊ စည်းမျဉ်းဥပဒေများဖြင့်ထိန်းချုပ်မှု၊မူဝါဒချမှတ်မှုကိုခံယူရသည်။အဆိုပါကော်မတီများကိုပြည်နယ်/တိုင်းဒေသကြီးအဆင့်တာဝန်ရှိသူများ၊လူထုကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားပြီး ပြည်နယ်/တိုင်းဒေသကြီးစည်ပင်သာယာရေး ဝန်ကြီးများက ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သည်။
- DDA များသည် ပြည်နယ်/တိုင်းဒေသကြီးများတွင်သာရှိသော ဌာနများဖြစ်ပြီး ပြည်ထောင်စုအဆင့်တွင် တူညီသော အဖွဲ့အစည်း မရှိပေ။
- DDA များသည် ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ဝန်ဆောင်မှုဆောင်ရွက်သော တစ်ခုတည်းသော ဌာနဖြစ်ပြီး ပြည်ထောင်စု အဆင့်အောက် အစိုးရဝန်ထမ်းများစွာကို ခန့်အပ်ထားသည်။
- DDA ဘတ်ဂျက် (DAO ရုံးတစ်ခုချင်းစီ၏ဘတ်ဂျက်နှင့် ပြည်နယ်/တိုင်းဒေသကြီး DAA ရုံး၏ ဘတ်ဂျက်တို့ဖြင့် စုဖွဲ့ထား) သည် မြို့နယ် DAO ရုံးများက မြို့နယ်အတွင်းရှာဖွေသော ဝင်ငွေအမျိုးမျိုးအပေါ်တွင် (လုံးဝမဟုတ်သော်လည်း) အဓိကအားဖြင့် မှီခိုရသည်။ DDA များသည် အခြားသော ပြည်နယ်/တိုင်းဒေသကြီးမှ ဌာနများနှင့်မတူသော အချက်မှာ ပြည်ထောင်စုအစိုးရ၏ ရန်ပုံငွေလွှဲပြောင်းပေးမှုအပေါ်တွင် မှီခိုမှုမပြုခြင်းပင်ဖြစ်သည်။

ပြည်နယ်/တိုင်းဒေသကြီးတစ်ခုစီရှိ DAO/DDA စနစ်တွင် အောက်ဖော်ပြပါကဏ္ဍများ ပါဝင်လေ့ရှိသည် -

- အရေအတွက် အမျိုးမျိုးရှိသော မြို့နယ် DAO ရုံးများ - ၎င်းတို့သည် သက်ဆိုင်ရာ မြို့နယ်အုပ်ချုပ်ခွင့်ရ နယ်မြေအတွင်း ဒေသန္တရအခွန်ငွေများကို ကောက်ယူစုဆောင်းကာ ထိုဝင်ငွေနှင့် အခြားဝင်ငွေအနည်းငယ်ကို မြို့နယ်တွင်း ရပ်ကွက်များရှိ စည်ပင်သာယာလုပ်ငန်းများကို ရန်ပုံငွေထောက်ပံ့ရန် အသုံးပြုကြသည်။ DAO ရုံးတိုင်းကို မြို့နယ် စည်ပင်သာယာရေးကော်မတီ (TDAC) က ကြီးကြပ်၊ စောင့်ကြည့်၍ ကူညီပံ့ပိုးပေးပြီး ယင်းကော်မတီတွင် မြို့ပြနယ်မြေများမှ ရွေးချယ်ခံကိုယ်စားလှယ်အချို့ ပါဝင်သည်။
- ပြည်နယ်/တိုင်းဒေသကြီးအဆင့် DDA - ၎င်းသည် ပြည်နယ်/တိုင်းဒေသကြီးအတွင်းရှိ DAO အားလုံးအတွက် စုပေါင်းဘတ်ဂျက်ယူနစ်ဖြစ်ပြီး ပြည်နယ်/တိုင်းဒေသကြီးအစိုးရထံ နှစ်စဉ်ဘတ်ဂျက်ကို တင်ပြရန်နှင့် နယ်နိမိတ်အတွင်းရှိ မြို့နယ် DAO ရုံးများကို ကြီးကြပ်၊ စောင့်ကြည့်၊ ကူညီပံ့ပိုးရန် တာဝန်ရှိသည်။ DDA အားလုံးသည် ၎င်းတို့၏ စည်ပင်သာယာရေး ဝန်ကြီးများမှတဆင့် သက်ဆိုင်ရာ ပြည်နယ်/တိုင်း ဒေသကြီးအစိုးရများထံ ညွှန်ကြားမှုခံယူရသည်။[17] အချို့ကိစ္စများတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေး ကော်မတီများကလည်း DDA များကို ကြီးကြပ်ကြသည်။

မြန်မာနိုင်ငံမှ DAO များနှင့် ၎င်းတို့၏မိခင်ဌာန ပြည်နယ်/တိုင်းဒေသကြီး DDA များသည် အဖွဲ့အစည်းဆိုင်ရာ လုပ်ရိုးလုပ်စဉ် သွင်ပြင်အမျိုးအစားများနှင့် အဆင်ပြေပြေအံဝင်ခြင်းမရှိပေ။ DAO များသည် စည်ပင်သာယာအဖွဲ့အဖြစ် အတိအကျမဟုတ်သကဲ့သို့ မြို့နယ်စည်ပင်သာယာ ဝန်ဆောင်မှုဌာနများလည်း မဟုတ်ပေ။ DDA များသည် ပြည်နယ်/တိုင်းဒေသကြီး မြို့ပြဖွံ့ဖြိုးရေး ဝန်ကြီးဌာန သို့မဟုတ် မြို့ပြဝန်ဆောင်မှုဝန်ကြီးဌာနများဟူ၍လည်း အတိအကျ မဟုတ်ကြပေ။ အမှန်တကယ်တွင် ပြည်နယ်/ တိုင်းဒေသကြီး တစ်ခုစီသည် DAO များ၊ DDA များကို ကွဲပြားသောနည်းလမ်းများဖြင့် ရှုမြင်ကြပုံရပြီး၊ သာဓကအားဖြင့် တနင်္သာရီတိုင်း ဒေသကြီးတွင် DAO များနှင့် DDA ကို တိုင်းဒေသကြီးဘတ်ဂျက်တွင် ဝန်ကြီးဌာန သို့မဟုတ် ဌာနတစ်ခုအဖြစ်လည်းကောင်း၊ ရှမ်းပြည်နယ်တွင်မူ DAOs များနှင့် DDA ကို ဝန်ကြီးဌာနနှင့် ဘတ်ဂျက်အမျိုးအစားမတူ (တစိတ်တပိုင်း အစိုးရပိုင်စီးပွားရေး လုပ်ငန်း) သော အမျိုးအစားအဖြစ် သတ်မှတ်ထားသည်။ ဘောင်ကွက် ၃ တွင် DAO များ၊ DDA များက ဘာလဲဆိုသည့် သဘောတရားကို သတ်မှတ်ရန် (နည်းလမ်းများအနက်မှ) နည်းလမ်းနှစ်ခုကို ထုတ်နှုတ်ဖော်ပြထားသည်။

---

[16] မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး

[17] နောက်ဆက်တွဲ ၂ တွင် စည်ပင်သာယာအပါအဝင် ပြည်နယ်/ တိုင်းဒေသကြီးအစိုးရများ ဖွဲ့စည်းထားပုံ ဇယားကို ဖော်ပြထားသည်။

နောက်ဆုံးအနေဖြင့် DAO/DDA စနစ်များသည် ပြည်ထောင်စုအစိုးရ၏ အစိတ်အပိုင်းမဟုတ်ဘဲ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများနှင့်သာ အလွန်သက်ဆိုင်နေသည်ဆိုသည့်အချက် ဖြစ်သည်။ အခြေခံဥပဒေကလည်း ထိုအချက်ကို ထောက်ခံသည့် သဘောရှိသည်။ လက်တွေ့တွင်လည်း ပြည်နယ်/တိုင်းဒေသကြီးအစိုးရများက ၎င်းတို့နှင့်သက်ဆိုင်သည့် စည်ပင်သာယာရေးဥပဒေများကို လွတ်လပ်စွာ ရေးဆွဲ၍ ၎င်းတို့ကိုယ်ပိုင်စည်ပင်သာယာရေးဥပဒေများကို ပြဋ္ဌာန်းခဲ့ကြသည်။ အမှန်တကယ်တွင်လည်း ၂၀၁၂ ခုနှစ်နှောင်းပိုင်းမှစ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရ ၁၄ ဖွဲ့စလုံးသည် ၎င်းတို့နှင့်သက်ဆိုင်သော ဖွံ့ဖြိုးရေးဥပဒေများကို အသီးသီးရေးဆွဲပြဋ္ဌာန်းခဲ့ကြပြီး၊ ယင်းဥပဒေအားလုံးမှာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့(နဝတ) ဥပဒေ အမိန့်အမှတ် ၅/၉၃ ကို အဓိက အခြေခံထားကြသည်။ ထိုကဲ့သို့ အလွန်ဆင်တူသောဥပဒေများကို ပြဋ္ဌာန်းထားကြသော်လည်း ၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် ပြည်နယ်/တိုင်းဒေသကြီးများ၏ DAO စနစ်များသည် နည်းလမ်းအမျိုးမျိုးဖြင့် ကွဲထွက်လာခဲ့ကြသည်ကို ဤအစီရင်ခံစာ၏ နောက်ပိုင်းအခန်းများတွင် တွေ့မြင်ရမည်ဖြစ်သည်။

**ဘောင်ကွက် ၃**

**DAOs/DDAs - စည်ပင်သာယာရှုမြင်ပုံ - တဝက်ပြည့်သလား သို့မဟုတ် တဝက်လျော့သလား?**

DAOs/DDAs များနှင့်ပတ်သက်ပြီး ၎င်းတို့ကို မည်သည့်ပုံစံဖြင့်မြင်လိုသနည်း ဆိုသည့်အပေါ် မူတည်၍၊ ဖြစ်နိုင်သည့် အကောင်းဆုံးပုံစံ (သို့တည်းမဟုတ် အဖွဲ့အစည်းဆိုင်ရာမော်ဒယ်) နှစ်မျိုးကို ကျင့်သုံးနိုင်သည် -

ဗဟိုချုပ်ကိုင်မှု များစွာလျော့ချထားသော ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန [18] ကို ပြည်နယ်/တိုင်းဒေသကြီး အစိုးရဝန်ကြီးတစ်ဦးကဦးဆောင်၍ စည်ပင်ဦးစီးဌာန DDA ပါဝင်ဖွဲ့စည်းထားပြီး၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရဝန်ထမ်းများက အမှုထမ်းကြသည်။ DDA ကို မြို့နယ်များရှိ DAO ရုံးများဖြင့် ဖွဲ့စည်းထားသည်။ DAO များက သက်ဆိုင်ရာမြို့နယ်အလိုက် စည်ပင်သာယာရေးလုပ်ငန်းများကို ဆောင်ရွက်ကြရသည်။ DAO များသည် ၎င်းတို့မြို့နယ်အတွင်းမှ စုဆောင်းရရှိသော ဝင်ငွေအများစုနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရထံမှ ခွဲတမ်းရရှိသော ဝင်ငွေအနည်းငယ်တို့ဖြင့် ၎င်းတို့၏ ဝန်ဆောင်မှုပေးခြင်းလုပ်ငန်းများ လုပ်ဆောင်ရန် ရန်ပုံငွေထောက်ပံ့ကြသည်။ အသုံးမပြုဖြစ်သော DAO ဝင်ငွေများကိုပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၏ အထွေထွေ အသုံးစရိတ်အတွက် ရန်ပုံငွေထောက်ပံ့နိုင်ရန် လွှဲပြောင်းပေးကြရသည်။

**တစ်စိတ်တစ်ပိုင်းအားဖြင့် ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိသော စည်ပင်သာယာရေးနယ်မြေများ စုထားသည့်ပြည်နယ်/တိုင်းဒေသကြီး ဖက်ဒရေးရှင်း** [19] - (စည်ပင်အဖွဲ့များသည်) သက်ဆိုင်ရာမြို့နယ်စည်ပင်သာရေးကော်မတီများ (TDACs)များ၏ ကြီးကြပ်မှုကို ခံယူရသော်လည်းပြည်နယ်/တိုင်းဒေသကြီး၏ ဥပဒေပိုင်းဆိုင်ရာနှင့်မူဝါဒ ပိုင်းဆိုင်ရာကြီးကြပ်မှု၏ လက်အောက်ခံဖြစ်ပြီး - (DAO/ စည်ပင်သာယာဝန်ထမ်းများအား ပြည်နယ်/တိုင်းဒေသကြီး DDA မှရွေးချယ်ခန့်အပ်သည်)၊ ယင်းအချက် (ကြီးကြပ်မှုနှင့် လက်အောက်ခံပုံစံ)သည် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် DAOများ/စည်ပင်သာယာရေးနယ်မြေများအကြား ဆက်သွယ်ဆောင်ရွက်ပေးသည့်သဖွယ်၊ အဖွဲ့များပါဝင်သောဖက်ဒရေးရှင်းသဖွယ် ဆောင်ရွက်သည်။ DAO/စည်ပင်သာယာရေးနယ်မြေများသည် ၎င်းတို့ဝင်ငွေ၏ အချိုးအစားအနည်းငယ်ကို ပြည်နယ်/တိုင်းဒေသကြီး အဆင့်နှင့် မျှဝေသုံးစွဲရသည်။ သို့သော် ယင်းကိုယ်ပိုင်ဝင်ငွေများကို ၎င်းတို့ သင့်တော်မည်ဟုထင်သော ဒေသန္တရစည်ပင်ဆိုင်ရာ ဝန်ဆောင်မှုများတွင် သုံးစွဲရန် လွတ်လပ်စွာဆောင်ရွက်နိုင်သည်။

[18] ဤပုံစံကို စံအဖြစ် DAO တာဝန်ရှိသူ အများစုက သတ်မှတ်လိုပုံရသည်။ ဧရာဝတီတိုင်းမှ DDA အကြီးတန်း အရာရှိတစ်ဦးက "ကျွန်တော်တို့ စည်ပင်သာယာရေးဌာနက မဟုတ်ပါဘူး။ တိုင်းဒေသကြီးအစိုးရရဲ့ ဝန်ထမ်းတွေပါ" ဟုပြောကြားသည်။
[19] DAO များသည် မြို့ပြကိုယ်ပိုင်အုပ်ချုပ်မှုအစိုးရစနစ်၏ သန္ဓေပုံစံဟု ရှုမြင်ကြသူများအကြား ဤပုံစံက လွှမ်းမိုးမှုရှိသည့် သဘောရှိသည်။

# အပိုင်း ၃။ စီမံခန့်ခွဲမှု၊ လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဘဏ္ဍာရေး

အစီရင်ခံစာ၏ ဤအခန်းတွင် DAOs/DDAs များအတွက် အဖွဲ့အစည်းဆိုင်ရာမူဘောင်နှင့်ပတ်သက်သော ပိုမိုအသေးစိတ်သည့် အကြောင်းအရာများကို၊ DAO စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာများအား ဆန်းစစ်လေ့လာမည်ဖြစ်သည့် လာမည့်အပိုင်း (အခန်း) အတွက် အခြေခံတစ်ခုအဖြစ် ဖော်ပြသွားမည်ဖြစ်သည်။

## ၃.၁။ DAOs ကို မည်သူကကိုင်တွယ်လုပ်ဆောင်နေသနည်း။ စည်ပင်သာယာရေးဦးစီးဌာနများနှင့်အဖွဲ့များ၏ စီမံခန့်ခွဲမှုနှင့် အရင်းအမြစ်များ

### ၃.၁.၁။ ပြည်နယ်/တိုင်းဒေသကြီးအဆင့် DDAs

ပြည်နယ်/တိုင်းဒေသကြီး DAO/DDA စနစ်များအားလုံး၏ထိပ်ဆုံး၌ သက်ဆိုင်ရာပြည်နယ်/ တိုင်းဒေသကြီးအသီးသီးရှိ အစိုးရအဖွဲ့များ၏အဖွဲ့ဝင်များဖြစ်သော စည်ပင်သာယာရေး ဝန်ကြီးများရှိကြသည်။ ပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးများသည် ဌာနများစွာကို ကိုင်တွယ်ရလေ့ရှိသည်။ ဥပမာအားဖြင့် မွန်ပြည်နယ်အတွက် စည်ပင်ဝန်ကြီးသည် ပြည်နယ်၏ ဝန်ကြီးချုပ်လည်း ဖြစ်သည်။ ကရင်ပြည်နယ်တွင် စည်ပင်ဝန်ကြီးသည် တစ်ချိန်တည်းမှာပင် ပြည်နယ်၏ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဖြစ်နေသည်။

စည်ပင်သာယာရေးအတွက် နေ့စဉ်လုပ်ငန်းတာဝန်ယူမှုကို ဌာန၏ညွှန်ကြားရေးမှူးဦးဆောင်သော ပြည်နယ်/တိုင်းဒေသကြီး DDA က လုပ်ဆောင်ရခြင်းဖြစ်သည်။ ၎င်းညွှန်ကြားရေးမှူးသည် စည်ပင်သာယာရေးကော်မတီ၏ အတွင်းရေးမှူးအဖြစ်လည်း တာဝန်ထမ်းဆောင်ရသည်။ DDA ညွှန်ကြားရေးမှူးသည် မည်သည့်ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးတွင်မဆို DAO/DDA စနစ်၌ ရာထူးအမြင့်မားဆုံးသော ပြည်သူ့ဝန်ထမ်းဖြစ်ပြီး မည်သည့် DAO/DDA အချိန်ပြည့်ဝန်ထမ်းမဆို ပုံမှန်ရာထူးတက်သွားပါက ထိုနေရာသို့ ရောက်ရန် မျှော်မှန်းနိုင်သည်။

ပြည်နယ်/တိုင်းဒေသကြီး DDA များအား ပုံမှန်အားဖြင့် အဓိကဌာနခွဲနှစ်ခု ခွဲခြားထားသည် -

- အုပ်ချုပ်မှုဌာနခွဲတွင် ယေဘူယျအားဖြင့် ဌာန၏အုပ်ချုပ်မှုဌာန၊ ဘဏ္ဍာရေးနှင့်ဘတ်ဂျက်ဌာနများ၊ အခွန်နှင့်ဥပဒေရေးရာဌာနများ ပါဝင်သည်။ ဤဌာနခွဲသည် နှစ်စဉ် DDA ဘတ်ဂျက်များကို စုစည်းပေးခြင်း၊ DAO ဘတ်ဂျက်များနှင့်ဘတ်ဂျက် အကောင်အထည်ဖော်မှုကို ကြီးကြပ်ခြင်း၊ DAO များအား လုပ်ထုံးလုပ်နည်းနှင့်ဝင်ငွေရှာဖွေရာတွင် ကူညီပေးခြင်းတို့အား ဦးစီးသည့် တာဝန်ယူသည်။
- အင်ဂျင်နီယာဌာနခွဲသည် လမ်း/တံတားနှင့် အခြားသောကဏ္ဍများအတွက် DAO များအား နည်းစနစ်၊ အကူအညီများပေးသည်။

၎င်း DDA ဌာနခွဲတစ်ခုစီ၏အကြီးအကဲများသည် DDA ညွှန်ကြားရေးမှူး၏ ဒုတိယညွှန်ကြားရေးမှူးများအဖြစ် ထိရောက်စွာ တာဝန်ယူဆောင်ရွက်ရသည်။

DDA များသည် အားလုံးလိုလိုပင် ၎င်း၏သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ မြို့တော်များတွင်သာ ရုံးများရှိသည်။ ရှမ်းပြည်နယ်တစ်ခုတည်းသာ ၎င်း၏ DDA ပြည်နယ်ခွဲရုံးအား ထားရှိသည်။(ရှမ်းပြည်နယ်မြောက်ပိုင်းအတွက် လားရှိုးမြို့တွင် လည်းကောင်း၊ အရှေ့ပိုင်းအတွက် ကျိုင်းတုံမြို့တွင် လည်းကောင်း ထားရှိသည်။)

ပြည်နယ်/တိုင်းဒေသကြီးရှိ DDA များ၏ ဝန်ထမ်းဦးရေသည် အသင့်အတင့်သာရှိပါသည်။ ဇယား ၁ တွင် ပြည်နယ်/ တိုင်းဒေသကြီးတွင်ရှိသော ဝန်ထမ်းအရေအတွက်ကို အကျဉ်းချုပ်ဖော်ပြထားပါသည်။

**ဇယား ၁။ ပြည်နယ်/တိုင်းဒေသကြီးရှိ DDA ဝန်ထမ်းအရေအတွက်**

| ပြည်နယ်/ တိုင်းဒေသကြီး | ပြည်နယ်/ တိုင်းဒေသကြီးလူဦးရေ | ပြည်နယ်/တိုင်းဒေသကြီးရှိ DDAဝန်ထမ်းအရေအတွက် (ရုံးချုပ်များ) | DAO ရုံးအရေအတွက် | |
|---|---|---|---|---|
| | | | မြို့နယ်များ | မြို့နယ်ခွဲများ |
| ကရင် | ၁,၅၀၄,၃၂၆ | ၂၆ | ၇ | ၉ |
| မွန် | ၂,၀၅၄,၃၉၃ | ၂၇ | ၁၀ | ၂ |
| ရောဝတီ | ၆,၁၈၄,၂၈၉ | ၇၁ | ၂၆ | ၇ |
| တနင်္သာရီ | ၁,၄၀၈,၄၀၁ | ၂၃ | ၁၀ | ၆ |

ပြီးပြည့်စုံသည့်ကိန်းဂဏန်းအချက်အလက် အတော်များများမရှိသော်ငြားလည်း DDA ရုံးများသည် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ (ICT) ပစ္စည်းများကဲ့သို့သော ရုံးပိုင်းဆိုင်ရာ ပစ္စည်းတပ်ဆင်ပေးမှုတွင်လည်း လုံလောက်မှုမရှိပြန်ပေ။ [20]

### ၃.၁.၂။ DAO များ

DAO ရုံးများသည် မြန်မာနိုင်ငံ၏ ပြည်နယ်များနှင့် တိုင်းဒေသကြီးများရှိ DAO/DDA စနစ်တွင် ရှေ့ဆုံးမှ ဝန်ဆောင်မှုပေးနေသော ဌာနများဖြစ်ကြသည်။ အုပ်ချုပ်မှုပုံစံအရ ပြည်နယ်/တိုင်းဒေသကြီး DDA ၏ လက်အောက်တွင်ရှိသော မြို့နယ်နှင့် မြို့နယ်ခွဲ DAO များသည် မြို့ပြနေရာများရှိ ၎င်းတို့၏ စီရင်စုအသီးသီးအတွင်း စည်ပင်သာယာရေးဆိုင်ရာဝန်ဆောင်မှုများ တိုက်ရိုက်ဖြည့်ဆည်း ပေးရေးကို တာဝန်ယူဆောင်ရွက်ရသည်။

ပြည်နယ်/တိုင်းဒေသကြီးတစ်ခုစီအတွင်းရှိ မြို့နယ်များနှင့်မြို့နယ်ခွဲများတွင် DAO ရုံးများ တည်ရှိသည်။ မြို့နယ်များနှင့် မြို့နယ်ခွဲများသည် ထွေ/အုပ်၏ အုပ်ချုပ်ရေးနယ်မြေများနှင့်အတူတူဖြစ်ပြီး၊ ယင်းအုပ်ချုပ်ရေး ဌာနခွဲများ၏ အခွင့်အာဏာအတွင်းတွင် ရှိပါသည်။ DAO ရုံးများသည် မြို့ပြရပ်ကွက်များတွင် စည်ပင်သာယာရေး ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးခြင်းဖြစ်ပြီး၊ ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများထံမှ အခွန်များကို ကောက်ခံသည်။ ယေဘုယျအားဖြင့် မြို့နယ် DAO ရုံးများသည် ပို၍ကြီးပြီး ၎င်းတို့၏ မြို့နယ်ခွဲများတွင်ရှိသည့် DAO ရုံးများထက် ပို၍ဝန်ဆောင်မှုပေးနိုင်သည်။

တစ်ခါတစ်ရံတွင် အချို့သော ပြည်နယ်/တိုင်းဒေသကြီးများရှိ DDA/DAO တာဝန်ရှိသူများက မြို့နယ်ခွဲများကို လိုငွေပြသည့်ဌာနများ (ထိုဒေသမှ ရှာနိုင်သည့် ဝင်ငွေထက် ပို၍ သုံးစွဲသောဌာနများ) အဖြစ် ဖော်ပြကြသော်လည်း အမြဲတမ်းတော့မဟုတ်ပါ။ ယင်းအစား မြို့နယ်ခွဲ DAO များကို အလွန်သေးငယ်သော မြို့ပြလူနေထိုင်မှုများ (သို့မဟုတ် ရွာကြီးများ) ကို ဆောင်ရွက်ပေးနေသည်ဟု ရိုးရှင်းစွာ ဖော်ပြလျှင် ပို၍တိကျမှု ရှိကောင်းရှိပါလိမ့်မည်။

#### အမျိုးအစားများ

**မူအားဖြင့် DAO ရုံးများအား ၎င်းတို့ကောက်ခံရရှိသည့် အခွန်ငွေပမာဏအပေါ် မူတည်၍ အမျိုးအစား ခွဲခြားထားသည်။** [21] ယင်းသည် ၂၀၀၄ ခုနှစ်က အမိန့်ထုတ်ပြန်ချက်အပေါ် အခြေခံထားပုံရပါသည်။ ဇယား ၂ တွင် ပြည်နယ်/တိုင်း ဒေသကြီးလေးခုရှိ DAO ရုံးအမျိုးအစားအဆင့်ဆင့်ကို အကျဉ်းချုပ် ဖော်ပြထားပါသည်။

**ဇယား ၂။ DAO အမျိုးအစားများနှင့် အရေအတွက်များ**

| DAO အမျိုးအစားများ[22] | အဓိပ္ပါယ်ဖွင့်ဆိုချက် (ဝင်ငွေအရ မြန်မာကျပ် ,၀၀၀) | အမျိုးအစားခွဲထားသော DAO ရုံး အရေအတွက် | | | |
|---|---|---|---|---|---|
| | | ကရင် | မွန် | ဧရာဝတီ | တနင်္သာရီ |
| အထူး | > ၁၅၀,၀၀၀ | - | ၁ | ၁ | - |
| က | ၇၅,၀၀၀ – ၁၅၀,၀၀၀ | ၂ | ၃ | ၈ | ၃ |
| ခ | ၅၅,၀၀၀ – ၇၅,၀၀၀ | - | ၁ | ၈ | - |
| ဂ | ၄၄,၀၀၀ – ၅၅,၀၀၀ | ၁ | ၁ | ၉ | - |
| ဃ | ၂၀,၀၀၀ – ၄၀,၀၀၀ | - | ၄ | ၄ | - |
| င | ၆,၀၀၀ – ၂၀,၀၀၀ | ၁ | - | ၃ | ၅ |
| စ | < ၆,၀၀၀ | ၃ | - | - | ၂ |
| အမျိုးအစားခွဲမထား | - | ၉ | ၂ | - | ၆ |
| DAO ရုံးများ အရေအတွက်စုစုပေါင်း | | ၁၆ | ၁၂ | ၃၃ | ၁၆ |

လက်တွေ့တွင် DAO ရုံးများကို အမျိုးအစားခွဲခြင်းသည် ၎င်းတို့အပေါ် လုပ်ဆောင်ပေးရာ(ဘဏ္ဍာငွေဆိုင်ရာ သို့မဟုတ် အခြား

[20] ရှမ်း၊ မွန်နှင့် ကရင်ပြည်နယ်များနှင့် ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးများရှိ DDA များသို့သွားရောက်လည်ပတ်စဉ်အတွင်း ဤအစီအရင်ခံစာရေးသားသူများသည် အုပ်ချုပ်မှုဌာနများတွင် ကွန်ပြူတာအနည်းငယ်သာ (တစ်ခါတစ်ရံတွင် တစ်လုံးမှတောင်မရှိ) ရှိကြောင်း သတိပြုမိခဲ့ကြသည်။

[21] လက်တွေ့တွင် DAO များကို အမျိုးအစားခွဲခြားခြင်းသည် စည်းမျဉ်းစည်းကမ်းနှင့်အညီဖြစ်ကြောင်း သက်သေအနည်းငယ်သာရှိသည်။ ဥပမာအားဖြင့် DAO ရုံး ၇ ရုံးအား အမျိုးအစားအားဖြင့် ဃ၊ င၊ သို့မဟုတ် စ အဖြစ် အမျိုးအစားခွဲခြား ထားသော်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်း DAO ရုံးနှစ်ရုံး၏ နှစ်စဉ်ဝင်ငွေမှာ မြန်မာကျပ်ငွေ ၄၀,၀၀၀,၀၀၀ အောက်သာရရှိပါသည်။ (အားလုံးသည် နှစ်စဉ်ဝင်ငွေ ၄၀,၀၀၀,၀၀၀ ကျပ် အောက်တွင်သာရှိသည်ဟု သတ်မှတ်ထားသည်။)

[22] အမှတ် ၇၃/ဂ-၁/စရခ ဩဂုတ် ၁၇ ၂၀၀၄ အသိပေးကြေညာချက်အပေါ် အခြေခံထားသည်။

အရာများ)၌ မည်သည့်နောက်ဆက်တွဲအကျိုးသက်ရောက်မှုများမှ ရှိပုံမရပေ။ အထက်အဆင့်မှ DAO ရုံးများသည် ခန့်မှန်းခြေအားဖြင့် လိုအပ်သည့်ဝန်ထမ်းနေရာများစွာကို ဖြည့်ဆည်းခန့်အပ်ရမည်ဖြစ်သော်လည်း (ဇယား ၃ တွင် ဖော်ပြထားသကဲ့သို့) တကယ့်ဝန်ထမ်း အရေအတွက်မှာ ခန့်အပ်ရန်အတည်ပြုထားသည့် ဝန်ထမ်းအရေအတွက်အတိုင်းမဟုတ်ပေ။ သို့သော် အောက်အဆင့်မှ DAO ရုံးငယ်များသည် ရုံးကြီးများထက် ဝန်ထမ်းဦးရေ ပိုမိုနည်းပါးသည့်သဘောတော့ရှိသည်။

### ဖွဲ့စည်းတည်ဆောက်ပုံ

**DAO များသည်လည်း ပြည်နယ်/တိုင်းဒေသကြီး DDA များနှင့် အတော်များများတူညီသောကြောင့် တရားဝင်အားဖြင့် အဓိက ဌာနခွဲနှစ်ခုဖြင့် ဖွဲ့စည်းထားသည်။** (၁) အုပ်ချုပ်မှုနှင့် ဘဏ္ဍာရေးဌာနခွဲသည် ပုံမှန်အားဖြင့် ဘတ်ဂျက်၊ ဘဏ္ဍာငွေဆိုင်ရာ စီမံခန့်ခွဲမှု၊ အခွန်ငွေကောက်ခံမှု၊ စည်းမျဉ်းစည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများ၊ အများပြည်သူပိုင်နေရာများ (ဥပမာ-ပန်းခြံများ) နှင့် စွန့်ပစ်အမှိုက်များစီမံခန့်ခွဲမှုတို့ကို တာဝန်ယူဆောင်ရွက်ရပြီး၊ (၂) အင်ဂျင်နီယာဌာနခွဲသည် လမ်းနှင့်တံတားများ၊ စည်ပင်သာယာ သောက်သုံးရေ ဖြန့်ဖြူးမှုနှင့်ဆောက်လုပ်ရေးနှင့်သက်ဆိုင်သည့်လုပ်ဆောင်မှုများ အားလုံးကို တာဝန်ယူ၊ ဆောင်ရွက်ရသည်။ စည်ပင်ဦးစီးမှူး (EO)[23] ဟု ခေါ်ဝေါ်ကြသည့် DAO ရုံးတစ်ရုံးစီ၏ အကြီးအကဲများအား DAO ၏ အကြီးတန်း အုပ်ချုပ်ရေး/ဘဏ္ဍာရေး အရာရှိများနှင့် အင်ဂျင်နီယာအရာရှိများက ဒုတိယအကြီးအကဲများအဖြစ် တာဝန်ယူလေ့ရှိသည်။ DAO ဝန်ထမ်းအားလုံးသည် ၎င်းတို့၏ မြို့နယ်ရုံးများအသီးသီးတွင် တာဝန်ထမ်းဆောင်ကြသည်။

### ဝန်ထမ်းရေးရာ

**DAO ရုံးများရှိဝန်ထမ်းများအား လစဉ်ဝင်ငွေအမျိုးအစားနှစ်မျိုးဖြင့် ကျယ်ကျယ်ပြန့်ပြန့် ခွဲခြားသတ်မှတ်နိုင်သည်။ လစဉ် လစာရရှိသည့် ဝန်ထမ်းများနှင့် နေ့စဉ်ကိုအခြေခံသော နေ့စားလရှင်း (သို့သော် ပုံမှန်) လုပ်အားခပေးအပ်ခြင်းခံရသည့် ဝန်ထမ်းများဟူ၍ ဖြစ်သည်။** ဇယား ၃ ၌ ဧရာဝတီတိုင်းဒေသကြီး၏ DAO/DDA စနစ်များတွင်ရှိသော ဝန်ထမ်းအမျိုးအစားကို အကျဉ်းချုပ်ဖော်ပြပေးထားသည်။

**ဧရာဝတီတိုင်းဒေသကြီးတွင် တိုင်းဒေသတစ်ခုလုံးရှိ ခန့်မှန်းခြေ လူအယောက် ၄,၄၀၀ တိုင်းအတွက် DAO ဝန်ထမ်း တစ်ဦးသာရှိပြီး တိုင်းဒေသအတွင်းရှိ မြို့ပြတွင်နေထိုင်သူအယောက် ၆၃၀ ခန့်တိုင်းအတွက် ဝန်ထမ်းတစ်ဦးစီသာရှိသည်။** DAO/DDA ဝန်ထမ်းစုစုပေါင်း [24] နှင့် မြို့ပြလူဦးရေအချိုးအစားသည် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် အတူတူပင်ဖြစ်သည်။

မွန်ပြည်နယ်တွင် အချိုးအစားမှာ ၁ : ၃,၈၀၀ (စုစုပေါင်းလူဦးရေ) နှင့် ၁ : ၁,၀၅၀ (မြို့ပြလူဦးရေ) ရှိသည်။ ကရင်ပြည်နယ်တွင် အချိုးအစားမှာ ၁ : ၄,၃၅၀ (စုစုပေါင်းလူဦးရေ) နှင့် ၁ : ၆၁၀ (မြို့ပြလူဦးရေ) ရှိသည်။

**DAO အများစုမှာ တရားဝင်အားဖြင့် ဝန်ထမ်းဦးရေချို့တဲ့သည်။** DAO ဝန်ထမ်းအရေအတွက် အစစ်အမှန်သည် ခန့်အပ်ရန် အတည်ပြုထားသည့် သို့မဟုတ် ထုတ်ပြန်ထားသည့် အရေအတွက်ထက် အမြဲတမ်းနည်းပါးသည်။ အထူးသဖြင့်အငယ်တန်း ဝန်ထမ်းနေရာများ ပိုနည်းသည်။ ဥပမာအားဖြင့် ဧရာဝတီတိုင်းဒေသကြီးအတွင်း အတည်ပြုထားသည့် DAO ဝန်ထမ်းနေရာများ၏ ၂၀ ရာခိုင်နှုန်း (၅,၆၃၅ အနက် ၁,၂၁၁) ကိုသာ လက်ရှိတွင် ဖြည့်ဆည်းထားသည်။

### ပစ္စည်းများ

**DAO ရုံးကြီးအများစုတွင် လမ်းအလုပ်များ၊ စွန့်ပစ်အမှိုက်များစီမံခန့်ခွဲမှုနှင့် အခြားသောလုပ်ဆောင်စရာ များအတွက် အသုံးပြုသည့် ၎င်းတို့၏ ကိုယ်ပိုင် ကြီးမားသည့်စက်ပစ္စည်းများ၊ ယာဉ်များရှိသည်။ အခြားတစ်ဖက်တွင်မူ DAO ရုံးငယ်များသည် မည်သည့် စက်ပစ္စည်းများ သို့မဟုတ် ယာဉ်များမရှိပေ။** DAO ပစ္စည်းများတွင် ပုံမှန်အားဖြင့် ကတ္တရာစေးများ၊ ဘီလပ်မြေဖျော်စက်များ၊ မြေသယ်စက်များ၊ မြေညှိစက်များနှင့် စွန့်ပစ်ပစ္စည်းများအား ဖျက်ဆီးသည့် စက်ပစ္စည်းများပါဝင်သည်။ ယာဉ်များတွင် အမှိုက်သိမ်းယာဉ်များ၊ ထွန်စက်များနှင့် နောက်တွဲယာဉ်များပါဝင်သည်။ ပစ္စည်းများသည် ဟောင်းနွမ်းနေပုံရပြီး စဉ်ဆက်မပြတ် ပြုပြင်နေရကာ တချို့သော စက်ပစ္စည်းများသည် ကောင်းစွာအလုပ်လုပ်သည့်ပုံ မရှိပေ။

---

[23] ၎င်းမှာ ပိုသေးသော DAO ရုံးငယ်များတွင် ပြဿနာရှိပါသည်။ ရုံးအကြီးအကဲသည် EO အဖြစ် အရည်အချင်းရှိပုံ မရပေ။

[24] အရေအတွက် မသိနိုင်သော နေ့စားအလုပ်သမားများ မပါဝင်ပါ။

**ဇယား ၃။ ရောဝတီ DAO - ဝန်ထမ်းအနေအထား**

| DAO | မြို့နယ်နှင့် DAO အမျိုးအစားများ | အရာရှိများ | | | ဝန်ထမ်းများ | | | နေ့စား အလုပ်သမားများ | အရာရှိများနှင့် ဝန်ထမ်းများ စုစုပေါင်း အရေအတွက် |
|---|---|---|---|---|---|---|---|---|---|
| | | ခန့်အပ်ရန် အတည်ပြုထားသည့် ဝန်ထမ်းနေရာများ | ဝန်ထမ်း အရေအတွက် | မခန့်အပ်ရသေးသည့် ဝန်ထမ်းနေရာများ | ခန့်အပ်ရန် အတည်ပြုထားသည့် ဝန်ထမ်းနေရာများ | ဝန်ထမ်း အရေအတွက် | မခန့်အပ်ရသေးသည့် ဝန်ထမ်းနေရာများ | | |
| DAO ဒေသများ | | ၂၁ | ၁၇ | ၄ | ၇၄ | ၅၄ | ၂၀ | - | ၇၁ |
| ပုသိမ် | အထူး | ၆ | ၈ | (၂) | ၄၃၄ | ၁၂၃ | ၃၁၁ | ၂၆ | ၁၅၇ |
| ဖျာပုံ | က | ၆ | ၆ | - | ၂၄၉ | ၆၁ | ၁၈၈ | ၆ | ၇၃ |
| ဘိုကလေး | က | ၆ | ၆ | - | ၂၄၉ | ၃၀ | ၂၁၉ | ၁၄ | ၅၀ |
| မအူပင် | က | ၆ | ၅ | ၁ | ၂၄၉ | ၆၈ | ၁၈၁ | ၁၂ | ၈၅ |
| မြောင်းမြ | က | ၆ | ၆ | - | ၂၄၉ | ၈၄ | ၁၆၅ | ၈ | ၉၈ |
| ဝါးခယ်မ | က | ၆ | ၆ | - | ၂၄၉ | ၄၄ | ၂၀၅ | ၁၅ | ၆၅ |
| ဟင်္သာတ | က | ၆ | ၆ | - | ၂၄၉ | ၈၁ | ၁၆၈ | ၂၁ | ၁၀၈ |
| ညောင်တုန်း | က | ၆ | ၄ | ၂ | ၂၄၉ | ၅၇ | ၁၉၂ | ၉ | ၇၀ |
| မြန်အောင် | က | ၆ | ၅ | ၁ | ၂၄၉ | ၃၅ | ၂၁၄ | ၇ | ၄၇ |
| ကျိုက်လတ် | ခ | ၃ | ၃ | - | ၁၈၂ | ၃၂ | ၁၅၀ | ၃ | ၃၈ |
| မော်လမြိုင်ကျွန်း | ခ | ၃ | ၃ | - | ၁၈၂ | ၃၇ | ၁၄၅ | ၁၂ | ၅၂ |
| လပွတ္တာ | ခ | ၃ | ၄ | (၁) | ၁၈၂ | ၃၂ | ၁၅၀ | ၁၀ | ၄၆ |
| အင်္ဂပူ | ခ | ၃ | ၂ | ၁ | ၁၈၂ | ၄၀ | ၁၄၂ | ၄ | ၄၆ |
| အိမ်မဲ | ခ | ၃ | ၃ | - | ၁၈၂ | ၃၀ | ၁၅၂ | ၂ | ၃၅ |
| ကျုံပျော် | ခ | ၃ | ၃ | - | ၁၈၂ | ၃၀ | ၁၅၂ | ၃ | ၃၆ |
| ကြံခင်း | ခ | ၃ | ၃ | - | ၁၈၂ | ၃၀ | ၁၅၂ | ၁ | ၃၄ |
| ရေကြည် | ခ | ၃ | ၃ | - | ၁၈၂ | ၂၆ | ၁၅၆ | ၄ | ၃၃ |
| ကံကြီးဒေါင့် | ဂ | ၃ | ၃ | - | ၁၂၂ | ၁၇ | ၁၀၅ | - | ၂၀ |
| ငပုတော | ဂ | ၃ | ၂ | ၁ | ၁၂၂ | ၁၆ | ၁၀၆ | ၄ | ၂၂ |
| ဇလွန် | ဂ | ၃ | ၃ | - | ၁၂၂ | ၂၄ | ၉၈ | ၃ | ၃၀ |
| ဓနုဖြူ | ဂ | ၃ | ၃ | - | ၁၂၂ | ၁၉ | ၁၀၃ | ၅ | ၂၇ |
| ပန်းတနော် | ဂ | ၃ | ၃ | - | ၁၂၂ | ၁၉ | ၁၀၃ | ၄ | ၂၆ |
| ကျောင်းကုန်း | ဂ | ၃ | ၃ | - | ၁၂၂ | ၁၉ | ၁၀၃ | ၄ | ၂၆ |
| လေးမျက်နှာ | ဂ | ၃ | ၂ | ၁ | ၁၂၂ | ၁၂ | ၁၁၀ | - | ၁၄ |
| သာပေါင်း | ဂ | ၃ | ၂ | ၁ | ၁၂၂ | ၁၄ | ၁၀၈ | ၁ | ၁၇ |
| ဒေးဒရဲ | ဂ | ၃ | ၂ | ၁ | ၁၂၂ | ၁၉ | ၁၀၃ | ၈ | ၂၉ |
| ငသိုင်းချောင်း | ဃ | ၂ | ၁ | ၁ | ၇၈ | ၁၀ | ၆၈ | ၂ | ၁၃ |
| ရွှေတောင်ရံ | ဃ | ၂ | ၂ | - | ၇၈ | ၈ | ၇၀ | ၃ | ၁၃ |
| ငွေဆောင် | ဃ | ၂ | ၁ | ၁ | ၇၈ | ၄ | ၇၄ | ၂ | ၇ |
| ဟိုင်းကြီးကျွန်း | ဃ | ၂ | ၁ | ၁ | ၇၈ | ၅ | ၇၃ | - | ၆ |
| ပြင်စလူ | င | ၁ | ၁ | - | ၄၄ | ၁ | ၄၃ | ၄ | ၆ |
| ငရုတ်ကောင်း | င | ၁ | ၁ | - | ၄၄ | ၂ | ၄၂ | ၃ | ၆ |
| အမာ | င | ၁ | ၁ | - | ၄၄ | ၅ | ၄၀ | ၅ | ၁၀ |
| | စုစုပေါင်း | ၁၃၇ | ၁၂၄ | ၁၃ | ၅,၄၉၈ | ၁,၀၈၇ | ၄,၄၁၁ | ၂၀၅ | ၁,၄၁၆ |

### ၃.၁.၃။ DAO/DDA ဝန်ထမ်း - ပြည်ထောင်စုအဆင့်အောက် ပြည်သူ့ဝန်ထမ်းများ

**DAO/DDA ဝန်ထမ်းများ၏အနေအထားမှာ တစ်စုံတစ်ရာရှုပ်ထွေးမှုရှိသည်။** ၂၀၁၃ တွင် နယ်စပ်ဒေသဝန်ကြီးဌာနမှ ခွဲမထုတ်မီက DAO အရာရှိများနှင့် ဝန်ထမ်းများသည် ပြည်ထောင်စုအစိုးရ၏ ဝန်ထမ်းများဖြစ်ကြသည်။ သို့သော်လည်းပြည်နယ်/တိုင်းဒေသကြီးများသို့ အခွင့်အာဏာ ဖြေလျှော့ပေးပြီး နောက်ပိုင်းတွင် ၎င်းတို့သည် ပြည်ထောင်စုအဆင့်အောက် ပြည်သူ့ဝန်ထမ်းများဖြစ်လာကြပြီး မြန်မာနိုင်ငံတွင် အထူးရွေးချယ်လေ့ကျင့်ပေးထားသည့် ပြည်နယ်/တိုင်း ဒေသကြီးများရှိ ပမာဏအကြီးဆုံး ပြည်သူ့ဝန်ထမ်းများ ဖြစ်ကောင်းဖြစ်နိုင်သည်။ DAO လစာအတိုင်းအတာကို ပြည်ထောင်စုအဆင့် စည်းမျဉ်းများအတိုင်းပင် ဆက်လက်ဆောင်ရွက်လျက်ရှိ (၂၀၁၄ -၂၀၁၅ တွင် DAO လစာများသည် ပြည်ထောင်စုအဆင့် ပြည်သူ့ဝန်ထမ်းလစာငွေတိုးပေးခဲ့သည့်

နည်းတူ တိုးပေးခဲ့သည်။)  သော်လည်း၊ DAO ဝန်ထမ်းများသည် ပြည်ထောင်စုအစိုးရ၏ ပြည်သူ့ဝန်ထမ်းများအဖြစ် ဆက်လက်ရှိနေတော့မည်မဟုတ်ပါ။ ၎င်းတို့ကို ရာထိုးတိုးမြှင့်ပေးမှုများကိုလည်း ပြည်နယ်/တိုင်းဒေသကြီး DAO ရာထူးအဆင့်အတိုင်းသာ ကန့်သတ်ထားပြီဖြစ်သည်။[25]  ပြည်နယ်/ တိုင်းဒေသကြီး DAO/DDA စနစ်အတွင်း ပြောင်းရွှေ့မှုများကိုလည်း ယခုအခါတွင် ကြီးကြီးမားမားကန့်သတ်ထားသည်။ ယခုအခါတွင် ဝန်ထမ်းသစ်များကို အချို့သော (အားလုံးမဟုတ်) ပြည်ထောင်စုအစိုးရ ပြည်သူ့ဝန်ထမ်းစည်းမျဉ်းများနှင့် ညွှန်ကြားချက်များအတိုင်း ခေါ်ယူခဲ့လျှင်တောင်မှ အချိန်ပြည့်ဝန်ထမ်းခေါ်ယူမှုသည် ပြည်နယ်/ တိုင်းဒေသကြီး၏ တာဝန်သာ ဖြစ်သည်။ အချို့သော DAO/ DDA စနစ်များသည် ဝန်ထမ်းခေါ်ယူမှုကို ကာလကန့်သတ်ချက်ရှိသော စာချုပ်ဖြင့်သာ ပိုမိုခေါ်ယူသည့်ဘက်သို့ စတင်ပြောင်းလဲနေပါသည်။ [26]

### ၃.၁.၄။ စည်ပင်သာယာရေးကော်မတီများ

#### မြို့နယ်စည်ပင်သာယာရေးကော်မတီများ (TDACs)

**DAO တစ်ခုစီကို ရုံးတစ်ရုံးနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ (TDAC) တစ်ခုတို့ဖြင့် ဖွဲ့စည်းထားသည်။**

TDAC များအား အဖွဲ့ဝင် (၇) ဦးဖြင့် ဖွဲ့စည်းထားပြီး၊ လေးဦးမှာ မြို့နယ်၏ဖွဲ့စည်းပုံတွင်ပါဝင်သည့် ရပ်ကွက်များထံမှ ရွေးကောက်ခံများဖြစ်ပြီး သုံးဦးမှာ DAO ရုံး၊ ထွေ/အုပ်မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ DRD တို့၏ ကိုယ်စားလှယ်များဖြစ်သည်။ ရွေးကောက်ခံနိုင်ငံသားကိုယ်စားလှယ်တစ်ဦးမှာ TDAC ၏ ဥက္ကဋ္ဌဖြစ်သည်။ DAO စည်ပင်ဦးစီးမှူး (EO) သည် TDAC အတွင်းရေးမှူးအဖြစ် ဆောင်ရွက်သည်။

**သီအိုရီအရ TDAC များသည် DAO များ၏ ကျင့်သုံးရမည့် မူဝါဒနှင့် ဆုံးဖြတ်ချက်ချမှတ်သည့် အဖွဲ့များဖြစ်သည်။** [27]  ဥပမာအားဖြင့် EO သည် ပုံမှန်အားဖြင့် TDAC ဥက္ကဋ္ဌဆီသို့ အစီအရင်ခံစာများ တင်ရသည်။ (သို့သော် သူ၏ DDA သို့လည်း အုပ်ချုပ်ရေးပိုင်းဆိုင်ရာများအတွက် အစီအရင်ခံစာတင်ရသည်။) DAO စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့တွင် TDAC များ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားတို့ကို ယခုအစီအရင်ခံစာ၏ လာမည့်အခန်းတွင် ဖော်ပြထားသည်။

**TDAC အများစုတွင် လက်ရှိနိုင်ငံသားကိုယ်စားလှယ်များအား ပွင့်လင်းမြင်သာမှုသိပ်မရှိသော ရွေးကောက်ပွဲများဖြင့် ၂၀၁၃ တွင် ရွေးကောက်တင်မြှောက်ခဲ့ကြခြင်းဖြစ်သည်။** [28] ပြည်နယ်/တိုင်းဒေသကြီး များတွင် ကွဲပြားမှုအချို့ ရှိခဲ့ပုံရသော်လည်း ရွေးကောက်တင်မြှောက်ခြင်းဖြစ်စဉ်မှာ များစွာတူညီမှုရှိသည်။ ရပ်ကွက်များသည် ဝင်ရောက် ရွေးကောက်ပွဲဝင်ပြိုင်မည့်သူများစာရင်းကို တင်ပြခဲ့ကြသည်။ ထို့နောက်တွင် ၎င်းစာရင်းများအား ပိုပြီးစီမံခန့်ခွဲနိုင်မည့် အရေအတွက်ဖြစ်အောင် လျှော့ချခဲ့ကြသည်။  ၂၀၁၃ တွင် ပြုလုပ်ခဲ့သည့် ရွေးကောက်ပွဲသည် အပြိုင်ဆိုင်ရှိသည့် ရွေးကောက်ပွဲဖြစ်ခဲ့သော်လည်း TDAC နိုင်ငံသားကိုယ်စားလှယ်များ ရွေးချယ်မှုတွင်မူ ဒီမိုကရေစီ အပြည့်အဝရှိသောနည်းကိုအခြေခံပြီး ဆောင်ရွက်ရန် လိုအပ်လှသည်တော့မဟုတ်ပါ။ သို့သော်ငြားလည်း ကရင်ပြည်နယ်တွင် များမကြာမီက ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအဆင့်အစိုးရများ ပြောင်းလဲပြီးနောက် ၂၀၁၆ မေလ၌ TDAC ရွေးကောက်ပွဲအသစ်များ ကျင်းပခဲ့သည်။ [29]

ရွေးကောက်ခံ TDAC အဖွဲ့ဝင်များအား ဒေသန္တရမြို့ပြရပ်ရွာလူထု၏ ကိုယ်စားလှယ်များအဖြစ် ရည်ရွယ်ထားကြသည်။ ဤသုတေသနပြုလုပ်စဉ်အတွင်း ပြည်နယ်/တိုင်းဒေသကြီးများရှိ ရွေးကောက်ခံ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝင်လေးဦးက သူတို့ ကိုယ်တိုင်အောက်ဖော်ပြပါပုဂ္ဂိုလ်များအဖြစ် ဖော်ပြလေ့ရှိသည် -

- ဥက္ကဋ္ဌ (ရွေးကောက်ခံ ရပ်မိရပ်ဖ)
- နောက်ထပ်ရွေးကောက်ခံ ရပ်မိရပ်ဖ
- စီးပွားရေးအသိုင်းအဝိုင်း၏ ကိုယ်စားလှယ်တစ်ဦး (တစ်ခါတစ်ရံတွင် ဒေသခံစီးပွားရေး လုပ်ငန်းပိုင်ရှင်) နှင့်
- အသက်မွေးဝမ်းကျောင်းပညာရှင်အသိုင်းအဝိုင်း၏ ကိုယ်စားလှယ်တစ်ဦး (တစ်ခါတစ်ရံတွင် အင်ဂျင်နီယာ သို့မဟုတ် ရှေ့နေ)

TDAC များရှိ နိုင်ငံသားကိုယ်စားလှယ်များသည် လူဦးရေတစ်ခုလုံးနှင့် နှိုင်းယှဉ်လျှင် အရေအတွက်နည်းပါးနိုင်သည်။ TADC ၏

---

[25] အရေးယူမှုများကိုလည်း တပြေးညီကန့်သတ်ထားခဲ့သည်။ ကယားပြည်နယ်တွင် တာဝန်ထမ်းဆောင်နေသော DDA အကြီးတန်းအရာရှိ၏ ရှင်းပြချက်အရ ယခုအခါတွင် ကရင် DAOs သည် အဓိကပြည်သူ့ဝန်ထမ်းအဖြစ်မှ ဖယ်ရှားခြင်းခံခဲ့ရ သည်။ ကချင်ပြည်နယ်ကဲ့သို့သော ခက်ခဲစွာတာဝန်ထမ်းဆောင်ရသည့် နေရာများသို့ ပြောင်းရွှေ့တာဝန်ပေးခြင်းဖြင့် အရည်အချင်းမရှိသော ဝန်ထမ်းများကို အရေးယူခြင်းမျိုးမှာ ယခုအခါတွင် ဖြစ်နိုင်တော့မည်မဟုတ်ပါ။

[26] ဥပမာအားဖြင့် ယခုအခါတွင် ကရင်ပြည်နယ်၌ အင်ဂျင်နီယာများအား ပြည်သူ့ဝန်ထမ်းများအဖြစ် တာဝန်ထမ်းဆောင် စေခြင်းမျိုးထက် ၂ နှစ်စာချုပ်ဖြင့် တာဝန်ထမ်းဆောင်ရန် ငှားရမ်းလာကြသည်။

[27] အနည်းဆုံးတော့ ယင်းသည် ၂၀၁၂ နှင့် ၂၀၁၄ အကြား ပြည်နယ်နှင့် တိုင်းဒေသကြီးအစိုးရများက ရေးဆွဲပြဌာန်းသည့် စည်ပင်သာယာရေး ဥပဒေအများစု၏ ရည်ရွယ်ချက် ဖြစ်ပုံရသည်။

[28] ယင်းကို ပြည်နယ်/တိုင်းဒေသကြီးအပေါ်တွင် မူတည်ပြီး ရွေးကောက်ပွဲ ဝင်ပြိုင်မည့်သူများ ကိုယ်တိုင်သော်လည်းကောင်း၊ရွေးချယ်ခန့်အပ်ရေးကော်မတီကသော်လည်းကောင်း ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

[29] အစီအရင်ခံစာရေးသားသူများသည် အခြားသော ပြည်နယ်များ/တိုင်းဒေသကြီးများတွင် TDAC ရွေးကောက်ပွဲအသစ်များ မကြာမီကျင်းပရန် ရှိသည်ဟု နားလည်သည်။

အများဆုံးရွေးကောက်ခံအဖွဲ့ဝင်အရေအတွက်မှာ လေးဦးသာဖြစ်ရာ DAO က တာဝန်ယူနေရသည့် မြို့ပြတွင်နေထိုင်သော လူဦးရေအရွယ်အစားကို ထည့်သွင်းတွက်ချက်ရန် မလိုခြင်းကြောင့်ဖြစ်သည်။ ပို၍ကြီးမားသည့် မြို့များတွင် ၎င်းသည် နိုင်ငံသားတို့၏ ကိုယ်စားပြုမှုအား သိသိသာသာကန့်သတ်ထားသည့် သဘောပင်ဖြစ်သည်။ ဥပမာအားဖြင့် စုစုပေါင်း လူဦးရေ ၁၇၀,၀၀၀ လောက်ရှိသော ပုသိမ်ကဲ့သို့သော မြို့ကြီးတွင် ရွေးကောက်ခံ TDAC အဖွဲ့ဝင်လေးဦးမှ တစ်ဦးချင်းစီသည် အကြမ်းဖျင်းအားဖြင့် လူ ၄၀,၀၀၀ ကျော်ကို ကိုယ်စားပြုသည်။

**TDAC တစ်ခုနှင့်တစ်ခုမှာ ကွဲပြားခြားနားမှုများရှိသော်ငြားလည်း ရွေးကောက်ခံအဖွဲ့ဝင်များတွင် တူညီသောလက္ခဏာ များစွာရှိသည်။** ရွေးကောက်ခံ TDAC အဖွဲ့ဝင်များတွင် အမျိုးသားများသာ ကြီးစိုးလျက်ရှိသည်။ အမျိုးသမီးအဖွဲ့ဝင် အနည်းငယ်သာ ပါဝင်သည်။ [30] ရပ်မိရပ်ဖများသည် အသက်ကြီးသူများဖြစ်ကြပြီး၊ အငြိမ်းစားပြည်သူ့ဝန်ထမ်းများဖြစ်ကြသည်။ အသက်မွေး ဝမ်းကျောင်းဆိုင်ရာ ကိုယ်စားလှယ်များသည် အင်ဂျင်နီယာများသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် သူတို့၏ နည်းစနစ်ပိုင်း ကျွမ်းကျင်မှုနှင့် DAO ဆောက်လုပ်ရေးပိုင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို အားဖြည့်၊ ကူညီပေးနိုင်ခြင်းကြောင့်ဖြစ်သည်။

**TDAC အများစု(အားလုံးမဟုတ်ခဲ့လျှင်တောင်မှ)သည် အပတ်စဉ်ပုံမှန်တွေ့ဆုံကြသည့်သဘောရှိသည်။** သို့သော်လည်း အစဉ်အလာအရ TADC ဥက္ကဋ္ဌနှင့် အခြားသော ရပ်မိရပ်ဖတစ်ဦးသည် DAO ရုံးသို့ နေ့စဉ်လို ပုံမှန်လာရောက်သည်။ သူတို့၏ ရာထူးနေရာများအား အချိန်ပြည့်အလုပ်အဖြစ် သိမြင်ထားကြပြီး (အနည်းဆုံး ဧရာဝတီတိုင်းဒေသကြီးတွင်) DAO ထံမှ လစဉ် ထောက်ပံ့ကြေးကို လက်ခံရရှိသည်။ [31] အခြားသော TDAC ၏ နိုင်ငံသားအဖွဲ့ဝင်များ(အထူးသဖြင့် စီးပွားရေးနယ်ပယ်နှင့် အသက်မွေးဝမ်းကျောင်း နယ်ပယ်တို့မှ ကိုယ်စားလှယ်များ)သည် ထိတွေ့ဆက်ဆံမှုနည်းပါးကြသည်။ အမှန်တကယ်တွင် TDAC များရှိ စီးပွားရေးအသိုင်းအဝိုင်းမှကိုယ်စားလှယ်များသည် အခြားသော အရေးကိစ္စများကိုဆောင်ရွက်နေသည်ဟု ယူဆရသဖြင့် ထိတွေ့ဆက်ဆံမှုအနည်းဆုံးဖြစ်ပုံ ရသည်။ ပို၍ကြီးမားသည့် DAO မြို့နယ်ရုံးများတွင် TDAC ဥက္ကဋ္ဌ၌ ကိုယ်ပိုင်ရုံးခန်းရှိသည်။

**TDAC များ၏ အလိုအလျောက်ရရှိသော အခန်းကဏ္ဍနှင့်အရေးပါမှုသည် (EO များ/DAO ဝန်ထမ်းနှင့် ဆန့်ကျင်လျက်) မြို့နယ်တစ်ခုနှင့်တစ်ခု ကွဲပြားခြားနားမှုများရှိပုံရသည်။** TDAC ဥက္ကဋ္ဌ သို့မဟုတ် EO ၏ ပုဂ္ဂိုလ်ရေး အခွင့်အာဏာရှိမှုကို ထင်ဟပ်သည်။ အချို့သော DAO များတွင် TDAC ဥက္ကဋ္ဌများသည် အမြင့်ဆုံးသော အာဏာပိုင်များကဲ့သို့ ရှုမြင်(ဆောင်ရွက်)ကြသည်။ အခြားနေရာများတွင်တော့ TDAC ဥက္ကဋ္ဌ၏ အခန်းကဏ္ဍသည် EO နှင့်ယှဉ်လျှင် အရေးမပါပေ။ အမှန်တကယ်တွင် TDAC ရွေးကောက်ခံအဖွဲ့ဝင်များနှင့် EO နှင့်  DAO ဝန်ထမ်းများအကြားတွင် တင်းမာမှုများလည်းရှိသည်။

### ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးကော်မတီများ

**အနည်းငယ်သော ပြည်နယ်များ/တိုင်းဒေသကြီးများတွင် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီများ (Development Affairs Committees - DACs) ကို ဖွဲ့စည်းထားကြသည်။** ၎င်းကော်မတီ၏ ဥက္ကဋ္ဌမှာ စည်ပင်သာယာရေးဝန်ကြီးဖြစ်ပြီး အဖွဲ့ဝင်အမျိုးမျိုးပါဝင်သည်။ နိုင်ငံသားကိုယ်စားလှယ်များ (မြို့မိမြို့ဖများ)၊ ပြည်နယ်/တိုင်းဒေသကြီးရှိ စီးပွားရေးအသိုင်းအဝိုင်းနှင့် အသက်မွေးဝမ်းကျောင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ ထွေ/အုပ်၊ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် DDA တို့မှ တာဝန်ရှိသူများပါဝင်သည်။ ပြည်နယ်/တိုင်းဒေသကြီး DAC များသည် အချို့သောခြုံငုံကြီးကြပ်မှုထက်ပိုပြီး အခြားမည်သည့် အခန်းကဏ္ဍ၌ တိကျစွာပါဝင်ဆောင်ရွက်နေသနည်းဆိုသည်မှာ ရှင်းရှင်းလင်းလင်း မရှိပေ။

## ၃.၂။ DAO များ ဘာတွေလုပ်ပါသလဲ။ DAO လုပ်ငန်းဆောင်တာများနှင့် ငွေသုံးစွဲမှုပုံစံများ

အစီရင်ခံစာ၏ ဤအပိုင်းခွဲသည် (နောက်အခန်းတွင်ဖော်ပြမည်ဖြစ်သည့်) DAO/DDA စီမံကိန်း ရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းအားဆွေးနွေးခြင်းမပြုလုပ်မီ DAOs/DDAs ၏ လုပ်ငန်းဆောင်တာများနှင့် ငွေသုံးစွဲမှုများကို သုံးသပ်စစ်ဆေးမည်ဖြစ်သည်။

### ၃.၂.၁။ ပြည်နယ်/တိုင်းဒေသကြီး DDA များ

ပြည်နယ်/တိုင်းဒေသကြီးအဆင့် DDA များသည် မြို့ပြနေအများပြည်သူအတွက် လိုအပ်သောအရာများနှင့် ဝန်ဆောင်မှုများဖြည့်ဆည်းရေးကို တိုက်ရိုက်တာဝန်ယူမှုများ မရှိပါ။ ယင်းအစား ပြည်နယ်/တိုင်းဒေသကြီး DDA လုပ်ငန်းဆောင်တာများသည် အောက်ဖော်ပြပါကိစ္စရပ်များကို အကန့်အသတ်ဖြင့်သာ လုပ်ဆောင်ကြောင်းတွေ့ရှိရသည် -

- DAO များကို ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်ခြင်း၊
- ဘတ်ဂျက်အတွက်အချက်အလက်များစုဆောင်းခြင်း၊ ညှိနှိုင်းဆောင်ရွက်ခြင်းနှင့်အစီအရင်ခံတင်ပြခြင်းတို့အားသေချာစေခြင်း၊
- DAO များကို အထောက်အပံ့ပေးခြင်းနှင့်
- အခြားဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများနှင့် ဆက်ဆံရာတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် စည်ပင်သာယာရေးဌာနကို ကိုယ်စားပြုခြင်းတို့ ဖြစ်သည်။

---

[30] ကွင်းဆင်းအလုပ်များဆောင်ရွက်နေစဉ်အတွင်း အစီအရင်ခံစာရေးသားသူများသည် TDAC တစ်ခုတွင်သာ အမျိုးသမီး ရွေးကောက်ခံအဖွဲ့ဝင် ရှိကြောင်း တွေ့ရှိရသည်။

[31] ဥပမာအားဖြင့် ပုသိမ် DAO တွင် ဥက္ကဋ္ဌသည် လစဉ်ထောက်ပံ့ငွေ ၁၅၀,၀၀၀ ရရှိသည်။ အခြားသော TDAC အဖွဲ့ ဝင်များသည် လစဉ်ထောက်ပံ့ငွေ ၁၀၀,၀၀၀ ရရှိသည်။

ယခုအစီအရင်ခံစာ၏ ရှေ့လာမည့်အပိုင်းတွင် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း၌ DDA များ၏ အခန်းကဏ္ဍကို ပိုမိုအသေးစိတ် ဖော်ပြပေးသွားမည်ဖြစ်သည်။

**ယေဘုယျအားဖြင့် မှုတစ္စာပြောရမည်ဆိုလျှင် DDA များသည် စီမံအုပ်ချုပ်မှု/ ကြားခံဆက်ဆံရေး အတွက်လုပ်ဆောင်ပေးသည်ထက် အနည်းငယ်ပိုသော အခန်းကဏ္ဍတွင်ရှိပြီး၊ DAO များနှင့် မြို့ပြစီမံခန့်ခွဲမှုတို့နှင့် ပတ်သက်ပြီးအား နောက်တန်း-အုပ်ချုပ်ရေးရုံး အခန်းကဏ္ဍ ရှိပါသည်။** ဝန်ထမ်းရေးရာကိစ္စရပ်များ ကိုင်တွယ်ခြင်း၊ ဘတ်ဂျက်နှင့်ပတ်သက်၍ အချက်အလက်များစုဆောင်းခြင်း၊ အစီအရင်ခံခြင်း အစရှိသည်တို့ ဖြစ်သည်။ ၎င်းတို့သည် ပြည်နယ်/တိုင်းဒေသကြီးဆိုင်ရာ မူဝါဒချမှတ်ရာတွင် မည်သည့်အခန်းကဏ္ဍမှ ပါဝင်ရသည်ဆိုသည်မှာ ရှင်းလင်းပုံမရပါ။ ပြည်နယ်/တိုင်းဒေသကြီးအနန့် မဟာဗျူဟာမြောက် စဉ်းစားချက်အပေါ် တစ်စုံတစ်ရာ ထည့်ဝင်စဉ်းစားပေးရခြင်း မရှိသလို ပြည်နယ်/တိုင်းဒေသကြီးအနန့် မြို့ပြဖွံ့ဖြိုးတိုးတက်မှု မဟာဗျူဟာတွင်လည်း မပါဝင်ပေ။

## ၃.၂.၂။ DAO များ

"မြန်မာနိုင်ငံတွင် DAO များသည် လူမှုရေးဝန်ဆောင်မှုဖြည့်ဆည်းပေးသည့် အကြီးဆုံးအဖွဲ့အစည်းများထဲမှ တစ်ခုဖြစ်သော်လည်း ၎င်းကိုသဘောပေါက်နားလည်မှု အနည်းဆုံးဖြစ်သည်။ DAO များသည် ၎င်းတို့ကောက်ခံသော အခွန်များကြားတွင် ဒေသန္တရမှ အခွန်ကောက်ခြင်းများနှင့် အခြားကောက်ခံခြင်းများမှ ဝင်ငွေရရှိပြီး၊ ထိုရငွေကို တိုက်ရိုက်အသုံးပြုကာ အရေးပါသော ဝန်ဆောင်မှုများစွာကို (၎င်းတို့၏ ပင်မတာဝန်များနှင့် တာဝန်ယူမှု၏ အစိတ်အပိုင်းအဖြစ်) ဖြည့်ဆည်းပေးလျက်ရှိသည်။ နိုင်ငံတွင်းရှိ အခြားသော လူမှုရေးဝန်ဆောင်မှုပေးသည့် ပညာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနကဲ့သို့သော အဖွဲ့အစည်းများနှင့်မတူပဲ DAO များသည် ရေ၊ ရေဆိုးနှင့် အမှိုက်သိမ်းခြင်း၊ လမ်းမီးပေးခြင်း၊ လမ်းနှင့်တံတား၊ ရေစီးရေလာ အစရှိသည့် ကျယ်ပြန့်သော ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရန် မတူကွဲပြားသည့် လုပ်ပိုင်ခွင့်များရှိသည်။" (Arnold et al. 2015: 23)

**DAO များသည် ၎င်းတို့၏ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထင်ရှားစွာ အာရုံပြုဆောင်ရွက်ရသည့် လုပ်ဆောင်မှုတစ်ခု ရှိပါသည်။ ယင်းမှာ ၎င်းတို့ကို မြို့ပြရပ်ကွက်များ (ကျေးရွာအုပ်စုများမပါ)** တွင် ဝန်ဆောင်မှုများပေးရန် မျှော်လင့်ထားကြသည်။ ပြည်နယ်/တိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေများတွင် မည်သည့်ဝန်ဆောင်မှုမျိုးဆိုသည်ကို ရှင်းလင်းစွာ ဖော်ပြထားခြင်းမရှိသော်လည်း DAO တာဝန်ရှိသူများနှင့်ဝန်ထမ်းများအားပေးထားသော ၎င်းတို့၏ အဓိက လုပ်ပိုင်ခွင့် အာဏာကို စဉ်းစားရမည်မှာ အသေအချာပင် ဖြစ်သည်။

**DAO များသို့တာဝန်ပေးမည့် သီးသန့်လုပ်ငန်းဆောင်တာများကို ပြည်နယ်/တိုင်းဒေသကြီးအသီးသီးရှိ စည်ပင်သာယာဥပဒေများတွင် ပေးအပ်ထားသည်။** [32] ကိစ္စရပ်အများစုတွင် ယင်းကဲ့သို့ သတ်မှတ်ပေး ထားသည့် လုပ်ငန်းဆောင်တာမှာ ၃၀ ခန့်ရှိပြီး ၎င်းတို့ကို ဇယား ၂ တွင် အကျဉ်းချုပ်ဖော်ပြထားသည်။ DAO အား တရားဝင်သတ်မှတ်ပေးထားသည့် လုပ်ငန်းတာဝန်များစာရင်းကို ကြည့်ပါက နယ်ပယ်များစွာကို ပြန့်ကျဲလွှမ်းခြုံပြီး၊ မတူကွဲပြားသည့် လုပ်ပိုင်ခွင့်များ ပေးအပ်ထားသည့် သဘောကို တွေ့ရသည်။

**လက်တွေ့တွင်မူ DAO အများစု၏ အဓိကလုပ်ငန်းဆောင်တာများသည် သော့ချက်ကျသော အခြေခံ အဆောက်အအုံနှင့် ဝန်ဆောင်မှုပေးရေးတာဝန်များတွင် အကန့်အသတ်နှင့်အတူ အနည်းငယ်သာရှိကာ စည်းမျဉ်း၊ ညွှန်ကြားချက်များထုတ်ကာ စည်းကမ်းထိန်းခြင်း၊ အခွန်ကောက်ခံခြင်းတို့နှင့်ဆိုင်သော တာဝန်ဝတ္တရားများမှာလည်း ထိုနည်းလည်းကောင်းသာဖြစ်သည်။** အောက်တွင် ၎င်းတို့အား အကျဉ်းချုပ် ဖော်ပြထားပါသည် -

- ဆောက်လုပ်ရေး၊ မြို့ပြအခြေခံအဆောက်အဦနှင့်ဆိုင်သော လမ်း၊ တံတားတို့ကို အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း (ရေမြောင်းနှင့် ပလက်ဖောင်းအပါအဝင်)၊
- စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲမှု (အမှိုက်သိမ်းခြင်းနှင့် စွန့်ပစ်ခြင်း၊ မြို့ပြလမ်းများနှင့် ပြည်သူပိုင်နေရာများကို သန့်ရှင်းစေခြင်းတို့ အပါအဝင်) နှင့် (နည်းပါးစွာပင်) ရေသန့်ရှင်းမှုလုပ်ငန်း (မိလ္လာကန်များအား ရှင်းလင်းခြင်း၊ အများပြည်သူသုံးအိမ်သာများအား စီမံခန့်ခွဲခြင်း)
- ပန်းခြံများနှင့် ပြည်သူပိုင်နေရာများ (အဝိုင်းပတ်ကဲ့သို့သော) ကို ထိန်းသိမ်းခြင်း
- ပြည်သူပိုင်ဈေးနေရာများကို ထိန်းသိမ်းပြုပြင်မှုများပြုလုပ်ခြင်း
- လမ်းမီးများရရှိအောင် ဆောင်ရွက်ပေးခြင်း
- စည်းမျဉ်း၊ ညွှန်ကြားချက်များလိုက်နာမှုရှိမရှိ စစ်ဆေးခြင်းနှင့် စောင့်ကြည့်ခြင်း
- အခွန်များ၊ ဝန်ဆောင်မှုကြေးနှင့် သတ်မှတ်ငွေများ ကောက်ခံခြင်းတို့ဖြစ်သည်။

DAO အနည်းစု၌ ရေပေးဝေခြင်းနှင့်သက်ဆိုင်သောစီမံခန့်ခွဲမှုမှာ အလုပ်ဖြစ်သည့်လုပ်ငန်းတာဝန်လည်း ဖြစ်သည်။ ဤနေရာ၌၊ မြို့တစ်မြို့တွင် ရေပေးသည့်ပိုက်လိုင်းများရှိပါက မည်သည့်အကြောင်းပြချက်ဖြင့်မဆို DAO များ၏ တာဝန်ဝတ္တရားဟု မှတ်ယူရမည်ဖြစ်သည်။

---

[32] နဝတဥပဒေ ၅/၉၃ တွင် DAO များသို့ တာဝန်ပေးထားသော လုပ်ငန်းဆောင်တာနှင့် တာဝန်အများစုကိုပင် ရိုးရှင်းစွာ ပြန်လည်သတ်မှတ်ပေးခြင်း ဖြစ်သည်။

**ပုံ ၂။ DAO ၏ တာဝန်ပေးထားသော လုပ်ငန်းဆောင်တာများ** [33]

**DAO လူမှုရေး ဝန်ဆောင်မှုများ တာဝန်များနှင့် လုပ်ငန်းဆောင်တာများ**

- မြို့စီမံကိန်းရေးဆွဲခြင်း
- ရေပေးဝေမှု
- ရေသန့်ရှင်းမှုလုပ်ငန်း
- ရေဆိုးစွန့်ပစ်ခြင်း
- သဘာဝဘေးအန္တရာယ်အတွက်ကြိုတင်ပြင်ဆင်ခြင်း
- လမ်းမီး
- လမ်းများနှင့် တံတားများ
- လမ်းများပေါ်ရှိ အိမ်ခြေမဲ့များ
- လေလွင့်တိရစ္ဆာန်များ ထိန်းချုပ်ခြင်း
- ပန်းခြံများ၊ ရေကူးကန်များ၊ ပြည်သူ့ပိုင်ရေချိုးခန်း များနှင့် အပန်းဖြေအနားယူစရာနေရာများ
- လမ်းစည်းမျဉ်းများ၊ လမ်းနာမည်နှင့် လိပ်စာများ
- သင်္ချိုင်းများနှင့် မီးသင်္ဂြိုလ်ခြင်း
- သင်္ချိုင်းများကို ဖယ်ရှားခြင်း
- ပြည်သူ့အကျိုးစီးပွားအတွက် အခြားဖွံ့ဖြိုးရေး လုပ်ငန်းများ
- လိုအပ်ချက်အရ လုပ်ရသည့် အခြားတာဝန်များ
- DAO များ၏ ကွပ်ကဲမှုအောက်တွင်ရှိသော ပြည်သူပိုင်အဆောက်အအုံများ
- ကျူးကျော်အိမ်များကို ဖျက်ဆီးပစ်ခြင်း
- ပုဂ္ဂလိကပိုင် အဆောက်အအုံများအတွက် ဆောက်လုပ်ခွင့်ပါမစ်ပေးခြင်း

**DAO စီးပွားရေးကို စီမံအုပ်ချုပ်ရေး တာဝန်များနှင့် လုပ်ငန်းဆောင်တာများ**

- DAO မှ ပိုင်ဆိုင်သည့် ဈေးများ
- ပုဂ္ဂလိကပိုင် ဈေးများ
- ကျွဲ၊ နွား ဈေးများ
- သားသတ်ရုံများ
- လမ်းဘေးဈေးဆိုင်များ
- အသေးစားချေးငွေလုပ်ငန်းများ
- မုန့်ဖိုများနှင့် စားသောက်ဆိုင်များ
- အန္တရာယ်ရှိသော ကုန်သွယ်မှု
- တည်းခိုခန်းများ
- အငှားယာဉ်များ
- တိရစ္ဆာန်မွေးမြူရေးနှင့်  သေဆုံးတိရိစ္ဆာန်များအား စွန့်ပစ်ခြင်း
- အကြိုအပို့ယာဉ်များ

တာဝန်များနှင့် လုပ်ငန်းဆောင်တာများအားလုံးကို DAO ၏ ဒေသတွင် ရှာဖွေသော ဝင်ငွေဖြင့် အများဆုံးထောက်ပံ့သည်။

**မြို့ပြလမ်းများနှင့် သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အအုံ**

**ပြည်ထောင်စု သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီးတို့မှတာဝန်ယူသည့်လမ်းများနှင့်တံတားများမှလွဲ၍ မြို့ကြီးများနှင့် မြို့ငယ်များတွင်တည်ရှိသည့်၊ မြို့ပြအုပ်ချုပ်ရေးနယ်ပယ်အတွင်းရှိ လမ်းများနှင့် တံတားများတည်ဆောက်ခြင်းနှင့် ထိန်းသိမ်းပြုပြင်ရန်အတွက် DAO တွင်တရားဝင်တာဝန်ရှိသည်။** ၎င်းတွင် လမ်းသွယ်များ/တံတားများနှင့် လူနေရပ်ကွက်မှလမ်းများအပြင် ပလက်ဖောင်း လူသွားလမ်းများနှင့် ရေနုတ်မြောင်းစနစ်တို့ပါဝင်သည်။

**ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိ သေးငယ်သောမြို့တော်များနှင့် ပိုမိုကြီးမားသောမြို့များတွင် အခြေခံကျပြီး ကျိုးကြောင်း ဆီလျော်သော(ဖြစ်သင့်သော) လမ်းပန်းဆက်သွယ်ရေးကွန်ယက်များ ရှိသင့်သလောက် ရှိနှင့်ပြီးဖြစ်သည်။** [34] ထို့ကြောင့် လမ်းအခြေခံအဆောက်အအုံကဏ္ဍတွင် DAO ၏ လုပ်ဆောင်မှုများအား အဆင့်မြှင့်တင်ခြင်း (ရွှံ့၊ မြေမှ ကတ္တရာ/ကွန်ကရစ်သို့ လည်းကောင်း၊ ကတ္တရာမှ ကွန်ကရစ်သို့လည်းကောင်း၊ လမ်းချဲ့ခြင်းကိုလည်းကောင်း၊ လမ်းအောက် ရေစီးနိုင်သည့်ပိုက်လုံးကြီးများ ထည့်ခြင်း၊ ရေစီးရေလာကောင်းစေခြင်း) သို့မဟုတ် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ကိုလုပ်ဆောင်ရန်သာ ကန့်သတ်ခြင်း လွန်စွာခံထားရသည်။ (ရန်ကုန်မြို့၊ မန္တလေးနှင့် နေပြည်တော် မြို့တော်များ၏အပြင်ဘက်ရှိ) DAO အနည်းငယ်ကသာ အသစ်နီးပါးဖြစ်သောလမ်းသစ်များ သို့မဟုတ် (ခုံးကျော်တံတားကဲ့သို့) လွန်စွာကြီးမားသည့် လမ်းအခြေခံအဆောက်အအုံများ တည်ဆောက်ခြင်းကို တာဝန်ယူ ဆောင်ရွက်ရသည့် သဘောရှိသည်။

**DAO များက နှစ်စဉ်တာဝန်ယူဆောင်ရွက်သည့် လမ်းများနှင့်ဆက်စပ်သောအဓိကလုပ်ငန်းကြီးများ၏ နယ်ပယ်နှင့် ပမာဏကို ကန့်သတ်ထားသည်။** လမ်း၏ အစိတ်ပိုင်းအနည်းငယ်ကို အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ တည်ဆောက်ပြီးလမ်းများအောက်တွင်ရေစီးနိုင်ရန် ပိုက်လုံးကြီးတစ်ခု သို့မဟုတ် နှစ်ခုထည့်ခြင်း အစရှိသည်တို့ကိုသာဆောင်ရွက်သည်။ တချို့နှစ်များတွင်

[33] ယင်းကို Arnold et al (2015) ထံမှ ဆီလျော်မှုရှိအောင် ပြုပြင်ဖြည့်စွက်ထားသည်။

[34] မြို့တော်အသေးလေးများ သို့မဟုတ် မြို့ကြီးများကို ဝန်ဆောင်မှုပေးနေသည့် DAOs များတွင် ၎င်းတို့ မြို့ပြလမ်းကွန် ရက်များ၏ အသေးစိတ်မြေပုံများရှိသည်။

DAO များသည် အနည်းငယ်ပိုကြီးသော လမ်းအဆင့်မြှင့်တင်ခြင်းကို ဆောင်ရွက်ရခြင်းများရှိ၍၊ ရံဖန်ရံခါဆိုသလို လမ်းသွယ်တစ်ခုလုံး၊ အထူးသဖြင့် လမ်းမကြီးနှင့် ဆက်သောလမ်းများအတွက် အဆင့်မြှင့်တင်ဆောင်ရွက် ရခြင်းများရှိသည်။ ဘောင်ကွက် ၄ တွင် ၂၀၁၆-၂၀၁၇ အတွင်း DAO က လမ်းအခြေခံ အဆောက်အဦနှင့် ပတ်သက်သည့် ဆောင်ရွက်ချက် ဥပမာများကို ဖော်ပြထားသည်။

**ဘောင်ကွက် ၄**

**၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွက် DAO ၏ သယ်ယူပို့ဆောင်ရေး အခြေခံအဆောက်အဦနှင့်ပတ်သက်သည့် ဆောင်ရွက်ချက်များ**

**မြို့တော်ငယ် - မော်လမြိုင်မြို့ (မွန်ပြည်နယ်)**

၂၀၁၆-၁၇ ဘဏ္ဍာနှစ်၌ မော်လမြိုင်မြို့၏ DAO လမ်းအခြေခံအဆောက်အဦဆောင်ရွက်မှုများအတွက် ဘတ်ဂျက်စုစုပေါင်း မြန်မာကျပ် တစ်ဘီလီယံခန့် လျာထားသည်။ ၎င်းတို့ထဲမှ တစ်ခုတည်းသော အကြီးမားဆုံး စီမံကိန်းမှာ (မြန်မာကျပ်ငွေ ၀.၂၅ ဘီလီယံအောက်ကုန်ကျမည်ဟု လျာထားသည့်) ရေနုတ်မြောင်းတည်ဆောက်မှုပါ တွဲဖက်ပါဝင်သော ၃ မိုင်ရှည်လျားသည့်လမ်းကို မြေလမ်းမှ ကတ္တရားလမ်းအဖြစ် အဆင့်မြှင့်တင်ရန်ဖြစ်သည်။ DAO သည် ယင်းစီမံကိန်းအပြင် လမ်းနှင့်ဆိုင်သော ပို၍သေးငယ်သည့်လုပ်ငန်းများကို အမျိုးမျိုးခွဲထားရာ ပို၍သေးသော အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်းတို့ ပါဝင်သည်။

**မြို့ကြီး - ဘားအံ (ကရင်ပြည်နယ်)**

ဘားအံ DAO ၏ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွက် စုစုပေါင်းဖွံ့ဖြိုးတိုးတက်ရေး သို့မဟုတ် ငွေလုံးငွေရင်းဘတ်ဂျက်မှာ မြန်မာကျပ်ငွေ ၀.၄ ဘီလီယံခန့်ရှိသည်။ ၎င်းတို့ထဲမှ မြန်မာကျပ်ငွေ ၀.၃ ဘီလီယံကို လမ်းနှင့်ပတ်သက်သည့် စီမံကိန်းများတွင် အသုံးပြုရန် လျာထားသည်။ အကြီးမားဆုံး စီမံကိန်းသည် ၀.၇၅ မိုင် ရှည်လျားသည့် တက္ကသိုလ်လမ်းကို (ကတ္တရာလမ်းမှ ကွန်ကရစ်လမ်း အဖြစ်) အဆင့်မြှင့်တင်ရန်ဖြစ်ပြီး၊ နောက်ထပ်စီမံကိန်းကြီးတစ်ခုမှာ ၀.၂၅ မိုင်ရှည်လျားသည့် တခြားသော မြို့ပြလမ်းတစ်ခုအား ကတ္တရာပြန်လောင်းရန် ဖြစ်သည်။ အခြားသော လမ်းစီမံကိန်းများသည် ချိုင့်များကို ပြုပြင်ထိန်းသိမ်းသည့် စီမံကိန်းငယ်များသာဖြစ်သည်။

**မြို့ငယ် - လှိုင်းဘွဲ့ (ကရင်ပြည်နယ်)**

၂၀၁၆-၂၀၁၇ တွင် လှိုင်းဘွဲ့ DAO သည် လမ်းနှင့်ပတ်သက်သည့်စီမံကိန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ အကြီးဆုံးစီမံကိန်းမှာ (မြန်မာကျပ်ငွေ ၁၆.၅ သန်းလျာထား) ဒေသန္တရကျန်းမာရေးဌာနသို့ ဦးတည်ဖောက်လုပ်ထားသည့် ပေ ၉၅၀ ရှည်သောလမ်းကို မြေလမ်းမှကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းဖြစ်သည်။ ဒုတိယအကြီးမားဆုံးလမ်း စီမံကိန်းမှာ (မြန်မာကျပ် ငွေ ၉.၅ သန်းသုံးရန် လျာထားသည့်) ပေ ၅၅၀ ရှည်သောလမ်းကို မြေလမ်းမှကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့် တင်ခြင်း ဖြစ်သည်။ ယင်းစီမံကိန်းနှစ်ခုအပြင် DAO သည် လမ်းများအောက်တွင် ၄ ပေခန့်ကျယ်သည့် ရေစီးနိုင်သည့် ပိုက်လုံးနှစ်ခုကိုလည်း တည်ဆောက်သွားမည်ဖြစ်သည်။

ဇစ်မြစ်-ကွင်းဆင်းလေ့လာမှုများ (ဇွန် ၂၀၁၆)

**DAO များသည် ဖြစ်နိုင်သမျှသောမည်သည့်အချိန်၊ မည်သည့်နေရာတွင်မဆို ၎င်းတို့၏ လမ်းအခြေခံအဆောက်အအုံ စီမံကိန်းများကို "ဌာနတွင်းအင်အားစု" (force account) များဖြင့်သာ အကောင်အထည်ဖော်ရန် ရွေးချယ်လေ့ရှိကြသည်** (ဘောင်ကွက် ၅ တွင် "ဌာနတွင်းအင်အားစု" ၏အဓိပ္ပါယ်ကို ရှင်းလင်းဖော်ပြထားသည်)။ "ဌာနတွင်းအင်အားစု" တွင် DAO ပစ္စည်းများ၊ DAO အင်ဂျင်နီယာများအပေါ် မှီခိုနေရမှုနှင့် အလုပ်သမားတိုက်ရိုက်ငှားရမ်းခြင်း သို့မဟုတ် (ကွန်ကရစ်၊ သဲနှင့် ကျောက်စရစ်ခဲများနှင့် ကတ္တရာများကဲ့သို့သော) ပစ္စည်းများအား တိုက်ရိုက်ဝယ်ယူခြင်းတို့ကို တာဝန်ယူဆောင်ရွက်ခြင်းတို့ပါဝင်သည်။ ကိုယ်ပိုင် အင်ဂျင်နီယာများနှင့် ပစ္စည်းများ/ယာဉ်များရှိသော အဖွဲ့အစည်းကြီးမားသည့် DAO များက ယင်းနည်းလမ်းကို ရွေးချယ်ကြသည်။ မည်သည့် အဖွဲ့အစည်းကြီးသည့် DAO မျှ လမ်းအခြေခံအဆောက်အဦစီမံကိန်းများကို တင်ဒါခေါ်ယူ၍ ပုဂ္ဂလိဆောက်လုပ်ရေး လုပ်ငန်းများအား အလုပ်အပ်ခြင်းမျိုးကို မပြုလုပ်ကြပါ။ ကိုယ်ပိုင်စက်ကိရိယာများမရှိသော DAO အဖွဲ့ငယ်များသာလျှင် လမ်းအခြေခံ အဆောက်အဦစီမံကိန်းများအား ပုဂ္ဂလိကသို့အလုပ်အပ်လေ့ရှိသော်လည်း၊ ထိုသို့အပ်သည့် အထောက်အထား အနည်းငယ်သာတွေ့ရသည်။ [35]

[35] ဤသုတေသနအတွက် ကွင်းဆင်းဆောင်ရွက်နေစဉ် လမ်းအခြေခံအဆောက်အဦလုပ်ငန်းများအတွက် ပုဂ္ဂလိကသို့အပ်နှံသည့် ကိစ္စတစ်ခုသာ မှတ်သားမိသည်။ ကရင်ပြည်နယ်ရှိ လှိုင်းဘွဲ့ DAO (လူဦးရေ ၁၄,၀၀၀ ခန့်ရှိသော မြို့နယ်အသေး လေးဖြစ်ပြီး စည်ပင်သာယာဝန်ဆောင်မှုများအတွက် တာဝန်ယူရသောအဖွဲ့) ဖြစ်သည်။ လှိုင်းဘွဲ့ရှိ DAO သည် လမ်းစီမံကိန်းများကို မော်လမြိုင်မြို့ရှိ ပုဂ္ဂလိကအဖွဲ့လေးတစ်ခုအား အလုပ်အပ်နှံ ဆောင်ရွက်စေခဲ့သည်။

**ဘောင်ကွက် ၅**

**ပြည်သူ့လုပ်ငန်းဌာနများတွင် "ဌာနတွင်းအင်အားစု" နည်းလမ်းများ**

"ဌာနတွင်းအင်အားစု" ဆိုသည်မှာ ဌာန၏ကိုယ်ပိုင်ဝန်ထမ်းများအား တာဝန်ထမ်းဆောင်စေပြီး၊ ကိုယ်ပိုင်ပစ္စည်းကိရိယာများ အသုံးပြုကာ အများပြည်သူနှင့်ဆိုင်သော ဆောက်လုပ်ရေးလုပ်ငန်းများကို လုပ်ဆောင်ရာ၌ ဖော်ပြလေ့ရှိသည့် အသုံးအနှုန်း ဖြစ်သည်။ ပုံမှန်အားဖြင့် ဒေသန္တရ သို့မဟုတ် စည်ပင်သာယာအစိုးရက လုပ်ငန်းများအတွက် ဌာနတွင်းအင်အားစုကို အသုံးပြုခြင်းတွင် ၎င်း၏ကိုယ်ပိုင်ပြည်သူ့လုပ်ငန်းဌာန သို့မဟုတ် အင်ဂျင်နီယာဌာနတို့ကို ခက်ခဲသည့်အခြေအနေများတွင် အကူအညီပေးခြင်းလည်း ပါဝင်သည်။ ယင်းသည်၊ ယခင်က နိုင်ငံအများစု၌ ဒေသန္တရ လမ်းကွန်ရက်များပြုပြင်ထိန်းသိမ်း ခြင်းကဲ့သို့သော အလုပ်များကို လုပ်ကိုင်ရာတွင် အသုံးပြုသည့် သမားရိုးကျ နည်းလမ်းပင်ဖြစ်သည်။ ၎င်းနည်းလမ်းသည် အစိုးရ၏ပစ္စည်းဝယ်ယူခြင်းဆိုင်ရာ ပုံမှန်လုပ်ထုံး၊ လုပ်နည်းများမှတဆင့် ပုဂ္ဂလိကကဏ္ဍသို့ အလုပ်အပ်ခြင်းပုံစံနှင့် ကွဲပြား ခြားနားမှုရှိသည်။

ရန်ပုံငွေအင်အားရှိပြီး၊ ထိရောက်စွာစီမံခန့်ခွဲနိုင်ပါက ဌာနတွင်းအင်အားစုအသုံးပြုသည့်နည်းလမ်းများသည် စိတ်ချရပြီး၊ အရည်အသွေး ကောင်းမွန်သည့်ဝန်ဆောင်မှုများရှိသည့်ရလဒ်များ ထွက်ပေါ်စေနိုင်သော်လည်း၊ လက်ရှိအတွေးအခေါ်အရ လုပ်ငန်းအား ဌာနမှတိုက်ရိုက်အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအပေါ် အားမပေးပဲ၊ တင်ဒါအပြိုင်ခေါ်ယူခြင်းဖြင့် ပုဂ္ဂလိက ကဏ္ဍအား အလုပ်အပ်ခြင်းကို ပိုမိုလုပ်ဆောင်လျက်ရှိသည်။ ၎င်းအတွက် အကြောင်းပြချက်များမှာ -

- ဌာနတွင်းအင်အားစုအသုံးပြုသည့်နည်းကို စွမ်းဆောင်နိုင်ရည်မရှိဟု ရှုမြင်ပြီး၊ ပုဂ္ဂလိကဆောက်လုပ်ရေးလုပ်ငန်းရှင်များ သည် ဝန်ထမ်းများနှင့် ပစ္စည်းများကို ပိုမိုထိရောက်စွာ စီမံခန့်ခွဲနိုင်ပြီး ဈေးသက်သက်သာသာနှင့်ပင် လုပ်ငန်းအကောင် အထည်ဖော် ဆောင်ရွက်နိုင်သည်၊
- ပြည်သူ့လုပ်ငန်းဌာနတည်ရှိနေခြင်းသည် ဌာနမှတဆင့် အစီအစဉ်များရေးဆွဲခြင်းနှင့် ငွေရရှိအောင် ဆောင်ရွက်ရခြင်း တို့အတွက် ဖိအားများဖြစ်ပေါ်စေခြင်း၊ ဌာနတည်ရှိနေရန် အကြောင်းပြချက်ပေးရခြင်းနှင့် ဌာနမှဝန်ထမ်းအတွက် အလွဲသုံးစား ပြုနိုင်သည့် အခွင့်အရေးများဖန်တီးပေးခြင်းတို့ ဖြစ်ပေါ်စေပါသည်။ ယင်းကြောင့် ရလဒ်အားဖြင့် ဒေသန္တရ အစိုးရ၏ စီမံကိန်း ရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့အပေါ် အထောက်အပံ့မှပေးသည့်ဖိအားများ(Supply-driven pressures) ဖြစ်ပေါ်စေသည်။
- ဌာနတွင်းအင်အားစုနည်းကို အသုံးပြုခြင်းကြောင့် ရလဒ်များသည် ပွင့်လင်းမြင်သာမှုမရှိပါ။
- ဈေးနှုန်းထိန်းချုပ်ခြင်းသည် ခက်ခဲပြီး၊ အလွဲသုံးစားလုပ်မှုများလွယ်လင့်တကူကျူးလွန်နိုင်ကာ၊ ယင်းကို သတိထားမိရန် လည်း ခက်ခဲပါသည်။ (ဥပမာအားဖြင့် လောင်စာဆီ၊ သွင်းအားစုများနှင့် အမိကပစ္စည်းများ)
- ဒေသန္တရအစိုးရများသည် တန်ဖိုးကြီးမားသည့်စက်ပစ္စည်းကိရိယာအုပ်စုများအားစီမံခန့်ခွဲရာ၌ မျှော်လင့်မထားသည့် ပြုပြင်ရေးစရိတ် မြင့်မားမှုများအပါအဝင်၊ စက်ပစ္စည်းအစားထိုးခြင်းအတွက် ငွေအလုံးအရင်းလိုက်ကုန်ကျမှုနှင့်အတူ ကြီးမားသည့် အခက်အခဲကို ကြုံတွေ့ရလေ့ရှိတတ်သည်။

**ဌာနတွင်းအင်အားစုကို အောက်ပါအခြေအနေများတွင် အသုံးပြုရန် သင့်တော်သည် -**

- ပါဝင်သည့် လုပ်ငန်းပမာဏကို ကြိုတင်၍ မသတ်မှတ်နိုင်လျှင်လည်းကောင်း၊
- အရည်အသွေးပြည့်သော ဆောက်လုပ်ရေးလုပ်ငန်းများက သင့်တင့်သည့် ဈေးနှုန်းများဖြင့် တင်ဒါဝင်ရောက်ရန် မဖြစ်နိုင် သောသေးငယ်ပြီး၊ပြန့်ကျဲနေသည့် သို့မဟုတ် ဝေးလံသည့်နေရာများတွင် ရှိနေသောလုပ်ငန်းများဖြစ်နေလျှင်သော်လည်း ကောင်း၊
- ဆောင်ရွက်ဆဲလုပ်ငန်းများအား ဝင်ရောက်နှောက်ယှက်ခြင်းမရှိဘဲ လုပ်ငန်းကို မဖြစ်မနေအကောင်အထည်ဖော်ရမည် ဆိုပါက လည်းကောင်း
- လျင်မြန်စွာ အလေးထားရန် လိုအပ်သည့် အရေးပေါ်ကိစ္စရပ်များတွင်လည်းကောင်း၊ တို့ဖြစ်သည်။

ဇစ်မြစ် - ကမ္ဘာ့ဘဏ် (၂၀၀၁)၊ UNCDF (2013) "ဒေသန္တရဖွံ့ဖြိုးတိုးတက်ရေးအတွက် ပစ္စည်းဝယ်ယူခြင်း - ဖွံ့ဖြိုးတိုးတက်မှု အနိမ့်ဆုံးနိုင်ငံ များတွင် ဒေသန္တရအစိုးရ၏ ပစ္စည်းဝယ်ယူရေးနှင့်ပတ်သက်၍ အကောင်းဆုံးလုပ်ထုံးလုပ်နည်း လမ်းညွှန်"

**စွန့်ပစ်ပစ္စည်းအမှိုက် စီမံခန့်ခွဲမှု**

**စွန့်ပစ်ပစ္စည်းအမှိုက် စီမံခန့်ခွဲမှု (Solid Waste Management - SWM) သည် နိုင်ငံအများစုရှိ စည်ပင်သာယာရေးအဖွဲ့များက ဖြည့်ဆည်းဆောင်ရွက်ပေးရသည့် အဓိကဝန်ဆောင်မှုများထဲမှတစ်ခု ဖြစ်သောကြောင့် မြန်မာနိုင်ငံသည်လည်း ခြွင်းချက်အနေဖြင့် ရှိမနေနိုင်ပါ။** DAO များအားလုံးသည် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကို ၎င်းတို့လုပ်ဆောင်ရမည့် အဓိကတာဝန်တစ်ရပ်အနေဖြင့် ရှုမြင်ထားသည်။

**DAOs အများစုသည် ၎င်းတို့၏မြို့ပြများမှ စွန့်ပစ်အမှိုက်များကို တူညီသောအခြေခံနည်းလမ်းကိုအသုံးပြု၍ သိမ်းယူကြသည်။** ၎င်းကို ရိုးရှင်းစွာ ရှင်းရမည်ဆိုပါက အောက်ပါအချက်များ ပါဝင်သည် -

- ပြည်သူပိုင်နေရာများ(ကွင်းပြင်ကျယ်များ၊ လမ်းများ၊ လူသွားလမ်းပလက်ဖောင်း စသည်တို့)ရှိ အမှိုက်များအား DAO ပိုင်ယာဉ်များနှင့် တိုက်ရိုက်ငှားထားသည့် အလုပ်သမားများအပေါ် တည်မှီနေရသော တိုက်ရိုက်ရှင်းလင်းခြင်းနှင့် သိမ်းယူခြင်း၊
- အဓိကလမ်းမကြီးများ၊ အလွယ်တကူသွားလာနိုင်သော မြို့ပေါ်မှလမ်းများ၊ ရပ်ကွက်လမ်းများတွင် DAO ယာဉ်များဖြင့် အချိန်မှန်သိမ်းခြင်း (အများအားဖြင့်နေ့စဉ်)၊ အမှိုက်ကားလာချိန်တွင် ဝီစီမှုတ်ခြင်း သို့မဟုတ် ခေါင်းလောင်းတီး၍ ပြည်သူများအား အသိပေးခြင်း။
- များသောအားဖြင့် အမှိုက်သိမ်းသည့် ပွိုင့်များအသုံးပြုခြင်း သို့မဟုတ် လမ်းမကြီးများတွင် နေအိမ်များအသုံးပြုသည့် အမှိုက်ပုံးများထားခြင်း၊ ထို့နောက် DAO အမှိုက်သိမ်းယာဉ်များက လာရောက်သိမ်းယူသည်။
- လူနေအိမ်များနှင့် စီးပွားရေးလုပ်ငန်းများက DAO မှ အမှိုက်များသိမ်းယူခြင်းနှင့် စီမံခန့်ခွဲမှုအတွက် ၎င်းတို့၏ နှစ်စဉ်ပိုင်ဆိုင်မှုအခွန်များ (သို့မဟုတ် နှုန်းများ) ပေးချိန်တွင် တပါးတည်းပေးခြင်း။ စီးပွားရေးလုပ်ငန်းများက ပို၍ ပေးရသည်။

**DAOs သည် စွန့်ပစ်အမှိုက်သိမ်းခြင်းအလုပ်အား လမ်းအခြေခံ အဆောက်အအုံ လုပ်ဆောင်မှု များကဲ့သို့ ဌာနတွင်းအင်အားစုနည်းလမ်းကိုသုံး၍ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်လိုကြသည်။** ကိစ္စရပ်အများစုတွင် DAO များသည် အမှိုက်သိမ်းရန် ၎င်းတို့၏ကိုယ်ပိုင်ယာဉ်များနှင့် အလုပ်သမားများကို မှီခိုရကာ အထွေထွေ DAO ရငွေများကို အသုံးပြုသည်။

**တချို့သောကိစ္စရပ်အနည်းငယ်တွင် DAO သည် စည်ပင်သာယာ၏ စွန့်ပစ်အမှိုက်ကောက်ယူခြင်းကို ပုဂ္ဂလိက ကဏ္ဍအပေါ်တွင် မှီခိုသည် (သို့မဟုတ် ၎င်းကိုယ်တိုင်လည်းအတူလုပ်ဆောင်သည်)။** ဘောင်ကွက် ၆ တွင် ၎င်းနှင့်ပတ်သက်ပြီး ကိစ္စရပ်နှစ်ခုအား ဖော်ပြထားပါသည်။

**ဘောင်ကွက် ၆**

**သေးငယ်သော မြို့တော်ငယ်များနှင့် မြို့ကြီးများတွင် ပုဂ္ဂလိကကဏ္ဍမှ စွန့်ပစ်အမှိုက်များ သိမ်းယူခြင်း**

ရှမ်းပြည်နယ်မြို့တော် တောင်ကြီးမြို့တွင် DAO သည် ၎င်းမြို့ပြအုပ်ချုပ်ခွင့်ရနယ်မြေ၏ အဓိက အစိတ်အပိုင်းနေရာရှိ အမှိုက်များကိုသိမ်းယူရန် ပုဂ္ဂလိကလုပ်ငန်းတစ်ခုအား နှစ်ပေါင်းအတန်ကြာ လုပ်ပိုင်ခွင့်လိုင်စင်ပေးခဲ့သည်။ အဆိုပါလုပ်ငန်းသည် တောင်ကြီးမြို့အား မြို့အင်္ဂါရပ်နှင့်ညီစေရန် မြို့ပြရပ်ကွက် ၂၂ ခုအတွင်းရှိ အိမ်ခြေများနှင့် စီးပွားရေး လုပ်ငန်းများထံမှ စည်ပင် အမည်ဖြင့် အမှိုက်များကောက်ယူရန် သီးခြားအခွင့်အရေးရရှိစေရန် DAO အား လုပ်ဆောင်ခွင့်အတွက် လစဉ် ကျပ်ငွေ ၃ သန်း ပေးရသည်။ လုပ်ငန်းကိုယ်တိုင် (စွန့်ပစ်အမှိုက်ပမာဏအပေါ် မူတည်ပြီး) အိမ်ခြေများနှင့် စီးပွားရေးလုပ်ငန်းများထံမှ လစဉ် မြန်မာကျပ်ငွေ ၂,၀၀၀ မှ ၃,၀၀၀ အကြား ကောက်ခံသည်။ ၎င်းရပ်ကွက် ၂၂ ခုမှ အိမ်ခြေများနှင့် စီးပွားရေးလုပ်ငန်းများက DAO သို့ပေးရသည့် ပိုင်ဆိုင်မှု အခွန် (သို့မဟုတ်နှုန်းထား)တွင် စွန့်ပစ်အမှိုက်ကောက်ခံခြင်းအတွက်ပေးရငွေမပါဝင်ဟု နားလည်ထားသည်။ သို့သော်ငြားလည်း ယင်းသည် တောင်ကြီးမြို့ရှိ ရပ်ကွက် ၂၂ ခု သန့်ရှင်းစေရေးအတွက်သာဖြစ်သည်။ DAO ၏ အုပ်ချုပ်ရေး နယ်မြေအတွင်းပါဝင်သော အေးသာယာ (ရပ်ကွက် ၁၂ ခု) နှင့် ရွှေညောင် (ရပ်ကွက် ၇ ခု) တို့ကို DAO ကိုယ်တိုင် ၎င်း၏ကိုယ်ပိုင်ယာဉ်များနှင့် အလုပ်သမားများကိုအသုံးပြုပြီး စွန့်ပစ်အမှိုက်သိမ်းယူခြင်းကို တိုက်ရိုက်တာဝန်ယူဆောင်ရွက်သည်။ ယင်းရပ်ကွက်များတွင် စွန့်ပစ်အမှိုက်များ သိမ်းယူမှု အတွက် ငွေပေး ချေမှုမှာ နေထိုင်သူများက DAO သို့ပေးအပ်သည့် ပိုင်ဆိုင်မှု အခွန်မှ တဆင့် ပေးရခြင်းဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီး၏မြို့တော် ထားဝယ်တွင် DAO သည် စီးပွားရေးလုပ်ငန်းများ၊ စားသောက်ဆိုင်များနှင့် ဈေးဆိုင်များထံမှ စွန့်ပစ်အမှိုက်များကိုသိမ်းယူရန် ပုဂ္ဂလိကလုပ်ငန်းသုံးခုအား စည်ပင်အမည်ဖြင့် လုပ်ဆောင်ခွင့်စနစ်ကို များမကြာမီက မိတ်ဆက်ပေးခဲ့သည်။ ပုဂ္ဂလိကလုပ်ငန်းသုံးခုသည် သုံးစွဲသူများထံမှ မြန်မာကျပ်ငွေ ၂,၀၀၀ မှ ၃,၀၀၀ ကို လစဉ် ကောက်ခံသည်။ လုပ်ငန်းသုံးခုမှ DAO သို့ လိုင်စင်ကြေးပေးအပ်မှုကိုတော့မူ မသိရပါ။ သို့သော်ငြားလည်း ထားဝယ်ရှိ အိမ်ခြေများအား DAO မှ ၎င်း၏ ကိုယ်ပိုင်ယဉ်များနှင့် အလုပ်သမားများကို အသုံးပြုပြီး အမှိုက်သိမ်းယူမှုကိုလည်း တိုက်ရိုက်ဆောင်ရွက်ပေးပါသည်။

ဇစ်မြစ် - ကွင်းဆင်းလေ့လာမှုများ (ဇွန် ၂၀၁၆)

**အခြားသော ကိစ္စရပ်များတွင် DAO များသည် စွန့်ပစ်အမှိုက်များသိမ်းယူခြင်းကို ပုဂ္ဂလိကလုပ်ငန်းများအား စည်ပင်အမည်သုံး၍ လုပ်ပိုင်ခွင့် ပေးအပ်မှုနှင့်အတူ၊ တချိန်တည်းမှာပင် ၎င်းကိုယ်တိုင်ကလည်း ဆောင်ရွက်လျက်ရှိသည်။** ဥပမာ ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ်တွင် ပုဂ္ဂလိကလုပ်ငန်းနစ်ခုသည် မြို့တစ်ခုလုံးရှိ အိမ်ခြေများနှင့် စီးပွားရေးလုပ်ငန်းများအတွက် စွန့်ပစ်အမှိုက် သိမ်းယူခြင်းဝန်ဆောင်မှုကို ဆောင်ရွက်ပေးသည် (ထိုအတွက် ငွေပေးရသည်)။ ပုဂ္ဂလိကလုပ်ငန်းများ၏ဝန်ဆောင်မှုကို အသုံး မပြုလိုသော အိမ်ခြေများနှင့် စီးပွားရေးလုပ်ငန်းများသည် DAO ၏ ပုံမှန် အမှိုက်သိမ်းယူခြင်းဝန်ဆောင်မှုကို အသုံးပြုနိုင်သည်။ [36]

မြန်မာနိုင်ငံရှိ သေးငယ်သောမြို့တော်များနှင့် မြို့နယ်များတွင် စွန့်ပစ်အမှိုက်သိမ်းယူခြင်းနှင့်ပတ်သက်၍ မည်သည့် စာရင်းအင်း အချက်အလက်မှ မရှိသော်ငြားလည်း သိမ်းယူထားသည့် စွန့်ပစ်အမှိုက်များသည် စွန့်ပစ်အမှိုက်ထွက်ရှိမှုစုစုပေါင်းနှင့်ယှဉ်လျှင် အစိတ်အပိုင်း အနည်းငယ်သာရှိသည်ဟုယူဆလျှင် သင့်လျော်သည်ဟု ဆိုရမည်ဖြစ်သည်။ ဥပမာအားဖြင့် ဧရာဝတီတိုင်းဒေသကြီးရှိ ညောင်တုန်းတွင် DAO သည် နေ့စဉ် စွန့်ပစ်အမှိုက် ၃ တန်ခန့် ကောက်ယူရရှိသည်ဟု ခန့်မှန်းသည်။ ယင်းပမာဏသည် အကြမ်း ဖျင်းအားဖြင့် လူပေါင်း ၂၅,၀၀၀ ခန့် နေထိုင်သည့် ညောင်တုန်းမြို့နယ်က စွန့်ပစ် အမှိုက် ထုတ်လုပ်မှုစုစုပေါင်း၏ သုံးပုံတစ်ပုံအောက် ရှိနိုင်သည်။ [37] သိမ်းယူခြင်းမရှိသည့် အမှိုက်များကို တရားမဝင် ပုံထားသည် သို့မဟုတ် မီးရှို့ကြသည်။

**သိရှိရသမျှတွင် မြန်မာနိုင်ငံရှိမြို့တော်များနှင့် မြို့နယ်များအားလုံးရှိ စွန့်ပစ်အမှိုက်များသိမ်းယူရာ၌ အမှိုက်များစွန့်ပစ်ရန် လုပ်ဆောင် ထားသည့် ရှင်းလင်းကျယ်ပြန့်သည့် ကွင်းပြင်များပါဝင်သည်။** DAOs အားလုံးသည် မြို့ပြနေရာများမှ ကီလိုမီတာများစွာ ဝေးကွာ သည့်နေရာတွင်တည်ရှိသော ကွင်းပြင်များကို အမှိုက်များထားရှိရာတွင် အသုံးပြုရန် ကွင်းဆင်လေ့လာမှုများပြုလုပ်ခဲ့ကြသည်။

**အခြားသော စည်ပင်သာယာရေး ဝန်ဆောင်မှုများ**

လမ်းအခြေခံအဆောက်အအုံနှင့် စွန့်ပစ်အမှိုက်များစီမံခန့်ခွဲမှုတို့သည် DAO များက ဆောင်ရွက်ပေးရသည့် အရေးအကြီးဆုံးသော အများပြည်သူလိုအပ်ချက်နှင့် ဝန်ဆောင်မှုများ (ဘဏ္ဍာရေးနှင့် လုပ်ဆောင်ရမှု နယ်ပယ်အရ) ဖြစ်သော်လည်း၊ အချို့သော DAO များသည် အခြားသော စည်ပင်သာယာရေးဝန်ဆောင်မှုများကိုလည်း အကန့်အသတ်ဖြင့်ပေးသည်။ ၎င်းတို့ထဲမှ ထင်ရှားသည့်ကိစ္စမှာ လမ်းမီးများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြစ်သည်။ သို့သော်လည်း အချို့မြို့များတွင် လမ်းမီးများရရှိရေးကို ပုဂ္ဂလိကကဏ္ဍက အလုံးစုံတာဝန်ယူဆောင်ရွက်ခြင်းဖြင့် အဆင်ပြေပုံရနေသည်များလည်း တွေ့ရှိရသည်။ DAO အများစုဆောင်ရွက်ပေးသည့် အခြားသော စည်ပင်သာယာရေး ဝန်ဆောင်မှုမှာ အများပြည်သူအတွက်ဈေးများကို စီမံခန့်ခွဲခြင်းဖြစ်သည်။ လုပ်လေ့ရှိသည်မှာ ဈေးစီမံခန့်ခွဲမှုနှင့် ထိန်းသိမ်းမှုကို ပုဂ္ဂလိကလုပ်ငန်းများသို့ စည်ပင်အမည်ဖြင့် လုပ်ဆောင်ခွင့် (သို့မဟုတ် လိုင်စင်) ပေးခြင်း ဖြစ်သည်။ လုပ်ငန်းများသည် ၎င်းတို့လုပ်ဆောင်ခွင့်ရထားသည့် မည်သည့်ဈေးတွင်မဆို ဝန်ဆောင်ခကောက်ခံသည်။ အထူးသဖြင့် တစ်နေရာမှ တစ်နေရာ ပြောင်းရွှေ့ကာ ဈေးရောင်းသည့် ပျံကျဈေးသည်များထံမှလည်းရရှိသည်။

**ရေပေးဝေခြင်း - မှတ်စု**

အောက်ဖော်ပြပါဇယားအရ အခြားနိုင်ငံများနှင့်နှိုင်းယှဉ်ပါက မြန်မာနိုင်ငံ၏ မြို့ပြနေရာများတွင် ရေပေးဝေမှုပုံစံသည် အလွန် တွေ့ရ ခဲသည့် အနေအထားဖြစ်သည်။

**ဇယား ၄။ ရွေးချယ်ထားသည့် ဖွံ့ဖြိုးဆဲနိုင်ငံများရှိ (အိမ်ခြေများ၏ %) မြို့ပြ ရေပေးဝေမှု**

| နိုင်ငံ | မြို့ပြ ရေပေးဝေမှု(၂၀၁၅) | | | |
|---|---|---|---|---|
| | အဆောက်ဦများသို့ ပိုက်သွယ်တန်းမှု % | အခြားတိုးတက်သည့် အရင်းအမြစ် % | အခြား မတိုးတက်မှုများ % | သဘာဝရေ % |
| မြန်မာ | ၁၉.၀ | ၇၄.၀ | ၇.၀ | - |
| ထိုင်း | ၇၆.၀ | ၂၂.၀ | ၂.၀ | - |
| ဘင်္ဂလားဒေ့ရှ် | ၃၂.၀ | ၅၅.၀ | ၁၃.၀ | - |
| နီပေါ | ၅၀.၀ | ၄၁.၀ | ၈.၀ | ၁.၀ |
| မောရိုကို | ၉၁.၀ | ၈.၀ | ၁.၀ | - |
| ကင်ညာ | ၄၅.၀ | ၃၇.၀ | ၁၃.၀ | ၅.၀ |
| မာလဝီ | ၃၃.၀ | ၆၃.၀ | ၄.၀ | - |

ဇစ်မြစ် - WHO/UNICEF (2015) - ရေနှင့် ရေသန့်ရှင်းမှုကို ပူးတွဲစောင့်ကြည့်ရေး အစီအစဉ် [38]

---

[36] ယင်းသည် များမကြာမီက ပြည်နယ်အစိုးရမှ DAO သို့ အမှိုက်သိမ်းယာဉ်များ ပေးအပ်ခြင်းဖြင့် အဆင့်မြှင့်တင်ထားသည်။

[37] ယင်းသည် (အခြားဖွံ့ဖြိုးဆဲနိုင်ငံများရှိ အမှိုက်ထုတ်လုပ်မှုနှုန်းအခြေခံကာ) မြန်မာနိုင်ငံရှိ မြို့ပြနေရာများ၏ နေ့စဉ်အမှိုက်ထုတ်လုပ်မှု (တစ်ဦးချင်းအတွက်) မှာ ၀.၄ ကီလိုဂရမ်လောက်ရှိသည်ဟု ယူဆသည်။

[38] http://www.wssinfo.org/ သို့ကြည့်ပါ။

မြန်မာနိုင်ငံတွင် မြို့ပြအိမ်ထောင်စုများ၏ အလွန်သေးငယ်သည့် အချိုးအစားကသာလျှင် ရေကို ပိုက် သို့မဟုတ် ပိုက်များ ချိတ်ဆက်၍ ပေးဝေသည့်စနစ်ကို ရယူနိုင်ကြသည်။ ထို့အပြင် DAO အနည်းငယ်ကသာ ပိုက်ဖြင့်ရေပေးဝေသောစနစ်ကို စီမံခန့် ခွဲနိုင်သည်ဆိုခြင်းမှာ အံ့သြစရာတော့မဟုတ်ပါ။ ထိုစနစ်ဖြင့် ရေရရှိအောင် ဆောင်ရွက်ပေးသည့်နေရာမှာလည်း အကန့်အသတ်နှင့်သာ ဖြစ်ပါသည်။ ရေဝတီတိုင်းဒေသကြီးမြို့တော်ပုသိမ်ကဲ့သို့သော မြို့ကြီးများကို ဝန်ဆောင်မှုပေးနေသည့် အချို့သော DAO များသည် မည်သည့်စည်ပင်မှ ပေးသည့်ရေမျှ ပေးအပ်နိုင်ခြင်း အလျဉ်းမရှိပါ။ ထိုသို့ရေပေးဝေနေသော အခြား DAO များသည်လည်း အကန့်အသတ်နှင့် မပြည့်မစုံအနေအထားဖြင့် ဆောင်ရွက်နေကြခြင်းဖြစ်သည်။ ဥပမာအားဖြင့် ညောင်တုန်းမြို့ရှိ DAO သည် ပိုက်မှ ရေရှိအောင်ဆောင်ရွက်ရာတွင် (မြစ်မှ ပိုက်ကိုသွယ်တန်းပြီး ရေရယူခြင်းနှင့် သန့်စင်ခြင်းမပြုရသေးသည့်ရေ) အိမ်ခြေပေါင်း ၁၂၀ သို့မဟုတ် စုစုပေါင်းမြို့ပြလူဦးရေ၏ ၂ ရာခိုင်နှုန်း (သေးငယ်လွန်းသော အစိတ်အပိုင်း) သို့သာပေးနိုင်သည်။ မြို့ပြအိမ်ထောင်စုအများစုသည် ရေအရင်းအမြစ်တစ်ခုခု (ရေတွင်းများ၊ အဝီစိရေ) သို့မဟုတ် ပုဂ္ဂလိကပိုက်များ ချိတ်ဆက်ပေးဝေခြင်းများကို မှီခိုနေရသည်။

**သို့သော်လည်း DAO အများအပြားသည် ထိုအခြေအနေကို မကြာမီပြောင်းလဲသွားတော့မည်ဖြစ်သည်။** ဂျပန် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA) ကဲ့သို့သော ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် အာရှဖွံ့ဖြိုးရေးဘဏ် (ADB) တို့သည် ယခုအခါတွင် မြန်မာနိုင်ငံ၏ သေးငယ်သော မြို့ပြနေရာအများအပြား၌ ရည်ရွယ်ချက်ကြီးသည့် စည်ပင်မှရေပေးဝေမှုစနစ်ကို အကောင်အထည်ဖော်ရန်နှင့် ငွေကြေးထောက်ပံ့ရန် စတင်လုပ်ဆောင်နေပြီဖြစ်သည်။ ဘောင်ကွက် ၇ တွင် DOA များသည် စည်ပင်သာယာ ရေပေးဝေမှုတွင် မည်သို့ပိုမိုပါဝင်ပတ်သက်လာနေပြီဖြစ်ကြောင်းကို ဥပမာပေးဖော်ပြထားသည်။

**ဘောင်ကွက် ၇**

**စည်ပင်သာယာ ရေပေးဝေမှု ဘားအံမြို့နယ် (ကရင်ပြည်နယ်)- အနာဂတ်အလားအလာများ**

ဘားအံ့ DAO သည် မြန်မာနိုင်ငံရှိ အခြားသော DAO အများစုထက် ၎င်း၏ မြို့ပြနေရာများသို့ ရေပေးဝေခြင်းတွင် ပိုမိုပါဝင်ပတ်သက်ကာ ဆောင်ရွက်လျက်ရှိနေပြီးဖြစ်သည်။ DAO သည် ၎င်းကိုယ်တိုင် ခန့်မှန်းချက်အရ လက်ရှိတွင် သန့်စင်ခြင်းမပြုရသေးသည့် (ရေကို မြစ်မှလည်းကောင်း၊ ဒေသရှိ ရေတွင်းများမှလည်းကောင်းရယူ) ရေဂါလံပေါင်း ၀.၅ သန်းကို (အကြမ်းဖျင်းအားဖြင့်) မြို့နယ်၏ ၂၅ ရာခိုင်နှုန်းကို သွယ်တန်းပေးဝေလျက်ရှိသည်။ အသုံးပြုသူများသည် မီတာစနစ်ဖြင့် သုံးစွဲခပေးရသည်။ ဘားအံတွင်ရှိသည့် လက်ရှိရေပေးဝေနေသည့် ပိုက်လိုင်းများမှာ အိုဟောင်းလျက်ရှိသည်။ များစွာသော ပိုက်များသည် ရေယိုမှုများ ဖြစ်ပေါ်နေသည်။ DAO အင်ဂျင်နီယာများက ခန့်မှန်းရာတွင် ထိုစနစ်ဖြင့် စုပ်တင်လာသောရေ၏ အကြမ်းဖျဉ်း ၇၅% မှ ဝင်ငွေ ပြန်မရ (non-revenue water) (NRW) ဟုဆိုကြရာ သုံးစွဲသူများက ကျသင့်ငွေ မပေးသောရေ (အဓိကအားဖြင့် အစိုးရဌာနများသည် ၎င်းတို့ရေသုံးစွဲမှုအပေါ် ကျသင့်ငွေမပေးခြင်း) သို့မဟုတ် သွယ်တန်းထားသော ပိုက်များမှ ရေယိုမှုများရှိနေခြင်းကြောင့်ဟု ဆိုသည်။

JICA နှင့် ADB တို့၏ ငွေကြေးထောက်ပံ့မှုနှင့်အတူ ဘားအံ့၏ ရေပေးဝေမှုစနစ်ကို အကြီးစား အဆင့်မြှင့်တင်မှုပြုလုပ်မည်ဖြစ်သည်။ တစ်နေ့ကို ရေဂါလံပေါင်း ၂ သန်း ထုတ်နိုင်ပြီး၊ ပိုက်များဖြင့် ဘားအံရှိ အိမ်ခြေများအားလုံးသို့ သွယ်တန်း၍ ပေးဝေနိုင်သည့် ရေသန့်စင်ရေးစက်ရုံနှစ်ရုံနှင့် ဖြန့်ဖြူးရေး ကွန်ရက်များကို တည်ဆောက်တော့မည်ဖြစ်သည် (ယင်းသည် ၂၀၁၈ မရောက်ခင် ပြီးစီးမည်ဖြစ်သည်)။ ADB ထောက်ပံ့ငွေသည် (ပြည်ထောင်စုဆောက်လုပ်ရေး ဝန်ကြီးဌာနမှ တစ်ဆင့်ရရှိမည့်) ကန်ဒေါ်လာ ၁၄ သန်း ရှိမည်ဟု မျှော်လင့်ရသည်။ JICA မှပေးမည့် (ပြည်ထောင်စု ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တဆင့်ရရှိမည့်) ရံပုံငွေပမာဏစုစုပေါင်းကိုတော့ ရှင်းရှင်းလင်းလင်းမသိရပါ။ သို့သော်လည်း ရန်ပုံငွေနှစ်ခုစလုံးမှာ DAO ၏ အခွန်ကောက်ခံ ငွေဖြင့် ပြန်လည်ပေးအပ်ရမည့် ချေးငွေများသာဖြစ်သည်။

ဇစ်မြစ် - ကွင်းဆင်းလေ့လာမှုများ (ဇွန် ၂၀၁၆)

## ၃.၃။ DAO များက ဘာတွေသုံးစွဲကြသလဲ။ DAO အသုံးစရိတ်ပုံစံများ

အစီအရင်ခံစာ၏ ယခုအပိုင်းငယ်သည် DAO/DDA အသုံးစရိတ်ပမာဏနယ်ပယ်အကြောင်းနှင့် ဘတ်ဂျက်အရ သုံးစွဲရန် ခွင့်ပြုထားသည့်ပုံစံများနှင့် DAO စနစ်များတွင်တွေ့နေရသော ပုံစံများကို ဖော်ပြပေးသွားမည်ဖြစ်သည်။

### ၃.၃.၁။ ပြည်နယ်/တိုင်းဒေသကြီး DAO စနစ်များရှိ ပေါင်းစည်းထားသော အသုံးစရိတ်ပုံစံများ

**DAO စနစ်များသည် (မြို့နယ်များအားလုံး၊ မြို့နယ်ခွဲများအားလုံးနှင့် DDA များအားလုံးပေါင်း) နှစ်စဉ်သင့်တင့်သော ငွေပမာဏကိုသာ သုံးစွဲသည်။**[39] **ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်ရှိ DAO များနှင့် DDA များအားလုံးအတွက်**

[39] ပြည်နယ်/တိုင်းဒေသကြီးသုံးခုအတွက် ရရှိသော ပြည့်ပြည့်စုံစုံနှင့် ရနိုင်သော ဘဏ္ဍာရေးအချက်အလက်ပေါ်တွင် အခြေ ခံထားသည်။

**၂၀၁၁ မှ ၂၀၁၆ အထိ စုစုပေါင်းနှင့် တစ်ဦးချင်းစီအပေါ် သုံးစွဲမှုအကျဉ်းချုပ်ကို အောက်ပါဇယား ၅ မှ ၉ အထိတွင် ဖော်ပြထားပါသည်။**[40] ဇယားများတွင် မြင်ရသည့်အတိုင်း DAO များနှင့် DDA များသည် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်၌ (လူဦးရေ စုစုပေါင်းအတွက်) ပျှမ်းမျှတစ်ခုချင်းအတွက်သုံးငွေမှာ မြန်မာကျပ်ငွေ ၂,၅၇၀ ကျပ်ဖြစ်သည်။ ယင်းဘဏ္ဍာနှစ်မှာပင် DAO စနစ်၏ စုစုပေါင်းသုံးငွေမှာ လူတစ်ဦးချင်းစီအတွက် (မြို့ပြလူဦးရေအတွက်) မြန်မာကျပ်ငွေ ၉,၇၀၀ ကျပ်ဖြစ်သည်။

**၎င်းကို လူတစ်ဦးချင်းစီအတွက် DAO အသုံးစရိတ်နှင့်ဆိုင်သော အချက်အလက်ကို ပြည်ထောင်စုအစိုးရမှ ပြည်နယ်/တိုင်းဒေသကြီးများသို့ လွှဲပြောင်းပေးသည့် လူတစ်ဦးချင်းစီအတွက် ဘတ်ဂျက်လျာထားချက် (၂၀၁၅-၁၆) ကို ဇယား ၅ တွင်နှိုင်းယှဉ်ဖော်ပြပေးထားသည့် ရှုဒေါင့်မှ ကြည့်ရှုပါမည်။**

**ဇယား ၅။ DAO အသုံးစရိတ်နှင့် တစ်ဦးချင်းအတွက် ပြည်ထောင်စုမှ လွှဲပြောင်းပေးမှု**

| ပြည်နယ်/တိုင်းဒေသကြီး | မြန်မာကျပ် | | အမေရိကန်ဒေါ်လာ | |
|---|---|---|---|---|
| | လူတစ်ဦးချင်းစီအတွက် DAO ၏ သုံးငွေ (၂၀၁၄-၁၅) | လူတစ်ဦးချင်းစီအတွက် ပြည်ထောင်စုမှ လွှဲပြောင်းပေးမှု (၂၀၁၅-၁၆) | လူတစ်ဦးချင်းစီအတွက် DAO ၏ သုံးငွေ (၂၀၁၄-၁၅) | လူတစ်ဦးချင်းစီအတွက် ပြည်ထောင်စုမှ လွှဲပြောင်းပေးမှု (၂၀၁၅-၁၆) |
| ဧရာဝတီ | ၁,၄၃၅ | ၂၃,၁၀၀ | ၁.၃၀ | ၂၁.၀၀ |
| တနင်္သာရီ | ၁,၈၇၈ | ၁၀၃,၂၀၀ | ၁.၇၁ | ၉၃.၈၂ |
| မွန် | ၂,၈၉၆ | ၃၄,၄၀၀ | ၄.၆၀ | ၃၁.၂၇ |

အထက်တွင်ဖော်ပြထားသည့်ဇယားတွင်မြင်ရသည့်အတိုင်း **လူတစ်ဦးချင်းစီအတွက် DAO သုံးငွေသည် ပြည်ထောင်စုအစိုးရမှ ပြည်နယ်/တိုင်းဒေသကြီးသို့ လူတစ်ဦးချင်းစီအတွက် လွှဲပြောင်းပေးအပ်သည့် ငွေပမာဏနှင့် နှိုင်းယှဉ်လျှင် အနည်းငယ်သာရှိကြောင်းတွေ့ရသည်။**

အထက်ပါဖော်ပြချက်နှင့်တူညီစွာပင် DAO သုံးငွေသည် ၎င်းတို့၏ တိုင်းဒေသကြီး/ပြည်နယ်များ အသီးသီးရှိစုစုပေါင်း ဘတ်ဂျက်တွင် ဖော်ပြထားသော သုံးငွေနှင့်ယှဉ်လျှင် အနည်းငယ်သော အစိတ်အပိုင်းသာရှိသည်။ ဥပမာအားဖြင့် ဧရာဝတီတိုင်း ဒေသကြီးတွင် DAO/DDA ၏ စုစုပေါင်းသုံးငွေသည် တိုင်းဒေသကြီးအတွက် ဘတ်ဂျက်စုစုပေါင်း၏ ၇ ရာခိုင်နှုန်းသာရှိပြီး တနင်္သာရီဒေသတွင် ဘတ်ဂျက်စုစုပေါင်း၏ ၂ - ၃ ရာခိုင်နှုန်း လောက်သာရှိသည်။

[40] လူတစ်ဦးချင်းစီအတွက် ပြည်နယ်/တိုင်းဒေသကြီး DAO သုံးငွေများအားလုံးကို ဖော်ပြထားသည့်အခါ တွက်ချက်တိုင်းတာမှုနှစ်မျိုးဖြင့်ဖော်ပြသည်။ (က) တစ်ခုသည် ပြည်နယ်/တိုင်းဒေသကြီးတစ်ခုလုံးရှိ စုစုပေါင်းလူဦးရေ၏ တစ်ဦးချင်းစီအတွက် သုံးငွေဖြစ်ပြီး ကျန်တစ်ခုမှာ (ခ) ပြည်နယ်/တိုင်းဒေသကြီးရှိ မြို့ပြလူဦးရေစုစုပေါင်း၏ တစ်ဦးချင်းစီအတွက် သုံးငွေ ဟူ၍ ဖြစ်သည်။

ဇယား ၆။ DAO စနစ် အသုံးစရိတ် ငွေစုစုပေါင်းကို မြန်မာကျပ်ငွေဖြင့် ဖော်ပြမှု (ဧရာဝတီ၊ တနင်္သာရီနှင့် မွန်)

**MYANMAR**
**DAO EXPENDITURE**
**MMK millions**

| State/Region | 2011-12 | | | 2012-13 | | | 2013-14 | | | 2014-15 | | | 2015-16 | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | Total MMK millions | Per capita (total pop.) MMK | Per capita (urban pop.) MMK | Total MMK millions | Per capita (total pop.) MMK | Per capita (urban pop.) MMK | Total MMK millions | Per capita (total pop.) MMK | Per capita (urban pop.) MMK | Total MMK millions | Per capita (total pop.) MMK | Per capita (urban pop.) MMK | Total MMK millions | Per capita (total pop.) MMK | Per capita (urban pop.) MMK |
| Ayeyarwady | 5,632.173 | 938 | 6,850 | 7,078.414 | 1,167 | 8,440 | 8,124.131 | 1,327 | 9,496 | 8,874.933 | 1,435 | 10,171 | n/a | n/a | n/a |
| Tanintharyi | 2,334.675 | 1,708 | 5,356 | 2,585.640 | 1,873 | 7,949 | 2,561.132 | 1,837 | 7,719 | 2,644.341 | 1,878 | 7,814 | 2,899.280 | 2,038 | 8,399 |
| Mon | 3,613.332 | 1,812 | 3,361 | 4,688.404 | 2,328 | 4,233 | 4,951.598 | 2,434 | 4,340 | 5,950.243 | 2,896 | 5,062 | 6,089.043 | 2,935 | 5,028 |
| Totals | 11,580.180 | 1,237 | 6,892 | 14,352.458 | 1,518 | 8,374 | 15,636.861 | 1,637 | 8,944 | 17,469.517 | 1,811 | 9,797 | 8,988.323 | 2,570 | 9,677 |

ဇစ်မြစ် - ပြည်နယ်/တိုင်းဒေသကြီး DDA များနှင့် အစီအရင်ခံစာရေးသားသူများ၏ တွက်ချက်မှုများ

ဇယား ၇။ DAO စနစ် အသုံးစရိတ် ငွေစုစုပေါင်းကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြခြင်း (ဧရာဝတီ၊ တနင်္သာရီနှင့် မွန်)

**MYANMAR**
**DAO EXPENDITURE**
**USD**

Exchange rate = 1,100 MMK : USD 1.00

| State/Region | 2011-12 | | | 2012-13 | | | 2013-14 | | | 2014-15 | | | 2015-16 | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | Total USD | Per capita (total pop.) USD | Per capita (urban pop.) USD | Total USD | Per capita (total pop.) USD | Per capita (urban pop.) USD | Total USD | Per capita (total pop.) USD | Per capita (urban pop.) USD | Total USD | Per capita (total pop.) USD | Per capita (urban pop.) USD | Total USD | Per capita (total pop.) USD | Per capita (urban pop.) USD |
| Ayeyarwady | 5,120,157 | 0.85 | 6.23 | 6,434,922 | 1.06 | 7.67 | 7,385,574 | 1.21 | 8.63 | 8,068,121 | 1.30 | 9.25 | n/a | n/a | n/a |
| Tanintharyi | 2,122,432 | 1.55 | 4.87 | 2,350,582 | 1.70 | 7.23 | 2,328,302 | 1.67 | 7.02 | 2,403,946 | 1.71 | 7.10 | 2,635,709 | 1.85 | 7.64 |
| Mon | 3,284,847 | 1.65 | 3.06 | 4,262,185 | 2.12 | 3.85 | 4,501,453 | 2.21 | 3.95 | 5,409,312 | 2.63 | 4.60 | 5,535,494 | 2.67 | 4.57 |
| Totals | 10,527,436 | 1.12 | 6.27 | 13,047,689 | 1.38 | 7.61 | 14,215,328 | 1.49 | 8.13 | 15,881,379 | 1.65 | 8.91 | 8,171,203 | 2.34 | 8.7974 |

ဇစ်မြစ် - ပြည်နယ်/တိုင်းဒေသကြီး DDA များနှင့် အစီအရင်ခံစာရေးသားသူများ၏ တွက်ချက်မှုများ

ဇယား ၈။ DAO စနစ်တစ်ခုလုံး၏ သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် ငွေစုစုပေါင်းကို မြန်မာကျပ်ငွေဖြင့် ဖော်ပြခြင်း (ဧရာဝတီ၊ တနင်္သာရီနှင့် မွန်)

**MYANMAR**
**DAO CURRENT & CAPITAL EXPENDITURE**
**MMK millions**

| State/Region | 2011-12 | | | | 2012-13 | | | | 2013-14 | | | | 2014-15 | | | | 2015-16 | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | Recurrent | Capital | Capital as % of total | Total | Recurrent | Capital | Capital as % of total | Total | Recurrent | Capital | Capital as % of total | Total | Recurrent | Capital | Capital as % of total | Total | Recurrent | Capital | Capital as % of total | Total |
| Ayeyarwady | 2,412.06 | 3,220.11 | 57.2 | 5,632.17 | 3,015.47 | 4,062.95 | 57.4 | 7,078.41 | 3,169.28 | 4,954.85 | 61.0 | 8,124.13 | 4,068.83 | 4,806.11 | 54.2 | 8,874.93 | n/a | n/a | n/a | n/a |
| Tanintharyi | 904.64 | 1,430.04 | 61.3 | 2,334.68 | 1,033.07 | 1,552.57 | 60.0 | 2,585.64 | 1,200.89 | 1,360.24 | 53.1 | 2,561.13 | 1,275.64 | 1,368.70 | 51.8 | 2,644.34 | 1,377.88 | 1,521.40 | 52.5 | 2,899.28 |
| Mon | 1,575.65 | 2,037.68 | 56.4 | 3,613.33 | 1,871.76 | 2,816.65 | 60.1 | 4,688.40 | 2,159.57 | 2,792.03 | 56.4 | 4,951.60 | 2,571.91 | 3,378.33 | 56.8 | 5,950.24 | 3,126.66 | 2,962.38 | 48.7 | 6,089.04 |
| Totals | 4,892.35 | 6,687.84 | 57.8 | 11,580.18 | 5,920.29 | 8,432.17 | 58.8 | 14,352.46 | 6,529.74 | 9,107.13 | 58.2 | 15,636.86 | 7,916.38 | 9,553.14 | 54.7 | 17,469.52 | 4,504.54 | 4,483.78 | 49.9 | 8,988.32 |

ဇစ်မြစ် - ပြည်နယ်/တိုင်းဒေသကြီး DDA များနှင့် အစီအရင်ခံစာရေးသားသူများ၏ တွက်ချက်မှုများ

ဇယား ၉။ DAO စနစ်တစ်ခုလုံး၏ သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ် စုစုပေါင်းကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြခြင်း (ဧရာဝတီ၊ တနင်္သာရီနှင့် မွန်)

**MYANMAR**
**DAO CURRENT & CAPITAL EXPENDITURE**
**USD**

Exchange rate = 1,100 MMK : USD 1.00


| State/Region | 2011-12 | | | | 2012-13 | | | | 2013-14 | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | Recurrent | Capital | Capital as % of total | Total | Recurrent | Capital | Capital as % of total | Total | Recurrent | Capital | Capital as % of total | Total |
| Ayeyarwady | 2,192,781 | 2,927,376 | 57.2 | 5,120,157 | 2,741,335 | 3,693,586 | 57.4 | 6,434,922 | 2,881,163 | 4,504,411 | 61.0 | 7,385,574 |
| Tanintharyi | 822,396 | 1,300,035 | 61.3 | 2,122,432 | 939.15 | 1,411,431 | 60.0 | 2,350,582 | 1,091,716 | 1,236,585 | 53.1 | 2,328.30 |
| Mon | 1,432,409 | 1,852,438 | 56.4 | 3,284,847 | 1,701.60 | 2,560,589 | 60.1 | 4,262,185 | 1,963,245 | 2,538,208 | 56.4 | 4,501.45 |
| Totals | 4,447,586 | 6,079,850 | 57.8 | 10,527,436 | 5,382.08 | 7,665,606 | 58.8 | 13,047,689 | 5,936,124 | 8,279,205 | 58.2 | 14,215.33 |

| State/Region | 2014-15 | | | | 2015-16 | | | |
|---|---|---|---|---|---|---|---|---|
| | Recurrent | Capital | Capital as % of total | Total | Recurrent | Capital | Capital as % of total | Total |
| Ayeyarwady | 3,698,934 | 4,369,187 | 54.2 | 8,068,121 | n/a | n/a | n/a | n/a |
| Tanintharyi | 1,159,673 | 1,244,274 | 51.8 | 2,403,946 | 1,252,620 | 1,383,089 | 52.5 | 2,635,709 |
| Mon | 2,338,102 | 3,071,210 | 56.8 | 5,409,312 | 2,842,418 | 2,693,075 | 48.7 | 5,535,494 |
| Totals | 7,196,708 | 8,684,671 | 54.7 | 15,881,379 | 4,095,038 | 4,076,165 | 49.9 | 8,171,203 |


ဇစ်မြစ် - ပြည်နယ်/တိုင်းဒေသကြီး DDA များနှင့် အစီအရင်ခံစာရေးသူများ၏ တွက်ချက်မှုများ

ပြည်နယ်/တိုင်းဒေသကြီးသုံးခုအကြားတွင် လူတစ်ဦးချင်းစီအတွက် မတူညီသည့် DAO အသုံးစရိတ်ငွေများ တွေ့ရပါမည်။ ဥပမာအားဖြင့် မွန်ပြည်နယ်ရှိ DAO စနစ်အသုံးစရိတ်ငွေသည် (ပြည်နယ်တစ်ခုလုံးရှိ လူဦးရေစုစုပေါင်း၏ တစ်ဦးချင်းအပေါ် အသုံးစရိတ်ငွေကို တိုင်းတာကြည့်သည့်အခါ) ဧရာဝတီနှင့် တနင်္သာရီတိုင်းဒေသကြီးများ ထက်ပိုမိုများပြားနေသည်။ သို့သော် မြို့ပြလူဦးရေအတွက် သုံးစွဲမှုတွင်မူတော့ (တစ်ဦးချင်းအတွက်အသုံးစရိတ်ငွေကို တိုင်းတာကြည့်သည့်အခါ) ပို၍နိမ့်နေသည်။ ယင်းကို ဇယား ၃ နှင့် ၄ တွင် ဖော်ပြထားပါသည်။

ပုံ ၃။ ပြည်နယ်/တိုင်းဒေသကြီးက လူတစ်ဦးချင်းစီအတွက် DAO အသုံးစရိတ်ငွေ
(ပြည်နယ်/တိုင်းဒေသကြီးရှိ စုစုပေါင်း လူဦးရေအတွက်) [41]





ပုံ ၄။ ပြည်နယ်/တိုင်းဒေသကြီးက လူတစ်ဦးချင်းစီအတွက် DAO အသုံးစရိတ်ငွေ
(ပြည်နယ်/တိုင်းဒေသကြီးရှိ စုစုပေါင်း မြို့ပြ လူဦးရေအတွက်) [42]





[41] ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွက် စာရင်းအင်းအချက်အလက်မရှိပါ။
[42] ၂၀၁၅-၁၆ ဘဏ္ဍာနှစ်တွင် ဧရာဝတီတိုင်းဒေသကြီးအတွက် စာရင်းအင်းအချက်အလက်မရှိပါ။

ပြည်နယ်/တိုင်းဒေသကြီးသုံးခုရှိ DAO စနစ်သုံးခုစလုံးသည် လူတစ်ဦးချင်းစီအတွက် အသုံးစရိတ်ငွေမှာ မတူညီမှုများရှိနေသည့်တိုင် သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်ငွေတို့၏ အချိုးမှာ ပုံ ၅ တွင် ဖော်ပြထားသည့်အတိုင်း အတူတူပင်ဖြစ်သည်။ DAO ငွေလုံးငွေရင်း အသုံးစရိတ်ငွေကို တစ်ခုလုံးခြုံပြီးကြည့်လျှင် DAO စုစုပေါင်းသုံးငွေ၏ ၅၀-၆၀ ရာခိုင်နှုန်း အကြားတွင်သာ စဉ်ဆက်မပြတ်ရှိနေသည်။

**ပုံ ၅။ သာမန်/ငွေလုံးငွေရင်း အသုံးစရိတ် (တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်)**



### ၃.၃.၂။ DAO တစ်ခုချင်းစီ၏ အသုံးစရိတ်ပုံစံများ

**သာမန် အသုံးစရိတ်**


- DAO သာမန်အသုံးစရိတ်တွင် [43] ပုံမှန်အားဖြင့် အောက်ဖော်ပြပါ အရာများပါဝင်သည် -
- လစာစရိတ်များ (လစာများ၊ ခံစားခွင့်များ၊ ထောက်ပံ့ကြေးများ)
- ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများ (လောင်စာဆီ၊ ထောက်ပံ့ပစ္စည်းများ၊ ရုံးလည်ပတ်ကုန်ကျစရိတ်များ စသည်)
- ပြုပြင်ထိန်းသိမ်းမှု (ပစ္စည်းကိရိယာများ၊ ယာဉ်များနှင့်ပတ်သက်သော အသုံးစရိတ်ငွေဖြစ်သည်။ လမ်း/တံတားပြုပြင် ထိန်းသိမ်းမှုသည် ငွေလုံးငွေရင်း အသုံးစရိတ် ငွေအမျိုးအစားတွင်ပါသည်။)
- အငြိမ်းစားလစာငွေများ၊ တို့နှင့်
- အခြားအသုံးများ (ခရီးစရိတ်၊ အထွေထွေကုန်ကျစရိတ်) တို့ဖြစ်ကြသည်။

DAO များ၏ သာမန်သုံးငွေများတွင် လစာစရိတ်၊ ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက်အသုံးစရိတ်ငွေများက အဓိက လွှမ်းမိုးထားသည်။ ဇယား ၆၊ ၇ နှင့် ၈ တို့တွင် DAO ၏ သာမန်အသုံးစရိတ်ငွေနမူနာကို ဖော်ပြထားပါသည်။ စုစုပေါင်းပေးရသည့် လစာအသုံးစရိတ်ငွေသည် သာမန်အသုံးစရိတ်ငွေတွင် အများဆုံးဖြစ်ပြီး၊ ရာခိုင်နှုန်းအားဖြင့် ၃၀-၆၀ အကြားရှိသည်။ ယေဘူယျအားဖြင့် စုစုပေါင်းပေးရသည့် လစာစရိတ်ရာခိုင်နှုန်းသည် ပိုမိုကြီးမားသော DAO များ (သို့မဟုတ် မြို့နယ်ကြီးများသို့ ဝန်ဆောင်မှုပေးရသည့်DAOများ)တွင် ပို၍နည်းပါးသည့်သဘောရှိသည်။ ဒုတိယအများဆုံးသုံးစွဲသည့် အမျိုးအစားမှာ ကုန်စည်များနှင့် ဝန်ဆောင်မှုများတွင်ဖြစ်သည်။ ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများသုံးစွဲမှုမှာ မြို့နယ်ကြီးများရှိ DAO များသည် မြို့နယ်ငယ်များရှိ DAO များထက် အချိုးအစားအားဖြင့် ပိုမိုကြီးမားနေခြင်းကြောင့် မြို့နယ်ကြီးများနှင့် မြို့နယ်ငယ်များ သို့မဟုတ် DAO ရုံးများအကြားတွင်လည်း ကွဲပြားခြားမှုများ ရှိနေပြန်သည်။


**ငွေလုံးငွေရင်း အသုံးစရိတ်**

DAO များသည် ၎င်းတို့ငွေလုံးငွေရင်းဘတ်ဂျက်၏ အကြီးမားဆုံးအချိုးအစားကို ဆောက်လုပ်ရေးလုပ်ငန်း၊ အဆင့်မြှင့်တင်ရေးလုပ်ငန်းနှင့် လမ်းများ/တံတားများထိန်းသိမ်းပြုပြင်ရေးတို့တွင် အသုံးပြုကြသည်။ DAO အများစုတွင် လမ်းများ/တံတားများအပေါ် သုံးစွဲခြင်းကို အဓိကငွေလုံးငွေရင်းအသုံးစရိတ်ငွေအဖြစ် သုံးစွဲကြသည်မှာ တူညီမှုရှိသည်ဟု DAO ဝန်ထမ်းမှဖော်ပြသည်။ သုံးစွဲမှုမှာ ရာခိုင်နှုန်းအားဖြင့် အနည်းဆုံး ၅၀ရာခိုင်နှုန်းခန့်ရှိသည် သို့မဟုတ် တစ်ခါတစ်ရံတွင် ၎င်းထက်ပင်ပိုများသည်ဟု ဆိုသည်။ အခြားသော ငွေလုံးငွေရင်းအသုံစရိတ်ငွေအမျိုးအစားများတွင် အဆောက်အဉီများ၊ ရေပေးဝေမှုနှင့် ပစ္စည်းကိရိယာများ ပါဝင်သည်။ ပစ္စည်းကိရိယာအပေါ် သုံးစွဲမှုအများစုသည် လမ်းလုပ်ငန်းများအတွက် ယာဉ်များဝယ်ခြင်းဖြစ်ပြီး သို့မဟုတ် စွန့်ပစ်အမှိုက်များ စီမံခန့်ခွဲမှုအတွက် ယာဉ်များကိုမှ ဝယ်ယူရန်ခဲယဉ်းသည်။


**ပုံ ၆။ နမူနာ DAOs များ၏ သာမာန်အသုံးစရိတ်အနေအထား - မြို့ငယ်များနှင့် DAO ရုံးများ**





[43] DDA ၏ သာမန်အသုံးတွင်လည်း ထိုအမျိုးအစားများပင်ပါဝင်သည်။






ပုံ ၇။ နမူနာ DAOs များ၏ သာမန်အသုံးစရိတ်အနေအထား - မြို့ကြီးများနှင့် DAO ရုံးများ




ပုံ ၈။ နမူနာ DAO များ၏ ငွေလုံးငွေရင်းအသုံးစရိတ်ကို ဖော်ပြခြင်း



## ၃.၄။ DAO ဘဏ္ဍာရေး - ငွေကြေးသုံးစွဲမှုများအတွက် DAO များက ဘဏ္ဍာငွေများထောက်ပံ့မှုများကို ဘယ်လိုလုပ်သလဲ။

### ၃.၄.၁။ ရငွေ(ဝင်ငွေ)သတ်မှတ်လျာထားခြင်း၊ ရငွေအရင်းအမြစ်များနှင့် ရငွေပြန်လည်ခွဲဝေချထားခြင်း

**ရငွေ အရင်းအမြစ်**

**ပြည်နယ်/တိုင်းဒေသကြီးကပိုင်ဆိုင်သည့် စီးပွားရေးလုပ်ငန်းများ၏နည်းလမ်းများကဲ့သို့ပင် DAO/DDA စနစ်များသည်မိမိ(ကိုယ်တိုင်ရှာဖွေသော)ဘဏ္ဍာငွေကို များစွာအသုံးပြုသည်ဟုယူဆကြသည်။ ပြည်နယ်/တိုင်း ဒေသကြီးစည်ပင်သာယာရေး ဥပဒေများသည် DAOများကို ကိုယ်ပိုင်ရငွေ အရင်းအမြစ်နည်းလမ်းများ အားအသုံးပြု၍ ရငွေ(ဝင်ငွေ)ရရှိအောင် ဆောင်ရွက်ခွင့် ပေးထားသည်။ ယင်းတို့အား အကျဉ်းချုပ်ပြီး အောက်တွင် ဖော်ပြထားပါသည်** [44] -

- စီးပွားရေးလုပ်ဆောင်ခွင့်လိုင်စင် မှတ်ပုံတင်ကြေး [45] - ဤရငွေများသည် DAO များ၏လုပ်ပိုင်ခွင့်ဖြစ်သော၊ စီးပွားရေးလုပ်ငန်း လုပ်ဆောင်ခွင့်အတွက်မှတ်ပုံတင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုလုပ်ထုံးလုပ်နည်းများအရ ရရှိလာခြင်းဖြစ်သည်။
- လိုင်စင်လေလံများ[46] - DAO များသည် စီးပွားရေး သို့မဟုတ် စီမံခန့်ခွဲရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ခွင့်အား လေလံပစ်၍ ရောင်းချကြသည်။ (ဥပမာ-သားသတ်ရုံများ၊ အကြိုအပို့ယာဉ်များ၊ အပေါင်ဆိုင်များ၊ ဈေးစီမံခန့်ခွဲမှု၊ ဘီးခွန်များ ကောက်ခံမှု [47] နှင့် အများသုံးအိမ်သာများစီမံခန့်ခွဲမှု အစရှိသည်တို့ဖြစ်သည်။) လေလံအောင်သူများက ယင်းလိုင်စင်များအတွက် DAOများသို့ ကြိုတင်ငွေပေးချေ၍သော်လည်းကောင်း၊ ပုံမှန်အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း ငွေပေးချေကြသည်။
- အိုးအိမ်ဆိုင်ရာနှုန်းများ (သို့မဟုတ် အခွန်များ) – DAO များသည် အိမ်ခြေများအပေါ် အိုးအိမ်ဆိုင်ရာအခွန်(အိမ်ခွန်)နှစ်စဉ် ကောက်ခံသည်။ ယင်းသို့ကောက်ခံရာတွင် (ပိုင်ဆိုင်မှုအခွန်၊ စွန့်ပစ်ပစ္စည်းများသိမ်းခြင်း၊ လမ်းမီးများ၊ ရေ အစရှိသည့်) အစိတ်အပိုင်းများခွဲ၍ ကောက်ခံခြင်းဖြစ်သည်။ ၎င်း"အခွန်များ"သည် အင်္ဂလိပ်စကားပြောသည့်နိုင်ငံများတွင် စည်းကြပ် ကောက်ခံသည့် အခြေခံပစ္စည်းပိုင်ဆိုင်မှုအတွက်ပေးရသည့် "နှုန်းထားများ"နှင့် ဆင်တူပြီး၊ အခြေခံ စည်ပင်ဝန်ဆောင်မှုများအတွက် ပေးရန် ရည်ရွယ်ရင်းဖြစ်သည်။ - အဆိုပါ အခြေခံ စည်ပင်ဝန်ဆောင်မှုများမပေးသည့်နေရာများတွင်တော့(အချို့သော ရပ်ကွက်များ၌ စွန့်ပစ်အမှိုက်များ သိမ်းယူခြင်းကဲ့သို့သော ကိစ္စရပ်မျိုးကဲ့သို့) အခြေခံပစ္စည်းပိုင်ဆိုင်မှုနှုန်းများ ကောက်ခံရာ၌ ၎င်းဝန်ဆောင်ခများအတွက်ပေးဆောင်ရမှုများ မပါဝင်ပေ။
- ဘီးခွန် - ယာဉ်မှတ်ပုံတင်ခြင်းနှင့် မြို့ပြင်မှယာဉ်များအား အခွန်ကောက်ခံခြင်းဖြစ်သည်။
- အဆောက်အဦးဆောက်လုပ်ခွင့် ပါမစ်များ - DAO များသည် နှစ်ထပ်နှင့်အထက်မြင့်သော အဆောက်အဦး ဆောက်လုပ်ခြင်း အတွက် အဆောက်အဦးဆောက်လုပ်ခွင့်ပါမစ်ကြေး ကောက်ခံသည်။
- ပိုင်ဆိုင်မှုငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ - DAO များသည် ၎င်းတို့ပိုင်ဆိုင်မှုများကို သုံးစွဲကြသူများထံမှ ငှားရမ်းခ ကောက်ခံပြီး၊ ယင်းပိုင်ဆိုင်မှုများကို ရောင်းချခြင်းမှလည်း ဝင်ငွေရရှိသည်။
- ဒဏ်ကြေးနှင့် ပြစ်ဒဏ်များအတွက်ငွေဒဏ် - ဥပဒေစည်းမျဉ်းအမျိုးမျိုးကို ဖောက်ဖျက်ခြင်းကြောင့် ဒဏ်ကြေးကောက်ခံသည်။

**DAOများသည်၎င်းတို့ကိုယ်တိုင်ကောက်ခံပြီးစီမံခန့်ခွဲသည့်ယင်းကိုယ်ပိုင်ဝင်ငွေရရှိသော အရင်းအမြစ်များအပြင်၊ စည်ပင်အဖွဲ့များသည် ၎င်းတို့စီရင်စုများမှ ကောက်ခံရရှိသည့်ဝင်ငွေခွန်မှဝေစုရှယ်ယာ (၅%) (အခွန်ရ သည့်မူလနေရာမှ)** [48] **နှင့် တံဆိပ်ခေါင်းခွန်မှ ဝေစုရှယ်ယာ (၂%) (အခွန်ရသည့်မူလနေရာမှ)** [49] **တို့ကို လည်းလက်ခံရရှိသည်။** [50] အစိုးရထိပ်ပိုင်းအဆင့်နှင့် ဝင်ငွေများ မျှဝေမှုသည်

---

[44] DAO ဝင်ငွေအရင်းအမြစ်များ အသေးအစိတ်အချက်အလက်အတွက် Arnold et al. (2015) နှင့် Bissinger (2016) ကို ကြည့်ပါ။

[45] DAO စီးပွားရေးလိုင်စင်နှင့် မှတ်ပုံတင်ရာတွင် ကောက်ခံသည့်ကြေးများကို အသေးစိတ်ဖော်ပြချက်နှင့် ဆွေးနွေးချက်များအတွက် Bissinger (2016) ကိုကြည့်ပါ။

[46] DAO လေလံလိုင်စင် ဝင်ငွေများကို အသေးစိတ်ဖော်ပြချက်နှင့် ဆွေးနွေးချက်များအတွက် Bissinger (2016) ကိုကြည့်ပါ။

[47] ဘီးခွန်တွင် နှစ်ပိုင်းပါဝင်သည်။ (က) မြို့နယ်တွင် နေထိုင်သူများက ၎င်းတို့၏ ကိုယ်ပိုင်ယာဉ်များအား မှတ်ပုံတင်သည့်အခါ ကောက်ခံခြင်းဖြစ်ပြီး (ခ) ယာဉ်ပိုင်ရှင်များသည် မြို့နယ်အတွင်း မှတ်ပုံတင်ထားခြင်းမဟုတ်သော်လည်း မြို့နယ်အတွင်း ဝင်ရောက်လာပါက ကောက်ခံခြင်းဖြစ်သည်။ ယာဉ်မှတ်ပုံတင်ခြင်းသည် ပြည်ထောင်စု၏တာဝန် (ပို့ဆောင်ရေးဝန်ကြီးဌာနအောက်တွင်) ဖြစ်နေစဉ်မှာပင် ယာဉ်မှတ်ပုံတင်လိုသည့် ယာဉ်ပိုင်ရှင်များသည် (သယ်ယူပို့ဆောက်ရေးဝန်ကြီးဌာနက ၎င်းတို့အား မှတ်ပုံတင်ပေးပြီးနောက်) လိုအပ်သည့်ဘီးခွန်ပေးရန် မြို့နယ် DAO ရုံးသို့ ဦးစွာလာရသည်။ ဘီးခွန်ကောက်ခံခြင်းပုံစံ နောက်တစ်မျိုးမှာ (ဘီခွန်ကောက်ခံခွင့်လိုင်စင်ချပေးလေ့ရှိသော) မြို့နယ်တွင် ယာဉ်မှတ်ပုံတင်ခြင်း မပြုလုပ်ထားသော်လည်း မြို့နယ်အတွင်း ဝင်ရောက်ရှိသည့်အခါ (မြို့နယ်(သို့မဟုတ်) မြို့၏ အစွန်ဘက်တွင် တည်ရှိသော ဘီးခွန်ကောက်ခံသည့် နေရာများတွင်) ယာဉ်ပိုင်ရှင်များ ဘီးခွန်ကြေးပေးဆောင်ရန် လိုအပ်ခြင်းကြောင့် ပေးချေရသည့် ပုံစံမျိုးဖြစ်သည်။ Arnold et al. (2015) ကိုကြည့်ပါ။

[48] တစ်ဦးချင်းကို အခွန်ကောက်ခံခြင်း (စီးပွားရေးလုပ်ငန်းများကို မဟုတ်ပါ)။ အများစုသည် အစိုးရဝန်ထမ်းကသော်လည်းကောင်း၊ ပုဂ္ဂလိကကဏ္ဍမှ ဝန်ထမ်းများက လည်းကောင်းပေးအပ်ခြင်းဖြစ်သည် ယူဆနိုင်သည်။

[49] ယင်းကို တစ်ခါတစ်ရံတွင် "ကုန်သွယ်ခွန်"အဖြစ် မှားယွင်းစွာ ဘာသာပြန်ကြသည်။

[50] နေပြည်တော်ရှိ ပြည်တွင်းအခွန်ဦးစီးဌာနက အရာရှိများ၏အဆိုအရ ယင်းသည် ကြာရှည်စွာတည်ရှိနေသော အခွန်မျှဝေခြင်း အစီအမံတစ်ရပ်ဖြစ်သည်။ အမှန်တကယ်တော့ တံဆိပ်ခေါင်းခွန်မျှဝေခြင်းတွင် ရှည်လျားသည့် သမိုင်းကြောင်းရှိသည်။ ရန်ကုန်စည်ပင်သာယာရေးနယ်မြေတွင် ယင်းကဲ့သို့ မျှဝေခြင်းကို ၁၉၂၀ ရန်ကုန်ဖွံ့ဖြိုးတိုးတက်မှု ဥပဒေက လုပ်ပိုင်ခွင့်ပေးမှုဖြင့် စတင်ခဲ့ပြီး ၂၀၀၉ ခုနှစ်တွင် မန္တလေးသို့ တိုးချဲ့ခဲ့ကာ ၂၀၁၄ တွင်တော့ တစ်နှစ်ငံလုံးအနှံ့ DAO ရုံးများအားလုံးသို့ လုပ်ပိုင်ခွင့်ပေးခဲ့သည်။

အစိုးရအတွင်း ဘဏ္ဍာငွေလွှဲပြောင်းမှုပုံစံကို ထိရောက်စွာဖြည့်ဆည်းပေးသည်။ ၎င်းတို့သည် ကိုယ်ပိုင်ဝင်ငွေ အရင်း အမြစ်မှ ရသော ဝင်ငွေများမဟုတ်ပါ။ ဝင်ငွေခွန်နှင့်တံဆိပ်ခေါင်းခွန်နှစ်ခုစလုံးကို ပြည်ထောင်စု အစိုးရ၏ ပြည်တွင်းအခွန်များ ဦးစီးဌာန (IRD)မှ ကောက်ခံကာ အုပ်ချုပ်စီမံခန့်ခွဲခြင်းဖြစ်သည်။ DAO ဘတ်ဂျက်မှတ်တမ်းများတွင် ယင်းဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်မျှဝေမှုကို အခြေခံပစ္စည်းပိုင်ဆိုင်မှုအခွန် (သို့မဟုတ် နှုန်းထား)နှင့် တစ်မျိုးတစ်စားတည်းထား၍ ရေးသွင်းထားကာ အခြားသော အခွန်များထံမှ ခွဲခြားနိုင်ခြင်းမရှိပါ။ [51]

**ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ သို့မဟုတ် ပြည်ထောင်စုအစိုးရမှ DAOs/DDAs သို့ ထင်သာမြင်သာ ရှိသော လွှဲပြောင်းမှုများသည် ဖြစ်လေ့ဖြစ်ထမရှိသော်လည်း အသေအချာရှိနေသည်ဟုဆိုရမည်။** အချို့သော ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ၎င်းတို့၏ DAO/DDA စနစ်များအား ဘဏ္ဍာငွေထောက်ပံ့မှုအချို့ပေးအပ်ပါသည်။ အထင်ရှားဆုံးမှာ မွန်ပြည်နယ်ရှိ DAO များကို ပြည်နယ်မှ လွှဲပြောင်းပေးမှုများရရှိမည်ဆိုသော (ခန့်မှန်းခြေအားဖြင့် ၎င်းတို့၏ကိုယ်ပိုင်အရင်းအမြစ်နှင့် မျှဝေရရှိသော ဝင်ငွေစုစုပေါင်း၏ ၁၅-၂၀ ရာခိုင်နှုန်းရှိမည်) ယူဆချက်ပေါ်အခြေခံကာ ၎င်းတို့၏ ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်ရေးဆွဲရန် ပြည်နယ်ရသုံး မှန်းခြေငွေစာရင်းဌာနမှ ညွှန်ကြားခဲ့သည်။

တနင်္သာရီတိုင်းဒေသကြီးတွင် DAO စနစ်သည် မြို့ပြဝန်ဆောင်မှုများအတွက် အထွေထွေငွေ ပေးချေရမှုမြင့်မားလာခြင်းမှထွက်ပေါ် လာသည့် မည်သည့်လိုငွေကိုမဆို ဖြည့်ဆည်းပေးနိုင်ရန် ၂၀၁၄-၁၅ ဘဏ္ဍာနှစ်၌ တိုင်းဒေသကြီးအစိုးရထံမှ ထပ်ဆောင်း လွှဲပြောင်းမှုများကို လက်ခံရရှိခဲ့သည်။ နောက်ဆုံး အနေဖြင့် ကရင်ပြည်နယ်တွင် ပြည်နယ်အစိုးရမှဝယ်ယူထားသော်လည်း DAO တစ်ခုချင်းစီသို့ လွှဲပြောင်း ပေးခဲ့သည့် အမှိုက်သိမ်းယာဉ်များကဲ့သို့သော ငွေသားမဟုတ်သည့်လွှဲပြောင်းမှုပုံစံမျိုးအား DAO များမှ လက်ခံရရှိခဲ့သည်။

### ချေးငှားခြင်း

**ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေများတွင် DAO များမှ ချေးငှားခြင်း[52] ပြုလုပ်နိုင်ရန်အတွက် ထည့်သွင်းထား သော်လည်း ယင်းသို့ ချေးငှားသည်ဟူသော အထောက်အထားတော့ မရှိပါ။[53]**

**သို့သော်ငြားလည်း နှစ်ဦးနှစ်ဖက် (သို့မဟုတ်) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးမိတ်ဖက်များထံသို့ ပြန်လည် ပေးဆပ်ရမည့် ချေးငွေများ အတွက် DAO များမှတာဝန်ယူရသည့်(ပိုများလာသော)သာဓကများ အသေအချာ ပေါ်ပေါက်လာသည်။** ပြည်နယ်/တိုင်းဒေသကြီး များရှိ DDA နှင့် DAO ရုံးများ၏အဆိုအရ ယခုအခါတွင် JICA နှင့် ADB နှစ်ခုစလုံးသည် မြို့ပြ၌ ရေပေးဝေမှုနှင့်သက်ဆိုင်သည့် အခြေခံအဆောက်အအုံ (ရေသန့်စင်စက်ရုံ၊ ရေလှောင်ကန်များ၊ ရေဖြန့်ဖြူးရာရေပိုက်ကွန်ရက်များ) တွင် ရင်းနှီးမြှုပ်နှံမှုများ အတွက် ငွေကြေးထောက်ပံ့ရန်အလို့ငှာ ပြည်ထောင်စုအစိုးရသို့ ချေးငွေများပေးအပ်လျက်ရှိသည်။ ယင်းချေးငွေများကို ပြည်ထောင်စု အဆင့် ဆောက်လုပ်ရေးဝန်ကြီးဌာန (သို့မဟုတ်) ပြည်ထောင်စုအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဝန်ကြီးဌာနသို့ တရားဝင် ပေးအပ်သွားမည်ဖြစ်သည်။ သို့သော် အရေးကြီးသည်မှာ DAO ဝင်ငွေများအားအသုံးပြု၍ ချေးငွေများကို ပြန်လည်ပေးဆပ် သွားရ လိမ့်မည် ဖြစ်သည်။ [54] ဆိုင်းငံ့ကာလ [55] တစ်ခုမတိုင်မီအချိန်အထိ ၎င်း JICA နှင့် ADB တို့မှ ချေးငွေများ စတင်မထုတ်ပေးပါက DAOs များအနေဖြင့် မည်သည့်အတိုး သို့မဟုတ် အရင်း(ပြန်လည်) ပေးချေမှုများကိုမျှ ပြုလုပ်နိုင်မည်မဟုတ်ပါ။

### ရငွေ ပြန်လည်ခွဲဝေခြင်း

**ဖြစ်နိုင်လျှင် DAO/DDA စနစ်များသည် ၎င်းတို့၏ လက်ရှိရငွေများထက်ပိုသောသုံးစွဲမှုများအားလုံးကို ဘဏ္ဍာငွေထောက်ပံ့မှုရရန် မျှော်လင့်ထားကြသည်။ အမှန်တကယ်တွင်မူ ပြည်နယ်/တိုင်းဒေသကြီး၏ DAO/DDA စနစ်များတွင် တစ်ခုစီ သီးခြားကုန်ကျသည့် ခေါင်းစဉ်ကိုဗဟိုပြု၍ (မြို့နယ်နှင့်မြို့နယ်ခွဲရုံးများ) ၎င်းတို့၏ ကိုယ်ပိုင်နည်းလမ်းဖြင့် ငွေပေးချေစေရန် မျှော်လင့်ကြသည်။** သို့သော် ငြားလည်း ယင်းနည်းလမ်းသည် ကိုယ်ပိုင်အရင်းအမြစ်များနှင့် မျှဝေရရှိသောရငွေများက အခြေခံကျသောသုံးစွဲမှုကို မကာမိသည့် မြို့နယ်နှင့် မြို့နယ်ခွဲ ရုံးများအတွက်တော့ မဖြစ်နိုင်သောကိစ္စရပ်ဖြစ်သည်။ DDA များကိုယ်တိုင်သည်ပင် ၎င်းတို့၏ ကိုယ်ပိုင် အရင်းအမြစ် သို့မဟုတ် မျှဝေရရှိသော ရငွေများများဖြင့် ကုန်ကျစရိတ်များကို ကာမိခြင်းမရှိသေးပါ။

**ယင်းကဲ့သို့သော လိုငွေပြနေသော DAO များနှင့် ပြည်နယ်/တိုင်းဒေသကြီး DDA များကိုယ်တိုင် ဘဏ္ဍာငွေ ဖြည့်ဆည်းနိုင်ရန် အလို့ငှာ DAO/DDA စနစ်အများစုတွင် ဝင်ငွေခွဲဝေမှုအစိတ်အပိုင်းကို ထည့်သွင်းထားသည်။ - ဘဏ္ဍာခွန် အလျှံပယ်ရရှိသော (သို့မဟုတ် ပိုငွေပြသော) DAO များသည် ဝင်ငွေအမျိုးအစားတစ်ခုကို DDA က စီမံခန့်ခွဲသော စုငွေသို့ ထည့်ဝင်ရပြီး ထိုစုငွေကို DDA ကိုယ်၌နှင့် မည်သည့်လိုငွေပြသော မြို့နယ် (သို့မဟုတ်) မြို့နယ်ခွဲ DAO များကိုမဆို ဘဏ္ဍာငွေထောက်ပံ့ရန် အသုံးပြုလေ့**

---

[51] ယင်း IRD/DAO ဝင်ငွေ မျှဝေမှု အစီအမံများသည် တဖြည်းဖြည်းခြင်း ရပ်တန့်သွားလိမ့်မည်ဟု မျှော်လင့်ကြသည်။ ယခု ၂၀၁၇-၁၈ ဘဏ္ဍာနှစ်ကုန်တွင် ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန် မျှဝေမှုများကို DAO သို့ ဆက်လက်၍ ခွဲတမ်းချပေးတော့ မည်မဟုတ်ပါ။ သို့သော် ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရများသို့ ပေးအပ်ဦးမည်ဖြစ်သည်။

[52] See Arnold et al. (2015: ix).

[53] ယခုသုတေသန၏ အစိတ်အပိုင်းတစ်ရပ်အဖြစ် ကွင်းဆင်းလေ့လာမှုများ ပြုလုပ်နေစဉ်အတွင်း မည်သည့် ပြည်နယ်/ တိုင်းဒေသကြီး DDA (သို့မဟုတ်) မြို့နယ် DAO ကမှ DAOs (သို့မဟုတ်) DDA က ချေးငှားသည်ဟု ညွှန်းဆိုခြင်းမရှိပါ

[54] ရေးပေးဝေခြင်းအပေါ် ကောက်ခံမှုကို ယင်းပြန်လည်ပေးချေမှုများသို့ ထည့်ဝင်ရန် မျှော်လင့်ထားသည်ဟု ယူဆသည်။

[55] ဆိုင်းငံ့ကာလ၏ ကြာရှည်မှုကို မသိရပါ။

**ရှိသည်။** DAO များက ကိုင်တွယ်ဆောင်ရွက်ရသည့် စုစုပေါင်း ရငွေမှပိုငွေသည် ပြည်နယ်/တိုင်းဒေသကြီးကွဲပြားမှုအပေါ် မူတည်၍လည်းကောင်း၊ တစ်ခါတစ်ရံတွင် တစ်နှစ်နှင့် တစ်နှစ်ကွဲပြားမှုများအပေါ် မူတည်၍လည်းကောင်း ၅-၁၀ ရာခိုင်နှုန်း အကြားရှိသည်။ ကိစ္စရပ်တစ်ခုတွင် မွန်ပြည်နယ်၌ ယင်းဝင်ငွေခွဲဝေမှုကို နှစ်ပေါင်းများစွာ အသုံးမပြုခြင်းမှာ ပြည်နယ်အစိုးရကိုယ်တိုင်က ၎င်း၏ DAO/DDA စနစ်သို့ ဖြည့်စွက် ဘဏ္ဍာငွေများပေးအပ်နေရခြင်းကြောင့်ဖြစ်သည်။ အခြားသော ပြည်နယ်များ/တိုင်းဒေသကြီးများတွင် DDA များသည် ဘတ်ဂျက်ပြင်နေစဉ်အတွင်း ရငွေပြန်လည်ခွဲဝေခြင်းလုပ်ငန်းစဉ်ကို စီမံခန့်ခွဲသည်။ ယင်းသို့ပြင်ဆင်နေချိန်တွင် ကုန်ကျငွေ/ဘတ်ဂျက်များ ခေါင်းစဉ်တွင် ပိုငွေနှင့် လိုငွေကို စာရင်းပိတ်ခြင်းကို လုပ်ဆောင်ရသည်။

**DAO/DDA စနစ်များသည် ၎င်းတို့၏ ရငွေကို အခြားသော အရေးကြီးသည့် နည်းလမ်းဖြင့်လည်း ပြန်လည်ခွဲဝေသည်။ ယင်းနည်းလမ်းမှာ ၎င်းတို့ရှိ နှစ်ကုန်သည့်တိုင် အသုံးမပြုရသေးသည့် မည်သည့်ဝင်ငွေကိုမဆို ပြည်နယ်/ တိုင်းဒေသကြီး အစိုးရအသီးသီးသို့ ကိုင်တွယ်ဆောင်ရွက်ခွင့် ပေးခြင်းဖြစ်သည်။** ဘဏ္ဍာနှစ်ကုန်ဆုံးခါနီး သို့မဟုတ် ဘဏ္ဍာနှစ်ကုန်တွင် DAO များသည် ၎င်းတို့၏ အသုံးမပြုရသေးသည် ဝင်ငွေများကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရသို့ တိုက်ရိုက်သော်လည်းကောင်း သို့မဟုတ် ၎င်း၏ မိခင်အဖွဲ့အစည်း DDA က တစ်ဆင့်သော်လည်းကောင်း[56] လွှဲပြောင်းပေးနိုင်မည်ဟု တွက်ချက်ကြသည်။ ယင်းအခြေအနေတွင် စိတ်ဝင်စားစရာမှာ ထိုသို့လုပ်ဆောင်ခြင်းကြောင့် အကောင်းအဆိုးနှစ်မျိုးရှိနေသည်။ [57]

- ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် အသုံးမပြုရသေးသည့် ငွေစာရင်းရှင်းတမ်းထံမှ အကျိုးကျေးဇူး ကြီးကြီးမားမား ရရှိနိုင်ရန်အလို့ငှာ DAO/DDA များကို ၎င်းတို့၏ ရငွေငွေများ အမြင့်ဆုံးရှာရန် သို့မဟုတ် အနည်းဆုံးသုံးစွဲရန် DAO/DDAs အား မည်သည့် သီးခြားဖိအားမှ ပေးပုံမရပေ။[58]
- DAO/DDA များကိုယ်တိုင်က အသုံးမပြုရသေးသည့် ငွေစာရင်းလက်ကျန်ကို အနည်းဆုံးဖြစ်စေမည့် နည်းလမ်းအဖြစ် ဘတ်ဂျက်ထက်ကျော်လွန်၍ သုံးစွဲခြင်းကိုလည်းကောင်း သို့မဟုတ် ဘတ်ဂျက်အောက် လျှော့နည်းသည့် ရငွေ ရရှိအောင်လည်းကောင်း လုပ်ဆောင်ပုံမရချေ။

### ၃.၄.၂။ DAO များ၏ ဝင်ငွေများနှင့် ဝင်ငွေပုံစံများ

#### စုစုပေါင်း DAO/DDA ရငွေများ

**စုစုပေါင်း DAO/DDA ရငွေများသည် နောက်စာမျက်နှာဖော်ပြမည့် ဇယားကဲ့သို့ (အခန်းငယ် ၃.၃.၁ တွင် ဖော်ပြထားသည့် အသုံးစရိတ်ဇယားနှင့် နှိုင်းယှဉ်လျှင်) စုစုပေါင်း အသုံးစရိတ်ထက် ပုံမှန်အားဖြင့် အနည်းငယ် မြင့်မားလျက်ရှိသည်။** ကိစ္စရပ်အများစု (ဇယား ၁၀-၁၃ ကြည့်ပါ) အရ DAO/DDA စနစ်များတွင် နှစ်စဉ် စုစုပေါင်းရငွေသည် စုစုပေါင်းသုံးစွဲမှုထက် ပိုများသည်။ ထို့ကြောင့် သုံးစွဲခြင်းမရှိသည့် ငွေစာရင်းပိတ် လက်ကျန်ထွက်ပေါ်လာပြီး ပြည်နယ်များ/တိုင်းဒေသကြီးများသို့ ထိုသုံးစွဲခြင်းမရှိသည့် ငွေများကို ပေးအပ်သည်။ ယင်းကိစ္စရပ်မျိုးသည် (၎င်းအတွက် ခိုင်မာသော စာရင်းအင်း အချက်အလက်ဖြစ်သည်) တနင်္သာရီတိုင်း ဒေသကြီးနှင့် ဧရာဝတီတိုင်း ဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သလို (စာရင်းအင်းအချက်အလက်ပြည့်ပြည့်စုံစုံမရှိသော) ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင်လည်း (DAO/DDA တာဝန်ရှိသူများ၏အဆိုအရ) ဖြစ်ပွားခဲ့သည်။ မွန်ပြည်နယ်တစ်ခု တည်းတွင်သာ DAO/DDA စနစ်သည် အားလုံးခြုံ၍ "လိုငွေပြမှု" ရှိခဲ့၍ ပြည်နယ်အစိုးရက လွှဲပြောင်းပေးမှုဖြင့် ဖြည့်တင်းပေးခဲ့ရသည်။

---

[56] ပြည်နယ်/တိုင်းဒေသကြီးသို့ DAO/DDA "ပိုငွေများ"၏ ယင်းပြန်လည်ခွဲဝေပေးမှုကို နှစ်ကုန်တွင် လုပ်ဆောင်ကြပြီး အပြန်အလှန်အားဖြင့် ယင်းနှစ်ကုန်တွင် အသုံးမပြုရသေးသည့် ပြည်နယ်/တိုင်းဒေသကြီး ဝင်ငွေများသည် ပြည်ထောင်စုအစိုးရသို့ "ပြန်လည်ပေးအပ်ရသည်"။ DAO/DDA အသုံးမပြုရသေးသည့် ငွေစာရင်းရှင်းတမ်းများသည် ပြည်ထောင်စု အစိုးရသို့ ရှင်းလင်းစွာ လွှဲပြောင်းပေးအပ်သည်ဟု ယူဆ၍ရနိုင်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းငွေများကို အသုံးပြုရန် ပြည်နယ်/တိုင်းဒေသကြီးများအတွက် ယင်းနှစ်တွင် အလွန်နောက်ကျသွားပြီဖြစ်သည်။ ယင်းသို့ ဖြစ်သလား၊ မဖြစ်သလား ဆိုခြင်းကိုတော့ ရှင်းရှင်းလင်းလင်းမသိရပါ။ တချို့သော စနစ်များတွင် DAO/DDA အရာရှိများသည် ၎င်းတို့၏ အသုံးမပြုရသေးသော ငွေစာရင်းရှင်းတင်းများကို ပြည်နယ်/တိုင်းဒေသကြီး၏ အရန်ရန်ပုံငွေသို့ လွှဲပြောင်းပေးအပ်ရန် တောင်းဆိုကြသည်။ တခြားတွင်တော့ (တနင်္သာရီတိုင်းဒေသကြီးကဲ့သို့) ကြိုတင်မှန်းဆနိုင်သော အသုံးမပြုရသေးသည့် မည်သည့် DAO ငွေစာရင်းလက်ကျန်ကိုမဆို တိုင်းဒေသကြီးသို့ (ဘဏ္ဍာနှစ် မကုန်ဆုံးခင်) အမြန်ဆုံးလွှဲပြောင်းပေးအပ်ပုံရပြီး တိုင်းဒေသကြီးအနေဖြင့် ၎င်း၏ဒေသတွင်ပင် ပြန်လည်အသုံးပြုနိုင်ရန်အတွက် အချိန်ပေးထားပုံရသည်။

[57] အစီအရင်ခံစာရေးသားပြုစုသူများသည် ယင်းအတွက် လက်ခံနိုင်လောက်သည့် မည်သည့်ရှင်းလင်းချက်များကိုမှ ရှာဖွေ မတွေ့ရှိနိုင်ခဲ့ပါ။

[58] အစီအရင်ခံစာရေးသားပြုစုခြင်းအတွက် သွားရောက်ခဲ့သမျှ ပြည်နယ်/တိုင်းဒေသကြီးများတွင် မည်သည့် DAO/DDA တာဝန်ရှိသူကမှ ပြည်နယ်/တိုင်းဒေသကြီးအာဏာပိုင်များထံက ဖိအားပေးသည်ဟု ဖော်ပြကြခြင်းမရှိ။

ဇယား ၁၀။ DAO စနစ် စုစုပေါင်း ဝင်ငွေကို မြန်မာကျပ်ငွေဖြင့် ဖော်ပြခြင်း (ဧရာဝတီ၊ တနင်္သာရီနှင့် မွန်ပြည်နယ်)

**MYANMAR**
**DAO REVENUES**
**MMK millions**

| State/Region | 2011-12 | | | 2012-13 | | | 2013-14 | | | 2014-15 | | | 2015-16 | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | Total MMK millions | Per capita (total pop.) MMK | Per capita (urban pop.) MMK | Total MMK millions | Per capita (total pop.) MMK | Per capita (urban pop.) MMK | Total MMK millions | Per capita (total pop.) MMK | Per capita (urban pop.) MMK | Total MMK millions | Per capita (total pop.) MMK | Per capita (urban pop.) MMK | Total MMK millions | Per capita (total pop.) MMK | Per capita (urban pop.) MMK |
| Ayeyarwady | 6,321.710 | 1,053 | 7,688 | 7,396.392 | 1,220 | 8,819 | 8,418.744 | 1,375 | 9,841 | 9,313.451 | 1,506 | 10,673 | 9,936.846 | 1,591 | 11,164 |
| Tanintharyi | 2,335.139 | 1,708 | 5,357 | 2,687.653 | 1,947 | 8,263 | 2,719.745 | 1,950 | 8,197 | 2,866.699 | 2,035 | 8,471 | 3,138.229 | 2,206 | 9,091 |
| Mon | 3,853.031 | 1,932 | 3,584 | 4,671.228 | 2,319 | 4,217 | 4,700.446 | 2,311 | 4,119 | 5,218.639 | 2,540 | 4,440 | 5,497.097 | 2,649 | 4,539 |
| Totals | 12,509.880 | 1,336 | 7,445 | 14,755.273 | 1,560 | 8,609 | 15,838.935 | 1,658 | 9,060 | 17,398.789 | 1,803 | 9,757 | 18,572.172 | 1,906 | 10,211 |

ဇယား ၁၁။ DAO စနစ် စုစုပေါင်း ဝင်ငွေကို ကို အမေရိကန်ဒေါ်လာဖြင့် ဖော်ပြခြင်း (ဧရာဝတီ၊ တနင်္သာရီနှင့် မွန်ပြည်နယ်)

MYANMAR
DAO REVENUES
USD

Exchange rate = 1,100 MMK : USD 1.00

| State/Region | 2011-12 | | | 2012-13 | | | 2013-14 | | | 2014-15 | | | 2015-16 | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | Total USD | Per capita (total pop.) USD | Per capita (urban pop.) USD | Total USD | Per capita (total pop.) USD | Per capita (urban pop.) USD | Total USD | Per capita (total pop.) USD | Per capita (urban pop.) USD | Total USD | Per capita (total pop.) USD | Per capita (urban pop.) USD | Total USD | Per capita (total pop.) USD | Per capita (urban pop.) USD |
| Ayeyarwady | 5,747,009 | 0.96 | 6.99 | 6,723,993 | 1.11 | 8.02 | 7,653,404 | 1.25 | 8.95 | 8,466,774 | 1.37 | 9.70 | 9,033,496 | 1.45 | 10.15 |
| Tanintharyi | 2,122,854 | 1.55 | 4.87 | 2,443,321 | 1.77 | 7.51 | 2,472,495 | 1.77 | 7.45 | 2,606,090 | 1.85 | 7.70 | 2,852,935 | 2.01 | 8.26 |
| Mon | 3,502,755 | 1.76 | 3.26 | 4,246,571 | 2.11 | 3.83 | 4,273,133 | 2.10 | 3.74 | 4,744,217 | 2.31 | 4.04 | 4,997,361 | 2.41 | 4.13 |
| Totals | 11,372,618 | 1.21 | 6.77 | 13,413,885 | 1.42 | 7.83 | 14,399,032 | 1.51 | 8.24 | 15,817,081 | 1.64 | 8.87 | 16,883,793 | 1.73 | 9.28 |

ဇယား ၁၂။ DAO စနစ် စုစုပေါင်း သုံးစွဲခြင်းမရှိသည့် ငွေစာရင်းပိတ်လက်ကျန်များကို မြန်မာကျပ်ငွေဖြင့်ဖော်ပြခြင်း (ဧရာဝတီ၊ တနင်္သာရီနှင့် မွန်)

**MYANMAR**
**DAO UNSPENT BALANCES**
**MMK millions**

| State/Region | 2011-12 | | | 2012-13 | | | 2013-14 | | | 2014-15 | | | 2015-16 | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | Revenues | Expend. | Balance | Revenues | Expend. | Balance | Revenues | Expend. | Balance | Revenues | Expend. | Balance | Revenues | Expend. | Balance |
| Ayeyarwady | 6,321.71 | 5,632.17 | 689.54 | 7,396.39 | 7,078.41 | 317.98 | 8,418.74 | 8,124.13 | 294.61 | 9,313.45 | 8,874.93 | 438.52 | n/a | n/a | n/a |
| Tanintharyi | 2,335.14 | 2,334.68 | 0.46 | 2,687.65 | 2,585.64 | 102.01 | 2,719.75 | 2,561.13 | 158.61 | 2,866.70 | 2,644.34 | 222.36 | 3,138.229 | 2,899.28 | 238.95 |
| Mon | 3,853.03 | 3,613.33 | 239.70 | 4,671.23 | 4,688.40 | (17.18) | 4,700.45 | 5,590.60 | (890.15) | 5,218.64 | 5,950.24 | (731.60) | 5,497.10 | 6,089.04 | (591.95) |
| Totals | 12,509.88 | 11,580.18 | 929.70 | 14,755.27 | 14,352.46 | 402.82 | 15,838.94 | 16,275.86 | (436.93) | 17,398.79 | 17,469.52 | (70.73) | 8,635.33 | 8,988.32 | (353.00) |

ဇယား ၁၃။ DAO စနစ် စုစုပေါင်း သုံးစွဲခြင်းမရှိသည့် ငွေစာရင်းပိတ်လက်ကျန်များကို အမေရိကန်ဒေါ်လာဖြင့်ဖော်ပြခြင်း (ဧရာဝတီ၊ တနင်္သာရီနှင့် မွန်)

**MYANMAR**
**DAO UNSPENT BALANCES**
**USD**


Exchange rate = 1,100 MMK : USD 1.00


| State/Region | 2011-12 | | | 2012-13 | | | 2013-14 | | | 2014-15 | | | 2015-16 | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | Revenues | Expend. | Balance | Revenues | Expend. | Balance | Revenues | Expend. | Balance | Revenues | Expend. | Balance | Revenues | Expend. | Balance |
| Ayeyarwady | 5,747,009 | 5,120,157 | 626,852 | 6,723,993 | 6,434,922 | 289,071 | 7,653,404 | 7,385,574 | 267,830 | 8,466,774 | 8,068,121 | 398,653 | n/a | n/a | n/a |
| Tanintharyi | 2,122,854 | 2,122,432 | 422 | 2,443.32 | 2,350,582 | 92,739 | 2,472,495 | 2,328,302 | 144.19 | 2,606,090 | 2,403,946 | 202,144 | 2,852,935 | 2,635,709 | 217,226 |
| Mon | 3,502,755 | 3,284,847 | 217,908 | 4,246.57 | 4,262,185 | (15,615) | 4,273,133 | 5,082,362 | (809.23) | 4,744,217 | 5,409,312 | (665,095) | 4,997,361 | 5,535,494 | (538,133) |
| Totals | 11,372,618 | 10,527,436 | 845,182 | 6,730,683 | 13,047,689 | 366,195 | 14,399,032 | 14,796,237 | 267,165 | 15,817,081 | 15,881,379 | (64,298) | 7,850,296 | 8,171,203 | (320,906) |

**တစ်ဦးချင်း အလိုက် DAO/DDA ရငွေများ**

**DAO/DDA ရငွေများသည် အထက်တွင်ဖော်ပြထားသည့် ဇယားများနှင့် ပုံ ၉ အရ သိသာထင်ရှားစွာ ကွဲပြားခြားနားမှုများရှိသည်။**
DDA/DAO တစ်ဦးချင်း အလိုက်ရငွေငွေများတွင် (စုစုပေါင်း ပြည်နယ်/တိုင်းဒေသကြီး လူဦးရေအရ) မွန်ပြည်နယ်သည် အမြင့်ဆုံးဖြစ်ကာ ဧရာဝတီတိုင်းဒေသကြီးတွင် အနိမ့်ဆုံးဖြစ်သည်။ သို့သော် တစ်ချိန်တည်းမှာပင် မြို့ပြတစ်ဦးချင်း ရငွေတွင်တော့ (မြို့ပြလူဦးရေအရ) မွန်ပြည်နယ်တွင် အနိမ့်ဆုံးဖြစ်ကာ ဧရာဝတီတိုင်းဒေသကြီးတွင် အမြင့်ဆုံးဖြစ်နေသည်။ ယင်းသို့ ဖြစ်နေခြင်းမှာ နားလည်ရခက်သော်လည်း မွန်ပြည်နယ်တွင် အခွန်နှုန်းထားနည်းခြင်းများ(အခွန်များ၊ လိုင်စင်များအစရှိသည့်)ကို စုပေါင်းထားသောကြောင့်ဖြစ်နိုင်သည်။ ထို့အပြင် မွန်ပြည်နယ်ရှိ လူဦးရေသည် တနင်္သာရီတိုင်း ဒေသကြီးနှင့် အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီးတို့ထက် ပိုမို မြို့ပြတွင်နေထိုင်မှု (ကျေးလက်တွင် နေထိုင်မှုနည်းပါးခြင်း) [59] များခြင်းကြောင့်ဖြစ်သည်။

**ပုံ ၉။ တစ်ဦးချင်း DAO/DDA ဝင်ငွေများ (ပြည်နယ်/တိုင်းဒေသကြီးအားဖြင့်)**





**စုစုပေါင်းဝင်ငွေများတွင်ပါဝင်သော ရငွေအရင်းအမြစ်များ - ပြည်နယ်/တိုင်းဒေသကြီး စုစုပေါင်း**


ယေဘုယျအားဖြင့် စုစုပေါင်း DAO ရငွေ များတွင် လိုင်စင်လေလံတင်ခြင်းမှရရှိသော ရငွေများသာ အဓိက လွှမ်းမိုးထားသည်။

[59] အောက်ပါကဏ္ဍခွဲများတွင် ရှင်းလင်းဖော်ပြထားသကဲ့သို့ DAO ဝင်ငွေများ၏ အချိုးအစား ကြီးကြီးမားမားသည် အမှန်တကယ်တော့ မြို့ပြနေရာများထက် ကျေးလက်ဒေသများထံမှ ရရှိခြင်းဖြစ်သည်။ DAO များသည် အနည်းနှင့် အများဆိုသလို ဝင်ငွေရှာနိုင်သလောက်သာ သုံးစွဲရမည်ဖြစ်သောကြောင့် မြို့ပြလူဦးရေများသော ပြည်နယ်/တိုင်းဒေသကြီးများသည် ကျေးလက်ဒေသများသော ပြည်နယ်/တိုင်းဒေသကြီးများထက် တစ်ဦးချင်း မြို့ပြအသုံးစရိတ်ပိုများသော ရလဒ်မျိုးထွက်ပေါ်လာမည်ဖြစ်သည်။

အောက်ဖော်ပြပါပုံတွင် မြင်ရသကဲ့သို့ လိုင်စင်လေလံတင်ခြင်းက ရရှိသောရငွေသည် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးရှိ စုစုပေါင်း DAO ရငွေ၏ သုံးပုံနှစ်ပုံကျော်ခန့်ရှိသည်။ ပုံ ၁၀ တွင် တွေ့မြင်ရသည့်အတိုင်း လိုင်စင်လေလံတင်ခြင်းမှ ရရှိသောရငွေ၏ ကြီးမားသော အစိတ်အပိုင်းသည် (အလွယ်တကူဖော်ထုတ်ခြင်း မလုပ်နိုင်သောအချိုးအစား) ပိုမိုကျယ်ပြန့်သော မြို့နယ် (သို့မဟုတ်) မြို့နယ်ခွဲ၏ အစိုးရငွေကောက်ခံသည့်နေရာ (ကျေးလက်ရွာအုပ်စုများအပြင် မြို့ပြရပ်ကွက်များပါ ပါဝင်သည်) များထံမှ ရရှိ ပုံရသည်။ ယင်းသည် လိုင်စင်လေလံတင်ခြင်း၏ အရေးကြီးပုံကို DAO ရငွေ၏ အရင်းအမြစ်အဖြစ် ရှင်းပြနိုင်သော နည်းလမ်းဖြစ်သည်။ လိုင်စင်လေလံတင်ခြင်းသည် (တိုက်ရိုက်အခွန်ကောက်ခံခြင်းနှင့်မတူဘဲ) DAO များက အခွန်ဘဏ္ဍာ ရရှိအောင် အနည်းငယ် အားစိုက်ထုတ်ကာ ဆောင်ရွက်ရသည့် အစိတ်အပိုင်းလည်း လိုအပ်သည်။ ထို့အပြင် လိုင်စင်လေလံအောင်သူထံမှ ကြိုတင်ငွေပေးချေမှုဖြင့်လည်းကောင်း၊ ပုံမှန်အရစ်ကျ ငွေပေးသွင်း၍လည်းကောင်း ရငွေရရှိအောင် ဆောင်ရွက်သည်။

**ပုံ ၁၀။ DAO ဝင်ငွေအရင်းအမြစ်**




**DAO ရငွေရရှိရာ ဒုတိယအကြီးဆုံးအရင်းအမြစ်သည် စီးပွားရေးလုပ်ငန်းလိုင်စင်များ၊ ပိုင်ဆိုင်မှု အငှားချထားခြင်းနှင့် အခြားသော ရငွေများကနေ ရရှိလာခြင်းဖြစ်သည်။** ယင်းသည် တနင်္သာရီတိုင်း ဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ရငွေစုစုပေါင်း၏ ၁၅-၂၀ ရာခိုင်နှုန်းအကြားရှိသည်။

**အခွန်များ (သို့မဟုတ် နှုန်းထားများ) သည် DAO ၏ တတိယအကြီးမားဆုံးသော ရငွေအရင်းအမြစ်ဖြစ်သည်။** ဤနေရာတွင် အခွန်ဝင်ငွေများကို DAO က အစိုးရဘဏ္ဍာငွေရရှိအောင် အားထုတ်ဆောင်ရွက်သည့် လက္ခဏာတစ်ခုအဖြစ် ရှုမြင်နိုင်သည်။ သို့သော်လည်း မြို့နယ် DAO များသို့ တဖြည်းဖြည်းပေးအပ်လာသည့် (ပြည်တွင်း အခွန်ဌာနက ကောက်ခံ၍ စီမံခန့်ခွဲသော) ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန် မျှဝေခြင်းကလည်း အခွန်ဝင်ငွေ အမျိုးအစားတွင် ပါဝင်နေခြင်းကြောင့် ယင်းအခွန်ဝင်ငွေသည် အဓိပ္ပါယ်အားဖြင့်


အနည်းငယ် ကွဲပြားဖို့လိုအပ်သည်။ [60] ယင်းမျှဝေပေးသောငွေသည် DAO အခွန်ရငွေများအားလုံး၏ အရေးပါသော အစိတ်အပိုင်း တစ်ခုအဖြစ် ရှိနေသည်။ တနင်္သာရီတိုင်းဒေသကြီးတစ်ခုလုံးတွင် ၎င်းတို့သည် ၂၀၁၆-၁၇ ဘဏ္ဍာနှစ်အတွက် ဘတ်ဂျက်၏ အခွန်ဝင် ငွေများ၏ ၃၀ ရာခိုင်နှုန်းနီးပါးရှိသည်။ [61] ထားဝယ် DAO တွင်လည်း မျှဝေရရှိသော ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန် ဝင်ငွေများသည် စုစုပေါင်းအခွန်ရငွေ၏ ၃၅-၄၅ ရာခိုင်နှုန်းရှိသည်။ [62]

**စုစုပေါင်းဝင်ငွေများတွင်ပါဝင်သော ရငွေအရင်းအမြစ်များ - DAO များတလွှား နှိုင်းယှဉ်ခြင်း**

DAO များကြားတွင် နှိုင်းယှဉ်ပါက အရေးကြီးသော ကွဲပြားခြားနားသည့် ရငွေအမျိုးအစားများရှိသည်။ အောက်ဖော်ပြထားသည် များသည် သိသာထင်ရှားသည် ကွဲပြားခြားနားမှုများ ဖြစ်သည် -


- မြို့ပြနေရာများ၏ အရွယ်အစား (လူဦးရေအားဖြင့် တိုင်းတာခြင်း) - မြို့ပြနေရာများ ကြီးလေလေ၊ DAO က လိုင်စင်လေလံပစ် ခြင်းများအပေါ် မှီခိုရမှု နည်းလေလေဖြစ်ပြီး ပိုင်ဆိုင်မှု ငှားရမ်းခြင်း/ရောင်းချခြင်း/အခြားနှင့် အခွန်ဖြင့် ရရှိသည့် စုစုပေါင်း ရငွေများ၏ အချိုးအစား ကြီးမားလာလေဖြစ်သည်။ ယင်းကို အောက်ဖော်ပြပါပုံတွင်း ရှင်းလင်းဖော်ပြထားသည်။

**ပုံ ၁၁။ ဝင်ငွေအရင်းအမြစ်များနှင့် မြို့ပြနေရာ အရွယ်အစား (ဧရာဝတီ)**




ဤနည်းအတိုင်းပင် DAO ၏ မြို့နယ်တွင် မြို့ပြနေထိုင်သူနည်းပါးလေ DAO က လိုင်စင်လေလံတင်ခြင်းများအပေါ် မှီခိုရမှု ကြီးမား လေလေဖြစ်သည်။ မြို့နယ်များသည် မြို့ပြတွင် နေထိုင်သူများလေလေ ၎င်းတို့၏ DAO များသည် လိုင်စင်လေလံတင်ခြင်းအပေါ် မှီခိုရမှုနည်းပါးလာပြီး အခြားသော ဝင်ငွေအရင်းအမြစ်အပေါ် ပိုမိုမှီခိုလာနိုင်သည်။ အောက်ဖော်ပြပါ ပုံ ၁၂ သည် ယင်းသဘော တရားကို သရုပ်ဖော်ပြသည်။

**ပုံ ၁၂။ ဝင်ငွေအရင်းအမြစ်များနှင့် မြို့နယ်၏ မြို့ပြလူနေထိုင်မှု (ဧရာဝတီ)**




[60] အမှန်တကယ်တော့ ယင်းကို DAO ဝင်ငွေ အနှစ်ချုပ်များတွင် "အခြေပစ္စည်းပိုင်ဆိုင်မှုအခွန်" အဖြစ် အစီအရင်ခံကြသည်။ အသေးစိတ် အချက်အလက်များပါဝင်သည့် အချို့သော DAO ဝင်ငွေ ထုတ်ပြန်ကြေညာချက်များတွင်သာ ပြည်တွင်းအခွန်ဌာန၏ အခွန်မျှဝေခြင်း ပမာဏကို သီခြားမှတ်တမ်းအဖြစ် ဖော်ပြသည်။

[61] သို့မဟုတ် ဧရာဝတီတိုင်းဒေသကြီး၏ စုစုပေါင်း DAO/DDA စနစ် ဝင်ငွေများ၏ ၃ ရာခိုင်နှုန်းအောက်

[62] သို့မဟုတ် စုစုပေါင်း DAO ဝင်ငွေများ၏ ၆-၇ ရာခိုင်နှုန်း (၂၀၁၄-၁၇ ကာလအတွင်း)


ရှေ့မျက်နှာတွင် ဖော်ပြသည့် ပုံများသည် DAO ရုံးများ၏ ရငွေများအကြားကွဲပြားမှုကို နှိုင်းယှဉ်ဖော်ပြ ထားခြင်းဖြစ်သည် -


- လှိုင်းဘွဲ့မြို့သည် ကရင်ပြည်နယ်၏ မြို့နယ်ငယ်တစ်ခုဖြစ်သည်။ လူဦးရေစုစုပေါင်းမှာ ၁၅၅,၀၀၀ ခန့်ရှိပြီး မြို့နယ်မြို့ပြ ရပ်ကွက်များတွင် နေထိုင်သူဦးရေ ၁၁,၅၀၀ ကျော်ရှိသည်။ မြို့ပြတွင် နေထိုင်မှုနှုန်းသည် ၇ ရာခိုင်နှုန်းအောက်သာရှိသည်။ DAO ရုံးသည် သေးငယ် (ဝန်ထမ်း ၁၀ ဦးအောက်သာရှိပြီး မည်သည့် ပစ္စည်းမှမရှိပါ) ပြီး နှစ်စဉ်ရငွေသည် မြန်မာကျပ် သန်း ၈၀ အောက်သာရှိသည်။ လိုင်စင်လေလံတင်ခြင်းမှ ရငွေရရှိမှုသည် အကြမ်းဖျဉ်းအားဖြင့် စုစုပေါင်း DAO ရငွေများများ၏ ၇၅ ရာခိုင်နှုန်းခန့်ရှိသည်။
- ထားဝယ်သည် တနင်္သာရီတိုင်းဒေသကြီး၏ မြို့တော်ဖြစ်သည်။ လူဦးရေစုစုပေါင်းမှာ ၁၂၅,၀၀၀ ကျော် ရှိပြီး ထားဝယ်မြို့နယ် အဖြစ် ဖွဲ့စည်းထားသည့် မြို့ပြရပ်ကွက်များတွင် နေထိုင်သူဦးရေမှာ ၆၄ ရာခိုင်နှုန်းခန့်ရှိသည်။ DAO ရုံးသည် အချိန်ပြည့် ဝန်ထမ်း ၅၂ ဦးအပြင် နေ့စားအလုပ်သမား ၄၀ ဦးနှင့် ကိုယ်ပိုင်ယာဉ်များ နှင့် ပစ္စည်းများစွာရှိသော ရုံးကြီးဖြစ်သည်။ ထားဝယ် DAO ရငွေမှာ မြန်မာကျပ်ငွေ သန်း ၈၀၀ နီးပါးရှိသည်။ လိုင်စင်လေလံတင်ခြင်းမှ စုစုပေါင်း ရငွေ၏ ထက်ဝက်အောက်သာ ရှိသည်။ အခွန်အရပ်ရပ် ကောက်ခံမှုမှ ၂၀ ရာခိုင်နှုန်းခန့်ရသည်။

### ၃.၄.၃။ DAO များ - ဒေသန္တရနှင့် ဒေသန္တရမှ မဟုတ်သည် ကိုယ်ပိုင်ရငွေရင်းမြစ်များ

DAO များသည် အထက်ကဆိုခဲ့သကဲ့သို့ ဘဏ္ဍာငွေအားဖြင့် မိမိကိုယ်မိမိ မှီခိုသည့် သဘောချည်း သက်သက် တော့မဟုတ်ပေ။ DAO များအပေါ် ပြုလုပ်ခဲ့သည့် အစောပိုင်းသုတေသနများအရ DAO များသည် ကိုယ်ပိုင် ငွေကြေးအများစုဖြင့်သာ လုပ်ငန်းလည်ပတ်ကြသည့် အဖွဲ့အစည်းများဖြစ်ပြီး မြို့ပြဝင်ငွေအတွက် ကိုယ်ပိုင်အရင်းအမြစ်များအပေါ် ကြီးကြီးမားမား မှီခိုနေရသည် ဆိုသည်ကြောင့် အသိအမှတ်ပြုရသည့် သဘောမျိုးဖြစ်ပေါ်စေသည်။[63] သို့သော်လည်းယင်းသို့ဖြစ်ရန်မှာ အဓိကအကြောင်းအရာ နှစ်ချက်တွင်အရည်အသွေး ပြည့်မီနေဖို့လိုပါသည်။


**ပုံ ၁၃။ လှိုင်းဘွဲ့ DAO - မြို့ငယ်လေး၏ ဝင်ငွေများ**





[63] Arnold et al. (2015) နှင့် UNDP ၏ "မြန်မာနိုင်ငံရှိဒေသန္တရအုပ်ချုပ်မှုအခြေအနေ လေ့လာခြင်း အတွဲများကိုကြည့်ပါ။ သို့သော်ငြားလည်း Bissinger (2016) က ကိစ္စရပ်အများစုတွင် လိုင်စင်လေလံတင်ခြင်းများမှ ရရှိသော DAO ဝင်ငွေများသည် ကျေးလက်ဒေသအခြေခံလိုင်စင်များ (မြို့နယ်များ၏ ကျေးလက်ကုန်တွင်းပိုင်းဒေသတွင် အကြိုအပို့ယာဉ်များ ပြေးဆွဲမှုကဲ့သို့သော) ဖြစ်ပြီး DAO များက ဝန်ဆောင်မှုပေးသည့် မြို့ပြနေရာများထံမှချည်းမဟုတ်ပါဟု ဖော်ပြထားသည်။


ပုံ ၁၄။ ထားဝယ် DAO - မြို့နယ်ကြီး၏ ဝင်ငွေများ




ပထမဦးစွာ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း DAO များသည် တစ်ခါတစ်ရံတွင် ပြည်တွင်းအခွန်ဌာနက ကောက်ခံသည့် တံဆိပ်ခေါင်းအခွန်နှင့် ဝင်ငွေခွန်တို့၏ များပြားသော မျှဝေပေးသည့် ရငွေများကို လက်ခံရရှိသည်။ ယင်းသည် ပြည်ထောင်စု အစိုးရထံမှ ရရှိသည့် ဘဏ္ဍာငွေ လွှဲပြောင်းမှုများကဲ့သို့ပင်ဖြစ်သည်။ အမှန်တကယ်တွင် ယင်းကဲ့သို့သော မျှဝေပေးသော ရငွေများ အပေါ် DAO က မှီခိုနေရသည့် အတိုင်းအတာသည် မြို့ကြီးများ/မြို့နယ်များ ပိုမိုကြီးမားလာသည့်အခါ (ပုံ ၁၅ တွင် ဖော်ပြထားသည့် အတိုင်း) မြင့်မားလာရသည်။ ယင်းသည် အံ့အားသင့်စရာတော့ မဟုတ်ပါ။ တရားဝင်ပုဂ္ဂလိကကဏ္ဍသည် မြို့နယ်ကြီးများတွင် ပိုမိုဖွံ့ဖြိုးပြီး၊ ပိုမိုကြီးမားသော မြို့များကသာ ဝင်ငွေခွန်နှင့် တံဆိပ်ခေါင်းခွန်ဝင်ငွေများပိုမိုရရှိသည်။ ထို့အပြင် မြို့နယ်ကြီးများသည် အစိုးရဝန်ထမ်းများ ပိုမိုရှိနေခြင်းကြောင့် ဝင်ငွေခွန်ပိုရသည်။ ဒုတိယအချက်အနေဖြင့် အစောပိုင်းကဆိုခဲ့သည့်အတိုင်း တချို့သော DAO/DDA စနစ်များသည် (မွန်ပြည်နယ်၏ DDO/DDA စနစ်ကဲ့သို့) ၎င်းတို့၏ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများထံမှ ဘဏ္ဍာငွေ လွှဲပြောင်းမှုများအပေါ် ပိုမိုမှီခိုလာရသည့် အခြေအနေသို့ တဖြည်းဖြည်း ဦးတည်လာပုံရသည်။


**ပုံ ၁၅။ ပြည်တွင်းအခွန်မှ မျှဝေပေးသော ဝင်ငွေများ၊ DAO ဝင်ငွေများနှင့် မြို့အရွယ်အစား (ဧရာဝတီ)**




DAO များသည် ၎င်း၏ ကုန်းတွင်းပိုင်းကျေးလက်ဒေသများထံမှ (၎င်းတို့က ပြည်သူ့အကျိုးပြုများနှင့် ဝန်ဆောင် မှုများပေးအပ်သည့် မြို့ပြနေရာများထံမှမဟုတ်ဘဲ) ရရှိလာသည့် အရေးပါသော ရငွေ ငွေပမာဏအပေါ် တွင် လည်း မှီခိုနေရသည်။ (က) ယေဘုယျအားဖြင့် စုစုပေါင်း DAO ရငွေများ၏ ကြီးမားသော အချိုးအစားသည် လိုင်စင်လေလံတင်မှုများထံမှ ရရှိလာခြင်းဖြစ်ပြီး (ခ) ထိုကဲ့သို့သော လိုင်စင်များသည် မြို့ပြမဟုတ်သည့် နေရာများတွင် စီးပွားရေးလုပ်ငန်းများအတွက် (အကြိုအပို့ယာဉ်လုပ်ငန်းများ၊ သားသတ်ရုံများ အစရှိသည့်) ထုတ်ပေးခြင်းဖြစ်သည်။ DAO များက ဝန်ဆောင်မှုမပေးသည့် ကျေးလက်နေရာများတွင် အချို့သော DAO မှ ရငွေများများ ရရှိသည်မှာ အံ့သြစရာတော့မဟုတ်ပါ။ ဥပမာအားဖြင့် ညောင်တုန်း DAO သည် လိုင်စင်လေလံတင်ခြင်းကနေ ရရှိသောရငွေမှာ ၎င်း၏ စုစုပေါင်းရငွေ၏ ၈၀ ရာခိုင်နှုန်းနီးပါးရှိပြီး လိုင်စင်လေလံတင်ခြင်း၏ ၇၀ ရာခိုင်နှုန်း သည် မြို့နယ်အတွင်းမှ ကျေးလက်နေရာများတွင် တည်ရှိသော စီးပွားရေးလုပ်ငန်းများမှဖြစ်သည်။ ဧရာဝတီ တိုင်းဒေသကြီး တစ်ခုလုံးတွင် တစ်ဦးချင်း DAO ရငွေများသည် (မြို့နယ်တစ်ခုချင်းစီရှိ မြို့ပြလူဦးရေအားဖြင့် တိုင်းတာခြင်း) ပုံ ၁၆ တွင်ဖော်ပြထားသည့်အတိုင်း ကျေးလက်ဒေသ ပိုများသော မြို့နယ်များတွင် မြင့်မားသည်။ ကျေးလက်ဒေသရှိ ကုန်တွင်းပိုင်းနေရာကြီးများသည် မြို့ပြဝန်ဆောင်မှုများအတွက် ဘဏ္ဍာငွေ အသုံးပြုနိုင်ရန် မြို့နယ် DAO များအား များပြားသော ရငွေပမာဏကို ဖြည့်ဆည်းပေးလျက်ရှိသည်။

အချုပ်ဆိုရလျှင် မြို့ပြနေရာများတွင် အများပြည်သူအကျိုးပြုနှင့် ဝန်ဆောင်မှုများကို ပေးအပ်သည့် DAO များသည် ပြည်ထောင်စု အစိုးရထံမှ မျှဝေပေးသော ရငွေများ အပေါ်တွင် တစ်စိတ်တစ်ပိုင်း မှီခိုနေရသည့်ပြင် ၎င်းတို့၏ ပြည်နယ်/တိုင်းဒေသကြီး အသီးသီးထံမှ အချို့သောလွှဲပြောင်းမှုများ အပေါ်လည်းကောင်း၊ ၎င်းတို့ အသီးသီး၏ မြို့ပြနေရာများတွင်မဟုတ်ပဲ ကောက်ခံရရှိသည့် အချို့သောရငွေများ အပေါ်လည်းကောင်းမှီခိုနေရသည်။ ယင်းသည် ပြည်နယ်တစ်ခုနှင့်တစ်ခု၊ တိုင်းဒေသကြီးတစ်ခုနှင့်တစ်ခု၊ မြို့နယ်တစ်မြို့နယ်နှင့် တစ်မြို့နယ်အကြား ကွဲပြားမှုများကို ရှင်းလင်းစွာ တွေ့နိုင်သည်။ သို့သော် ယင်းတို့က DAO များသည် သက်တမ်းနုသေးသည်ဟု အများကထင်မြင်နေမှုများအတွက် ဘဏ္ဍာရေးအရ အမှီခိုကင်းသည့် မြို့ပြဒေသန္တရအစိုးရများအတွက် အရည်အချင်းပြည့်စေရန် အရေးကြီးသော အချက်များရှိသည် ဆိုသည်ကို ပြသနေခြင်းဖြစ်သည်။

ပုံ ၁၆။ တစ်ဦးချင်း DAO ရငွေများ မြင့်မားလာခြင်းနှင့် မြို့ပြလူနေမှုနှုန်း ကျဆင်းလာခြင်း (ဧရာဝတီ)



# ၄။ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက် (ရသုံးမှန်းခြေငွေစာရင်း) ရေးဆွဲခြင်းနှင့် ဝန်ဆောင်မှုပေးခြင်း

**ဤအပိုင်းတွင် DAO/DDA များ၏ စီမံကိန်းရေးဆွဲခြင်း၊ ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များကို ပို၍အသေးစိတ် စိစစ်ထားသကဲ့သို့** ဒေသဆိုင်ရာ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုပေးခြင်းနှင့်ဆိုင်သော အချို့သောလက္ခဏာများကိုလည်း စိစစ်တင်ပြထားသည်။

## ၄.၁။ ရေရှည်ဆိုင်ရာ ၊မဟာဗျူဟာဆိုင်ရာနှင့် မြို့ပြဆိုင်ရာ စီမံကိန်းရေးဆွဲခြင်း

ဒေသန္တရအဆင့် သို့မဟုတ် မြူနီစီပယ်(စည်ပင်သာယာရေး) စီမံကိန်းရေးဆွဲမှု စနစ်အများစုမှာ သာမာန်အားဖြင့် ရေရှည် (ကာလရှည်) သို့မဟုတ် မဟာဗျူဟာမူဘောင် တစ်ခု၏ လမ်းညွှန်မှုဖြင့် မြို့ပြစီမံကိန်း အစီအစဉ်ရေးဆွဲခြင်းများလည်းပါဝင်သည်။ ၎င်းမူဘောင်များမှာ- နှစ်စဉ်စီမံကိန်း ရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်များအတွက် မဟာဗျူဟာလမ်းညွှန်မှုပေးနိုင်ရန် ရည်ရွယ်သည်။

### ၄.၁.၁။ ရေရှည် (ကာလရှည်) ပြည်နယ်/တိုင်းဒေသကြီး စီမံကိန်းရေးဆွဲခြင်းနှင့် မြို့ပြ ဖွံ့ဖြိုးမှု မဟာဗျူဟာများ

မြန်မာနိုင်ငံတွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့်၌ ရေရှည်စီမံကိန်းရေးဆွဲမှုအနည်းငယ်သာရှိပုံပေါ်သည်။ အခြားသောနိုင်ငံများရှိ ဒေသအဆင့်နယ်မြေများနှင့်မတူညီသည့် အချက်မှာ- မြန်မာနိုင်ငံရှိ ပြည်နယ်/တိုင်း ဒေသကြီးများ၌ ယခုအချိန်အထိ ဒေသအဆင့် ဖွံ့ဖြိုးမှုအတွက် ၅ နှစ် (သို့မဟုတ်) ကာလလတ် စီမံကိန်းနှင့် ရေရှည်စီမံကိန်းများ ရေးဆွဲခြင်းတွင် ရင်းနှီးမြှုပ်နှံခြင်းမရှိပေ။ ထို့ကြောင့် ပြည်နယ်/ တိုင်းဒေသကြီး DDA များ ကိုယ်တိုင် မည်သည့် မဟာဗျူဟာ စီမံကိန်း ရေးဆွဲခြင်းလုပ်ငန်းစဉ်ကိုမျှ ပါဝင်လုပ်ဆောင်နေခြင်းမရှိပေ။

ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ဌာနများအနေဖြင့်လည်း ၎င်းတို့ကိုယ်တိုင်စတင်၍ မြို့ပြဖွံ့ဖြိုးမှုအတွက် မည်သည့်ရေရှည်စီမံကိန်း ရေးဆွဲခြင်းကိုမှ တာဝန်ယူဆောင်ရွက်နိုင်ခြင်းမရှိပေ။ ဤလေ့လာမှုတစ်လျောက် သွားရောက်ခဲ့သော မည်သည့်ပြည်နယ်/တိုင်း ဒေသကြီးများတွင်မျှ မြို့ပြဖွံ့ဖြိုးရေး (သို့မဟုတ်) မည်သည့်မြို့ပြ ဖွံ့ဖြိုးရေးမဟာဗျူဟာအတွက်ကိုမဆိုဖော်ဆောင်မည့် ပြည်နယ်/ တိုင်းဒေသကြီးအဆင့်ထိ ကျယ်ပြန့်သော စီမံကိန်းရေးဆွဲမှုများအား စည်ပင်ဌာနများမှ ဖော်ပြခြင်းမရှိခဲ့ပေ မည်သည့်စည်ပင်ဌာနများကမှ ဒေသဆိုင်ရာ လူမှုစီးပွားဖွံ့ဖြိုးမှုအတွက် ဒုတိယအဆင့် မြို့တော်များ၏ အခန်းကဏ္ဍ၊ မြို့ပြဒေသများ၏ အခန်းကဏ္ဍနှင့် ဒေသအဆင့် မြို့ပြကွန်ယက်များဖွံ့ဖြိုးလာရန် မူဝါဒချမှတ်ခြင်း သို့မဟုတ် မဟာဗျူဟာမြောက်စဉ်းစားခြင်းတွင် ရင်းနှီးမြှုပ်နှံမှု ပြုလုပ်သည်ကို မတွေ့ရပေ။

ပြည်နယ်နှင့် တိုင်းဒေသကြီးများမှာ (နှိုင်းယှဉ်ချက်အားဖြင့်)နိုင်ငံရေးဆိုင်ရာ-အုပ်ချုပ်မှု ယူနစ်အသစ်များဖြစ်သည်ဟုဆိုလျှင် ဤကဲ့သို့ ရေရှည်စီမံကိန်းများမရှိခြင်းအား နားလည်ပေးနိုင်ပါ လိမ့်မည်။ စည်ပင်ဌာနများနည်းတူ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည်လည်း ဦးစားပေးလုပ်ဆောင်ရန်များအား ဖော်ထုတ်ရန် လိုအပ်နေပါသည်။ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် စည်ပင်ဌာနများ ရေရှည်စီမံကိန်း ရေးဆွဲ လာရေးအတွက် ပိုမိုအားပေးရမည် ဖြစ်သည်။

### ၄.၁.၂။ စည်ပင်အဖွဲ့များ၏ ရေရှည်နှင့်မြို့ပြစီမံကိန်းရေးဆွဲခြင်း

ကာလရှည် ပြည်နယ်/တိုင်းဒေသကြီးစီမံကိန်းများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာများမရှိခြင်းက ဒေသန္တရအဆင့်တွင် မြို့တော်များ၊ မြို့များနှင့် စည်ပင်အဖွဲ့များ တစ်ခုချင်းစီအတွက် ရေရှည်၊ ရေလတ် စီမံကိန်းရေးဆွဲခြင်းများမရှိသည်ကို ထင်ဟပ်စေသည်။ ၂၀၁၂ - ၂၀၁၃ ခုနှစ်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီများ ဖွဲ့စည်းခြင်းနှင့်အတူ ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်လာချိန်တွင် ၎င်းတို့မြို့ပြဒေသများအတွက် ရေရှည် ၅ နှစ် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများရှိခဲ့သည်ဟု စည်ပင်အဖွဲ့တာဝန်ရှိသူအများစုက ပြောကြသည်။ သို့သော် ထိုကာလနောက်ပိုင်းမှစ၍ ထိုသို့သော ရေရှည် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများမှာ-ဘေးရောက်သွားပြီး နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့ အစားထိုး ဝင်ရောက်လာခဲ့သည်။ စည်ပင်အဖွဲ့အနည်းငယ်ကသာ ၅ နှစ်ကာလ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ သို့မဟုတ် တရားဝင်ရင်းနှီးမြှုပ်နှံမှုများအတွက် ပြင်ဆင်မှုများ ပြုလုပ်ခဲ့သည်။ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စီမံကိန်းရေးဆွဲခြင်းအတွက် နှစ်ရှည်နည်းစနစ်တစ်ခုကဲ့သို့ အလယ်အလတ်ကာလ ဘတ်ဂျက် သို့မဟုတ် အသုံးစရိတ်မူဘောင်ကို အသုံးပြုခြင်းမရှိတော့ပေ။

မကြာမီကပင် ကရင်ပြည်နယ်မှ အချို့သော မြို့နယ် DAO များသည် ၂၀၁၆ -၂၀၂၀ ခုနှစ် စီမံကိန်းများကို ပြည်နယ် DDA ၏ တောင်းဆိုမှုအရ ရေးဆွဲခဲ့သည်။ သို့သော် ၎င်းတို့၏ နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းများတွင် DAO ဝန်ထမ်း (ကရင်ပြည်နယ် အပါအဝင်) များသည် မည်သည့်ရေရှည်စီမံကိန်းရေးဆွဲရေး မူဘောင်ကိုမှ ကိုးကားခြင်းမပြုပေ။ အချုပ်ဆိုရလျှင် DAO များမှ ပြုလုပ်ခဲ့သည့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ရွေးချယ်ဆုံးဖြတ်ချက်များတွင် ရေရှည်ဦး စားပေးလုပ်ငန်းများ သို့မဟုတ် ရေရှည် မဟာဗျူဟာများ၏ လမ်းညွှန်ထိန်းကျောင်းမှုကို တွေ့ရခြင်း မရှိပါ။

**ပြည်နယ်/တိုင်းဒေသကြီးစည်ပင်သာယာဥပဒေများတွင် မြို့ပြစီမံကိန်းရေးဆွဲခြင်းများသည် DAO ၏ လုပ်ငန်းဆောင်တာများစွာ ထဲမှတစ်ခုအဖြစ်ပါဝင်နေသော်လည်း လက်တွေ့တွင်မူ မြို့ပြနယ်မြေများအတွက် မြို့ပြစီမံကိန်းများကို ဆောက်လုပ်ရေး ဝန်ကြီး ဌာနအောက်ရှိ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (DUHD) ကသာ ဦးဆောင်ရေးဆွဲသည်ကို တွေ့ရသည်။** လက်ရှိ အချိန်တွင် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းဥပဒေ (The Urban and Regional Development Planning Law)အား မူကြမ်းရေးဆွဲပြီးနိုင်ငံတွင်းရှိ မြို့တော်များနှင့် မြို့ ၅၆ မြို့အတွက် မြို့ပြစီမံကိန်း များတာဝန်ယူလုပ်ဆောင်နေပါသည်။[64] မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးမိတ်ဖက်များအနက် JICA သည် မြို့ပြဖွံ့ဖြိုးမှု (အကြီးစား)စီမံကိန်း များကို များစွာ အထောက်အပံ့ပေးလျက် ရှိပါသည်။

**မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နေပြည်တော်ပြင်ပတွင် ထင်ရှားမှုသိပ်မရှိဘဲ** ယင်းဌာနသည် ပြည်နယ်/ တိုင်း ဒေသကြီး တစ်ခုချင်းစီတွင် ရုံးများရှိပြီး အချို့သော ခရိုင်အဆင့်များတွင် **ရုံးများဖွင့်ထားသည်ကိုသာ** တွေ့ရသည်။ သို့သော်လည်း မြို့ပြစီမံကိန်းရေးဆွဲသူအယောက် (၂၀)ကို ၎င်းဌာန၏ လခစားဝန်ထမ်းစာရင်းတွင် တွေ့ရသည်။၎င်းတို့၏ မြို့ရွာ စီမံကိန်းလုပ်ငန်း များသည် ထွေ/အုပ် နှင့် DAO များ အပါအဝင် အခြားသောဌာနများမှ အထောက်အပံ့ကို မလွှဲမရှောင်သာ မှီခိုနေရသည်ကို တွေ့ရသည်။

မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးမှုဦးစီးဌာန၏ မြို့ပြစီမံကိန်းရေးဆွဲရေးလုပ်ဆောင်မှုများတွင် DAO များ ပါဝင်နေမှုသည် သတင်းအချက် အလက် ပေးရန်နှင့် အကျိုးဆောင်ရန်သာ ဖြစ်ပုံရသည်။ ညောင်တုန်းနှင့် ဘားအံတို့ကဲ့သို့ မြို့များ၌ " မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန" က မြို့ပြစီမံကိန်းရေးဆွဲခြင်းကို တာဝန်ယူလုပ်ဆောင်နေသော နေရာများတွင် ဒေသခံ DAO ရုံးများက ပံ့ပိုးသည့်ကဏ္ဍမှ ပါဝင်ရသည်။ DAO ဝန်ထမ်းများ၏ ပြောဆိုချက်အရ ရှိနှင့်ပြီးသား မြို့ရွာစီမံကိန်းများမှာ ဆောက်လုပ်ရေးဝန်ကြီးဌာနက တာဝန်ယူ ထားခြင်းဖြစ်ပြီး DAO ၏ ကိုယ်ပိုင်မြို့ပြရင်းနှီးမြှုပ်နှံမှုများ သို့မဟုတ် လုပ်ဆောင်မှုများအတွက် အဓိကကျသော စီမံကိန်းများ မဟုတ်ပေ။

DDA နှင့် DAO တာဝန်ရှိသူများက မြို့ရွာစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ၎င်းတို့ ပါဝင်နိုင်သည့်အခန်းကဏ္ဍမှာ-အကန့် အသတ်ဖြစ်နေသည့် အကြောင်းကို ခိုင်မာစွာပြောဆိုကြပြီး ထို့အတွက် ၎င်းတို့ကိုယ်တိုင်တွင် တာဝန်ရှိသည်ဟု ရှုမြင်ခြင်းမရှိပေ။ DAO ရုံးများက တညီတညွတ်တည်း ပြောဆိုနေသည့်အချက်မှာ - ၎င်းတို့တွင် မြို့ပြစီမံကိန်းများရေးဆွဲရန် ဥပဒေအရ အခွင့်အာဏာ ရှိသော်လည်း မြို့ပြဖွံ့ဖြိုးတိုးတက်မှု သို့မဟုတ် မြေယာအသုံးပြုမှု စီမံကိန်းရေးဆွဲရာတွင် အကောင်အထည်ဖော်ခြင်းကို စောင့် ကြည့်ရန် ၎င်းတို့၌ ပစ္စည်းကိရိယာများ ချို့တဲ့နေသည်ဟု ဆိုကြသည်။ ယင်းသို့ဖြစ်ရခြင်းမှာ ၎င်းတို့သည် ထွေ/အုပ်နှင့်မတူဘဲ မြေယာပိုင်ဆိုင်ခွင့် သို့မဟုတ် မြေယာအုပ်ချုပ်စီမံခွင့်အတွက် ထိန်းချုပ်နိုင်မှုမရှိသောကြောင့်ဖြစ်သည်။ DDA/DAO ဝန်ထမ်းများက ပြောကြားရာတွင် မြို့ပြစီမံကိန်းရေးဆွဲခြင်းများနှင့် ၎င်းစီမံကိန်းများအကောင်အထည်ဖော်ခြင်းအတွက် ၎င်းတို့တွင် တာဝန်မရှိပဲ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ၊ထွေ/အုပ်နှင့်ပြည်ထောင်စုဆောက်လုပ်ရေးဝန်ကြီးဌာနတွင်သာ တာဝန်ရှိသည်ဟု ဆိုကြသည်။ အချုပ်ဆိုရသော် DAO များအနေဖြင့် မြို့ပြစီမံကိန်း ရေးဆွဲမှုများတွင် အလွန်သေးငယ်သော အစိတ်အပိုင်းမှသာ ဝင်ရောက်လုပ် ကိုင်ရပြီး မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနက ရေးဆွဲပေးသည့် မြို့ရွာစီမံကိန်းများကို ၎င်းတို့စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်း ရည်ရွယ်ချက်များအတွက် အသုံးပြုရမည့် ကိရိယာမူဘောင်များအဖြစ် ရှုမြင်ခြင်းမရှိသည် ကိုတွေ့ရသည်။

## ၄.၂။ နှစ်အလိုက် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း

အဓိပ္ပာယ်ပြည့်ဝပြီး ရေရှည်၊ မဟာဗျူဟာမြောက်ရေးဆွဲထားသည့် မြို့ရွာနှင့် မြေအသုံးချမှု စီမံကိန်းများ မရှိသည့်အတွက် ပြည်နယ်/ တိုင်းဒေသကြီး DAO/DDA စနစ်များ၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း များသည် နှစ်အလိုက် ရေးဆွဲခြင်းများသာဖြစ်ပြီး နှစ်စဉ်ဘတ်ဂျက်ရေးဆွဲခြင်း၊ တင်ပြခြင်းနှင့် အုပ်ချုပ်စီမံခြင်း များကိုသာ အာရုံပြုလုပ်ဆောင်သည်ကို တွေ့ရသည်။ လက်တွေ့တွင် DAO များ၏စီမံကိန်းရေးဆွဲခြင်းသည် နှစ်အလိုက် ဘတ်ဂျက် ရေးဆွဲသည့် လုပ်ဆောင်မှုများဖြစ်သည့် ဘတ်ဂျတ်ရေးဆွဲခြင်း၊ တင်သွင်းခြင်း၊ အကောင်အထည်ဖော်ဆောင်ခြင်းတို့ကိုသာ အဓိကအာရုံစိုက်နေသည်။ ထိုသို့ လုပ်ဆောင်ရာတွင် နှစ်စဉ်ဦးစားပေး လုပ်ငန်းများကို သာမန်နှင့် ငွေလုံးငွေရင်းသုံးငွေများအတွက် ဘတ်ဂျက်ခွဲဝေမှုများမှတဆင့် ဖော်ပြကြသည်။

ယခုအစီရင်ခံစာ၏ ဤအခန်းငယ်သည် DAO/DDA နှစ်အလိုက် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေး ဆွဲခြင်း လုပ်ငန်းစဉ်အား အောက်ပါအတိုင်း ခွဲခြမ်းစိတ်ဖြာစီစစ်ထားသည် -

- ပြက္ခဒိန် - ဘတ်ဂျက်ပြက္ခဒိန်သည် DAO များအနေဖြင့် သတ်မှတ်သည့် အချိန်တစ်ခုအတွင်း ၎င်းတို့၏ နှစ်စဉ် စီမံကိန်းရေးဆွဲ ခြင်းနှင့် ဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းစဉ်ကို တာဝန်ယူ လုပ်ဆောင်ရန် အချိန်သတ်မှတ်ချက်ကို ဖော်ပြပေးသည်။
- ဝင်ငွေသတ်မှတ်ခြင်းနှင့်အများဆုံးအသုံးပြုရမည့်အသုံးစရိတ်ကိုဆုံးဖြတ်ခြင်း - မြို့နယ် DAO များသည်ဝင်ငွေရရှိနိုင်သည့် အရင်းအမြစ်များနှင့် ဦးစားပေးလုပ်ငန်းများအတွက်အမြင့်ဆုံးအသုံး စရိတ်များကို သတ်မှတ်ရသည်။ ထိုသို့အများဆုံး အသုံးပြုရမည့် ပမာဏကို ဆုံးဖြတ်ရာတွင် ဝင်ငွေခန့်မှန်းမှုကို အခြေခံရမည် ဖြစ်ကာ ထို့နောက်တွင်မှ ဘတ်ဂျက်စံနှုန်းများကို စဉ်းစားခြင်းဖြစ်သည်။

---

[64] See "New Urban Master Plans to be Introduced for 56 Locales": http://www.mmbiztoday.com/articles/new-urban-master-plans-be-introduced-56-locales

■ ဦးစားပေးလုပ်ငန်းများဆုံးဖြတ်ခြင်း - DAO များက ဦးစားပေးလုပ်ငန်းများကို ဖော်ထုတ်ပြီး ယင်းတို့ကို နှစ်စဉ်ဘတ်ဂျက်များတွင် ထည့်သွင်းရပါသည်။

■ ဘတ်ဂျက်တင်ခြင်းနှင့် အတည်ပြုခြင်း - DAO များက ၎င်းတို့ ဘတ်ဂျက်များကို DDA များသို့ တင်ပြရသည်။ DDA များက စုစည်းထားသော ဘတ်ဂျက်များကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ သို့ တင်ပြရသည်။

DAO နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့တွင် အဓိကကျသော အဆင့်များနှင့် လုပ်ငန်းစဉ်များကို အောက်ပါဇယားတွင် ဖော်ပြထားသည်။

**ပုံ ၁၇ - DAO/DDA နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပါဝင်သော အဆင့်များ**

၁
- **ဘတ်ဂျက်ညွှန်ကြားချက် ထုတ်ပြန်ခြင်း** - ပြည်နယ်/တိုင်း စည်ပင်ဌာနမှ စည်ပင်အဖွဲ့များသို့ နှစ်စဉ်ဘတ်ဂျက်လုပ်ထုံးလုပ်နည်းအား ထုတ်ပေးသည်

၂
- **အမြင့်ဆုံး စည်ပင်ဘတ်ဂျက် သတ်မှတ်ခြင်း** - စုစုပေါင်းစည်ပင်ရငွေ ခန့်မှန်းခြင်းနှင့် လစာပေးငွေ စရိတ်အများဆုံးနှင့် ငွေလုံးငွေရင်း အသုံးစရိတ်အတိုင်းအတာတို့အား သတ်မှတ်ရန် ဌာနတွင်း ဘတ်ဂျက်စံနှုန်းများ

၃
- **သာမန်အသုံးစရိတ် ဘတ်ဂျက်ပြင်ဆင်ခြင်း**

၄
- **ငွေလုံးငွေရင်းအသုံးစရိတ် ဘတ်ဂျက်အား ပြင်ဆင်ခြင်း** တိုင်ပင်ညှိနှိုင်းခြင်းနှင့် နည်းပညာဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများကို အသုံးပြုခြင်းများမှတစ်ဆင့်

၅
- **နှစ်အလိုက် စည်ပင်ဘတ်ဂျက်ပြင်ဆင်၍ အတည်ပြုရန် ပေးပို့ခြင်း**

၆
- **စည်ပင်ဌာန (DDA) မှ စည်ပင်ဘတ်ဂျက်များကို စုပေါင်း၍ လုံးပေါင်းစည်ပင်ဌာန ဘတ်ဂျက်အဖြစ် ပြည်နယ်/ တိုင်း အစိုးရအဖွဲ့သို့ ပေးပို့ခြင်း**

၇
- **ဘတ်ဂျက်အတည်ပြုခြင်း** - ပြည်နယ်/တိုင်းလွှတ်တော်မှ ပြည်နယ်/တိုင်း ဘတ်ဂျက်အား အတည်ပြုသည်

### ၄.၂.၁။ ဘတ်ဂျက် ပြက္ခဒိန်များ (အချိန်ဇယားများ)

**ပြည်နယ်/တိုင်းဒေသကြီးအလိုက် တစ်နေ ရာနှင့် တစ်နေရာ ကွာခြားမှုများရှိသည်။** ဇယား ၁၄ တွင် ပြည်နယ်၊ တိုင်း ၄ ခုရှိ DAO/DDA စနစ်များ အတွက် ဘတ်ဂျက်မူလခန့်မှန်းခြေ (BE) ရေးဆွဲရန် ပြက္ခဒိန်များကို အကျဉ်းချုပ်ဖော်ပြထားသည်။ လက်ရှိဘဏ္ဍာနှစ်အတွက် နှစ်စဉ်ဘတ်ဂျက် ပြုပြင်ပြီးခန့်မှန်းခြင်း (RE) မှာ BE ပြင်ဆင်မှုနှင့် အတူတူဖြစ်ပြီး အကြမ်းဖျင်း ပြက္ခဒိန်နှစ်တစ်ခုတည်းတွင် လုပ်ဆောင်သည်။ ၎င်းတို့ကို ဒီဇင်ဘာ၊ ဇန်နဝါရီတွင် အတည်ပြုသည်။

**ဇယား ၁၄။ DAO/DDA ဘတ်ဂျက်ပြက္ခဒိန်များ (ဘတ်ဂျက်မူလခန့်မှန်းခြေ)**

| ဘတ်ဂျက်လုပ်ငန်းစဉ် | ပြည်နယ်/တိုင်းဒေသကြီး | | | |
|---|---|---|---|---|
| | တနင်္သာရီ | ဧရာဝတီ | မွန် | ကရင် |
| 1. DDA က DAO များကို BE ဘတ်ဂျက် တင်ပြရန် စာထုတ်။ | August | August | August/Sept | October အစောပိုင်း |
| 2. DAO ရုံးများက နှစ်စဉ် BE ဘတ်ဂျက် များကို ပြင်ဆင်၍ DDA သို့ တင်ပြသည်။ | August/Sept | August/Sept | August/Sept | October လ လယ်အစောပိုင်း (DAO-DDA ဘတ်ဂျက်ကွန်ဖရင့်၊ Oct အစောပိုင်း) |
| 3. DDA က DAO ဘတ်ဂျက်များကို စုစည်းကာ DDA စုပေါင်း ဘတ်ဂျက်ပြင်ဆင်၍ ပြည်နယ်၊ တိုင်းအစိုးရကိုတင်ပြသည်။ | Sept | Sept/Oct | Sept ကုန် | October နှောင်း ပိုင်း |

| | | | | |
|---|---|---|---|---|
| 4. ပြည်နယ်/တိုင်းလွှတ်တော်က ဘတ်ဂျက်ကို အတည်ပြုသည် | December | December | February | November or December |
| 5. ပြည်ထောင်စုအစိုးရနှင့် လွှတ်တော်က ဘတ်ဂျက်ကို အတည်ပြုသည်။ | March/April | March/April | March/April | March/April |

ယေဘုယျအားဖြင့် DAO/DDA ဘတ်ဂျက်ပြက္ခဒိန်သည် ၎င်းတို့၏ နှစ်စဉ်ဘတ်ဂျက်များကို ပြင်ဆင်တင်ပြရန် တိုတောင်းသော အချိန် (၁-၂ လ) သာပေးထားသော်လည်း ယင်းအချိန်မှာ DAO များအတွက် အခက်အခဲမဖြစ်ပါ။ အကြောင်းတစ်ချက်မှာ DAO များ၏ ဘတ်ဂျက် ရွေးချယ်မှုအပိုင်းမှာ များစွာမရှုပ်ထွေးသောကြောင့်ဖြစ်ပြီး နောက်အကြောင်းတစ်ချက်မှာ DAO အတော်များများက ဘတ်ဂျက်ပြင်ဆင်မှုကို စောစီးစွာဖြင့် အလွတ်သဘော ဆောင်ရွက်ထားသောကြောင့်ပင် ဖြစ်သည်။

**နှစ်လယ် ဘတ်ဂျက်ပြန်လည်သုံးသပ်၍ ပြုပြင်ပြီးခန့်မှန်းခြင်း (RE) မှာ DAO/DDA ၏ ပုံမှန်လုပ်ဆောင်နေကျ လုပ်ငန်းစဉ်ဖြစ်သည်။** ပြုပြင်ပြီးခန့်မှန်းခြင်း (RE) ကို ယေဘုယျအားဖြင့် ဝင်ငွေရရှိမှုခန့်မှန်းချက်များကို ပြန်ညှိပြီး နောက်ဆုံးအခြေအနေကို ပြင်ဆင်ရန် အသုံးပြုသည်။ ပြန်ညှိခြင်းများတွင် အမြဲတမ်းပမာဏများလာခြင်းသာရှိသည်။ DAO များသည် ဘတ်ဂျက်အသုံးများကို ပြန်ညှိရာတွင် နှစ်စဉ်ဝင်ငွေ၏ နောက်ဆုံးရအချက်အလက်များနှင့် ကိုက်ညီစေရန် လုပ်ဆောင်ရသည်။ အများစုသော အပိုင်းများအတွက် DAO များက ဘတ်ဂျက်အသုံးများကို ပြန်လည် သုံးသပ်ရာတွင် လုပ်ငန်းအသစ်များ ထပ်ထည့်ခြင်းထက် ၎င်းတို့သုံးစွဲနေသော ဘတ်ဂျက်များကို ရှိနှင့်ပြီးသားနှင့် လုပ်ဆောင်နေဆဲလုပ်ငန်းများသို့ ပေါင်းထည့်ခြင်းကိုသာ လုပ်ဆောင်ကြသည်။ (လုပ်ငန်းသစ်များမှာ အကောင်အထည်ဖော်ရန် အချိန်လုံလောက်မှု မရှိခြင်းကြောင့်ဖြစ်သည်)။

**အစောပိုင်းက ဖော်ပြခဲ့သလိုပင် DAO များ၏ ဘတ်ဂျက်များကို ပြင်ဆင်ချက် တစ်စုံတရာမရှိဘဲ အတည်ပြုပေးလေ့ ရှိသည်။** မည်သည့် စည်ပင်ဌာနများနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရ/လွှတ်တော်များကမှ စည်ပင်အဖွဲ့က ပြုလုပ်ထားသည့် ရငွေ ခန့်မှန်းချက်များနှင့် သုံးစွဲရန် ရွေးချယ်မှုများအပေါ် စွက်ဖက်ခြင်း မပြုလုပ်ကြပေ။ လက်တွေ့တွင် အတည်ပြုထားသော နှစ်စဉ်ဘတ်ဂျက်များမှာ စည်ပင်အဖွဲ့များက ပြင်ဆင်တင်ပြထားသမျှနှင့် ထပ်တူထပ်မျှ ဖြစ်ပါသည်။

## ၄.၂.၂။ ဝင်ငွေခန့်မှန်းချက်များနှင့် အမြင့်ဆုံးဘတ်ဂျက်သတ်မှတ်ချက်(Ceilings)၊ အမြင့်ဆုံး (Caps) နှင့်အနိမ့်ဆုံး (Floors) ကန့်သတ်ချက်

**နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းများနှင့် ဘတ်ဂျက်ရေးဆွဲခြင်းများအတွက် စည်ပင်အဖွဲ့များသည် နှစ်စဉ်ဝင်ငွေ ခန့်မှန်းသည့် မူဘောင် အတွင်း ရေးဆွဲရသည်။** ထိုနှစ်စဉ်ဝင်ငွေခန့်မှန်းသည့် မူဘောင်အတွင်း အတွင်းမှာပင် အရေးအသုံးအတွက် အမြင့်ဆုံးသတ်မှတ်ချက်ကို ဖော်ပြကာ နှစ်စဉ်သာမန်နှင့် ငွေလုံးငွေရင်း သုံးစွဲမှုများ ကိုဦးစားပေးရေးဆွဲရသည်။စည်ပင်အဖွဲ့များအနေဖြင့် ၎င်းတို့စီစဉ်ထားသည့် အသုံးစရိတ်များကို မသတ် မှတ်မီ နှစ်စဉ် ဝင်ငွေအမြင့်ဆုံး မည်မျှရနိုင်ကြောင်း ခန့်မှန်းရန် လိုအပ်ခြင်းကို ကောင်းစွာ သိရှိပါသည်။ ဝင်ငွေမည်မျှရှာ ဖွေနိုင်မည်ဆိုသည့် အချက်ပေါ် မူတည်ပြီး မည်မျှသုံးစွဲနိုင်မည်ဆိုသည်ကို စည်ပင်သာယာရေးအဖွဲ့များက ဆုံးဖြတ်သည်။ အသုံးစရိတ်ကို ဘတ်ဂျက်ရေးဆွဲ၍ စုစုပေါင်း ရငွေရရှိနိုင်သောအဆင့်က နောက်ဆုံးတွင် ဆုံးဖြတ်သည်။

**DAO များအား စေ့စပ်သေချာသော ရငွေခန့်မှန်းသူများအဖြစ် မျှော်လင့်နိုင် (အောက်တွင် ဖော်ပြထားသော ဘောင်ကွက် ၈ ကိုကြည့်ပါ) သော်လည်း လက်တွေ့တွင် DAO များမှာ အုပ်ချုပ်ရေးစံများ၏ လုပ်ငန်းတာဝန်တစ်ခုအဖြစ်သာ စုစုပေါင်း ရငွေအဆင့်ကို ခန့်မှန်းကြသည့် သဘောသာရှိသည်။ ဘတ်ဂျက်၏ ရငွေအအပိုင်းကို စတင်ခန့်မှန်းမှု (BE) သည် လာမည့်ဘဏ္ဍာနှစ်တွင် ပြန်လည်သုံးသပ်ဖော်ပြမည့် ပြုပြင်ပြီး ခန့်မှန်းချက် (RE) ထက် မနည်းအောင်နှင့် ဖြစ်နိုင်လျှင် ၅% ပိုထားရန် မျှော်လင့်ကြသည်။**

**ဘောင်ကွက် ၈**

**ဒေသန္တရအစိုးရ ဝင်ငွေခန့်မှန်းခြင်း**

ဘဏ္ဍာငွေ ခန့်မှန်းခြင်းမှာ ကောင်းမွန်သော ဒေသန္တရအဆင့် ဘဏ္ဍာငွေစီမံခန့်ခွဲမှုအတွက် အလွန်အရေးပါသည်။ အနည်းဆုံးတော့ဖြင့် မူအရ ဒေသန္တရအစိုးရများသည် အသုံးစရိတ်များကို ရငွေထက်မပိုစေရန် သေချာသင့်သည်။ ထို့ကြောင့် လက်တွေ့ကျသော နှစ်စဉ်ဘတ်ဂျက်များက ခန့်မှန်းထားသော ရငွေထက် တတ်နိုင်သမျှ မပိုရအောင် မှန်ကန်စွာ ခန့်မှန်းတတ်ရန် လိုအပ်သည်။အကယ်၍ရငွေဝင်ငွေကိုများစွာပို၍ခန့်မှန်းမိလျှင်ဒေသတွင်သုံးစွဲမှုများကိုမခန့်မှန်းနိုင်လောက်အောင် လျော့ချပစ်လိမ့်မည်။ ထို့အတူ လျော့တွက်မိလျှင်လည်း မမျှော်လင့်သော ဘတ်ဂျက်ပိုလျှံမှုများ ရှိလာပေလိမ့်မည်။ ထိုမလိုလားအပ်သည့် ရလဒ်များမဖြစ်ရလေအောင် နှစ်စဉ်ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် လက်တွေ့ကျပြီး အကြောင်းအကျိုးဆီလျော်သည့် တိကျသော ရငွေခန့်မှန်းချက်သည် ခန့်မှန်းတွက်ချက်မှုများ၏ အဓိကရည်ရွယ်ချက်ဖြစ်သင့်သည်။

Source: L. Schroeder, in A. Shah, ed. (2007).

DAO များသည် နှစ်စဉ်ဘတ်ဂျက်အကျဉ်းချုပ်များ (စာရင်းပိတ်လက်ကျန် သို့မဟုတ် ပြန်ပေါင်းထားခြင်း [65]) ကို ရငွေခန့်မှန်းခြင်းအတွက် အုပ်ချုပ်ရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများအပေါ် အခြေခံ၍ ပြင်ဆင်သည်။ ဇယား ၁၅ သည် ရှမ်းပြည်နယ်၊ တောင်ကြီး DAO နှင့် ဧရာဝတီတိုင်း၊ ညောင်တုန်း DAO များအတွက် စုစုပေါင်း ရငွေကို ခန့်မှန်း၍ ဖော်ပြသော ခန့်မှန်းချက်ကို[66] အကျဉ်းချုပ်ပေးသည်။

**ဇယား ၁၅။ DAO ရငွေ ငွေခန့်မှန်းချက်များ (2015-16 နှင့် 2016-17)**


| ဘဏ္ဍာနှစ် | ရှမ်းပြည်နယ် တောင်ကြီး DAO | | ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်း DAO | |
|---|---|---|---|---|
| | BE/RE | စုစုပေါင်း ရငွေ ဘတ်ဂျက် (ကျပ်) | BE/RE | စုစုပေါင်း ရငွေ ဘတ်ဂျက် (ကျပ်) |
| ၂၀၁၅-၁၆ ရငွေ ခန့်မှန်း | FY 2014-15 (BE)<br>FY 2014-15 (RE)<br>FY 2015-16 (BE) | 1,330,000,000<br>1,460,000,000<br>1,500,000,000 | FY 2014-15 (BE)<br>FY 2014-15 (RE)<br>FY 2015-16 (BE) | 265,000,000<br>360,000,000<br>380,000,000 |
| ၂၀၁၆-၁၇ ရငွေ ခန့်မှန်း | FY 2015-16 (BE)<br>FY 2015-16 (RE)<br>FY 2016-17 (BE) | 1,500,000,000<br>1,970,000,000<br>2,000,000,000 | FY 2015-16 (BE)<br>FY 2015-16 (RE)<br>FY 2016-17 (BE) | 380,000,000<br>456,100,000<br>480,000,000 |

မှတ်ချက် - BE = အစပိုင်းခန့်မှန်း (ဘဏ္ဍာနှစ်အစ)၊ RE = ပြန်လည်သုံးသပ် ပြုပြင်ထားသော ခန့်မှန်း (ဘဏ္ဍာနှစ်လယ် နောက်ဆုံး အခြေအနေကို ပြင်ဆင်)

**DAO များ၏ စုစုပေါင်း ရငွေဘတ်ဂျက်များမှာ နှစ်စဉ်တိုးလာနေသည်။** တောင်ကြီးနှင့် ညောင်တုန်း ဖြစ်စဉ်နှစ်ခုလုံးတွင် [67] လက်ရှိ ဘဏ္ဍာနှစ်အတွက် DAO ကနဦးရငွေ ခန့်မှန်းချက် (BE) သည် ယခင်ဘဏ္ဍာနှစ် အတွက် ပြန်လည်သုံးသပ်ကာ ပြုပြင်ခန့်မှန်းထားသော (RE) ရငွေခန့်မှန်းချက်ထက် မြင့်မားနေမည်ဟု မျှော်မှန်းရသည်။ ညောင်တုန်းဖြစ်စဉ်တွင် ဘဏ္ဍာနှစ် နှစ်နှစ်လုံးအတွက် ရငွေ ခန့်မှန်းခြေသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်အတွက် ပြုပြင်ခန့်မှန်းထားသော ရငွေ ခန့်မှန်းထက် (RE) ထက် ၅% ပိုနေသည်။

**DAO/DDA စနစ်များသည် နှစ်စဉ်ရငွေတိုးလာရန် ပေါ်ပေါက်လာရခြင်းဖြစ်သည်။** ပုံ ၁၈ သည် ၂၀၁၁ မှ ၂၀၁၆ ခုနှစ်အထိ တနင်္သာရီတိုင်းဒေသကြီးမှ DAO အားလုံးအတွက် နှစ်စဉ်ရငွေငွေများ တစ်နှစ်ထက် တစ်နှစ်တိုးလာသည်ကို ပြသည်။

**ပုံ ၁၈ - တနင်္သာရီတိုင်းဒေသကြီး၊ DAO များ၏ ရငွေစုစုပေါင်း (၂၀၁၁-၁၆)**




**DAO ရငွေ ခန့်မှန်းချက်နှင့်ပတ်သက်၍ ရှင်းပြ၍မရသော ဖြစ်ရိုးဖြစ်စဉ်မဟုတ်သည့် အချက်နှစ်ခုရှိသည်။ ပထမ တစ်ခုမှာ ဘဏ္ဍာနှစ် N အတွက် ကနဦး ရငွေခန့်မှန်းချက်မှာ ဘဏ္ဍာနှစ် N 1 အတွက် ပြန်လည်စိစစ်၍ ပြုပြင် ခန့်မှန်းချက်နှင့် တူသင့်သည် သို့မဟုတ်**

[65] Reconciliation or balance ဆိုသည်မှာ မြို့နယ် DAO ဘတ်ဂျက်အကျဉ်းချုပ်များတွင် အသုံးပြုလေ့ရှိသော စကားလုံး ဖြစ်သည်။

[66] DAO ဘတ်ဂျက် စာရွက်စာတမ်းများတွင် ရေးသားသည်ကို တိကျစွာ ဘာသာပြန်ထားခြင်းဖြစ်သည်။

[67] ဤသုတေသနပြုချက်အတွင်း စစ်ဆေးခဲ့သော အခြားဖြစ်ရပ်များလည်း ထိုအတိုင်းမှန်ကန်သည်။

**ပိုများသင့်သည် ဆိုသည့်အချက်ကို ရှင်းလင်းစွာ အကြောင်းပြနိုင်သည့် အုပ်ချုပ်ရေးဆိုင်ရာ စံများမရှိခြင်းဖြစ်သည်။** မည်သည့် DDA/ DAO အရာရှိကမျှ ယင်းမှာ လုပ်နေကျဘတ်ဂျက်တင်သော ဖြစ်စဉ်ဖြစ်သည်ဟူ၍ကလွဲပြီး အခြားသော ရှင်းလင်းချက်မျိုး မပေးနိုင်ပါ။ မှန်းဆနိုင်သည့်အချက်မှာ ဘတ်ဂျက်တွင် ဖော်ပြသော ရငွေများ မဖြစ်မနေတိုးတက်အောင် လုပ်ဆောင်ခြင်းကို နှစ်စဉ် ငွေကြေးဖောင်းပွမှုကို ထည့်သွင်းစဉ်းစားရန် လိုအပ်ခြင်းကြောင့်ဟု ရှင်းပြနိုင်သည်။ သို့သော်လည်း မည်သည့် DAO/DDA အရာရှိ ကမျှ DAO များက ခန့်မှန်းသော နှစ်စ(မူလခန့်မှန်းခြေ) ရငွေမှန်မှန်တိုးတက်လာမှုအတွက် ထိုအချက်ကို ရှင်းလင်းချက်တစ်ခုအဖြစ် မပေးခဲ့ပါချေ။

**ဒုတိယအချက်အနေဖြင့်  DAO များ ရေးဆွဲသည့် ကနဦး ရငွေ ခန့်မှန်းချက်မှာ အမြဲလိုလိုပင် (အကြီးအကျယ်) လျှော့တွက် ခန့်မှန်းမှု ဖြစ်နေပြီး စီစစ်ရာ၌ နှစ်လယ်ခန့်ကျမှ ရငွေ တိုးလာသည်ကို တွေ့ရသည်။** ဥပမာအားဖြင့် တောင်ကြီး DAO သည် ၂၀၁၄ - ၁၅ ဘဏ္ဍာနှစ်အတွက် ရငွေကို ၉% နှင့် ၂၀၁၅-၁၆ ဘဏ္ဍာနှစ်အတွက် ၃၁% ခန့်လျှော့ပေါ့ခန့်မှန်းခဲ့သည်။ ညောင်တုန်း DAO သည် ယင်းနှစ်များ၌ ၂၀ မှ ၃၅ % ထိ ရငွေကို  လျှော့ခန့်မှန်းခဲ့သည်။ တဖန် ထို့သို့ နှစ်စဉ် ရငွေများ သိသိသာသာ လျှော့၍ခန့်မှန်းမှုအပေါ် ရှင်းလင်းချက်များမတွေ့ရသလို မည်သည့် DAO တာဝန်ရှိသူကမှ ရှင်းလင်းချက် မပေးခဲ့ပါ။ [68]

**စုစုပေါင်း ရငွေခန့်မှန်းချက်များ သို့မဟုတ် ဘတ်ဂျက်များသည် DAO များကို ဘတ်ဂျက်အမြင့်ဆုံး အခြေအနေကို ဖော်ပြ၍ ဘတ်ဂျက် အသုံးစရိတ်ကို ပထမဆုံးဖြတ်တောက်လိုက်ခြင်းဖြစ်သည်။ ထို့နောက် တွင်မှ ကိစ္စရပ်အများစုတွင် ထိုစုစုပေါင်း ရငွေ ငွေခန့်မှန်းချက်ကို ၅-၁၀% လျှော့ပစ်သည်။** [69]  ပြည်နယ်/ တိုင်းဒေသကြီး၊ မြို့နယ်နှင့် နှစ်အလိုက် မေးခွန်းရှိမှုများအပေါ် မူတည်၍ လျှော့ခြင်းဖြစ်သည်။ ယင်းသို့ ပြုလုပ်ခြင်း ကို ၉၅/၅ သို့မဟုတ် ၉၀/၁၀ DAO ဘတ်ဂျက် စံနှုန်းဟုခေါ် သည်။ ထိုသို. နှုတ်ထားခြင်းမှာ စုစုပေါင်း DAO/DDA ဘတ်ဂျက်ပိုငွေ ဖြည့်ဆည်းပေးနိုင်ရန်နှင့် ထိုငွေဖြင့် DDA ရုံးကိုယ်တိုင်၏ ကုန်ကျစရိတ်နှင့် ပို၍ သေးသော DAO ရုံးများ (ရငွေသည် သာမန်၊ ငွေလုံးငွေရင်းအသုံးစရိတ်များကို ကာမိရန် မလုံလောက်သော) ၏ ဘတ်ဂျက်လို ငွေ ပံ့ပိုးပေးရန် အတွက် နှုတ်ထားခြင်းဖြစ်သည်။ ထိုသို့သော ပြန်လည်ဖြန့်ဝေပေးနိုင်မည့် ရာခိုင်နှုန်းကို ဖယ်လိုက်ပြီးသောအခါ DAO များသည် အသားတင် ဘတ်ဂျက်ဝင်ငွေကို တွက်ချက်ရပြီး ၎င်းအသားတင် ဘတ်ဂျက်ဝင်ငွေသည် စုစုပေါင်း ဘတ်ဂျက်အသုံးစရိတ်ကို ထိုထက်မကျော်ရဟု ကန့်သတ်ပေးလိုက်သည့် သဘောဖြစ်သည်။

**ယင်း DAO ဘတ်ဂျက်၏ အသားတင်အမြင့်ဆုံး အနေအထားသည် နောက်ထပ်ဘတ်ဂျက်အကန့်အသတ်/ အမြင့်ဆုံး (caps/ ceiling) သတ်မှတ်ချက်နှစ်ခုကို ထွက်ပေါ်လာစေသည်။**

**ပထမ အမြင့်ဆုံးသတ်မှတ်ချက်တွင် လစာစရိတ်သုံးစွဲရန် အများဆုံးကန့်သတ်ချက် (cap) ပါဝင်ပြီး အများဆုံး စုစုပေါင်းအသုံးစရိတ်၏ ၃၀% လျာထားသည်။** [70] ယင်းလစာစရိတ် ကန့်သတ်ချက်သည် အလုပ်လုပ်ကိုင်နေသူ အားလုံးအတွက် ပေးငွေများအကြုံးဝင်သလား သို့မဟုတ် လစဉ်လခရသော အမြဲတမ်းဝန်ထမ်းများ (နေ့စား များမပါ) ၏ လစာ/အကျိုးအမြတ် တစ်ခုတည်းအတွက်လားဆိုသည်မှာ မရှင်းလင်းပေ။ DAO အများစု၏ ဘတ်ဂျက်သည် လစာစရိတ်ပေါ် တွင် ယင်းကန့်သတ်ချက် ကို လိုက်နာလေ့ရှိသည်။ သို့သော်လည်း ၂၀၁၄ - ၁၅ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံ၏ ပြည်သူ့ဝန်ထမ်းများအတွက် လစာတိုးမြှင့်လိုက်ခြင်းကြောင့် ခြွင်းချက်အနေဖြင့် အကန့်အသတ်ကို ကျော်လွန်သုံးစွဲနိုင်သည်။

**ဒုတိယအမြင့်ဆုံးဘတ်ဂျက်သတ်မှတ်ချက်သည် (အခြားလူသားအားလုံးနှင့်ဆိုင်သော) အုပ်ချုပ်ရေးစံများမှ ထွက်ပေါ် လာခြင်း ဖြစ်သည်။** [71]  ငွေလုံးငွေရင်းအသုံးစရိတ်များကို အနိမ့်ဆုံးသတ်မှတ်ချက်ထားပြုထားရာ အနည်းဆုံး စုစုပေါင်း DAO အသုံးစရိတ်၏ ၅၀% ကို မျှော်မှန်းထားသည်။ အချို့သော ပြည်နယ်/တိုင်းဒေသကြီးတို့၏ DAO/DDA စနစ်များတွင် ငွေလုံးငွေရင်း အသုံးစရိတ်များကို စုစုပေါင်းအသုံးစရိတ်၏ အနိမ့်ဆုံး ၅၅% ထိပင်လျာထားခြင်းများတွေ့ရသည်။ ထိုသို့ကန့်သတ်လိုက်ခြင်း ကြောင့် သာမန်အသုံးစရိတ် (လစာစရိတ်များ အပါအဝင်) သည် စုစုပေါင်းအသုံးစရိတ်၏ ၄၅ - ၅၀% အထိ ကန့်သတ်ပြီးဖြစ်သွားပေသည်။ တဖန် DAO များသည် အဆိုပါ ငွေလုံးငွေရင်းအသုံးစရိတ်စံနှုန်းများကို ဂရုပြု၍လိုက်နာကြသည်ကို တွေ့ရသည်။

ယင်း အများဆုံး/အနိမ့်ဆုံး (cap/ floors) အသုံးစရိတ်နှစ်ခုလုံးအတွက် ဘာကြောင့်ထိုသို့သတ်မှတ်ရသည်ဆိုသည့် အကြောင်းရင်း မှာမူ ရှင်းလင်းခြင်းမရှိပေ။ သို့သော်ဖြစ်နိုင်သည်မှာ ၎င်းတို့သည် မူလက ဝန်ထမ်းများ ပိုခန့်ခြင်းကို ရှောင်ကြဉ်ရန်နှင့် DAO ၏ ဝင်ငွေများကို ဖွံ့ဖြိုးရေးအသုံးစရိတ် (တခါတရံ သာမန်အသုံးစရိတ်ဟု မမြင်ပဲ ငွေလုံးငွေရင်းအသုံးစရိတ်ရှုမြင်သည်) အတွက် အသုံးပြုမှု သေချာအောင်လုပ်ဆောင်သော နည်းလမ်းအဖြစ် အကြောင်းပြခဲ့ဖွယ်ရှိသည်။

---

[68] မြို့နယ် DAO က ဝင်ငွေလျှော့ခန့်မှန်းမှုကို လိုင်စင်လေလံနှင့် ပြည်တွင်းအခွန်မှ အခွန်ရှယ်ယာများ၏ မသေချာသော ဝင်ငွေများကို ကောင်းစွာ မခန့်မှန်းနိုင်ခြင်းကို ရှင်းပြနိုင်မည်ဟု ဆိုပါသည်။ သို့သော် ယင်းရှင်းလင်းချက်ကို သဘောတူနိုင်မှု နည်းရသည့် အချက်များမှာ (က) လိုင်စင်လေလံများမှ အခွန်မှာ နှစ်စဉ်နှစ်တိုင်း တိုးတက်နေပြီး (အကောင်းမြင်ရလျှင်) ပိုရနိုင်သည့် ဝင်ငွေခန့်မှန်းမှုအတွက် ပို၍ မှန်မှန်ကန်ကန် ဘတ်ဂျက်တွက်နိုင်ခြင်း (ခ) ပြည်တွင်းအခွန်မှ အခွန်ရှယ်ယာ များမှာလည်း အလားတူဖြစ်ခြင်းတို့ကြောင့်ဖြစ်သည်။ ထို့ကြောင့် မြို့နယ် DAO များ ဝင်ငွေလျှော့ခန့်မှန်းခြင်းကိစ္စမှာ ရှုပ်ထွေးမှုရှိဆဲ ဖြစ်သည်။

[69] ဥပမာအားဖြင့် လှိုင်းဘွဲ့ DAO (ကရင်ပြည်နယ်) တွင် အချို့နှစ်များ၌ ၎င်းရရှိသည့် ဝင်ငွေ ၁၀၀% လုံးကို ထိန်းသိမ်းထားနိုင်သည်။ အခြားသော လိုငွေပြသည့် DAO များအတွက် ဝင်ငွေဖြန့်ဝေပေးရန် ရာခိုင်နှုန်းတစ်ခုကို ဘေးဖယ်ထားပြီးသား ဖြစ်ပြီး DDA ကိုယ်တိုင်အတွက် DDA များက DAO များအတွက် ထုတ်ပေးသည့် နှစ်စဉ်ဘတ်ဂျက်လုပ်ထုံးလုပ်နည်းစာတွဲတွင် မှတ်တမ်းတင်ထားပြီး ဖြစ်သည်။

[70] အများဆုံးအနေအထား လစာစရိတ်သုံးစွဲမှုအကန့်အသတ်ကို ပြည်နယ်/တိုင်းဒေသကြီးစည်ပင်သာယာရေး ဥပဒေများ၌ ဖော်ပြထားသည်။

[71] ယင်းဘတ်ဂျက် စံနှုန်းများကို DAO များသို့ပေးသည့် DDA နှစ်စဉ် ဘတ်ဂျက်လုပ်ထုံးလုပ်နည်းစာတွဲတွင် ဖော်ပြထားသည်။ နှစ်စဉ် ဘတ်ဂျက်လုပ်ထုံးလုပ်နည်းစာတွဲမှာ ငွေလုံးငွေရင်းအသုံးစရိတ်ကို သတ်မှတ်ရန် စုစုပေါင်းအသုံးစရိတ်၏ ရာခိုင်နှုန်း လျာထားမှုနှင့် သက်ဆိုင်သော DAO စံနှုန်းများ ဖြစ်သည်။ ယင်းမှာ ပြည်နယ်နှင့် တိုင်းဒေသကြီးပေါ် မူတည်၍ တစ်နှစ်နှင့်တစ်နှစ် မတူညီပါ။

**အချုပ်ဆိုရလျှင်** DAO များသည် နှစ်စဉ်နှစ်တိုင်း ၎င်းတို့ဘတ်ဂျက်၏ အမြင့်ဆုံးအနေအထားကို နှစ်စဉ်သတ်မှတ်ရသည်။ ထိုသို့သတ်မှတ်ရာတွင် ပြီးခဲ့သည့်နှစ်၏ အမှန်တကယ် (သို့မဟုတ် ပြန်လည်သုံးသပ်ပြင်ဆင်ထားသော) ရငွေအတိုင်း သို့မဟုတ် ပို၍ခန့်မှန်းထားသော စုစုပေါင်း ရငွေခန့်မှန်းချက်အပေါ် အခြေခံရသည်။ ထို့နောက်တွင်မှ ဘတ်ဂျက်တွင်ဖော်ပြသော စုစုပေါင်း ရငွေ၏ ရာခိုင်နှုန်းအနည်းငယ် (၅% မှ ၁၀% အတွင်း) ကို DAO/DDA စနစ်၏ ဘဏ္ဍာငွေ လိုငွေပြနေသည့် အဖွဲ့များသို့ ခွဲဝေပေးသည်။ ကျန်သော ပမာဏ (သို့မဟုတ် အသားတင်ဘတ်ဂျက်အမြင့်ဆုံး) ကို အများဆုံးနှင့် အနည်းဆုံးအကန့်အသတ် များမှ တဆင့် ခေါင်းစဉ်ခွဲများထပ်ခွဲရသည်။ လစာအသုံးစရိတ်များကို စုစုပေါင်းအသုံးစရိတ်၏ ၃၀%၊ ငွေလုံးငွေရင်း အသုံးစရိတ်ကို စုစုပေါင်း၏ ၅၀ မှ ၅၅% ကြားနှင့် သာမန်အသုံးစရိတ်ကို ကျန်ရှိသည့် ၄၅-၅၀% သာ အများဆုံးသုံးရန် အကန့်အသတ်သည်။ အားလုံးခြုံလိုက်လျှင် ယင်းသို့ အများဆုံးနှင့် အနည်းဆုံးသုံးစွဲရမည့် ကန့် သတ်ချက်များက DAO များအနေဖြင့် နှစ်စဉ်စီမံကိန်းရေး ဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းများကို ထိုအကန့်အသတ်များအတွင်း ရေးဆွဲရမည်ဟု အဓိပ္ပါယ်ဖွင့်ဆိုရပေလိမ့်မည်။

## ၄.၂.၃။ ရွေးချယ်မှုများ - ရွေးစရာများနှင့် ဦးစားပေးများ

DAO များသည် နှစ်စဉ်ဘတ်ဂျက်များကို ပြင်ဆင်ရာတွင် ရငွေ အတွက် အခွန်ကောက်ရန်နှင့် အသုံးစရိတ်များနှင့်ပတ်သက်ပြီး ရွေးစရာအများအပြားရှိသည်။ မည်သို့ ရွေးချယ်မည်၊ မည်သည်ကို ဦးစားပေးရမည်ကို ဆုံးဖြတ်ခြင်းနှင့်ပတ်သက်၍ ဤအစီရင်ခံစာ၏ နောက်အခန်းငယ်တွင် ဖော်ပြထားပါသည်။

### ရငွေများ

ရငွေနှင့်ဆိုင်သောဘတ်ဂျက်များနှင့်ပတ်သက်၍ DAO များအတွက် လမ်းဖွင့်ပေးထားသည့် ရွေးချယ်စရာများမှာ အကန့်အသတ်ရှိသည့်သဘောရှိသည်။ အဘယ်ကြောင့်ဆိုသော် ခန့်မှန်းရငွေ ပမာဏသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကထက် မများလျှင်သော်မှ အနည်းဆုံး ညီတူညီမျှ ဖြစ်ရမည်ဟူသော အုပ်ချုပ်ရေးနှုန်းစံများကြောင့် DAO များသည် တစ်နှစ်ထက်တစ်နှစ် ၎င်းတို့၏ ရငွေခန့်မှန်းချက်များ တိုးလာအောင်လုပ်ရသဖြင့် ရွေးစရာ နည်းပါးနေတော့သည်။

စည်ပင်အဖွဲ့များအနေဖြင့် ခန့်မှန်းရငွေများ တိုးတက်အောင် မည်သို့ရွေးချယ်လုပ်ဆောင်သည်ကို ရှင်းလင်းစွာ မသိရသော်လည်း၊ နည်းလမ်းနှစ်သွယ်ဖြင့် လုပ်ဆောင်သည်ကို တွေ့ရသည် ။

- ပထမအချက်အနေဖြင့် အခွန်များ၊ အခကြေးငွေများ၊ သတ်မှတ်ကြေးများကောက်ခံရာတွင် တိုးမြှင့် ကောက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်း လိုင်စင်အရေအတွက်များ ပိုမိုခွင့်ပြုပေးခြင်းတို့ဖြစ်ကြသည်။ ဥပမာ အိမ်ထောင်စုများ၏ ပိုင်ဆိုင်မှု အခွန်နှုန်းထား သို့မဟုတ် လုပ်ငန်းလိုင်စင်အတွက် ပေးရသော စီးပွားရေးလုပ်ငန်းများတိုးလာခြင်းကို ဆိုလိုသည်။
- ဒုတိယအချက်အနေဖြင့် နှစ်စဉ်လိုင်စင် လေလံများအတွက် ကြမ်းခင်းဈေးများတိုးမြှင့်ခြင်းတို့ဖြင့် စည်ပင်သာယာရေးအဖွဲ့များ၏ဝင်ငွေအား တိုးပွားစေနိုင်သည်။

DAOများ၏အခွန်များ၊ အခကြေးငွေများ၊ သတ်မှတ်ကြေးများအမျိုးမျိုးအတွက် လက်တွေ့သတ်မှတ်နှုန်းများကို အတက်ပြလာအောင် ထိန်းညှိရန် ခက်ခဲသည့်သဘောရှိသည်။ ဥပမာ "ပိုင်ဆိုင်မှုအတွက်အခွန်" နှုန်းကိုတိုးကောက်ရန်မှာအလွန်အားထုတ်ရမည့်ကိစ္စဖြစ်ပြီး အပို စရိတ်များ ကုန်ကျမည့်လုပ်ငန်းစဉ်ဖြစ်ကာ DAO တာဝန်ရှိသူများ ကိုယ်တိုင် နားလည်သော်လည်း လုပ်ဆောင်ရန် တွန့်ဆုတ်နေသော ကိစ္စဖြစ်သည်။

### အသုံးစရိတ်

အသုံးစရိတ်များအတွက် နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့တွင် စည်ပင်သာယာရေး အဖွဲ့များသည် ရှိနေသော အရင်းအမြစ်များ၊ မူဘောင်များအတွင်း လုပ်ဆောင်ရခြင်းကြောင့် ဦးစားပေး အသုံးစရိတ်များသတ်မှတ်ရန် အကန့်အသတ်များ ရှိပါသည်။ လက်တွေ့တွင် စည်ပင်သာယာရေးအဖွဲ့များ၏ အသုံးစရိတ်နှင့်ပတ်သက်၍ ဦးစားပေးရွေးချယ်ရာတွင် ရွေးချယ်စရာ အလွန်နည်းပါးသည့် အခြေအနေတွင် ရှိနေပြီး အကန့်အသတ်ရှိနေသည့် အရင်းအမြစ် ခေါင်းစဉ်များက ပို၍ကျဉ်းမြောင်းလာအောင် လုပ်သလို ဖြစ်နေသည်။

စည်ပင်သာယာရေးအဖွဲ့များ မပြုလုပ်နိုင်သော ဘတ်ဂျက်ဆိုင်ရာ အခြေခံရွေးချယ်မှုတစ်ခုမှာ သာမန်အသုံး စရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များ မည်သည်ကို ဦးစားပေးမည်၊ မည်သည့်အတိုင်းအတာဖြင့် ရွေးချယ်ရမည်ဆိုသည်ပင်ဖြစ်သည်။ စည်ပင်အဖွဲ့များ၏ အသုံးစရိတ်နှင့်ပတ်သက်ပြီး ငွေလုံးငွေရင်းအသုံး စရိတ်သည် စုစုပေါင်း အသုံးစရိတ်၏ အနည်းဆုံး ၅၀% သာဖြစ်ရမည် ဆိုသည့် အုပ်ချုပ်ရေး ဆိုင်ရာစံနှုန်းများကြောင့် မြို့နယ်များသည် ၎င်းတို့ လက်ရှိ အသုံးစရိတ်ကို စုစုပေါင်း ဘတ်ဂျက်၏ ၅၀% ထက်ပို၍ ထိရောက်စွာ မသုံးစွဲနိုင်ဟု ဆိုလိုခြင်းဖြစ်သည်။


**(က) ဘတ်ဂျက်မှ သာမန်အသုံးစရိတ်များ**

ပုံ ၁၉ တွင် DAO များအားလုံးနှင့် ဧရာဝတီတိုင်းမှ DDA ရုံးတို့အတွက် သာမန်အသုံးစရိတ် ဘတ်ဂျက် (၂၀၁၆-၁၇ ဘဏ္ဍာနှစ်) ကို ရှင်းပြထားခြင်း ဖြစ်သည်။

DAO များက လုပ်ဆောင်သော အုပ်ချုပ်ရေးနှင့် အမိန့်ညွှန်ကြားချက်များဖြင့် ထိန်းကျောင်းပေးသော ဝန်ဆောင်မှုကို ပုံမှန်ဝန်ထမ်း ရင်းမြစ်များမှတဆင့် ပုံမှန်ဝန်ဆောင်မှုပေးခြင်းဖြစ်ပြီး ထို့ကြောင့် သာမန်အသုံးစရိတ် ဘတ်ဂျက်၏ လစာစရိတ်ဖြင့် လုံလောက်သည်။ လစာစရိတ်များသုံးစွဲမှုအတွက် အုပ်ချုပ်ရေးဆိုင်ရာ ဘတ်ဂျက်အကန့်အသတ်ရှိပြီးဖြစ်ရာ ဝန်ထမ်းများကို ဌာနတွင်းတိုးခန့်ရန် နယ်ပယ်အကန့်အသတ်ရှိကာ အုပ်ချုပ်ရေးယန္တရား၏ သဘောသဘာဝအရ ဘတ်ဂျက်တွင် လစာစရိတ်များလျှော့ချရန်လည်း အကန့်အသတ်ရှိသည်။

ပင်စင်လစာများသည်လည်း DAO/DDA ဘတ်ဂျက်၏ မရှောင်လွှဲနိုင်သော တည်ငြိမ်သည့် အချိုးတစ်ခုရှိသည့် သာမန်အသုံးစရိတ် တစ်ခုဖြစ်သည်။ ယင်းမှာပြုလွယ်ပြင်လွယ်သဘောမရှိသည့်ဘတ်ဂျက်အမျိုးအစားဖြစ်ပြီးပေးရန်ရှိသာမန်အသုံးစရိတ်တစ်ခုအနေဖြင့် DAO/DDA များအနေဖြင့် ၎င်းတို့၏ အကန့်အသတ်များလွန်းသော ရွေးချယ်ခွင့်အတွင်းမှပင် ပင်စင်အတွက် အသုံးစရိတ်ကိုရအောင် နေရာပေးရသည်။

**ပုံ ၁၉။ ဧရာဝတီတိုင်းဒေသကြီး - DAO/DDA သာမန်အသုံးစရိတ်ဘတ်ဂျက်များ ဖွဲ့စည်းထားပုံ (၂၀၁၆-၁၇ ဘဏ္ဍာနှစ်)**




**ဘတ်ဂျက်မှ ထိန်းသိမ်းစရိတ်များ (ယာဉ်များနှင့် ပစ္စည်းကိရိယာများအတွက်၊ လမ်းများအတွက်မပါ) ကလည်း အပြောင်းအလဲ သိပ်လုပ်မရပေ။**

**ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှု အသုံးစရိတ်များအတွက် ဘတ်ဂျက်ရေးဆွဲရာတွင် DAO များအတွက် အနည်းငယ်ပို၍ ရွေးစရာ ရှိသည်။** ဤစာရေးသူများနားလည်သလိုပင် ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုများအတွက် ဘတ်ဂျက်အများစုမှာ လောင်စာဆီ စရိတ်များ (စွန့်ပစ်အမှိုက်များစီမံခန့်ခွဲမှုနှင့် ဆောက်လုပ်ရေးတို့အတွက် အသုံးပြုသော DAO ယာဉ်နှင့် ပစ္စည်းကိရိယာများအတွက်)၊ ရုံးအတွက် ကုန်ကျစရိတ်များ၊ ရေမီးအသုံးစရိတ်များနှင့် အခြားအလားတူကုန်ကျငွေများအတွက် ရည်ရွယ်သည်။ ဤနေရာတွင် ဘတ်ဂျက် ရေးဆွဲမှုတွင် အကန့်အသတ်များရှိနေရာ အဆိုပါကုန်ကျစရိတ်များမှာလည်း ရှောင်လွှဲမရခြင်းကြောင့် အခြားပုံသေသာမန်အသုံးစရိတ်အမျိုးအစားများ (လစာရိက္ခာနှင့် ပင်စင်များ) နှင့်အတူ ချိန်ညှိရသည်မှာ လွယ်တော့မလွယ်လှပေ။

DAO များသည် လက်ရှိဘတ်ဂျက်၏ သာမန်အသုံးစရိတ် စုစုပေါင်းပမာဏကို အလွယ်တကူ မချဲ့ထွင်နိုင်ဟူသည့် အရေးကြီးသောအချက်ကို သိထားသင့်သည်။ အစောပိုင်းက ဖော်ပြခဲ့သလိုပင် DAO/DDA စနစ်များသည် သာမန်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များ၏ အချိုးအစားအတွက် မိမိကိုယ်တိုင်သတ်မှတ်ထားသော စံနှုန်းများရှိသည်။ နှစ်စဉ်စုစုပေါင်း ဘတ်ဂျက်၏ အနည်းဆုံး ၅၀% ကို ငွေလုံးငွေရင်းအသုံးအတွက် ခွဲဝေပေး မည်ဆိုသည့် ပုံစံမျိုး ဖြစ်သည်။ ထို့ကြောင့် DAO များသည် ၎င်းတို့၏ ဦးစားပေး လုပ်ငန်းများကို ကြီးကြီးမားမား မြှင့်တင်လိုလျှင် (စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုလုပ်ငန်းကဲ့သို့) ၎င်းတို့၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု များအတွက် ဘတ်ဂျက်များ၌ သိသာစွာ ဘတ်ဂျက်တိုးအောင် လုပ်၍ အကောင်အထည်ဖော်ခြင်း မပြုနိုင်ပေ။

ယင်းသို့သော အဖွဲ့အစည်းအများစု ကိစ္စရပ်တွင် DAO/DDA များသည် သာမန်အသုံးစရိတ်အတွက် ဘတ်ဂျက်နှင့် စီမံကိန်းကို

မည်သို့ရေးဆွဲမည်ဆိုသည့် ရွေးစရာများအကန့်အသတ်ဖြစ်နေသည်။ အကြမ်းဖျင်းအားဖြင့် လက်ရှိသာမန်အသုံးစရိတ်၏ ၆၀% မှာ လစာစရိတ်များနှင့် ပင်စင်များဖြစ်ပြီး နှစ်ခုလုံးမှာ အပြောင်းအလဲသိပ်မများလှပေ။ ပြုပြင်ထိန်းသိမ်းစရိတ်မှာလည်း အသင့်အတင့်ပုံသေဖြစ်သည်။ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အသုံးစရိတ်များသုံးစွဲခြင်းနှင့်ပတ်သက်ပြီး ရွေးချယ်စရာအနည်းငယ်ရှိကောင်းရှိ လာနိုင်မည်ဆိုသည့်တိုင် အချို့သော ထိုကုန်ကျစရိတ်များကတော့ တစ်နှစ်ထက်တစ်နှစ် ပြန်ညှိ၍ ရလိမ့်မည့် သဘောမရှိပေ။

အချုပ်ဆိုရလျှင် လက်တွေ့တွင် သာမန်အသုံးစရိတ်အမျိုးအစားများအတွက် နှစ်စဉ်စီမံကိန်းများနှင့် ဘတ်ဂျက်တို့ကို ရေးဆွဲသောအခါ DAO များတွင် ရွေးချယ်စရာများများစားစား မရှိပါ။ စုစုပေါင်းသာမန်အသုံးစရိတ်ကို စုစုပေါင်းဘတ်ဂျက်၏ ၅၀% သာသုံးစွဲရန် ကန့်သတ်ထားပြီးသားဖြစ်ပြီး စုစုပေါင်းသာမန်အသုံးစရိတ်၏ ရာခိုင်နှုန်းတော်တော်များများမှာ ပြုလွယ်ပြောင်းလွယ်သိပ်မရှိသော လစာစရိတ်အသုံးနှင့် ပုံမှန်လည်ပတ်ကုန်ကျငွေများဖြစ်ကြသည်။ ကျန်ရှိသော သာမန်အသုံးစရိတ်ဘတ်ဂျက်တွင် ရွေးချယ်စရာရှိသည့်အချက်မှာ - အချို့သောဝန်ဆောင်မှုများနှင့် အခြားကန်ထရိုက်ပေးမှုများစသည့် ဘဏ္ဍာငွေဆိုင်ရာ လုပ်ပိုင်ခွင့် အနည်းငယ်သာဖြစ်သည်။ ရလဒ်အနေဖြင့် DAO များ၏ သာမန်အသုံးစရိတ် ဘတ်ဂျက်မှာ နှစ်စဉ်နှစ်တိုင်း အတူတူပင် ဖြစ်နေတော့သည်။

### (ခ) ဘတ်ဂျက်မှ ငွေလုံးငွေရင်းအသုံးစရိတ်များ

**စည်ပင်အဖွဲ့များသည် ငွေလုံးငွေရင်းအသုံးစရိတ် (ရင်းနှီးမြှုပ်နှံမှု) များအတွက် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲရာတွင်လည်း ရွေးချယ်စရာအနည်းငယ်သာရှိသည်မှာ ထင်ရှားသည်။** ဥပဒေဆိုင်ရာနှင့် ဘတ်ဂျက်ဆိုင်ရာ အချက်များက ရွေးချယ်စရာများကို ကန့်သတ်ထားသည်။ စည်ပင်အဖွဲ့များသည်  ၎င်းတို့အား ဥပဒေအရပေးအပ်ထားသော လုပ်ပိုင်ခွင့်များအတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများရွေးချယ်ရာတွင် ဥပဒေဆိုင်ရာ ကန့်သတ်ချက်များရှိနေသည်။

**ကြည့်လိုက်လျှင် ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေများက DAO များကို သတ်မှတ်ပေးသော လုပ်ငန်းတာဝန်များစာရင်းသည် သုံးစွဲရန် ရွေးချယ်စရာ လိုသည်ထက်ပိုနေသည့်ပုံ ရှိသည်။** သို့သော် သေသေချာချာကြည့်လျှင် DAO များတွင် ပညာရေး၊ ကျန်းမာရေးတို့ကဲ့သို့ ကြီးမားသော လူမှုရေးကဏ္ဍများ၌ ဝန်ဆောင်မှု သို့မဟုတ် အခြေခံအဆောက်အဦ ဆိုင်ရာများကို ဖြည့်ဆည်းပေးရန် လုပ်ပိုင်ခွင့်ပေးမထားသည်ကို ထင်ရှားစွာတွေ့နိုင်သည်။ ယင်းကဏ္ဍ နှစ်ရပ်လုံးမှာ ပြည်ထောင်စုအစိုးရ ကသာ တာဝန်ယူထားသော အပိုင်းများဖြစ်သည်။ ထို့ကြောင့် ၎င်းသည် DAO အပိုင်းမှ ဝင်ရောက် ဆောင်ရွက်ရန်ရှိလာသည့် အခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုများကို မလွဲသာမရှောင်သာ လျှော့ပစ်ရတော့မည်ဖြစ်သည်။

**စည်ပင်အဖွဲ့အများစုအနေဖြင့် အခြားငွေကြေး ပိုင်းဆိုင်ရာ အကန့်အသတ်လိုအပ်မှုများကြောင့်လည်း  ရင်းနှီးမြှုပ်နှံမှု ရွေးချယ်စရာလမ်းကြောင်းအတော်များများကို လျှော့ချရသည်များလည်းရှိသည်။** အစိုးရအချင်းချင်းကြား ဘဏ္ဍာငွေထောက်ပံ့လွှဲပြောင်းနိုင်မှုမှာလည်း အကန့်အသတ်များစွာရှိနေပြီး၊ ငွေချေးယူနိုင်စွမ်းလည်းမရှိပါ။ [72]  စည်ပင်အဖွဲ့များသည် ၎င်းတို့၏ငွေလုံးငွေရင်းအသုံးစရိတ်များအဖြစ်၊ သာမန်အသုံးစရိတ်များ သုံးစွဲပြီးနောက် ကျန်ရှိငွေကို အသုံးပြုကြပါသည်။ ထိုအချက်များကြောင့် စည်ပင်အဖွဲ့များ လုပ်ဆောင်နိုင်သော ရင်းနှီးမြှုပ်နှံမှု  အရွယ်အစား (အမျိုးအစား)များကို ချုံ့လိုက်သကဲ့သို့ဖြစ်စေသည်။

လက်တွေ့တွင် စည်ပင်အဖွဲ့များသည် ကုန်ကျစရိတ် မြင့်မားသော ရေပေးဝေရေးအခြေခံ အဆောက်အဦ ရင်းနှီးမြှုပ်နှံမှု၊ တန်ဖိုးမြင့် ခေတ်မီအမှိုက်စွန့်ပစ်စနစ် သို့မဟုတ် ရေဆိုးစွန့်စနစ် ပစ္စည်းများ၊ အများပြည်သူနှင့်သက်ဆိုင်သော အဆောက်အဦကြီးများ (အားကစားရုံကဲ့သို့) သို့မဟုတ် လမ်းမကြီးများနှင့် တံတားများစသည့် စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံနိုင်စွမ်းမရှိပါ။ ဘဏ္ဍာငွေအရင်းအမြစ် အကန့်အသတ် ရှိခြင်းများသည် ရင်းနှီးမြှုပ်နှံမှုရွေးချယ်စရာများကို ထိရောက်စွာ ကန့်သတ်လိုက်သလိုဖြစ်ရပေသည်။


စည်ပင်အဖွဲ့အများစုအနေဖြင့် ရွေးချယ်နိုင်သည့်ရင်းနှီးမြှုပ်နှံမှုများကို လက်တွေ့တွင် အဓိကအမျိုးအစား နှစ်မျိုးခွဲခြားထားသည်။ ၎င်းတို့မှာ - လမ်းမများနှင့်သက်ဆိုင်သည့် အခြေခံအဆောက်အအုံ အမျိုးအစားများနှင့် ယာဉ်၊ပစ္စည်း ကိရိယာများ ဝယ်ယူခြင်းတို့ဖြစ်သည်။ ပထမဦးစွာ စည်ပင်အဖွဲ့များသည် ရေမြောင်းများ၊ လူသွားလမ်းပလက်ဖောင်းများ အပါအဝင်၊ လမ်းတံတားနှင့်သက်ဆိုင်သော အခြေခံ အဆောက်အအုံ ဆိုင်ရာ ဆောက်လုပ်ရေးလုပ်ငန်း၊ အဆင့်မြှင့်တင်ခြင်း၊ ပြုပြင်ခြင်းထိန်းသိမ်းခြင်းများကို ဘဏ္ဍာငွေ သုံးစွဲရန် ရွေးချယ်နိုင်သည်။ ဤနေရာတွင်ပင် ဘတ်ဂျက်နှင့်ဆိုင်သော ကန့်သတ်မှုများဆိုသည်မှာ မည်သည့် လမ်း/တံတားလုပ်ငန်းများမဆို အရွယ်အစားနှင့် နယ်ပယ်ကို ကန့်သတ်ထားသည်ဟု အဓိပ္ပါယ်ဖွင့်နိုင်သည်။ DAO များသည် အဓိကကျသော လမ်းမကြီးများ တည်ဆောက်ရာတွင်လည်းကောင်း၊ အဓိကလမ်းမကြီးများတလျောက် အဆင့်မြှင့်လုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်းကောင်း ဘဏ္ဍာငွေပေးရန် အခွင့်မရှိပါ။ ဒုတိယအနေဖြင့် DAO များသည် လမ်းလုပ်ငန်းများ သို့မဟုတ် အမှိုက်သိမ်းရန် ရည်ရွယ်ချက်များအတွက် ယာဉ်နှင့် ပစ္စည်းကိရိယာများ ဝယ်ယူရာတွင် ငွေလုံးငွေရင်း ရန်ပုံငွေမှ သုံးစွဲရန် ရွေးချယ်နိုင်သည်။ အခြားရွေးချယ်စရာများလည်း ရှိသည်။ သို့သော် သီးသန့်သတ်မှတ်ထားသည့် မြို့နယ်များတွင်သာ ဖြစ်သည်။ ဥပမာအားဖြင့် DAO များအနေဖြင့် ပိုက်လိုင်းဖြင့် ရေပေးဝေရေး အခြေခံအဆောက်အဦ နဂိုကရှိထားခြင်း (ထားဝယ်နှင့် တောင်ကြီး ကဲ့သို့မြို့များတွင်) သို့မဟုတ် DAO များက ၎င်းတို့အတွက် ရုံးနှင့် အခြားအဆောက်အအုံများ ပြန်လည်နေရာချထားရန် လိုအပ်လာပါကဖြစ်သည်။

[72] DAO များအနေဖြင့် ၎င်းတို့ သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများထံမှ တရားဝင် ချေးငွေရယူရန် ခွင့်ပြုထား သော်လည်း (Arnold et al. 2015 တွင် ကြည့်ပါ) လက်တွေ့တွင် ထိုသို့ မဟုတ်ပါ။

အကန့်အသတ်ဖြစ်နေသော DAO ငွေလုံးငွေရင်းအသုံးစရိတ်အတွက် ရွေးချယ်စရာများကို ဤဆန်းစစ်အကဲဖြတ်ချက်သည် DAO ဝန်ထမ်းများက ၎င်းတို့ဘာတွေလုပ်သည် (မပြောင်းမလဲဘဲ လမ်းမများနှင့် တံတားများဟု ဖော်ပြမှုအများစု) ဆိုသည်ကို ပြောပြသည်နှင့် DAO ဘတ်ဂျက်ကို ခြုံငုံပြဆိုသည့် အချက်အလက်များမှာ အတူတူဖြစ်သည် (ပုံ ၂၀ တွင်ကြည့်)။ စီမံကိန်း ရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲမှုအကြောင်းများကို DAO အရာရှိများနှင့် ဆွေးနွေးမှုတိုင်းတွင် လမ်းတံတားလုပ်ငန်းများနှင့် ဆက်စပ်သော လုပ်ငန်းများသာဖြစ်ပြီး လက်တွေ့တွင်လည်း ထိုလုပ်ငန်းများကို ၎င်းတို့၏ အရေးအကြီးဆုံး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်မှုများဟု ရှုမြင်နေကြသည်။

DAO များအတွက် ဖွင့်ပေးထားသော အဓိကရွေးချယ်မှုများမှာ မည်သည့်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပြုမည် ဆိုသည်ထက် လမ်းတံတားများ ဆောက်လုပ်၊ အဆင့်မြှင့်၊ ပြုပြင်၊ ထိန်းသိမ်းခြင်းများသာဖြစ်နေတတ်သည်။ နှစ်စဉ် ငွေလုံးငွေရင်းဘတ်ဂျက် များတွင် ပါဝင်ရန်အတွက် လမ်းတံတားလုပ်ငန်းများကို ဦးစားပေးရာတွင် DAO ၏ ရွေးချယ်မှုများကို အဓိက သတ်မှတ်ချက်နှစ်ခုမှ လွှမ်းမိုးထားပုံရသည်။

**ပုံ ၂၀။ ဧရာဝတီတိုင်းဒေသကြီး - DAO/DDA ၏ စီစဥ်ထားသော/ဘတ်ဂျက်တွင် ပါဝင်သော ငွေလုံးငွေရင်း အသုံးစရိတ် ဖွဲ့စည်းထားပုံ (၂၀၁၆-၁၇ ဘဏ္ဍာနှစ်)**




**ပထမအချက်အနေဖြင့် လမ်း/တံတားကဏ္ဍတွင် သုံးစွဲရန်အစီအစဉ်များသည် ဒေသဆိုင်ရာ လိုအပ်ချက်များ၏ လွှမ်းမိုးမှုများ ခံနေရသည်။** စည်ပင်အဖွဲ့ဝန်ထမ်းများအနေဖြင့် (၂၀၁၁) ခုနှစ်မှစတင်လိုက်သည့် ပြည်ထောင်စုအစိုးရ၏ လူထုဗဟိုပြုချဉ်းကပ် နည်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မည့်ပုံစံကို ပြောင်းလဲရန်မလွယ်ကူပါ။ အထူးသဖြင့် (၂၀၁၃) ခုနှစ်တွင် မြို့နယ်စည်ပင် သာယာရေးကော်မတီများပထမဆုံးပေါ်ပေါက်လာပြီး[73] မြို့ပြလမ်းမများ ဆောင်ရွက်ရန်ရွေးချယ်မှုကို ဒေသခံပြည်သူများနှင့် အသိုင်းအဝိုင်းတို့က ပုံဖော်ခဲ့ကြသည်။ စည်ပင်အဖွဲ့ဝန်ထမ်းများ ပြောဆိုချက်များအရ ဒေသအလိုက် ရွေးကောက်တင်မြှောက်သည့် မြို့နယ်စည်ပင်သာယာရေး ကော်မတီအဖွဲ့ဝင်များသည် ပြည်သူလူထုများနှင့် အလွတ်သဘောအပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပြီး၊ လူထုနှင့်ရပ်ရွာက မည့်သည့် အရာများတွင်ဦးစားပေးလုပ်ဆောင်လိုသည်များကို သိရှိလာကြသည်။ ၎င်းအခြေအနေသည် လမ်းတံတား လုပ်ငန်း များစွာကိုပြန့်ကျဲလုပ်ဆောင်ရသည့်အခြေအနေသို့ ရောက်ရှိသွားတတ်သည်။ သို့ရာတွင် စည်ပင်အဖွဲ့များအနေဖြင့် ဒေသလိုအပ်ချက်ကို တတ်နိုင်သမျှ၊ များနိုင်သမျှ ဖြည့်ဆည်းပေးနိုင်ရမည်ဖြစ်သောကြောင့် ပြည်သူများနှင့်ရပ်ရွာမှ အလေးထားသည့်လိုအပ်ချက်များကို အတိုင်းအတာတစ်ခုအထိ ထည့်သွင်းစဥ်းစားကာ လမ်း/တံတား စီမံကိန်းများအား ဖြန့်ကျက်၊ တိုးချဲ့ဖော်ဆောင်ပေးနိုင်သည်။

ငွေလုံးငွေရင်းအသုံးစရိတ်များကို ခွဲဝေအသုံးပြုခြင်းသည် ဒေသခံပြည်သူ၏ လိုအပ်ချက်ကို တုံ့ပြန်ဆောင်ရွက်ပေးရန်အတွက် နည်းလမ်းတစ်ခုဖြစ်သည်ကို တွေ့ရသည်။ ဘောင်ကွက် ၉ တွင် တာဝန်ယူမှုရှိသော စီမံကိန်းရေးဆွဲခြင်းက လုပ်ငန်းစီမံကိန်း အသေးစားလေးများအဖြစ် မည်သို့ ရလဒ်ထွက် အောင်လုပ်ဆောင်သည်ကို ဥပမာပြထားသည်။

[73] ထိုပိုမိုကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုများအတွက် ခြုံငုံဖော်ပြထားချက်ကို Gerhard van 't Land (2016) တွင် ကြည့်

### ဘောင်ကွက် ၉

**ညောင်တုန်း DAO တွင် ငွေလုံးငွေရင်း ရင်းနှီးမြှုပ်နှံမှုကို စီမံကိန်းရေးဆွဲခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်သည် ရပ်ကွက် ၁၀ ခုရှိပြီး လူဦးရေ ၂၃၅၀၀ ဦး ရှိသည့် မြို့နယ်သေး ဖြစ်သည်။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၏ ဘတ်ဂျက်တွင် ညောင်တုန်း DAO သည် ငွေလုံးငွေရင်းအသုံးစရိတ် ၂၇၇ သန်း (စုစုပေါင်း ဘတ်ဂျက် ကျပ်သန်း ၄၇၀) သတ်မှတ်ခဲ့သည်။ ဒေသဦးစားပေးလုပ်ငန်းများစွာကို ဆောင်ရွက်ရန်အလို့ငှာ အောက်ပါလုပ်ငန်းများကို ငွေသုံးစွဲရန် သတ်မှတ်ခဲ့သည် -

- မြို့တွင်း လမ်း ၁၂ ခု ကွန်ကရစ်ခင်းကာ အဆင့်မြှင့်ခြင်းနှင့် ရှိပြီးသား လမ်းမတစ်ခုအောက်၌ ပိုက်လုံးထည့်သွင်းခြင်း (ကျပ် ၁၈၆ သန်း)
- လမ်းမများ၊ လမ်းသွယ် အတော်များများကို ပြုပြင်ထိန်းသိမ်းခြင်း ( ကျပ်ငွေ ၈၁ သန်း) နှင့်
- အမှိုက်သိမ်းရန်အတွက် ထရပ်ကားအသစ်တစ်စီး ဝယ်ယူခြင်း (ကျပ် ၁၀ သန်း) တို့ ဖြစ်သည်။

ပျမ်းမျှအားဖြင့် လမ်းမတစ်ခုချင်း အဆင့်မြှင့်မှုနှင့် လမ်းမအောက်ပိုက်လိုင်းတပ်ဆင်ခြင်းအတွက် ဘတ်ဂျက် ကျပ် ၁၄ သန်း (အမေရိကန် ဒေါ်လာ ၁၃၀၀၀) သတ်မှတ်ထားရာ ယင်းမှာ လုပ်ရမည့် အလုပ်ပမာဏ အလွန်အကန့်အသတ်ရှိသည်ကို ပြသည်။

ဇစ်မြစ် - ကွင်းဆင်းခြင်း၊ (ဇွန်၊ ၂၀၁၆)

**ရင်းနှီးမြှုပ်နှံမှု ဦးစားပေးများ ဖော်ထုတ်သတ်မှတ်ရာတွင် TDAC ရွေးချယ်ခံအဖွဲ့ဝင်များ၏ လွှမ်းမိုးမှုသည် DAO တစ်ခုနှင့် တစ်ခု၌ မတူညီကြပေ။** အချို့ DAO များတွင် ယင်းအဖွဲ့ဝင်များမှာ DAO ရင်းနှီးမြှုပ်နှံမှုစီမံကိန်း ရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့ကို ပုံဖော်ရာ၌ အရေးပါသည့်ကဏ္ဍမှ ပါဝင်ကြသည်။ ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် အောက်မှ အထက်သို့ တိုင်ပင်အကြံဉာဏ်ယူမှုကို ဘယ်လောက်အတိုင်းအတာအထိ အခြေခံ၍ လုပ်ဆောင်နိုင်သည်ဆိုသည်မှာမူ ရှင်းလင်းမှုမရှိပေ။ သို့သော် ယေဘုယျအားဖြင့်တော့ ယင်း TDAC ကိုယ်စားလှယ်များသည် ယင်းကဲ့သို့သော အကြံပြုချက်များ ရယူမှုကို ပုံမှန်တရားဝင်နည်းလမ်းဖြင့် သွားသည်ထက် ၎င်းတို့၏ ကိုယ်ပိုင် အသိုင်းအဝိုင်းများမှတဆင့် အလွတ်သဘော ရယူခြင်းမျိုးလုပ်ဆောင်သည်ဟု ဆိုကြသည်။

ယခုအထိ စည်ပင်အဖွဲ့များ၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းများတွင် ပြည်သူများပါဝင်မှု အတိုင်းအတာတစ်ခုထိ ရှိနေခြင်းသည် မြို့နယ်စည်ပင်သာယာရေးကော်မတီ ကိုယ်စားလှယ်များ၏ ပုဂ္ဂိုလ်ရေးကိုယ်ပိုင် အဆက်အသွယ်များမှတဆင့်သော်လည်းကောင်း၊ အနီးအနား အသိုင်းအဝိုင်းများပါဝင်လာရန် လိုအပ်သည်ဟူသော စဉ်းစားချက်အရသော်လည်းကောင်း လုပ်ဆောင်နေကြသည့် အလွတ်သဘော လုပ်ငန်းစဉ် ပုံစံမျိုးဖြစ်နေသည်။ တကယ်တမ်းတွင် အနီးအနားအသိုင်းအဝိုင်းများ သို့မဟုတ် ရပ်ကွက်အခြေပြုကော်မတီများအနေဖြင့် DAO ၏ အောက်အဆင့်တွင် စီမံကိန်းရေးဆွဲရေးအဖွဲ့များအဖြစ် လုပ်ဆောင်ခြင်း အလွန်နည်းပါးသည် ကိုတွေ့ရသည်။[74]

**ဒုတိယအချက်အနေဖြင့် လမ်း/တံတားရင်းနှီးမြှုပ်နှံမှုစီမံကိန်းများ၏ ဦးစားပေးအစီအစဉ်များကို နည်းစနစ်ပိုင်းဆိုင်ရာ စဉ်းစားချက်များကသာ ဆုံးဖြတ်သည်။** စည်ပင်အဖွဲ့အင်ဂျင်နီယာများအနေဖြင့် မြို့တွင်းရှိ မည်သည့်နေရာမှ လမ်းများသည် အဆင့်မြှင့်ရန်၊ ပြုပြင်ရန်လိုအပ်နေသည်၊ မည်သည့်လမ်းအပိုင်းက ဝန်ဆောင်မှု သို့မဟုတ် စီးပွားရေးကို အထောက်အကူပြုသည်၊ မည်သည့် လမ်းမများကိုအများဆုံးသုံးစွဲသည် စသည်တို့အား ရှင်းလင်းစွာ သိနိုင်သော အမြင်ရှိကြသည်။ ဒေသဆိုင်ရာဦးစားပေးများနှင့် လိုအပ်ချက်များအနက်မှ မည်သည်တို့ကို ဘတ်ဂျက်၌ ထည့်သွင်းရမည်ကို စိစစ်ရာတွင်ယင်းစဉ်းစားချက်များအား ထည့်သွင်းအသုံးပြုနိုင်သည်။ စည်ပင်သာယာရေး အဖွဲ့များအနေဖြင့် ငွေကြေးကျခံရသော လုပ်ငန်းစီမံကိန်းကြီးများကို ဆုံးဖြတ်ရာတွင် နည်းစနစ်ပိုင်းဆိုင်ရာ စဉ်းစားချက်များက လွှမ်းမိုးသည်ကို တွေ့ရသည်။

မည်သည့်မြို့ပြလမ်းကွန်ရက်များတွင် အဆင့်မြှင့်၊ ပြုပြင်ရန် သို့မဟုတ် ထိန်းသိမ်းရန် လိုအပ်သည်ကို ဆုံးဖြတ်ခြင်းအတွက် ရှင်းလင်းကောင်းမွန်သည့် အကြောင်းရင်းများရှိနေသော်လည်း နှစ်စဉ် ဘတ်ဂျက် ရေးဆွဲရာတွင် မဟာဗျူဟာမြောက်ရေရှည်စီမံကိန်းများ ထည့်သွင်းရေးဆွဲ နိုင်ရန်အတွက် ၎င်းအကြောင်းရင်း၊ သတင်းအချက်လက်များအားထည့်သွင်းခြင်းမရှိဟု ယူဆရသည်။အစောပိုင်းက ဆွေးနွေးသကဲ့သို့ပင် စည်ပင်အဖွဲ့များသည် မြို့ရွာစီမံကိန်းများကို ၎င်းတို့အသုံးပြုစရာ အဖြစ်မမြင်ဘဲ ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်များကို ချမှတ်ရာတွင် လမ်းညွှန်အဖြစ်လည်း အသုံးပြုခြင်းမရှိပေ။ မည်သည့် DAO ကမှ ၎င်းတို့၏ လမ်းကွန်ရက်များအတွက် အလယ်အလတ်ကာလ စီမံကိန်းများကို ဆွေးနွေးစီစဉ်ခြင်းမရှိသည့်အတွက် ဦးစားပေး လုပ်ငန်းများကို အချိန်လွန်မှသာ သတ်မှတ်ကြရသည်။ အချုပ်အားဖြင့် စည်ပင်အဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုစီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက် ရေးဆွဲခြင်းတို့မှာ နှစ်အလိုက်သာလျှင်ဖြစ်ပြီး

---

[74] ဥပမာ အချို့သော ကရင်ပြည်နယ်မှ လတ်တလောရွေးချယ်လိုက်သည့် TDAC များသည် ရပ်ကွက်အခြေပြု ကော်မတီများ ပေါ်ပေါက်အောင် အစပြု ဆောင်ရွက်ရာတွင် ခြွင်းချက်ဖြစ်သည်။ ယင်းမှာ DAO စီမံကိန်းချမှတ်ခြင်းအတွက် ဒေသခံများ ပူးပေါင်းပါဝင်ရေးအတွက် အဖွဲ့အစည်း ဆိုင်ရာ ယန္တရားဖြစ်သလို ဒေသခံများ၏ အကြံဉာဏ်ရယူခြင်းအတွက် မူဘောင်လည်းဖြစ်သည်။

ဒေသဆိုင်ရာက တောင်းဆိုလာသော ဦးစားပေးကိုလိုက်၍ ဆန်စင်ရာ ကျည်ပွေ့လိုက်သလို လိုက်လုပ်ခြင်းပုံစံမျိုး ဖြစ်နေတတ်ပြီး နည်းစနစ်ပိုင်းဆိုင်ရာ လိုအပ်ချက်နှင့် လူမှုစီးပွားကျိုးကြောင်း ဆီလျော်မှုကို စဉ်းစားသည့် သဘောအချို့ကိုလည်း ရံဖန်ရံခါ တွေ့ရသည်။

ထို့ပြင် စည်ပင်အဖွဲ့များသည် ၎င်းတို့၏ ငွေလုံးငွေရင်းစီမံကိန်းများနှင့် ဘတ်ဂျက် ရေးဆွဲ ပြင်ဆင်ခြင်း လုပ်ငန်းများလုပ်ဆောင်ရာတွင် အခြား အစိုးရဌာနများ၏ ဘတ်ဂျက်/စီမံကိန်းများကို အများအားဖြင့် ကိုးကားခြင်းမရှိဘဲ လုပ်ဆောင်သည်ကို တွေ့ရသည်။ ၎င်းတို့အဆိုပြုသောစီမံကိန်းများသည် မြို့နယ် စီမံကိန်းရေးဆွဲခြင်းနှင့် အကောင်အထည် ဖော်ခြင်းဆောင်ရွက်ရာတွင် ကော်မတီ၊ ဌာနအချင်းချင်းကြား ပြန်လည်သုံးသပ်မှု တစ်စုံတရာကိုမှ အခြေခံခြင်းမရှိသည်ကိုတွေ့ရသည်။ DAO ဝန်ထမ်းများက ၎င်းတို့ အနေဖြင့် လမ်းစီမံကိန်းများကို ရင်းနှီးမြှုပ်နှံရာတွင် အခြားမြို့နယ်တစ်ခုလုံးနှင့် ပြည်နယ်/တိုင်းဒေသ ကြီးလမ်းဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်းမရှိဟု ဝန်ခံပြောဆိုကြသည်။

### ဌာနတွင်း အင်အားစုကို အသုံးပြုသည့် နည်းလမ်းများ

DAO များက အများပြည်သူအကျိုးပြုနှင့် ဝန်ဆောင်မှုများပေးခြင်းများကို ပုံမှန်အားဖြင့် အကောင်အထည်ဖော်သည့် အစီအစဉ်များ အဖြစ်သာ တွေးကြမည်ဖြစ်သောကြောင့် စီမံကိန်းရေးဆွဲခြင်း သို့မဟုတ် ဘတ်ဂျက်ရေးဆွဲ ခြင်းများနှင့် မသက်ဆိုင်ဟု ယူဆထား ကြလေ့ရှိသည်။ သို့သော် DAO ရင်းနှီးမြှုပ်နှံမှုနှင့် ဝန်ဆောင်မှုပေးသော နည်းလမ်းများတွင် ဌာနတွင်းအင်အားအသုံးပြုမှုကို ရှင်းရှင်းလင်းလင်းတွေ့နိုင်ပြီး စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတို့တွင် လွှမ်းမိုးမှု သို့မဟုတ် အကျိုးဆက်များ ရှိသည့် သဘောရှိသည်။[75]

လမ်းလုပ်ငန်းများတွင် ဌာနတွင်းအင်အားစုကိုသုံးသောနည်းလမ်းအား အသုံးပြုခြင်းဖြင့် စည်ပင်သာယာရေး အဖွဲ့များအတွက် အသေးစား ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများနှင့် လုပ်ငန်းအပိုင်းအစများ လုပ်ဆောင်ခြင်းများအား လွယ်ကူစေသည်။ အစိုးရ၏ ပစ္စည်း ဝယ်ယူရေးစနစ်များမှတဆင့် ပုဂ္ဂလိက လမ်းကန်ထရိုက်များကို အလုပ်အပ်မည်ဆိုပါက၊ တင်ဒါခေါ်ယူမှုတွင် ရင်းနှီးမြှုပ်နှံနိုင်ခြေ ရှိသူများ ယှဉ်ပြိုင်လာစေရေးအတွက် ဆွဲဆောင်ရန်အလို့ငှာ စည်ပင်အဖွဲ့များ အနေဖြင့် ပိုကြီးသော ဆောက်လုပ်ရေး/ အဆင့်မြှင့်စီ မံကိန်းများကိုစုစည်းပေးရန် လိုအပ်ကောင်းလိုအပ်နိုင်သည်။ ဒေသခံလုပ်ငန်းရှင်များက သေးငယ်ပြီးပြန့်ကျဲနေသည့် ကုန်ကျစရိတ် များပြီး အမြတ်နည်းသည့် လမ်းစီမံကိန်းများတွင် တင်ဒါ ဝင်ပြိုင်လိမ့်မည် မဟုတ်ပေ။ အခြားတစ်ဖက်တွင် ဌာနတွင်းအင်အားစုကို သုံးသော နည်းလမ်းသည် သေးငယ်ပြီး အပိုင်းပိုင်းဖြစ်နေသော လုပ်ငန်းစီမံကိန်းအများအပြားကို စီမံကိန်းရေးဆွဲရန်နှင့် ဘတ်ဂျက်ရေး ဆွဲရန် ပိုမိုလွယ်ကူစေကာ ပိုကြီးမားပြီး ပို၍မဟာဗျူဟာကျသော ရင်းနှီးမြှုပ်နှံမှုများကို ဒေသန္တရလမ်း ကွန်ရက်များတွင် ထည့်သွင်းမှုကို ရှောင်ရှားနိုင်စေသည်။ တချိန်တည်းမှာပင် ဌာနတွင်းအင်အားစုသုံးသော နည်းလမ်းအား အကောင်အထည်ဖော်ခြင်းသည် DAO များကို ၎င်းတို့၏ ငွေလုံးငွေရင်းဘတ်ဂျက်အား နှစ်လယ်တွင် ပြန်ညှိရန် ပိုလွယ်ကူစေသည်။ ပြန်လည်သုံးသပ် စိစစ်ထားပြီး တိုးထား သည့် DAO ဘတ်ဂျက်ဝင်ငွေကို ဌာနတွင်းအင်အားစုကို သုံးသော လမ်းစီမံကိန်းများ၌ သုံးစွဲမှုအား လုပ်ငန်းပမာဏကို ပြန်ညှိခြင်းနှင့် သွင်းအားစုများ (အလုပ်သမား၊ ပစ္စည်းများ၊ ကိရိယာများအသုံးပြုမှု) အရေအတွက်တိုးခြင်းတို့ကို ပြုလုပ်ခြင်းအားဖြင့် တဖြည်းဖြည်း တိုးကာ အလွယ်တကူ ထည့်သွင်းပေးလာနိုင်သည်။ သို့သော် ထိုသို့လုပ်ဆောင်ခြင်းသည် အစိုးရ၏ ပစ္စည်းဝယ်ယူရေးလုပ် ငန်းစဉ်မှ တဆင့် စာချုပ်ဖြင့် လုပ်ရသော လုပ်ငန်းကိစ္စများတွင် ပိုမိုရှုပ်ထွေးစေသည်။

ဌာနတွင်းအင်အားစုသုံးသော နည်းလမ်းသည် ရပ်ရွာက ငွေကြေးစိုက်ထုတ်ကမကထပြုသောလုပ်ငန်းများကို ကူညီလုပ်ဆောင် ပေးနိုင်သည်။ ကိစ္စအတော်များများတွင် မြန်မာနိုင်ငံ မြို့များရှိ သေးငယ်သော ရပ်ကွက်လမ်းများကို ၎င်းတို့ ရပ်ရွာအဆင့်က ထည့်ဝင် သော ငွေကြေးများဖြင့် အဆင့်မြှင့်တင်နေသည်။ ရပ်ကွက်များငွေစုကာ ဒေသခံအလုပ်သမားနှင့် ပစ္စည်းများ တိုက်ရိုက်ဝယ်ယူခြင်း အားဖြင့် လမ်းသွယ်များကို အဆင့်မြှင့်သည်။ စည်ပင်အဖွဲ့များသည်"ဌာနတွင်းအင်အားစု နည်းလမ်းအရဘတ်ဂျက် (Force Account Budget)" ဖြင့် ရပ်ရွာအသိုင်းအဝိုင်း၏ ကိုယ်ထူကိုယ်ထလုပ်ဆောင်မှုများအတွက် (ပြည်သူ့ဘဏ္ဍာစာရင်း ထည့်သွင်းခြင်းမရှိ သော) နည်းပညာကျွမ်းကျင်မှုနှင့် ပစ္စည်း၊ ကိရိယာသွင်းအားစုတို့ကို ထည့်ဝင်ပေးမှုပြု၍ ကူညီထောက်ပံ့ ပေးနိုင်လိမ့်မည် ဖြစ်သည်။ ရပ်ရွာ လူထုစုဆောင်းထားငွေမှာ ဘတ်ဂျက်နှင့် မဆိုင်ပေ။

### ၄.၂.၄။ ဘတ်ဂျက်တင်ပြခြင်းနှင့် အတည်ပြုခြင်း

သမားရိုးကျအားဖြင့် စည်ပင်အဖွဲ့များ၏ နှစ်စဉ်ဘတ်ဂျက်ရေးဆွဲမှုများအား ၎င်းတို့၏ သက်ဆိုင်ရာ မြို့နယ်စည်ပင်သာယာရေးကော် မတီများမှ အတည်ပြုသည်။ သို့သော်ငြားလည်း ဤအချက်သည် ဘတ်ဂျက်တင်သွင်းခြင်းလုပ်ငန်းစဉ်၌ အဓိကအဆင့် တစ်ခုအနေဖြင့် မတွေ့ရပဲ တရားဝင်မှုရှိအောင်သာ တင်ပြခြင်း ပုံစံမျိုးဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီကိုယ်စားလှယ်များအနေဖြင့် ငွေလုံးငွေရင်း အသုံးစရိတ်အတွက် ဘတ်ဂျက်ပြင်ဆင်ခြင်းနှင့် ပုံမှန်နေ့စဉ် DAO လုပ်ငန်း စီမံခန့်ခွဲမှုများအတွက် အတိုင်းအတာ တစ်ခုထိ ပါဝင်လာနိုင်ခြင်းကြောင့်ဖြစ်သည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီများအနေဖြင့် ဘတ်ဂျက်ကြိုတင် ပြင်ဆင်ရေးဆွဲမှု တွင် (အထူးသဖြင့် ရင်းနှီးမြှုပ်နှံမှုအသုံးစရိတ်များ အတွက်) တက်ကြွစွာ ပါဝင်လျက်ရှိသော်လည်း ၎င်းတို့သည် တင်ပြလာသည့် ဘတ်ဂျက်များကို သုံးသပ်စိစစ်ဆေးသည့်အခန်း ကဏ္ဍတွင်မူ ပါဝင်နိုင်ခြင်း မရှိသေးသည်ကို တွေ့ရသည် ။

စည်ပင်အဖွဲ့များသည် နှစ်စဉ်စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းအများစုတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက် တစ်စိတ်

[75] ဌာနတွင်း အင်အားစုကို အသုံးပြုခြင်းအတွက် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ဘောင်ကွက် ၅ တွင် ကြည့်ပါ။

တစ်ပိုင်းရှိသည့်ပုံစံဖြင့် လုပ်ဆောင်နေသော်လည်း၊ ပြည်နယ်/ တိုင်းဒေသ ကြီး DDA ၏ ဘတ်ဂျက် ဖွဲ့စည်းပုံနှင့် အတည် ပြုခြင်းများ၏ အပြင်တွင် ၎င်းတို့၏ နှစ်စဉ်စီမံကိန်းနှင့် ဘတ်ဂျက်များသည် တရားဝင် အနေအထား မရှိသည်မှာ အရေးတကြီး ထောက်ပြစရာဖြစ်သည်။

ပြည်နယ်/တိုင်းဒေသကြီးစည်ပင်ဌာနများ၏ နှစ်စဉ်ဘတ်ဂျက်ကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရ အဖွဲ့မှတဆင့်[76] သက်ဆိုင်ရာ လွှတ်တော်တွင်[77] အတည်ပြုချက်ရယူရန် တင်ပြရပြီး၊ စည်ပင်အဖွဲ့တစ်ခုချင်းစီ၏ နှစ်စဉ်ဘတ်ဂျက်များကိုမူ မတင်ပြရပေ။ ၎င်းအချက်မှာ အခြားတိုင်းပြည်များမှ မြူနီစီပယ်စနစ်များနှင့် သိသာစွာခြားနားနေသည့်အချက်ဖြစ်ပြီး ထိုနိုင်ငံများတွင်မြူနီစီပယ် အစိုးရတစ်ခု ချင်းစီသည် ကိုယ်ပိုင်ရပ်တည်သည့် နှစ်စဉ်စီမံကိန်းများနှင့်ဘတ်ဂျက်များရှိပြီး ၎င်းတို့၏ ဒေသန္တရမြူနီစီပယ်ကောင်စီသို့ တင်ပြ၍ အတည်ပြုချက်ရယူသည့် ပုံစံဖြစ်သည်။

ထို့နောက်ပြည်နယ်/တိုင်းဒေသကြီး DDA များသည် နောက်ဆုံးအချိန်တွင် ပြည်နယ်/တိုင်းဒေသကြီးအဆင့် ဌာနရုံးများနှင့် DAO အားလုံးတို့မှ တစ်ခုချင်းစီတင်ပြလာကြသော နှစ်စဉ်စီမံကိန်းနှင့် ဘတ်ဂျက်များကို စုစည်းပေးရန် တာဝန်ရှိကာ ဘတ်ဂျက်တစ်ခုတည်းအဖြစ် တင်ပြရသည်။ ပြည်နယ်/တိုင်းဒေသကြီးစည်ပင်ဌာနများသည် နှစ်စဉ်စီမံကိန်းရေးဆွဲခြင်း/ ဘတ်ဂျက်ရေးဆွဲခြင်းနှင့်ဆိုင်သော လုပ်ငန်းအမျိုးမျိုးအတွက် တာဝန်ရှိသည့်အပြင်၊

- ပြည်နယ်/တိုင်းဒေသကြီးစည်ပင်ဌာနရုံးများအတွက် လုပ်ငန်းလည်ပတ်သုံးစွဲရန် ဘတ်ဂျက်ရေးဆွဲ ခြင်း၊
- စည်ပင်အဖွဲ့များအတွက်ဘတ်ဂျက်လျာထားချက်များ၊အမြင့်ဆုံးသတ်မှတ်မှုနှင့်သုံးစွဲရမည့်ခေါင်းစဉ်များကို ထိန်းကျောင်းခြင်း၊ လမ်းညွှန်မှုများပေးခြင်း၊
- ပိုငွေပြနေသည့်စည်ပင်အဖွဲ့များ၏ဝင်ငွေများအား လိုငွေပြနေသည့် ပြည်နယ်/တိုင်း ဒေသကြီး စည်ပင်ဌာနရုံးများနှင့် ဘဏ္ဍာရေး အခြေအနေမလှသော စည်ပင်အဖွဲ့များအတွက် ငွေကြေးထောက်ပံ့ရန်အလို့ငှာစည်ပင်အဖွဲ့ရုံးအားလုံးအတွက်ဝင်ငွေကို ပြန်လည်ခွဲဝေခြင်းနှင့် မျှတအောင်ဆောင်ရွက်ခြင်း
- ပြည်နယ်/တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် လွှတ်တော်သို့ နှစ်စဉ်ဘတ်ဂျက်တစ်ခုတည်းအဖြစ် တင်သွင်းနိုင်ရန် DAO/DDA ဘတ်ဂျက်တစ်ခုချင်းစီကို စုစည်းပေးခြင်း။
- စည်ပင်အဖွဲ့ရုံးတစ်ခုချင်းစီ၏ ဘတ်ဂျက် အရ/အသုံး အကောင်အထည်ဖော်မှုအစီရင်ခံစာများအား လက်ခံပေးပြီး စောင့်ကြည့်လေ့လာကာ စည်ပင်အဖွဲ့/ စည်ပင်ဌာနဘဏ္ဍာရေး အစီရင်ခံစာ အားလုံးကို ဦးစီးဌာန၏ အစီရင်ခံစာ တစ်ခုအဖြစ်စုစည်းပြီး ပြည်နယ်/တိုင်းဒေသကြီး အစိုးရသို့ တင်သွင်းခြင်း စသည့်လုပ်ငန်းများကိုလည်း လုပ်ဆောင်ရသည်။

ပြည်နယ်/တိုင်းဒေသကြီး စည်ပင်ရုံးများသည် ဦးစီးဌာနဘတ်ဂျက်များနှင့် ၎င်းကိုကိုယ်စားပြုသော စည်ပင်အဖွဲ့ရုံးများအား ဘတ်ဂျတ်စံနှုန်းများကို လိုက်နာမှုသေချာစေရန် လုပ်ဆောင်နေသော်လည်း ၎င်းတို့သည် စည်ပင်အဖွဲ့တစ်ခုချင်းစီ၏ ဘတ်ဂျက်ကို စောင့်ကြည့်ခြင်းနှင့် အတည်ပြုခြင်းတို့နှင့် ပတ်သက်ပြီး အကန့်အသတ်ဖြင့်သာ ပါဝင်သည်ကိုတွေ့ရသည်။ စည်ပင်ဌာနရုံးများသည် စည်ပင်အဖွဲ့ရုံးများအား ဘတ်ဂျက် အမြင့်ဆုံးအခြေအနေနှင့်စံနှုန်းများကို လိုက်နာမှုသေချာစေရန်လုပ်ဆောင်ရုံမှတပါး စည်ပင်အဖွဲ့များက တင်သွင်းသည့် နှစ်စဉ် ဘတ်ဂျက်များ၏အသေးစိတ်အချက်များကို ပြင်ဆင်မှု၊ ညှိနှိုင်းမှုတို့ကို လုပ်ဆောင်နိုင်ပုံမရပါ။ ထို့ကြောင့် DAO ရုံးများသည် သီးသန့်ဝင်ငွေအမျိုးအစားများ၏ အရေးကြီးမှုကို ဆုံးဖြတ်ရာတွင်လည်းကောင်း၊ ဒေသန္တရ အသုံးစရိတ်ဦးစားပေးများ သတ်မှတ်ရာ တွင်လည်းကောင်း ကိုယ်ပိုင်ဆုံးဖြတ်နိုင်ခွင့်ကြီးမားစွာ ရရှိထားသည့် သဘောဖြစ်သည်။ အချုပ်ဆိုရလျှင် ပြည်နယ်/တိုင်းဒေသကြီးများ၏စည်ပင်အဖွဲ့/စည်ပင် ဌာနစနစ်များကို ဒေသန္တရအဆင့် "စည်ပင်သာယာရေး ဝန်ကြီးဌာနများ" အဖြစ် သတ်မှတ်ပုံဖော်နိုင်ပြီး၊ ၎င်းတို့သည် ဗဟိုချုပ်ကိုင်မှုကို များစွာလျှော့ချထားသည့် ဌာနများဖြစ်ကြသည်။

DAO/DDA စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများမှာအပြုခံသဘော လုံးလုံးလျားလျားဖြစ်နေသည်မှာထင်ရှားသည်။ ဤအစီရင်ခံစာရေးသားသူများ နားလည်ရသလောက်ဆိုလျှင် DAO/DDA ဘတ်ဂျက်များကို သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသို့ DDAများက တင်သွင်းရာတွင် ပြင်ဆင်ခြင်းတစ်စုံတရာ မပြုလုပ်ဘဲ အတည်ပြုလိမ့်မည်ဟူသော အပြည့်အဝ (အတွေ့အကြုံအရ) မျှော်မှန်းမှုဖြင့် တင်ကြခြင်းဖြစ်သည်။ ဤသို့ဖြစ်ရခြင်းမှာ DAO/DDA စနစ်များက ကိုယ်တိုင်ငွေကြေးရှာဖွေသုံးစွဲခြင်းပုံစံဖြစ်ပြီး ဘတ်ဂျက်ရေးဆွဲရာတွင်လည်း "ကိုယ့်ကိစ္စကိုယ် ဆုံးဖြတ်စေခြင်း" ကြောင့်လည်းဖြစ်သည်။ ထို့အပြင် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများက DAO/DDA များကို တစ်စိတ်တစ်ပိုင်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အစိုးရပိုင်လုပ်ငန်းများ အဖြစ်ရှုမြင်ကြပြီး၎င်း၏စီမံကိန်းများ၊ ဘတ်ဂျက်များကိုလည်း ပုံမှန်စောင့်ကြည့်ရန် သို့မဟုတ် ဝင်ရောက်စွက်ဖက်ရန် မလိုဟု ရှုမြင်ကြသည်။

ပြည်နယ်/တိုင်းဒေသကြီးအစိုးရများက DAO/DDA ဘတ်ဂျက်များအပေါ် သိသာစွာ စိတ်ဝင်စားမှု မရှိခြင်းမှာ အံ့ဩစရာ ကောင်းပါသည်။ DAO များမှာ အပြည့်အဝလွတ်လပ်သော စည်ပင်သာယာရေး အဖွဲ့များမဟုတ်ပဲ ပြည်နယ်အဆင့်တွင် သိသာထင်ရှားသော ဝင်ငွေ အချို့ကို ရှာဖွေပေးနိုင်ကာ နိုင်ငံရေးအရ အရေးပါသော မြို့ပြဧရိယာများတွင် ဝန်ဆောင်မှုများပေးနေသော အဖွဲ့များဖြစ်နေခြင်းကြောင့်ဖြစ်သည်။

---

[76] ပြည်နယ်/တိုင်းဒေသကြီး အနည်းငယ်တွင် (မွန်၊ ရှမ်းနှင့် မကွေး) ၎င်းတို့ ပြည်နယ်/တိုင်းဒေသကြီး စည်ပင်သာယာရေး ကော်မတီများ ရှိပြီး DAO/DDA ဘတ်ဂျက် အတည်ပြုရာတွင် ၎င်းတို့၏ အခန်းကဏ္ဍကို မသိရှိရပါ။

[77] နောက်ဆုံး၌ ပြည်ထောင်စု အစိုးရနှင့် လွှတ်တော်သို့ တင်သွင်းရသည်။

# ၅။ တွေ့ရှိချက်များ၊ ဆွေးနွေးချက်များနှင့် အကြံပြုတင်ပြချက်များ

ဤအခန်းတွင် အစီရင်ခံစာကို အနှစ်ချုပ်ဖော်ပြမည်ဖြစ်ပြီး လေ့လာမှုမှ အဓိကတွေ့ရှိချက်အချို့ကို ဆွေးနွေးမည် ဖြစ်သည်။ ထို့နောက် အစိုးရနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးမိတ်ဖက်များအတွက် အကြံပြုချက်အချို့ကို ဖော်ပြမည်ဖြစ်သည်။

## ၅.၁။ တွေ့ရှိချက်များနှင့် ဆွေးနွေးချက်များ

DAO/DDA များ၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း၊ ယေဘုယျ DAO/DDA စနစ်များနှင့်ပတ်သက်၍ တွေ့ရှိချက်အတော်များများကို မီးမောင်းထိုးပြကာ ဆွေးနွေးချက်အချို့ပြုလုပ်ရန်မှာ လိုအပ်သည်ဟုဆိုရမည် ဖြစ်သည်။ ထိုသို့မလုပ်ဆောင်မီ အောက်တွင်ဖော်ပြထားသော ဇယားကွက်သည် DAO/DDA ၏ စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲရေးအကြောင်းနှင့် လုပ်ငန်းစဉ်ကို အကျဉ်းချုပ်ဖော်ပြထားခြင်းအား တွေ့ရှိရမည် ဖြစ်သည်။

**ဘောင်ကွက် ၁၀**

**DAO/DDA များ - စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲရေးအကြောင်းနှင့် လုပ်ငန်းစဉ်ကို ခြုံငုံဖော်ပြခြင်း**

မြန်မာနိုင်ငံ၏ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မြို့ပြနေပြည်သူများ၏ လိုအပ်ချက်များနှင့် ဝန်ဆောင်မှုများကို DAO / DDA စနစ်များက ဖြည့်ဆည်းပေးသည်။ အဆိုပါ DAO/DDA စနစ်များသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအလိုက်သာ လုပ်ဆောင်ကြကာ လုပ်ဆောင်ချက်အားလုံးနီးပါးမှာ ပြည်ထောင်စုအဆင့်အစိုးရမှ လွတ်လပ်စွာ လုပ်ကိုင်ကြသည်။ DAO/DDA စနစ်များကို ပြည်နယ်/တိုင်းဒေသကြီးတစ်ခုချင်းအလိုက်ရှိနေသော စည်ပင်သာယာဥပဒေများက ထိန်းကျောင်းကာ ပြည်နယ်/ တိုင်းဒေသကြီးတစ်ခုချင်းအလိုက် စည်ပင်သာယာဥပဒေများမှာ တစ်ခုနှင့် တစ်ခုဆင်တူပါသည်။ DAO/DDA စနစ်များသည် ပြည်ထောင်စုအဆင့်မှရရှိသော ဝင်ငွေများကို ခွဲဝေပေးမှုမှ အကျိုးအမြတ်များ ရရှိကြပြီး ၎င်းတို့၏ ပြည်နယ်/တိုင်းဒေသကြီး အစိုးရများထံမှ အချို့ငွေလွှဲပြောင်းပေးမှုများရရှိသော်လည်း များသောအားဖြင့် ၎င်းတို့လုပ်ဆောင်ရမည့် လုပ်ငန်းများအတွက် လိုအပ်သောငွေ၏ အချိုးအစားအတော်များများကို ကိုယ်တိုင်ရှာဖွေနိုင်ကြသည်။ ဝင်ငွေအမြောက်အများကို လိုင်စင်များ လေလံပစ်ခြင်းမှရရှိသည်။

ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် DAO/DDA စနစ်များသည် အစိုးရဝန်ကြီးဌာနပုံစံဖြင့်လည်းကောင်း၊ အစိုးရပိုင်စီးပွားရေးလုပ်ငန်းအသွင်ဖြင့်လည်းကောင်း လည်ပတ်လုပ်ဆောင်လေ့ရှိသည်။ ခြုံ၍ဆိုရလျှင် ၎င်းတို့သည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးအစိုးရနှင့် လွှတ်တော်များကို တာဝန်ခံကြရသည်။ ၎င်းတို့၏ ဘတ်ဂျက်မှာလည်း ၎င်းတို့၏ သက်ဆိုင်ရာ ပြည်နယ်/ တိုင်းဒေသကြီးအစိုးရ ဘတ်ဂျက်တစ်ခုလုံး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ဤစနစ်ကို ပြည်နယ်/တိုင်းဒေသကြီး၏ ဝန်ကြီးဌာနတစ်ခုအဖြစ် ယူဆကြည့်မည်ဆိုပါက DDA များသည် ဗဟိုချုပ်ကိုင်မှု ကြီးစွာလျော့ချထားသော ဌာနသဖွယ် လည်ပတ်လုပ်ဆောင် နေသည်အသွင်ရှိရာ DAO ရုံးများသည် ၎င်းတို့၏ သုံးစွဲမှုသည် ၎င်းတို့၏ဝင်ငွေနှင့် ကိုက်ညီသည်ဟု ၎င်းတို့က ရှုမြင်ပါက စီမံကိန်းနှင့် ဘတ်ဂျက်ကို လွတ်လပ်စွာ ရေးဆွဲနိုင်ကြသည်။

DAO များသည် သက်ဆိုင်ရာ အခွင့်ရမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ ဝန်ဆောင်မှုများကို ၎င်းတို့တွင် ရရှိထားသော တရားဝင် လုပ်ပိုင်ခွင့်များနှင့်အညီ ပေးအပ်ရပါသည်။ ကိစ္စရပ်အားလုံးတွင် DAO များကို အစိတ်အပိုင်းနှစ်ခုဖြင့် ဖွဲ့စည်းထားသည်။ ၎င်းတို့မှာ (က) မြို့နယ်စည်ပင်သာယာရေးကော်မတီ (TDAC) ဖြစ်ပြီး ၎င်းတွင် ရွေးချယ် (တင်မြှောက်) ထားသော ရပ်ရွာလူထု ကိုယ်စားလှယ်များပါဝင်သည် (၎င်းတို့အထဲမှ တစ်ဦးသည် TDAC ဥက္ကဋ္ဌဖြစ်သည်)၊ (ခ) DAO ရုံးဖြစ်ပြီး ၎င်းတွင် အချိန်ပြည့်ခန့် ထားသော ပြည်သူ့ဝန်ထမ်းများရှိပါသည်။

၎င်းတို့၏ လုပ်ပိုင်ခွင့်အာဏာသည် ကျယ်ကျယ်ပြန့်ပြန့်ရှိသည့်ပုံပေါ်သော်လည်း လက်တွေ့တွင်မူ DAO များသည် မြို့ပြနေပြည်သူများ၏ လိုအပ်ချက်များနှင့် ဝန်ဆောင်မှုများကို ဖြည့်ဆည်းပေးရာတွင် လွန်စွာအကန့်အသတ်နှင့်သာ ပေးနိုင်သည်ကို တွေ့ရသည်။ လမ်းများနှင့်ဆိုင်သော အခြေခံအဆောက်အဦကို တည်ဆောက်ခြင်း/ထိန်းသိမ်းခြင်းများနှင့် စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲမှုဝန်ဆောင်မှုပေးခြင်းများမှာ DAO များကပေးသော အများပြည်သူ၏ အရေးကြီးသော လိုအပ်ချက်များဖြစ်သည်။ စည်ပင်သာယာရေး ပေးဝေမှုဝန်ဆောင်မှုကိုမူ အနည်းငယ်သော DAO များကသာ ပေးနိုင်ကြသည်။ ထို့အပြင် DAO အားလုံးသည် ဒေသန္တရစီးပွားရေးလုပ်ငန်းများကို ဥပဒေစည်းမျဉ်းများနှင့် ထိန်းကျောင်းပေးခြင်း (နှင့်သတ်မှတ်ကြေးများ ကောက်ခြင်း) တို့ လုပ်ဆောင်သည်။

### ၅.၁.၁။ အုပ်ချုပ်ရေးလုပ်ငန်းစဉ်နှင့်ဆိုင်သော စည်းကမ်းနှင့် လုပ်ထုံးလုပ်နည်းများ

စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များသည် ၎င်းတို့၏ ယခင်မူရင်းပုံစံဖြစ်သောပြည်ထောင်စုဝန်ကြီးဌာနတစ်ခု၏အစိတ်အပိုင်း ဖြစ်ခဲ့မှု ကြောင့်၊ အုပ်ချုပ်မှုဆိုင်ရာစည်းမျဉ်း (Administrative Discipline) များမှာ မြင့်မားသည်။ နှစ်အလိုက် ဘတ်ဂျက်များရေးဆွဲပြီး အချိန်မှန်ပေးပို့ရခြင်း၊ ဘတ်ဂျက်(ရသုံးမှန်းခြေငွေစာရင်း) များမှာ မျှခြေဖြစ်နေခြင်း၊ ဘဏ္ဍာရေးအစီရင်ခံမှုများမှာ စနစ်ကျပြီး သမား ရိုးကျပုံစံဖြစ်ခြင်း၊ စံသတ်မှတ်ထားသော အစီအစဉ်ပုံစံများအား နှစ်စဉ်အသုံးပြုခြင်းတို့ကို တွေ့ရသည်။ အခြားနိုင်ငံများမှ ရှေးရိုးစွဲနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ မြူနီစီပယ်အစိုးရအဖွဲ့များနှင့်နှိုင်းယှဉ်လျှင်၊မြန်မာနိုင်ငံ၏ စည်ပင်သာယာရေးအဖွဲ့များမှာ လုပ်ထုံးလုပ်နည်း ကျနသော စံသတ်မှတ်ချက်များနှင့် အုပ်ချုပ်မှုဆိုင်ရာ လက်တွေ့ကျင့်သုံးမှုများရှိသော ပုံစံများပင်ဖြစ်သည်။

### ၅.၁.၂။ ငွေရေးကြေးရေးထောက်ပံ့ခြင်းဆိုင်ရာကိစ္စရပ်များ

#### မြို့ပြနေပြည်သူများ၏လိုအပ်ချက်များ၊ ဝန်ဆောင်မှုများအတွက် အကန့်အသတ်ရှိနေသော အရင်းအမြစ်များနှင့် အကန့်အသတ်ရှိ နေသော ဘောင်များ

စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များသည် စီမံကိန်းရေးဆွဲခြင်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းများတွင် အကန့်အသတ်ဖြစ်သော ဘဏ္ဍာရေး အရင်းအမြစ်များဖြင့် အလွန်အမင်းကန့်သတ်ခံထားရသည်။ ၎င်းတို့ကိုယ်တိုင် ရငွေ(ဝင်ငွေ) များကို ရှာဖွေထောက်ပံ့နိုင်သည့် အခွင့်အလမ်းများရှိသော်လည်း၊ မလွဲမရှောင်သာ၊ ကန့်သတ်ခံနေရသည့် အခြေအနေဖြစ်သည်။ ယင်းမှာ အစိုးရအဖွဲ့အစည်းများ အားလုံးအတွက် တွေ့နေကြသဘောပင် ဖြစ်သည်။ DAO များအနေဖြင့် ဒေသန္တရငွေအပေါ် အများဆုံးအားထားနေရပြီး စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတွင်အကန့်အသတ်ဘောင်ရှိသည်ဟုအဓိပ္ပာယ်ကောက်၍ရသည်။DAOများသည်ငွေကြေးများစွာလိုအပ်သည့် ရင်းနှီးမြှုပ်နှံမှုကြီးများ (ပိုက်လိုင်း ရေပေးဝေမှု၊ သန့်စင်မှု ၊ ရေဆိုးထုတ်ခြင်း တို့ကဲ့သို့) အခြေခံအဆောက်အဦများအတွက် ဘဏ္ဍာငွေ သုံးစွဲမှုမပြုနိုင်ပဲ ၎င်းအတွက် လုပ်ပိုင်ခွင့်တွင် အချို့အချက်များနှင့် ကိုက်ညီရန် လိုအပ်ချက်များရှိနေသည်ကိုတွေ့ရသည်။ ငွေကြေး သုံးစွဲမှု မြင့်မားသည့် မြို့ပြလမ်းမ ကွန်ရက်များအတွက်လည်း ထိုနည်းတူပင်ဖြစ်သည်။

အခြားသော နိုင်ငံများမှ စည်ပင်သာယာအာဏာပိုင်များ (သို့မဟုတ် အစိုးရ) များသည်လည်း ကိုယ်ပိုင်အရင်း အမြစ်မှရသော ဝင်ငွေဖြင့် ရင်းနှီးမြှုပ်နှံမှုများအတွက် သုံးစွဲရန် မလုံလောက်မှုဟူသော အလားတူ ပြဿနာများ ရင်ဆိုင်ကြုံတွေ့ရပါသည်။ မြန်မာ နိုင်ငံမှ စည်ပင်သာယာရေးအဖွဲ့များနှင့် မတူညီသည့်အချက်မှာ- အခြားသောနိုင်ငံများမှ စည်ပင်သာယာ အာဏာပိုင်များအနေဖြင့် အစိုးရအချင်းချင်းနှင့် ဆက်သွယ်သည့် စနစ်ဖြင့် ချေးငွေများ သို့မဟုတ် ခွင့်ပြုငွေများအပေါ်တွင်လည်း မှီခိုနိုင်ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံမှ စည်ပင်သာယာရေးအဖွဲ့များမှာမူ - အသေးစား ငွေလွှဲပြောင်းမှုများမှသာ အကျိုးအမြတ်ရရှိသည်။ အခြားနိုင်ငံများတွင် စည်ပင်သာယာရေး အာဏာပိုင်များသည် အခြေခံအဆောက်အဦ ရင်းနှီးမြှုပ်နှံမှုများအတွက် ငွေကြေးထောက်ပံ့ရန်အလို့ငှာ ငွေချေးနိုင်ကြသည်။ ယင်းမှာ စည်ပင်သာယာအဖွဲ့အစည်းများကို ရင်းမြစ်များနှင့် လက်လုပ်မီစေရုံမက ရင်းနှီးမြှုပ်နှံမှုအတွက် ကုန်ကျစရိတ်များ သုံးစွဲနိုင်ရန် နှစ်ရှည်ဆပ်နိုင်သည့် ချေးငွေများပေးခြင်းဖြင့် မျှမျှတတဖြစ်စေသည်။ ယင်းသို့သော ဘဏ္ဍာငွေ ထောက်ပံ့ပေးသည့် ရွေးချယ်စရာများကို DAO များအတွက် ဖွင့်ပေးထားခြင်းမရှိပါ။ မြို့တော်အသေးရော မြို့တော်ကြီးများကို ဝန်ဆောင်မှုပေးနေသော DAO များပင် မရကြပါ။ ရလဒ်အနေဖြင့် ပိုက်လိုင်းရေပေးဝေရေးနှင့် ရေဆိုး စွန့်ပစ်ခြင်းကဲ့သို့ အဓိကကျသော မြို့ပြဝန်ဆောင်မှု လုပ်ငန်းများကို မြန်မာနိုင်ငံရှိ မြို့ပြနေရာ အတော်များများတွင် ပေးနိုင်ခြင်းမရှိသည်ကိုတွေ့ရသည် ။

#### ရငွေ(ဝင်ငွေ)အရင်းအမြစ်များ

စည်ပင်ရငွေလျာထားသတ်မှတ်ခြင်းနှင့်စည်ပင်လုပ်ငန်းလျာထားသတ်မှတ်ခြင်းကြားတွင်ကိုက်ညီမှုမရှိကြောင်း တွေ့ရသည်။ DAO များသည် မြို့ပြပြည်သူများ၏ လိုအပ်ချက်နှင့် ဝန်ဆောင်မှုများပေးရာတွင် ငွေကြေးသုံးစွဲမှုကို ၎င်းတို့ ကိုယ်ပိုင်ဝင်ငွေပေါ်တွင် ကြီးစွာရပ်တည်နေရသည်။ DAO/DDA ၏ အကြီးဆုံးရငွေရရှိသည့် တစ်ခုတည်းသော အစိတ်အပိုင်းဖြစ်သည့် လိုင်စင်လေလံ တင်ခြင်းများမှ ရငွေသည် မြို့ပြအပြင် တောင်ပေါ်၊ ကျေးလက်များထံမှလည်း ရရှိသည်မှာထင်ရှားသည်။ ယင်းမှာ မြို့နယ်အဆင့် ထက်ကို များစွာကျော်လွန်နေသောကြောင့် မေးစရာကိစ္စရပ်များထွက်ပေါ်လာရကာ ပြည်နယ်/တိုင်းဒေသကြီးအဆင့်တွင် ဆွေးနွေးမှု များနှင့် မူဝါဒချမှတ်ခြင်းများပြုလုပ်ရန် လိုအပ်လာသည်။ တကယ်တမ်းတွင် DAO/DDAစနစ်တစ်မျိုးတည်းကပင် ပြည်နယ်/ တိုင်းဒေသကြီး အဆင့်စုစုပေါင်းဝင်ငွေ၏ ကြီးမားသော အချိုးအစားနှင့် သက်ဆိုင်နေသဖြင့် အချို့သော အခွန်များ၊ အထူးသဖြင့် လိုင်စင်လေလံများကို ပြည်နယ်/တိုင်းဒေသကြီးအစိုးရများ (သို့မဟုတ် အနာဂတ်တွင် ပေါ်လာမည့် အခြားသော ကျေးလက်ဒေသန္တရ အစိုးရများ) အနေဖြင့် နည်းမှန်လမ်းမှန် ကောက်ခံပြီး ပြည်နယ်/တိုင်းဒေသကြီး၏အသုံးစရိတ်များအတွက် ဘဏ္ဍာငွေ ဖြည့်ဆည်းပေး သင့်ပေသည်။ လက်ရှိအခြေအနေအရပြောရလျှင် DAO များသည် ကျေးလက်နေပြည်သူများထံမှ အခွန်များ ကောက်ယူပြီး မြို့ပြလူထုအတွက် မြို့ပြဝန်ဆောင်မှုပေးသည့်လုပ်ငန်းများကို ငွေကြေးထောက်ပံ့နေခြင်းဖြစ်သည်။[78] ထို့ကြောင့် DAO များ၏ ဝင်ငွေ

---

[78] လိုင်စင်လေလံများကို စီးပွားရေးနှင့်ဆိုင်သော စည်းမျဉ်းစည်းကမ်း သို့မဟုတ် ဒေသန္တရစီးပွားရေးအုပ်ချုပ်မှု စနစ်တစ်ခု အဖြစ်မေးခွန်းထုတ်စရာ မလိုသော်လည်း Bissinger 2016 တွင် လိုင်စင်လေလံများက ဒေသန္တရဈေးကွက်ကို မည်သို့ ပုံပျက်စေသည်၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဟန့်အတားဖြစ်စေမည့် အနှုတ်လက္ခဏာဆောင်သော စားသုံးသူအတွက် နှင့် မက်လုံးပျက်စေသော အကျိုးဆက်များ မည်သို့ ရှိသည်ကို ကြည့်ရှုပါ။

အရင်းအမြစ်ကို ပြည်နယ်/တိုင်းဒေသကြီးတစ်ခုလုံးအတွက် ဝင်ငွေရှာရန် တာဝန်ပေးမှု၏ အစိတ်အပိုင်းတစ်ခုအဖြစ် လုပ်ဆောင်နိုင်ရေးကို ပြန်လည်သုံးသပ် စဉ်းစားရန် လိုအပ်နေပြီ ဖြစ်ပါသည်။

DAO များသည် မြို့ပြဝန်ဆောင်မှုများအတွက် ဝန်ဆောင်မှုကြေးလျော့၍ သတ်မှတ်ကာ မြို့ပြအသုံးစရိတ်များအတွက် ငွေကြေးကျခံနိုင်ရန် လိုင်စင်လေလံတင်ခြင်းများမှ ငွေရှာသည်ကိုတွေ့ရသည်။ DAO များက ကောက်ခံနေသော ပိုင်ဆိုင်မှုအခွန်နှုန်းထားများသည် မြို့ပြဧရိယာတွင် နေထိုင်သူများအတွက် အမှိုက်သိမ်းပေးခြင်း ကဲ့သို့ ဝန်ဆောင်မှုများအတွက် ပြန်ပေးရသည့် အသုံးပြုသူ၏ အခွန်အဖြစ် ကောက်ခံနေခြင်းဖြစ်ပြီး ၎င်းတို့အတွက် ငွေကြေးသုံးစွဲလိုက်ရသည့် အမှန်တကယ် ဝန်ဆောင်မှုကုန်ကျစရိတ်ထက်နည်း၍ ကောက်ခံနေသည် ကိုတွေ့ရသည်။

တောင်းခံမှုများနှင့် ရည်ရွယ်ချက်များအားလုံးအတွက် DAO များသည် နှစ်စဉ်ကိုသာ အခြေခံ၍ စီမံကိန်းနှင့် ဘတ်ဂျက်များကို ရေးဆွဲသည်။ နှစ်ရှည် သို့မဟုတ် မြို့ပြ/မြေယာအသုံးပြုမှု စီမံကိန်းများ ရေးဆွဲခြင်းမျိုး နည်းပါးကာ မည်သည့် အကောင်အထည်ဖော်မှုလုပ်ငန်းကိုမှ ထင်ထင်ရှားရှား မလုပ်ဆောင်နိုင်ပေ။ DAO ၏ နှစ်စဉ်စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတွင် ရငွေကို ခန့်မှန်းခြင်း (အလွန် စက်ပစ္စည်းဆန်သော) နှင့် သာမန်/ငွေလုံးငွေရင်း အသုံးစရိတ်များ ပါဝင်သည်။ ရငွေကို ခန့်မှန်းခြင်းသည် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ဆောင်ရာတွင် ပထမဆုံး အမြင့်ဆုံးအနေအထားကို သတ်မှတ်ခြင်းဖြစ်ပြီး ထိုအတိုင်းအတာ အတွင်းမှာပင် အသုံးစရိတ်အတွက် စီမံကိန်းရေးဆွဲခြင်း/ဘတ်ဂျက်ရေးဆွဲခြင်းများ လုပ်ဆောင်ရသည်။ အခြားလုပ်ငန်းစဉ်တွင် အမြင့်ဆုံးနှင့် အနိမ့်ဆုံး (ceiling and floors) သတ်မှတ်ခြင်းများသည် အခြားငွေကြေးဆိုင်ရာလက်လှမ်းမီနိုင်သည့် အတိုင်းအတာကို သတ်မှတ်ပေးသည်။ သာမန်အသုံးစရိတ်အတွက် ဘတ်ဂျက်ရေးဆွဲခြင်းသည် လုပ်ရမည့်လုပ်ငန်းက ရှင်းနေသော်လည်း အကန့် အသတ်များ အတော်များသည်။ လစာ၊ ပင်စင်နှင့် အခြားသော ပုံသေစရိတ်များက နေရာယူလိုက်ခြင်းကြောင့် အခြားသာမန် အသုံးစရိတ် အမျိုးအစား သုံးစွဲမှုများအတွက် နေရာသိပ်မကျန်ပေ။ ငွေလုံးငွေရင်းအသုံးစရိတ်အတွက် စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲခြင်းကမူ လက်တွေ့တွင် အပိုင်းလိုက်ခွဲလုပ်ရသော၊ ပမာဏသေးသော လမ်းလုပ်ငန်းအတွက်သာ ကန့်သတ်လိုက်သလိုဖြစ်ရသည်။ ထိုဦးစားပေးသတ်မှတ်ခြင်းများမှာ နည်းစနစ်ဆိုင်ရာဖြစ်စဉ်နှင့် အောက်ခြေမှတက်လာသည်များနှင့် နည်းပညာစဉ်းစားမှုများ ပေါင်းစပ်၍ လုပ်ဆောင်သည်။

ဤနေရာတွင် စည်ပင်ဝန်ထမ်းများနှင့် အရာရှိများသည် အခြေခံအချက်နှစ်ချက်အား ထောက်ပြကြသည်။ (က) နိုင်ငံသားများမှ တိုးလာသော ပိုင်ဆိုင်မှုအခွန်(အိမ်ခွန်)နှုန်းထားအား ပေးဆောင်ရန် တွန့်ဆုတ်မှုနှင့် (ခ) တိုးလာသော ပိုင်ဆိုင်မှုအခွန်နှုန်းထားများ၏ အုပ်ချုပ်ရေးနှင့် လုပ်ထုံးလုပ်နည်းစနစ်များ ရှုပ်ထွေးမှု၊ တို့ဖြစ်ကြသည်။

အကယ်၍ ပြည်နယ်/ တိုင်းဒေသကြီးများအနေဖြင့် ပြည်ထောင်စုအဆင့်အောက် အခွန်နှင့်ပတ်သက်သော မူဘောင်များကို ပြုပြင်ပြောင်းလဲ မည်ဆိုပါက အချို့နေရာတွင် ဝန်ဆောင်မှုပေးသည့် ကုန်ကျစရိတ်ကို ကာမိရန် အလို့ငှာ ပိုင်ဆိုင်မှုခွန်များမှ တိုးမြှင့်ရန် လိုအပ်ပါလိမ့်မည်။

### ၅.၁.၃။ စံသတ်မှတ်ချက်များနှင့်လက်တွေ့ကျင့်သုံးမှု

DAO/DDA စနစ်များသည် စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲရာတွင် စံနှုန်းနှင့်မူဘောင်အနည်းငယ်အတွင်း၌သာ ဆောင်ရွက်နေရသဖြင့် ဤအချက်သည် ဘတ်ဂျက်ရလဒ်များအပေါ် သက်ရောက်မှုရှိနေသည်။ အဆိုပါမူဘောင်အရ ဘတ်ဂျက်၏ ၅၀% ခန့်အား ငွေလုံးငွေရင်းအသုံးစရိတ်အတွက်သာ သတ်မှတ်ခြင်းခံရပြီး၊ ၎င်းငွေလုံးငွေရင်းမှာလည်း လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံတွင်သာ သုံးစွဲရန် ရွေးချယ်ခွင့်ပေးထားသကဲ့သို့ ဖြစ်နေသည်။ သာမန်အသုံးစရိတ် အပေါ်တည်မှီနေရသည့် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကဲ့သို့ ဝန်ဆောင်မှုများကို မပေးနိုင်အောင် ဖြစ်ရပြီး DAO များအတွက် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံတွင်သာသုံးစွဲရန် ရွေးချယ်ခွင့်ပေးထားသကဲ့သို့ ဖြစ်နေသည်။ အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် DAO/DDA စနစ်သည် စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုကဲ့သို့သော စည်ပင်လုပ်ငန်းများတွင် လိုအပ်သလောက်သုံးစွဲသည်ကို မတွေ့ရပေ။[79]

နောက်ထပ် DAO/DDA ၏ အရိုးစွဲအလေ့အထ (စံနှုန်းတစ်ခုနီးပါးဖြစ်နေသည့်) တစ်ခုမှာ ဌာနတွင်းအင်အားစု ကို အသုံးပြုသည့် နည်းလမ်းအပေါ်တွင် တည်မှီခြင်းဖြစ်သည်။ ယင်းကို လုပ်ငန်းများတွင်ရော ဝန်ဆောင်မှုများတွင်ပါ အသုံးပြုနေသည်ကိုတွေ့ရသည်။လမ်းမများနှင့် ဆက်စပ်သောအခြေခံအဆောက်အဦဆိုင်ရာဆောက်လုပ်ရေး၊ အဆင့်မြှင့်တင်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများကို DAO က တိုက်ရိုက် ကိုင်တွယ်ရာတွင် ၎င်းတို့သည် အပြင်မှ ပုဂ္ဂလိကကန်ထရိုက်များအား အလုပ်အပ်ခြင်းထက် ဌာနပိုင်အင်ဂျင်နီယာများ၊ တိုက်ရိုက်ငှားရမ်းထားသော အလုပ်သမားများ၊ စက်ပစ္စည်းကိရိယာများပေါ်တွင်သာ မှီခိုလုပ်ကိုင်ကြသည်။ အမှိုက်သိမ်းခြင်းများကိုလည်း ပြင်ပသို့ အလုပ်အပ်ခြင်း သို့မဟုတ် ဌာန၏ အမည်အောက်တွင် ပြင်ပမှ လုပ်သားအင်အားစုများကို ငှားရမ်းသုံးစွဲ ခြင်းထက်စာလျှင် DAO ယာဉ်များနှင့် အလုပ်သမားများဖြင့်သာ အသုံးပြုဆောင်ရွက်သည်။ ကိစ္စရပ်နှစ်ခုလုံးတွင်

---

[79] "မြူနီစပယ်စွန့်ပစ်အမှိုက်စီမံခန့်ခွဲမှုသည် ဝင်ငွေနည်းသော နိုင်ငံများတွင်သာမက ဝင်ငွေအသင့်အတင့်ရှိသော နိုင်ငံများတွင်ပါ မြို့တော်တစ်ခုအတွက် အရေးကြီးဆုံးဝန်ဆောင်မှုဖြစ်သည်။ ယင်းမှာ မြို့တော်များအတွက် အကြီးဆုံးတစ်ခုတည်းသော ဘတ်ဂျက်ဖြစ်ပြီး အလုပ်သမားအများဆုံးလည်း ဖြစ်သည်။ စွန့်ပစ်အမှိုက်များသည် ဒေသန္တရအစိုးရ၏ လုပ်ပိုင်ခွင့် နယ်ပယ်အတွင်း အပြည့်အဝတာဝန်ရှိသော ဝန်ဆောင်မှုကိစ္စဖြစ်သည်။ အညစ်အကြေးအမှိုက်များကို သေချာ စီမံခန့်ခွဲမှုမ လုပ်နိုင်သော မြို့တော်တစ်ခုသည် ပိုမိုရှုပ်ထွေးသည့် ဝန်ဆောင်မှုကဏ္ဍများကိုလည်း စီမံခန့်ခွဲနိုင်ရန် ခဲယဉ်းသည်" ... ကမ္ဘာ့ဘဏ် (၂၀၁၂)

ပြင်ပသို့အလုပ်အပ်နှံခြင်းသည် ပို၍ ထိရောက်သည့် စွမ်းဆောင်နိုင်သော ရွေးစရာနည်းလမ်းဖြစ်သော်လည်း DAO များအနေဖြင့် ၎င်းအချက်ကို စဉ်းစားခဲ့သည်ကိုတွေ့ရသည်။

### ၅.၁.၄။ နှစ်ရှည်၊ မဟာဗျူဟာမြောက်နှင့် မြို့ပြစီမံကိန်းများ ရေးဆွဲခြင်း

စည်ပင်အဖွဲ့/စည်ပင်ဌာနစနစ်များအနေဖြင့် သင့်လျော်သည့် ကာလရှည်(နှစ်ရှည်)ဆိုင်ရာ၊ မဟာဗျူဟာကျသော မည်သည့်မြို့ပြစီမံကိန်းလုပ်ငန်းများကိုမျှ လုပ်ဆောင်နေပုံ မပေါ်ပါ။ ပြည်နယ်/ တိုင်းဒေသကြီးအဆင့်တွင် DDA များသည် မြို့ပြဖွံ့ဖြိုးမှုနှင့် ဒေသတွင်း တိုးတက်ဖွံ့ဖြိုးမှုများအတွက် မြို့ရွာများ၏ အခန်းကဏ္ဍနှင့်ပတ်သက်ပြီး မည်သည့်မူဝါဒဆိုင်ရာ စဉ်းစားမှုကိုမှ မပြုလုပ်ပါ။ DAO များသည် နှစ်လတ်၊ နှစ်ရှည် စီမံကိန်းများကို အခြေခံသော သို့မဟုတ် မြို့ပြ (မြေယာအသုံးပြုမှု) စီမံကိန်းကို အခြေခံသော ရင်းနှီးမြှုပ်နှံမှုများနှင့် လုပ်ငန်းဆောင်ရွက်မှုများကို အစီအစဉ်ရေးဆွဲခြင်းမပြုပါ။ ထို့အပြင် DAO များသည် ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာနိုင်သည့် ဆွေးနွေးမှုများ[80] အပေါ်တွင်လည်း ၁ နှစ်ထက်ပိုသော ရင်းနှီးမြှုပ်နှံမှု ဦးစားပေးများရွေးချယ်ရာတွင် အခြေခံ၍ စဉ်းစားခြင်းမရှိပါ။ ယင်းသို့ မဟာဗျူဟာကျပြီး၊ ကျယ်ပြန့်သော စီမံကိန်းမူဝါဒများမရှိခြင်းကြောင့် DAO/DDA များ၏ စီမံကိန်းရေး ဆွဲခြင်းသည် နှစ်စဉ်ဘတ်ဂျက်စက်ဝန်းအပေါ်တွင်သာ လုံးလုံးအခြေပြုထားရသလို ဖြစ်နေသည် လုံးဝမှီခိုနေရသကဲ့သို့ ဖြစ်နေသည်။ ယင်းမှာ အချိန်အတိုင်းအတာတစ်ခုထိ အဆင်ပြေနေသော်လည်း ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဆုံးဖြတ်ချက်များချမှတ်ရာတွင်မူ ပို၍ မဟာဗျူဟာကျသော နှစ်ရှည်စဉ်းစား ချက်များအပေါ် အခြေခံခြင်းမဟုတ်တော့ပဲ အရေးပေါ် လုပ်ဆောင်ရသည့်သဘော၊ အပိုင်းလိုက်သာ ခွဲလုပ်ရသည့်သဘော၊ နှစ်စဉ်တဖြည်းဖြည်းသာ တိုးတက်လုပ်ဆောင်ရသော သဘောသဘာဝအနေဖြင့်သာ ရှိနေပေတော့သည်။ ရလဒ်အနေဖြင့် ရင်းနှီးမြှုပ်နှံမှုနှင့် အကောင်အထည်ဖော်သည့် လုပ်ငန်းများမှာ စနစ်တကျဖွဲ့စည်းနိုင်မှုနှင့် စွမ်းဆောင်နိုင်မှုမရှိသော အနေအထားသို့ ရောက်ရှိသွားတော့သည်။

စည်ပင်အဖွဲ့များ၏ စီမံကိန်းရေးဆွဲခြင်းများသည် အခြားသောအများပြည်သူနှင့်သက်ဆိုင်သည့် အစိုးရလုပ်ငန်းဌာနများမှ ရေးဆွဲသည့် စီမံကိန်းများအပေါ် ကိုးကားမှုအနည်းငယ်ဖြင့်သာ ရေးဆွဲနေကြသည်။

DAO များ၏ နှစ်စဉ်စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းကို အခြားမြို့နယ် သို့မဟုတ် ပြည်နယ်/တိုင်းဒေသကြီး ဌာနဆိုင်ရာများ (ပြည်နယ်/တိုင်းဒေသကြီးလမ်းဌာန သို့မဟုတ် ကျေးလက်ဖွံ့ဖြိုးရေးဌာနတို့ကဲ့သို့) နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းမပြုသောကြောင့် နှစ်ခါထပ်၍ ဆောင်ရွက်မိခြင်း၊ အစိတ်အပိုင်းများကွဲနေခြင်းနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းဆုံးရှုံးခြင်း စသည့် စိန်ခေါ်မှုများ ရှိနေသည်။

### ၅.၁.၅။ ပူးပေါင်းပါဝင်မှု၊ တာဝန်ခံမှုနှင့် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်

**DAO စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းများ၌ ပြည်သူလူထု ပူးပေါင်းပါဝင်ရန် အဓိကအားဖြင့်နည်းလမ်း နှစ်သွယ်ရှိသည်။ တစ်နည်းမှာ ဆွေးနွေးတိုင်ပင်မှုများတွင် တိုက်ရိုက်ပူးပေါင်းပါဝင်ခြင်းဖြစ်ပြီး နောက်နည်းလမ်း မှာ TDAC များတွင် အများပြည်သူ ကိုယ်စားလှယ်များမှတဆင့် ပါဝင်ခြင်းနည်းတို့ဖြစ်သည်။**[81]

ပထမအနေဖြင့် နိုင်ငံသားများသည် နှစ်အလိုက်စီမံကိန်း ဦးစားပေးလုပ်ငန်းများ ရေးဆွဲရာတွင် ဆွေးနွေးတိုင်ပင်မှုများမှတဆင့် တိုက်ရိုက်ပါဝင်နိုင်သည်။ သို့သော် ထိုသို့လုပ်ဆောင်ရာတွင် အလွတ်သဘောဆန်ပြီး မည်သည့် စနစ်ကျသည့် ရပ်ကွက် အခြေပြု တိုင်ပင်ဆွေးနွေး ခြင်းများအားအခြေခံခြင်း မရှိပေ။[82] ၎င်းကို TDAC ရွေးချယ်ခံအဖွဲ့ဝင်များက ယင်းလှုပ်ရှားမှုကို ဦးဆောင်နေသည့် သဘောရှိသည်။ အလွတ်သဘောအကြံပြုချက်များမှာ အရေးပေါ်အနေအထား လိုဖြစ်နေခြင်းနှင့် ယင်းကို TDAC အဖွဲ့ဝင်များ၏ ပုဂ္ဂိုလ်ရေးရင်းနှီးသည့် အသိုင်းအဝိုင်းဖြင့် ပုံဖော်နေခြင်းကြောင့် ယင်းပုံစံဖြင့် ပူးပေါင်းပါဝင်ခြင်းသည် စစ်မှန်သော တံခါးဖွင့်ပေးမှု ဟုတ်မဟုတ် အခြေအတင်အငြင်းအခုန်ပြုလုပ်ရန်တော့ဖြစ်ရသည်။ သို့စေကာမူ DAO စီမံကိန်းနှင့် ဘတ်ဂျက်များကို ပြည်သူလူထုနှင့်အတူ အကြံပြုချက်များက အချက်အလက်များပေးနေသည်ဆိုသည်ကတော့ ရှင်းနေပါသည်။

ဒုတိယအချက်အနေဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များမှတစ်ဆင့် ပူးပေါင်းပါဝင်နိုင်သည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်ရွေးချယ်ခံအဖွဲ့ဝင်များသည် DAO စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတွင် ပြည်သူလူထုမှုပါဝင်မှုကို အတိုင်းအတာတစ်ခုထိ သေချာစေသည်။ သို့ရာတွင် လက်ရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များပါဝင်နိုင်မှု အတိုင်းအတာသည် အသက်အရွယ်၊ ကျား/မ (TDAC အဖွဲ့ဝင်အများစုမှာ အသက်ကြီးသော အမျိုးသားများဖြစ်သည်) ရေးရာအရ နှင့် ၎င်းတို့အား

---

[80] ရင်းနှီးမြှုပ်နှံမှုဝင်ရောက်လာနိုင်သည့် ဆွေးနွေးမှုများဆိုသည် ယေဘုယျအားဖြင့် တစ်နှစ်ပြီး တစ်နှစ်၊ အစဉ်လိုက် စောင့်ဆိုင်းနေကြသော ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအဖြစ် နားလည်သည်။ ပေးထားသော အေဂျင်စီသည် နှစ်ရှည် အချိန်အတိုင်းအတာဖြင့် အကောင်အထည်ဖော်ရန် လိုလားသည်။ ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများကို ဖော်ဆောင် အကောင်အထည်ဖော်ပြီး နောက်တစ်ကြိမ် စောင့်ဆိုင်းနေသည့် စီမံကိန်းများကို နှစ်စဉ်ဘတ်ဂျက်များတွင် ထည့်သွင်းသွားရန်ဖြစ်သည်။

[81] ယခုစာတမ်းတွင် ရပ်ရွာလူထု သို့မဟုတ် အိမ်နီးနားချင်းများ၏ ငွေကြေးဆိုင်ရာ မျှဝေပေးခြင်းကို DAO စီမံကိန်းနှင့် ဘတ်ဂျက်လုပ်ငန်းစဉ်တွင် ပူးပေါင်းဆောင်ရွက်မှုကဲ့သို့ သတ်မှတ်ခြင်း မရှိပါ။ ဒေသခံပြည်သူများက DAO ရင်းနှီးမြှုပ်နှံမှုသို့ ထည့်ဝင်ခြင်း (ပစ္စည်း သို့မဟုတ် ငွေ) ဖြစ်စေ၊ မြို့ပြရင်းနှီးမြှုပ်နှံမှု တစ်ခုချင်းကို အပြည့်အဝ ထောက်ပံ့ခြင်းဖြစ်စေ ကိစ္စရပ် အများအပြား ရှင်းလင်းစွာ ရှိပါသည်။

[82] ကရင်ပြည်နယ်တွင် လက်ရှိ ရွေးချယ်ထားသည့် TDAC များသည် ပုံမှန်ဖြစ်သော ရပ်ကွက်အခြေပြု အကြံပြုဆွေးနွေးပွဲ များကို စီမံကိန်း ရေးဆွဲခြင်း ရည်ရွယ်ချက်အတွက် အစပြု ဖော်ဆောင်နေပြီ ဖြစ်ပုံရသည်။

ရွေးချယ်ပုံများတွင် အကန့်အသတ်များ ရှိနေသေးသည်။ ထို့ပြင်မြို့ကြီးများတွင် TDAC ရွေးချယ်ခံအဖွဲ့ဝင်များ ကိုယ်စားပြုရသည့် လူဦးရေများပြားသဖြင့် စစ်မှန်သော ရပ်ရွာဦးစားပေးကိစ္စများကို တင်ပြနိုင်ရန် အားပျော့သွားစေသည့်အချက်ကိုလည်း တွေ့ရှိရသည်။

DAO များ၏ တာဝန်ခံမှုဆိုသည်မှာမှုန်ဝါးဝါးသာဖြစ်သည်ဟုဆိုနိုင်သည်။ မြို့နယ်စည်ပင်သာယာရေး ကော်မတီများအနေဖြင့် စည်ပင်အဖွဲ့များကို အောက်ခြေသို့တာဝန်ခံမှုရှိစေရန် တရားဝင် တွန်းအားပေးမှု တစ်စုံတစ်ရာပြုလုပ်ခဲ့သည်။ သို့သော် ကော်မတီဝင်များသည် အထက်သို့တင်ပြသည့် စီမံကိန်းနှင့်ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်နေကြသည့် (စောင့်ကြည့်ခြင်း မလုပ်နိုင်တော့သည့်) အတွက် အဆိုပါတွန်းအားပေးမှုမှာ ဝေဝါးနေသည်။

ထို့ကြောင့် ၎င်းတို့သည် စီမံကိန်းများနှင့် ဘတ်ဂျက်များရေးဆွဲခြင်း၌သာ ပါဝင်နေကြကာ အတည်ပြုပြီးသော ဘတ်ဂျက်၊ စီမံကိန်းနှင့် လုပ်ငန်းများအား စောင့်ကြည့်ရန် မလုပ်နိုင်တော့သောကြောင့် အပြန်အလှန် ထိန်းညှိမှုဖြစ်စဉ်မှာ ထိထိရောက်ရောက် မရှိတော့ပေ။ TDAC အဖွဲ့ဝင်များသည် ၎င်းတို့ ကိုယ်တိုင်စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတွင် ပါဝင်နေရသော်လည်း DAO များက ရေးဆွဲထားသော စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲ ရာတွင် ဆုံးဖြတ်ချက်များအပေါ် မေးခွန်းထုတ်ပြီးမမေးနိုင်ကြပေ။ တချိန်တည်းမှာပင် DAO များအနေဖြင့် သက်ဆိုင်ရာ DDA များသို့ ၎င်းတို့ ရေးဆွဲထားသည့် စီမံကိန်းနှင့် ဘတ်ဂျက်များ အတည်ပြုချက်ရရန် တင်သွင်းရပြီး DDA များကတဖန် ပြည်နယ်/ တိုင်းဒေသကြီးသို့ ထပ်မံတင်ပြရသည်။ သဘောမှာ အထက်အဆင့်ဆင့်သို့ တာဝန်ခံမှုရှိခြင်းဟု ဆိုရမည်။

တရားဝင် တာဝန်ခံယူမှုတာဝန်ခံမှုအစီအစဉ် များရှိနေသည့်တိုင် စည်ပင်အဖွဲ့များသည် စီမံကိန်းနှင့် ဘတ်ဂျက်ရေး ဆွဲခြင်းများတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့်မြင့်မားစွာရရှိနေသည်။ ဒေသန္တရအဆင့်ရှိ အများပြည်သူဆိုင်ရာ ကဏ္ဍနှင့်သက်ဆိုင်သော စနစ်အားလုံး အနေဖြင့် ဆိုရလျှင် အထက်မှ-အောက်သို့ညွှန်ကြားသည့် လုပ်ငန်းစဉ်များနှင့် စံသတ်မှတ်ချက်များရှိကြသည်။[83] သို့သော် ယင်းစံနှုန်းများကို လိုက်နာနေသမျှ DAO များသည် ငွေကြေးဆိုင်ရာ အရင်းအမြစ်များ ဖော်ထုတ်နိုင်ပြီး ဝင်ငွေရှာနိုင်သည်နှင့်အမျှ သုံးစွဲခွင့် အတွက် ကိုယ်ပိုင်ဆုံးဖြတ်နိုင်ကြသည်။ DAO များက တင်သွင်းသော နှစ်စဉ်ဘတ်ဂျက်များကို အစိုးရ အထက်အဆင့်များမှ တစ်စုံတစ်ရာစွက်ဖက်မှုမပြုလုပ်ဘဲ အတည်ပြုလေ့ရှိပြီး ဤအချက်မှာ အခြားသောအစိုးရဌာနများနှင့် သိသာထင်ရှားစွာ ခြားနားသည့် အချက်ဖြစ်သည်။

## ၅.၂။ အကြံပြု တင်ပြချက်များ

ပြည်ထောင်စုအစိုးရ၊ပြည်နယ်/တိုင်းဒေသကြီးအစိုးရများနှင့် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေး မိတ်ဖက်များအတွက် အဓိကကျသော အကြံပြုချက်များကို ယခုအခန်းငယ်တွင် တင်ပြထားပါသည်။ အကြံပြုချက်အများစုတွင် ဘဏ္ဍာငွေထောက်ပံ့ခြင်း၊ စီမံကိန်း/ ဘတ်ဂျက်ရေးဆွဲခြင်း၊ DAO/DDA စနစ်၏ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုပေးသော လုပ်ငန်းများနှင့်ပတ်သတ်ပြီး ထည့်သွင်း ထားပါသည်။ အကြံပြုချက်အများစုမှာ- DAO/DDA စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းများ ဆောင်ရွက်ရာတွင် ခြုံငုံထားသော မူဝါဒ၊ ကန့်သတ်ထားသည့် အင်စတီကျူးရှင်းဆိုင်ရာ မူဘောင်များနှင့် လုံးဝသက်ဆိုင်နေသည်။ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်း စဉ်များအတွက် သီးသန့်အကြံပြုချက် များကိုလည်းထည့်သွင်းထားပါသည်။ ကာလတို၊ ကာလလတ်၊ ကာလရှည် စသည်ဖြင့် အချိန် သတ်မှတ်ချက်များဖြင့် အကြံပြုချက်များကို ခွဲခြားဖော်ပြထားပါသည်။

### ၅.၂.၁။ စည်ပင်အဖွဲ့/စည်ပင်ဌာန ဘဏ္ဍာရေး၊ စီမံကိန်း/ဘတ်ဂျက်ရေးဆွဲခြင်းနှင့် အခြေခံအဆောက်အဦ/ ဝန်ဆောင်မှုပေးခြင်း

**စည်ပင်အဖွဲ့၏အရင်းအမြစ်များနှင့် ပြည်ထောင်စုအဆင့်အောက် (တိုင်းဒေသကြီးပြည်နယ်အဆင့်) ရငွေများ**

တည်ရှိနေသောအရင်းအမြစ်အကန့်အသတ်များအတွင်း DAO များသည် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရာတွင် ၎င်းတို့၏ ကိုယ်ပိုင် အရင်းအမြစ်မှ ရသောရငွေကိုသာ အများဆုံးအခြေပြုလေ့ရှိသည်။ DAO များရရှိသော ရင်းမြစ်များ တိုးတက်လာလျှင် ရင်းနှီးမြှုပ်နှံမှုနှင့်ဖွံ့ဖြိုးမှုအသုံးစရိတ်များအတွက် ပိုမိုသုံးစွဲနိုင်ရုံမျှမက မဟာဗျူဟာကျကျ ဖြင့် မြို့ပြ အခြေခံအဆောက်အဦစီမံကိန်း များအတွက် ရင်းနှီးမြှုပ်နှံမှုကြီးများကို လုပ်ဆောင်နိုင်လာမည်ဖြစ်သည်။ DAO များအနေဖြင့် မြို့ပြနေ ပြည်သူလူထု၏ လိုအပ်ချက်နှင့် ဝန်ဆောင်မှု လုပ်ငန်းများတွင် ပိုမိုသုံးစွဲနိုင်ရန်အတွက် ဘတ်ဂျက်ရင်းမြစ်များကို တိုးပွားလာအောင်လုပ်ဆောင်နိုင်မည့် နည်းလမ်း များစွာရှိပါသည်။ ၎င်းမှာ -

ရေတိုကာလတွင် စည်ပင်အဖွဲ့များ၏ ဝင်ငွေစီမံခန့်ခွဲအုပ်ချုပ်သည့်ပုံစံကို အားကောင်းစေရန်လုပ်ဆောင်ပေးကာ အခွန်များနှင့် အခကြေးငွေများ ပိုမိုကောက်ခံနိုင်ရန် လုပ်ပေးရမည်ဖြစ်သည်။ မြို့နေအိမ်ထောင်စုများအား စည်ပင်သာယာရေးအဖွဲ့က လုပ်ဆောင် ပေးနေသောဝန်ဆောင်မှုများ (စွန့်ပစ်အမှိုက်များ သိမ်းဆည်းခြင်းကဲ့သို့) အတွက် ကောက်ခံသည့် ပစ္စည်းပိုင်ဆိုင်မှုအခွန်ကို အုပ်ချုပ် စီမံခြင်းမျိုးတွင် ကျွမ်းကျင်လာအောင်အထူးလုပ်ဆောင်ပေးသင့်သည်။ အခွန်ကောက်ခံမှုနှုန်းထားနှင့် စီမံခန့်ခွဲမှုများ ပိုမိုအားကောင်း

---

[83] အများဆုံးသုံးစွဲရမည့် လစာစရိတ်သုံးစွဲမှုအကန့်အသတ် သို့မဟုတ် ငွေလုံးငွေရင်းအသုံးစရိတ်တွင် အနိမ့်ဆုံးသတ်မှတ် ချက်ကဲ့သို့ DAO/ DDA ဘတ်ဂျက်စံနှုန်းများသည် အခြားနိုင်ငံများ၏ မြူနီစပယ် သို့မဟုတ် ဒေသန္တရအစိုးရ ဥပဒေများ အတွက် ထုတ်ထားသော စံနှုန်းများနှင့် (သဘောသဘာဝအရ) အလွန် တူညီသည်။

လာစေရန်၊ DAO/DDA စနစ်များပိုမို ကောင်းမွန်လာရန်နှင့် နိုင်ငံတကာမှ အတွေ့အကြုံများကို ထည့်သွင်းစဉ်းစားနိုင်ပါသည်။[84] သို့ရာတွင် ရေ ငွေစီမံခန့်ခွဲမှုကို တိုးမြှင့်လုပ်ဆောင်ခြင်းဖြင့် DAO ဝင်ငွေတစ်ခုတည်းကိုသာ တိုးလာစေပြီး ပြုပြင်ပြောင်းလဲရေးနှင့် ညှိနှိုင်းနေရမှုများကို ရှောင်ရှားနိုင်ရန်အတွက်မှု အခြားနည်းလမ်းများကိုလည်း ထည့်သွင်းစဉ်းစားရန် အမှန်တကယ် လိုအပ်ပါသည်။

**အလယ်အလတ်ကာလအပိုင်းအခြား၌ စည်ပင်အဖွဲ့များအတွက် ကိုယ်ပိုင်အရင်းအမြစ်များမှ ဝင်ငွေရှာရန် တာဝန်ပေးရာတွင် စနစ်တကျနှင့် ကျိုးကြောင်းဆီလျော်မှုရှိစွာ စဉ်းစားရန် ပိုမိုလိုအပ်သည်။** အထက်တွင် ဖော်ပြခဲ့သလို လိုင်စင် လေလံများမှ ရရှိသော အခွန်များသည် DAO အတွက် ကြီးမားသောဝင်ငွေ အစိတ်အပိုင်းတွင်ပါဝင်သည်။ယင်းလိုင်စင်စနစ်ကြောင့်ဖြစ်ပေါ်လာနိုင်သော စီးပွားရေးအရ သက်ရောက်နိုင်မှုများကို ဖယ်ထားလျှင်ပင် [85] စည်ပင်သာယာရေးအဖွဲ့များအနေဖြင့် မြို့ပြအိမ်ထောင်စုများ အတွက်သာ ဝန်ဆောင်မှုပေးလျက်ရှိသောကြောင့် လိုင်စင်လေလံကိစ္စသည်မြို့ပြရော ကျေးလက်နေစားသုံးသူများကိုပါ သက်ရောက်မှုရှိနေသောကြောင့် မျှတမှုမရှိပေ။ လိုင်စင်လေလံကိစ္စများသည် DAO များမှ ရငွေရှာဖွေရေးအတွက် တာဝန်ခွဲပေးမှုကို ပြည်နယ်/တိုင်းဒေသကြီး ရှုထောင့်များအတွင်းမှ ပြန်လည်စဉ်းစားသုံးသပ်ရန် လိုအပ်ကြောင်းဖော်ပြသည့် ဥပမာတစ်ခုသာဖြစ်သည်။ ပြည်တွင်းအခွန်ဌာနမှ မျှဝေပေးသည့် အခွန်ရငွေတွင် လုပ်ငန်းလိုင်စင်နှင့် ဘီးခွန်များလည်းပါဝင်သည်။ ဒေသအစိုးရ များ၏ စုစုပေါင်းဝင်ငွေတွင် DAO များ၏ ရငွေများသည် ကြီးမားသော အချိုးအစားဖြင့်ပါဝင်နေသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် DAO များအား ကောက်ခံခွင့်ပေးသော အခွန်များမှာ - အခြားနိုင်ငံများတွင်DAOများထက် အဆင့်မြင့်သောဌာနများက ကောက်ခံခြင်းဖြစ်သည်ကို တွေ့ရသည်။ DAO များ၏ ဝင်ငွေရှာဖွေနိုင်သည့်နည်းလမ်းများကို ပြန်လည်စဉ်းစားမည်ဆိုလျှင် ဒေသန္တရအဆင့်ရငွေနှင့် စပ်လျဉ်းသော ဖွဲ့စည်းပုံတစ်ခုလုံးကိုပါ ပြန်လည်စဉ်းစားရန် လိုအပ်ပေသည်။

**ကာလလတ်တွင် ပြည်ထောင်စုအဆင့်အောက် (ပြည်နယ်၊တိုင်းဒေသကြီး) ဒေသန္တရဝင်ငွေရှာဖွေရန် စည်ပင်အဖွဲ့များထံမှ အခွန်ကောက်ခွင့်အချို့အား ပြန်လည်ရုပ်သိမ်းရန်စဉ်းစားသင့်သည်။ ဤအချက်သည် စည်ပင်သာယာရေးအဖွဲ့များ အတွက်မူ ဝင်ငွေများ လျော့နည်းစေနိုင်သည်။ ကာလလတ်တွင် ထပ်မံ လုပ်ဆောင်သင့်သည့်အခြားအချက်မှာ - ပြည်ထောင်စုအဆင့်အောက် အစိုးရများ၏ အရ/အသုံး ဘဏ္ဍာငွေမူဘောင် (Fiscal Frameworks) တစ်ခုလုံး (ဝင်ငွေ၊ အသုံးစရိတ်ခွဲဝေမှုများနှင့် အစိုးရအချင်းချင်းကြား ငွေကြေးလွှဲပြောင်းမှုများအပါအဝင်) ကို ပြန်လည်သုံးသပ်ခြင်းဖြစ်သည်။** ၎င်းတွင် ပြည်နယ်/တိုင်းဒေသကြီးများမှ DAO များသို့ ဘဏ္ဍာငွေ လွှဲပြောင်းမှုများလည်းပါဝင်သည်။ (ကိုယ်ပိုင်ရင်းမြစ်မှရသော ရငွေဆုံးရှုံးမှုများအတွက် အစားထိုးပေးခြင်း)။ DAO များသည် သက်ဆိုင်ရာ ပြည်နယ်/တိုင်းဒေသကြီးများမှ လွှဲပြောင်းပေးအပ်လာသည့် စနစ်တကျခန့်မှန်း နိုင်ခြင်းမရှိသည့် ဘဏ္ဍာငွေ အနည်းငယ်တွင် မှီခိုနေရပေသည်။ ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင် ဒေသအစိုးရများ၏ အရအသုံးဘဏ္ဍာငွေမူဘောင်ကို ပြန်စဉ်းစားရာတွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအား နည်းစနစ်ပိုင်း ဆိုင်ရာပံ့ပိုးမှုများပေးရန် လိုအပ်ပါသည်။

**စည်ပင်အဖွဲ့အခြေခံအဆောက်အအုံနှင့်ဝန်ဆောင်မှုပေးခြင်း-မဟာဗျူဟာမြောက်ရှုထောင့်များနှင့် နှစ်အလိုက်စီမံကိန်း/ ဘတ် ဂျက် ရေးဆွဲခြင်းလုပ်ငန်းစဉ်များကို တိုးတက်လာစေခြင်း**

**မြို့နယ်အဆင့် DAO များသည် စီမံကိန်းနှင့်ဘတ်ဂျက်များကို ရေးဆွဲရာတွင် နှစ်အလိုက်ကိုအခြေခံပြီး ရည်ရွယ်ချက်ရှိရှိဖြင့် ရေးဆွဲခြင်းဖြစ်သည်။ နှစ်ရှည်စီမံကိန်း သို့မဟုတ် မြို့ပြနှင့်မြေယာအသုံးပြုမှု စီမံကိန်းရေးဆွဲခြင်းမျိုး တွေ့ရခဲပြီး လုပ်ငန်း သဘောသဘာဝ အရလည်း သိသာထင်ရှားမှုမရှိပါ။** နှစ်စဉ်စီမံကိန်းနှင့်ဘတ်ဂျက်များ ရေးဆွဲခြင်းများသည် အရေးပေါ်လိုအပ်ချက်များနှင့် ဦးစားပေးမှုများကို တုံ့ပြန်ဖြေရှင်းပေးသည့် သဘောမျိုးသာဖြစ်ပြီး မြို့ပြဖွံ့ဖြိုးမှုအတွက် ရည်မှန်းချက်ကြီးစွာဖြင့် ချဉ်းကပ်ရခြင်းမျိုးမဟုတ်ပေ။ လက်ရှိအနေအထားတွင် အတိုင်းအတာတစ်ခုထိ အဆင်ပြေနေသော်လည်း ရင်းနှီးမြှုပ်နှံမှုဆုံးဖြတ်ချက်များမှာ မဟာဗျူဟာမြောက် နှစ်ရှည်စဉ်းစားပြီးပြုလုပ်ခြင်းထက် အရေးပေါ်ကြုံသလိုနှင့် တစ်ပိုင်းချင်းစီ၊ တစ်နှစ်ချင်းတို့၏ လုပ်ဆောင်ရသော ပုံစံဖြစ်နေသည်။ နိုင်ငံတကာ၏ ငါးနှစ်စီမံကိန်းရေးဆွဲခြင်းအတွေ့အကြုံ သို့မဟုတ် ထိုသို့လုပ် ဆောင်ခြင်းသည် အပေါင်းလက္ခဏာဆောင်သည်ဟု မပြောနိုင်ချေ။ သို့သော် DAO များအနေဖြင့် စီမံကိန်းရေးဆွဲခြင်းလုပ်ငန်းများတွင် နှစ်ရှည် သို့မဟုတ် မဟာဗျူဟာမြောက်ရှုထောင့်မှ ရေးဆွဲနိုင်လျှင် ကုန်ကျစရိတ်လည်းနည်းကာ အမှန်တကယ် အကျိုးရှိပါလိမ့်မည်။

**လက်ငင်းလုပ်ဆောင်ရန်မှာ ပြည်ထောင်စုအဆင့်နှင့် ပြည်ထောင်စု အဆင့်အောက် စီမံကိန်းရေး ဆွဲသည့်ဌာနများ[86] နှင့် စည်ပင်အဖွဲ့/စည်ပင်ဌာနများသည် အတူတကွ ပူးပေါင်းဆောင်ရွက်ရန် ဖြစ်သည်။** ထိုသို့လုပ်ဆောင်ခြင်း ဖြင့် မြို့ပြဒေသအတွက် နှစ်ရှည်နှင့် မဟာဗျူဟာမြောက် မူဘောင်များ ရေးဆွဲရာတွင် အထောက်အကူဖြစ်ကာ DAO များအတွက် သင့်တော်သော အခန်းကဏ္ဍတစ်ခု ဖော်ထုတ်ပေးနိုင်ပါလိမ့်မည်။ မြို့ပြစီမံကိန်းရေးဆွဲခြင်းများအတွက် စည်ပင်အဖွဲ့များနှင့် မြို့ရွာနှင့်အိုးအိမ် ဖွံ့ဖြိုးမှုဦးစီးဌာနတို့၏ အခန်းကဏ္ဍများကို ပိုမိုရှင်းလင်းစွာ ခွဲခြားသတ်မှတ်ရန် လိုအပ်သည်။ ၎င်းတွင် မြို့ပြ သို့မဟုတ် မြို့ရွာ စီမံကိန်းများ၏ [87] ပုံစံနှင့် ပါဝင်မည့် အရာများအကြောင်းကိုလည်း ထည့်သွင်းစဉ်းစားထားရမည်ဖြစ်ပြီး မတူညီသော အဖွဲ့အစည်းအလိုက် ပါဝင်သူများ (အိုးအိမ်၊ ထွေအုပ်၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ DAO/DDA စနစ်များ စသည်) အကြား တာဝန်ခွဲဝေ သတ်မှတ်မှုများ ရှင်းလင်းရ

[84] ဥပမာ Mikesell (2003), Bahl & Bird (2008), and Kelly (2013) တို့ကို ကြည့်ပါ။

[85] Bissinger (2016) ကိုကြည့်ပါ။

[86] စီမံကိန်းနှင့် ဘဏ္ဍာရေးဌာန၊ ကဏ္ဍအလိုက် ဝန်ကြီးဌာနများနှင့် အိုးအိမ်နှင့် မြို့ပြ ဖွံ့ဖြိုးမှု ဦးစီးဌာနတို့ ပါဝင်သည်။

[87] အခြားဖွံ့ဖြိုးဆဲနိုင်ငံများ၌ ဖြစ်ပျက်နေသည့် ရေရှည်နှင့် မြို့ပြစီမံကိန်းများနှင့်ပတ်သက်သည့် ဖြစ်တတ်သော ပြဿနာများကို ရှောင်ကြဉ်ရန် ဖြစ်သည်။

မည်ဖြစ်ကာ စီမံကိန်းများမှာ အကောင်အထည်ဖော်ရန်ဖြစ်နိုင်ပြီး အသုံးဝင်သော စီမံကိန်းများဖြစ်ကြောင်း သေချာစေရမည်ဖြစ်သည်။

**ထို့ပြင်ရေတိုအနေဖြင့်သက်ဆိုင်ရာမြို့ပြဒေသများအတွက်ရေရှည်အမြင်ပုံကားချပ်ရှိသောစီမံကိန်းများရေးဆွဲနိုင်ရန် စည်ပင်အဖွဲ့များအား လိုအပ်သည့်နည်းလမ်းများ၊အသိပညာဗဟုသုတနှင့်ကျွမ်းကျင်မှုဆိုင်ရာ စွမ်းရည်မြှင့်တင်ခြင်းများ ပြုလုပ်ပေးရမည်ဖြစ်သည်။** အသုံးဝင်သော နည်းလမ်းတစ်ခုမှာ စည်ပင်အဖွဲ့များအား (၃) နှစ် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းတစ်ခု ရေးဆွဲစေခြင်းဖြစ်ပြီး၊ ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာစေကာ နှစ်အလိုက်စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း လုပ်ငန်းစဉ်များကို ထိန်းကျောင်းလမ်းညွှန်သွားနိုင်သည်။

**နောက်ထပ်ရေတိုနည်းလမ်းမှာ DAO/DDA များကို ၎င်းတို့ နှစ်စဉ်စီမံကိန်းနှင့် ဘတ်ဂျက်ရေး ဆွဲရေးလုပ်ငန်းစဉ်များကို အတိုင်းအတာ တစ်ခုအထိ ပွင့်လင်းကာ ပြောင်းလွယ်ပြင်လွယ် ရှိအောင် ကူညီပေးခြင်းဖြစ်သည်။** လက်ရှိတွင် DAO ငွေလုံးငွေရင်းသုံးငွေသည် စုစုပေါင်း သုံးစွဲမှု၏ အနည်းဆုံး ၅၀% အောက်ထစ်သတ်မှတ်ထားသည်။ ယင်းမှာ အမှိုက်သိမ်းခြင်း ကဲ့သို့သော သော့ချက်ကျသော စည်ပင်သာယာဝန်ဆောင်မှုများကို လုပ်ဆောင်သည့် လုပ်ငန်းလည်ပတ်ကုန်ကျစရိတ်များ ပေါ်တွင်သာ ထိရောက်စွာသုံးစွဲပြီးလမ်း အခြေခံအဆောက်အဦများသို့ ဦးတည်သုံးစွဲသော DAO အသုံးစရိတ်များအတွက်မူ မသုံးစွဲနိုင်တော့ပေ။ ထိုသို့သော ဘတ်ဂျက်စံနှုန်းများသည် အထောက်အကူမဖြစ်ဘဲ ပြန်စဉ်းစားသင့်သော အရာများဖြစ်သည်။ ထို့ပြင် DAO များသည် လမ်းအခြေခံ အဆောက်အဦများကိုသာ အမြဲတမ်းစဉ်းစားနေရာ တစိတ်တပိုင်းမှာ ရွေးစရာမရှိ၍ (အပေါ်တွင် ကြည့်ပါ) ဖြစ်ပြီး နောက်တစ်ပိုင်းမှာ (စွန့်ပစ်အမှိုက် စီမံခန့်ခွဲခြင်းကဲ့သို့) စည်ပင်သာယာဝန်ဆောင်မှုများကို ပိုထိရောက်သော နည်းလမ်းဖြင့်သော်လည်းကောင်း၊ ပိုမိုဆန်းသစ်သော အတွေးအခေါ် အကြံဉာဏ်များဖြင့်သော်လည်းကောင်း မပံ့ပိုးနိုင်သောကြောင့်ဖြစ်သည်။ DAO များကို ယင်းကဲ့သို့သော အကြံဉာဏ်များကို ဖြည့်ဆည်းပေးမှသာ ၎င်းတို့ အမှန်တကယ် စီမံကိန်းများနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတွင် ရွေးချယ်စရာများကို တိုးချဲ့လာနိုင်မည် ဖြစ်သည်။

**စည်ပင်အဖွဲ့ အခြေခံအဆောက်အအုံနှင့် ဝန်ဆောင်မှုပေးခြင်း - ပူးပေါင်းပါဝင်မှုနှင့် တာဝန်ယူမှုတာဝန်ခံမှုတို့ အားကောင်းလာစေခြင်း**

**DAO စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပြည်သူလူထု ပူးပေါင်းပါဝင်နိုင်သည့် နည်းလမ်းနှစ်သွယ်ရှိသည်။** ပထမ နည်းလမ်းမှာ နိုင်ငံသားများအနေဖြင့် နှစ်စဉ်ဦးစားပေးစီမံကိန်းများ ရွေးချယ်ရာတွင်တိုင်ပင်အကြံဉာဏ်ယူ ဆွေးနွေးမှုများမှတဆင့် တိုက်ရိုက်ပူးပေါင်းပါဝင်နိုင်ခြင်း ဖြစ်သည်။ ယင်းမှာ အလွတ်သဘောဖြစ်ပြီး စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ၏ ပုဂ္ဂိုလ်ရေးကွန်ရက်များဖြင့် လုပ်ဆောင်နေခြင်းဖြစ်ကာ စနစ်တကျဖြင့် ရပ်ကွက်ကို အခြေပြုသော တိုင်ပင်အကြံဉာဏ်ယူမှုကို အခြေခံခြင်း မဟုတ်ပါ။ [88] ဒုတိယနည်းလမ်းမှာ-နိုင်ငံသားများသည် DAO စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်း တို့ကို စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင်များ၏ ကိုယ်စားပြုမှုမှ တဆင့်ပူးပေါင်းပါဝင်ခြင်း ဖြစ်သည်။

စည်ပင်သာယာရေးကော်မတီ ရွေးချယ်ခံ အဖွဲ့ဝင်များသည် DAO စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းစဉ်တွင် အတိုင်းအတာ တစ်ခုထိ ပြည်သူလုထုပါဝင်မှုကို သေချာစေသည်။ လက်ရှိ စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များ ပါဝင်နိုင်မှုအတိုင်းအတာသည် အသက်အရွယ်၊ ကျား/မ (စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင် အများစုမှာ အသက်ကြီးသော အမျိုးသားများဖြစ်သည်) အနေအထားနှင့်၊ ၎င်းတို့ကို မည်သို့ပွင့်လင်းမြင်သာစွာ ရွေးချယ်ခဲ့သည်ဆိုသည့်များက အကန့်အသတ် ဖြင့်ရှိနေသေးသည်။ ထို့ပြင် ပို၍ကြီးသောမြို့များတွင် TDAC ရွေးချယ်ခံ အဖွဲ့ဝင် ၄ ဦးသာ ရှိခြင်းကြောင့် တစ်ဦးချင်းစီအနေဖြင့် လူဦးရေအတော်များများကို ကိုယ်စားပြုရသည့် သဘောဖြစ်နေသည်။

**DAO ၏ တာဝန်ယူမှု၊ တာဝန်ခံမှု အပိုင်းများမှာ ရှင်းလင်းပြတ်သားမှု မရှိပါ။** TDAC များအနေဖြင့် DAO များကို အောက်ခြေသို့ တာဝန်ခံမှု ရှိစေရန် တရားဝင်တွန်းအားပေးနိုင်သည့် အခွင့်ရှိသော်လည်း မှုန်ဝါးဝါးသာဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရွေးချယ်ခံ TDAC အဖွဲ့ဝင်များသည် စီမံကိန်းနှင့် ဘတ်ဂျက် ရေးဆွဲရေးလုပ်ငန်းစဉ်များတွင် လုပ်ငန်းသဘောအရပါဝင်ရန် ဖြစ်လာရခြင်းကြောင့်ဖြစ်သည်။ ထို့ကြောင့် ၎င်းတို့သည် စီမံကိန်းများနှင့် ဘတ်ဂျက်များ ရေးဆွဲခြင်း၌သာ ပါဝင်နေကြကာ အတည်ပြုပြီးသော ဘတ်ဂျက်၊ စီမံကိန်းနှင့် လုပ်ငန်းများအား စောင့်ကြည့်ရန် မလုပ်နိုင်တော့သောကြောင့် အပြန်အလှန် ထိန်းညှိမှုဖြစ်စဉ်မှာ ထိထိရောက်ရောက် မရှိတော့ပေ။ TDAC အဖွဲ့ဝင်များသည် ၎င်းတို့ကိုယ်တိုင် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းတွင် ပါဝင်နေရသော်လည်း DAO များက ရေးဆွဲထားသော စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲ ရာတွင် ဆုံးဖြတ်ချက်များအပေါ် မေးခွန်းထုတ်ပြီး မမေးနိုင်ကြပေ။

**ရေတိုအားဖြင့် DAO/DDA များကို ပြည်သူလူထုပါဝင်မှုအတွက် အဖွဲ့အစည်းဆိုင်ရာ မူဘောင်တစ်ခုကို ထူထောင်ရန်အားပေးနိုင်သည်။** ရပ်ရွာလူထုနှင့် တိုင်ပင်အကြံယူမှုနှင့်ချိတ်ဆက်ပါဝင်စေခြင်းများကို အလွတ်သဘော လုပ်ဆောင်နေခြင်းထက်စာလျှင် ရပ်ကွက်ဖွံ့ဖြိုးရေး ကော်မတီများမှတဆင့် DAO စီမံကိန်းနှင့် ဘတ်ဂျက်ရေး ဆွဲရေးလုပ်ငန်းစဉ်သို့ တရားဝင်တင်ပြခြင်းဖြင့် ပူးပေါင်းဆောင်ရွက်မှုများ လုပ်ဆောင်နိုင်သည်။ ယင်းမှာ ရိုးရှင်းသောနည်းလမ်းဖြင့် ပြည်သူလူထုပူးပေါင်းပါဝင်လာမှုတိုးတက်လာစေရန် အထောက် အကူဖြစ်စေသော နည်းလမ်းဖြစ်သည်။

**ရေရှည်အနေဖြင့်မူ TDAC များကို ပြန်လည်စဉ်းစားရန် လိုအပ်သည်။** ၎င်းတို့၏ အဖွဲ့ဝင်၊ အဖွဲ့ဝင်များကို ရွေးချယ်သည့်နည်းလမ်းနှင့်

---

[88] အချို့သော လတ်တလောရွေးချယ်လိုက်သည့် ကရင်ပြည်နယ်မှ TDAC များသည် လုပ်ရိုးလုပ်စဉ် ရပ်ကွက်အခြေပြု အကြံဉာဏ် ရယူခြင်း ဆွေးနွေးပွဲများကို စီမံကိန်းရေးဆွဲခြင်း ရည်ရွယ်ချက်အတွက် အစပြုဖော်ဆောင်နေပြီ ဖြစ်ပုံရသည်။

၎င်းတို့၏ အခန်းကဏ္ဍများကို ဖြစ်သည်။ TDAC များ၏ အခန်းကဏ္ဍမှာ အထူးအာရုံစိုက်စရာဖြစ်သည်။[89] အကယ်၍ TDAC များအနေဖြင့် DAO ပုံမှန်လုပ်ငန်းစဉ်များတွင် ပါဝင်မှုကို လျှော့ချကာ DAO ရုံးကိုသာ လုပ်ခွင့်ပေးထားပြီး ၎င်းတို့က စီမံကိန်း၊ ဘတ်ဂျက်နှင့် အကောင်အထည်ဖော်သည့် ကိစ္စများ၌ စောင့်ကြည့်၊ ကြီးကြပ်ရန်ကိုသာ အာရုံစိုက်ထားမည်ဆိုပါက ပို၍ သင့်လျော်ထိရောက်မှုရှိမည် ဖြစ်သည်။

### DAO အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုပေးခြင်း - မြို့ပြဖွံ့ဖြိုးတိုးတက်မှု ရှုထောင့်များ

**အထက်ကဖော်ပြသကဲ့သို့ လက်တွေ့တွင် အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုပေးခြင်းများနှင့် ပတ်သတ်ပြီး DAO များ၏ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းများတွင် လမ်းကွန်ရက်များအတွက် အသေးစား၊ အပိုင်းပိုင်းဖြစ်ကာ တစ်နှစ်ချင်း တိုး၍သာ လုပ်ဆောင်ရသည့် ရင်းနှီးမြှုပ်နှံမှုများကို ဆုံးဖြတ်လုပ်ဆောင်နေရသည်။** ထို့ကြောင့် DAO များမှာ မြို့တော် သို့မဟုတ် မြို့ရွာ ဦးစီးမှု ပုံစံမျိုး လုပ်ရခြင်းမဟုတ်ဘဲ မြို့ပြလမ်းဌာနကဲ့သို့ သေးသေးမွှားမွှားသာ လုပ်ဆောင်နိုင်သည်။ ယင်းအတွက် DAO များအနေဖြင့် မြို့ပြ သို့မဟုတ် နှစ်ရှည် စီမံကိန်းရေးဆွဲသည့် စစ်မှန်သော လုပ်ငန်းမျိုး မလုပ်ဆောင်နိုင်ဆိုသောအချက်က ထိုအချက်ကို ပို၍ ခိုင်မာစေသည်။ မြို့ပြဖွံ့ဖြိုးလာမှုမှာ ပိုမိုအရေးကြီးလာသဖြင့် ယင်းမြို့ပြနေရာများသည် စီးပွားရေးတိုးတက်မှုတစ်ခုလုံးအတွက် သော့ချက်ကျသော အခန်းကဏ္ဍ၌ ပါဝင်လာသည့်အချိန်တွင် ယင်းသို့ဖြစ်နေခြင်းမှာ အကောင်းဆုံးပုံစံတော့မဟုတ်ပေ။

ကာလတိုနှင့်ကာလလတ်အနေအထားတွင် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေဖြင့် လူမှုစီးပွားကဏ္ဍ တစ်ခုလုံး တိုးတက်မှုအတွက် နိုင်ငံ၏ဒုတိယမြို့တော်များနှင့်မြို့ကြီးများ၏ အခန်းကဏ္ဍများနှင့် မြို့ပြဒေသများ၏ ဖွံ့ဖြိုးမှု လိုအပ်ချက်များကို လေးလေးနက်နက် ပို၍တွေးခေါ်စဉ်းစားကြရန် လိုအပ်ပါသည်။

မြို့ပြများတွင် လူများပိုမိုနေထိုင်လာခြင်းမှာ ရှောင်လွှဲမရသော အခြေအနေဖြစ်သည်။ ယင်းအခြေအနေကို မည်သို့ကောင်းစွာစီမံခန့်ခွဲမည်ဆိုသည်က ယင်းမြို့ပြဒေသများမှ တိုးတက်လာသော လူဦးရေအချိုးအစားအပေါ် မည်သည့်အတိုင်းအတာထိ အကျိုးရှိစေပြီး မည်မျှ မျှဝေပေးမည်ဆိုသည့်အပေါ် ကြီးစွာသောခြားနားမှု ဖြစ်ပေါ်စေမည်ဖြစ်ပါသည်။ ထိုကဲ့သို့သော အချိန်တွင် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော် မြို့များမှလွဲ၍ ကျန်မြို့များတွင် မြို့ပြဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် မူဝါဒလမ်းညွှန်မှုမှာ နည်းပါးလျက်ရှိသည်။ မြို့ပြများ ဖွံ့ဖြိုးလာမှု၊ မြို့ပြဒေသ ဝန်ဆောင်မှုများ၊ မြို့ပြဒေသရှိ စိန်ခေါ်မှုများ (အိမ်ယာများ၊ ဆက်သွယ်ရေး၊ စီမံကိန်းရေးဆွဲခြင်း စသည်) နှင့် မြို့ပြစီမံခန့်ခွဲမှုများအကြောင်း အသိပညာများ တိုးတက်လာအောင် လုပ်ဆောင်ရန်မှာ အလွန်အ ရေးပါသော ဆောင်ရွက်ချက် ဖြစ်သည်။ မြန်မာနိုင်ငံ၏ ဒုတိယမြို့တော်များနှင့် မြို့များအားစီမံခန့်ခွဲခြင်း ဆိုသည်မှာ လမ်းမများကို အဆင့်မြှင့်ခြင်း တစ်ခုတည်း ကိစ္စမဟုတ်ပေ။

### ၅.၂.၂။ DAO များ၊ ဒေသန္တရ အုပ်ချုပ်ရေးနှင့် ပိုမိုကျယ်ပြန့်သည့် အဖွဲ့အစည်း မူဘောင်များ

**DAO များ၏ စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းကို လေ့လာလျှင် မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးနှင့် ပတ်သက်၍ ကျယ်ပြန့်သော ကိစ္စရပ်များ မလွဲမရှောင်သာထွက်ပေါ်လာမည်ဖြစ်သည်။ ဤအစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ ယေဘုယျအားဖြင့် ဒေသဆိုင်ရာ အုပ်ချုပ်မှု၊ တိတိကျကျဆိုရသော် စည်ပင်သာယာအုပ်ချုပ်မှုနှင့် သက်ဆိုင်မှုအရှိဆုံး ကျယ်ပြန့်သည့် ကိစ္စရပ်များကို ဆန်းစစ်ရန် ဖြစ်သည်။** အခြားနိုင်ငံများမှ မြူနီစီပယ်အစိုးရများနည်းတူ DAO များသည် လုပ်ငန်းများဆောင်ရွက်လုပ်ကိုင် နေကြသည်။ DAO များသည် စီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းလုပ်ငန်းများတွင် ကိုယ်ပိုင်ဆုံးဖြတ်ခွင့် မြင့်မားစွာ အလိုအလျောက် ရရှိထားကြသည်။ DAOများအနေဖြင့် ၎င်းတို့ငွေကြေးအရင်းအမြစ် မည်သို့ရှာဖွေမည်၊ ကိုယ်ပိုင် ရငွေများကို မည်သည့်နေရာတွင် သုံးစွဲမည်စသည်တို့တွင် ကိုယ်ပိုင်စဉ်းစားလုပ်ဆောင်ခွင့်ရထားသည်။ DAO များ၏ နှစ်စဉ် ဘတ်ဂျက်တင်သွင်းမှုကို အထက်အဆင့်အစိုးရများအနေဖြင့် စွက်ဖက်မှုတစ်စုံတရာ မပြုလုပ်ဘဲ အတည်ပြုပေးလေ့ရှိသည်။ ရှိခဲ့လျှင်ပင် အစိုးရပိုင်းအထက်အဆင့်အလွှာက အနည်းငယ်သာ ပြင်ဆင်လေ့ရှိသည်။သို့သော် DAO များမှာ အများနားလည်ထားသလို စည်ပင်သာယာအစိုးရအဖွဲ့များမဟုတ်ပါ။ မြို့နယ် DAO များသည် ပြည်နယ်/တိုင်းဒေသကြီး ဦးစီးဌာနကြီး၏ အစိတ်အပိုင်းတစ်ခု မျှသာဖြစ်ပြီး၊ ဗဟိုချုပ်ကိုင်မှုများသောအာဏာခွဲဝေမှု အောက်ရှိ ပြည်နယ်/တိုင်းဒေသကြီး၏ ထိန်းချုပ်မှုရှိနေကာ လုပ်ငန်းပိုင်းဆိုင်ရာတွင် ၎င်းတို့၏ တာဝန်ခံမှုမှာ မှုန်ဝါးဝါးသာရှိပေသည်။

**ကာလလတ်နှင့်ကာလရှည်အကြံပြုချက်တစ်ခုမှာ- ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီးအစိုးရများသည် ဒေသန္တရအုပ်ချုပ်ရေး၊ မြို့ပြအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုတို့နှင့် ပတ်သတ်ပြီး ထိရောက်သောမူဝါဒ ဆိုင်ရာဆွေးနွေးပွဲများ ပြုလုပ်ရန်လိုအပ်ပါသည်။** ယခု အချိန်တွင် DAO/DDA စနစ်များမှာ ဗဟိုချုပ်ကိုင်မှုပိုများသော အစိုးရနှင့် စည်ပင်သာယာရေး အစိုးရကြားတွင် ရောက်နေသော (တောမကမြို့မကျ)အဖွဲ့အစည်းတစ်ခုကဲ့သို့ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။အနှစ်သာရအားဖြင့်လက်ရှိလုပ်ကိုင်နေသောDAO/DDA စနစ်များသည် ပြုပြင်ပြောင်းလဲရေးဆိုင်ရာ စေ့စပ်ညှိနှိုင်းမှု တစ်ခုဖြစ်သည်။ ၎င်းအနေအထားတွင် မဖြေရှင်းနိုင်သေးသော ဆန့်ကျင့်ဘက်အမြင်များနှင့် တင်းမာမှုများ ရှိနေသည်။ ယင်းကို ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအတွက် လက်ခံနိုင်စရာ ရှိပါသလား။ နိုင်ငံရေးသမားများနှင့် မူဝါဒချမှတ်သူများအနေဖြင့် အဆိုပါ အနေအထားကို ကျေနပ်ပါသလား။ မြန်မာ

---

[89] အဘယ်ကြောင့်ဆိုသော် လောလောဆယ်တွင် ဒီမိုကရေစီနည်းကျ ရွေးချယ်လိုက်သော ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍထက် အပြောင်းအလဲအစပြုစ မြန်မာပြည်တွင် ဒီမိုကရေစီနည်းကျကျ ကိုယ်စားပြုခွင့်ရသော ပထမဆုံးပွင့်လာသော လမ်းကြောင်းအနေအထားသာ ရှိသေးသောကြောင့်ဖြစ်သည်။

နိုင်ငံအနေဖြင့် တတိယအလွှာ၊ ဒေသန္တရအစိုးရအလွှာတစ်ခုကို ထူထောင်လိုသလား။ ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ယေဘုယျအားဖြင့် ဒေသန္တရ အစိုးရ၊ အထူးအားဖြင့် မြို့ပြဒေသန္တရအစိုးရအမျိုးအစားအတွက် ထည့်သွင်းပေးထားသလား။ ထိုမေးခွန်း အားလုံးမှာ ကြီးမားသော (အချုပ်အခြာနှင့်ဆိုင်သော) မူဝါဒပိုင်းဆိုင်ရာ စဉ်းစားစရာကိစ္စရပ်များဖြစ်သည်။ ဆုံးဖြတ်ချက် တစ်ခုခုချခြင်းဖြင့် နိုင်ငံကို မြို့ပြအုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု စိန်ခေါ်ချက်များကြားမှ မည်သို့တည်ဆောက်မည်ဆိုသည်ကို တွေးခေါ်ရာတွင် ပိုမိုရှင်းလင်းလာပါလိမ့်မည်။

**ကာလလတ်နှင့်ကာလရှည်တွင် စည်ပင်သာယာရေးနှင့် မြို့ပြအုပ်ချုပ်ရေးအပေါ် အထူးအာရုံစိုက်ခြင်းနှင့်အတူ ကြီးမားသည့် ဒေသန္တရအုပ်ချုပ်ရေးဆိုင်ရာ ၎င်းကိစ္စရပ်များအပေါ် စဉ်းစားသုံးသပ်ရာတွင် ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအား ဖွံ့ဖြိုးရေးဆိုင်ရာမိတ်ဖက်များအနေဖြင့် အကူအညီပေးနိုင်မည်ဖြစ်သည်။** စည်ပင်သာယာရေးအုပ်ချုပ်ရေးအကြောင်း စဉ်းစားခြင်းမှာ ကောင်းမွန်သော အစပြုမှု ဖြစ်သည်။ အဘယ်ကြောင့်ဆို သော်စည်ပင်သာယာရေးအဖွဲ့များ၏မြို့ပြဝန်ဆောင်မှုများကို ပြည်နယ်/တိုင်းဒေသကြီး၏တာဝန်အဖြစ်ရှုမြင်ပြီးဖြစ်ရုံသာမက မြို့ပြ ပြည်သူ့လိုအပ်ချက်နှင့်ဝန်ဆောင်မှု များ ဖြည့်ဆည်းပေးရာတွင် စည်ပင်သာယာရေးအဖွဲ့များသည် လွတ်လပ်စွာဆောင်ရွက်နိုင်သည့် အနေအထားရှိသောကြောင့် ဖြစ်သည် ။

**မြန်မာနိုင်ငံအနေဖြင့် ဒေသန္တရအုပ်ချုပ်ရေးကိစ္စရပ်များအား မည်သို့ကိုင်တွယ်မည်ဆိုသည်ကို ရှင်းရှင်းလင်းလင်း ရှိလာသည်နှင့် တပြိုင်နက် ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများအနေဖြင့် မြို့ပြဧရိယာတွင် ဒေသန္တရစီမံကိန်းနှင့် ဘတ်ဂျက်ရေးဆွဲခြင်းဆိုင်ရာ လုပ်ငန်းစဉ်မူဘောင်တစ်ခုအဖြစ် ဗဟိုချုပ်ကိုင်မှု လျှော့ချခြင်းကို ထိထိရောက်ရောက်လုပ်နိုင်ရန် လေးနက်စွာ စဉ်းစားကြရပါလိမ့်မည်။** ဒေသန္တရအုပ်ချုပ်ရေးကို မည်သို့ကိုင်တွယ်မည်ဆိုသည်နှင့်ပတ်သက်၍ ရွေးချယ်ခံဒေသန္တရအစိုးရများမှ တဆင့်သော်လည်းကောင်း၊ အာဏာဖြေလျှော့ပေးထားသော အရောအစီအစဉ်များမှ တဆင့်သော်လည်းကောင်း မည်သည့် ဆုံးဖြတ်ချက်ကို ချသည်ဖြစ်စေ မှန်ကန်ပါလိမ့်မည်။ လိုအပ်သည်မှာ အစီအစဉ်များကို စီစစ်သုံးသပ်ပြီး ပိုမို၍ တသမတ်တည်း ရှိရန်နှင့် ကျိုးကြောင်းဆီလျော်မှု ရှိစေရန်သာဖြစ်သည်။ မြို့ပြဧရိယာများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ သီးသန့်ကိစ္စရပ်များတွင်မှ လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်များစွာ လုပ်ဆောင်ရန်လိုအပ်နေသည်။ လက်ရှိ တာဝန်ပေးထားမှုများ လုံလောက်မှုရှိပါသလား၊ လက်ရှိ DAO က တာဝန်ယူထားသော အချို့သော ဝန်ဆောင်မှု/လုပ်ငန်းဆောင်တာများအား အခြားသောအဖွဲ့များသို့ ပြန်လည် တာဝန်ပေးသင့်ပါသလား၊ ဥပမာအားဖြင့် ရေပေးဝေရေးလုပ်ငန်းကို DAO ထက်စာလျှင် အခြားသော အဖွဲ့များသို့ ခွဲဝေပေးနိုင်ပေသည်။

လုပ်ငန်းပိုင်းဆိုင်ရာ တာဝန်ဝတ္တရားများကို ရှင်းလင်းအောင်လုပ်ဆောင်ပြီးလျှင် DAO/DDA များ၏ ဝင်ငွေခွဲဝေမှုနှင့် လုပ်ငန်းအစီအစဉ်များကို ပြန်လည်စဉ်းစားရန် လိုအပ်သည်။ လက်ရှိတွင် DAO/DDA စနစ်သည် နည်းစနစ်တကျမရှိသော သို့မဟုတ် ဒေသန္တရအဆင့် အာဏာပိုင်များသို့ တာဝန်ပေးလိုက်ခြင်းဖြင့် ပိုကောင်းမည့် ဝင်ငွေရှာဖွေခြင်းများအပေါ် မှီခိုနေရသည်။ DAOများ၏ အချို့ဝင်ငွေများ (ပစ္စည်းပိုင်ဆိုင်မှုခွန်ကဲ့သို့)ကို ပြုပြင်ပြောင်းလဲရန် လိုအပ်နေပြီး အချို့သော အခွန်မျှဝေမှုအစီအစဉ်များကို ပြန်လည်သုံးသပ်ကြည့်ရှုရန်လည်း လိုအပ်လျက်ရှိသည်။ ပြည်ထောင်စုအစိုးရနှင့် ပြည်နယ်/တိုင်းဒေသကြီးအစိုးရများကလည်း ၎င်းတို့ အစိုးရအချင်းချင်းကြား ဘဏ္ဍာငွေလွှဲပြောင်းမှု မည်သို့စီမံခန့်ခွဲသည်ကို ပြန်လည်သုံးသပ်ရန် လိုအပ်ပါလိမ့်မည်။

နောက်ဆုံးအနေဖြင့်မြို့ပြအခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံမှုများလုပ်ဆောင်နိုင်ရန် ချေးငွေရယူ အသုံးပြုခြင်းနည်းလမ်းကို ထည့်သွင်းစဉ်းစားရန် လိုအပ်ပါလိမ့်မည်။ အချုပ်ဆိုရသော် - ပြည်ထောင်စုနှင့် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများသည် အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုပေးခြင်းများလုပ်ဆောင်နေသည့် အဖွဲ့အစည်းဆိုင်ရာ မူဘောင်တစ်ခုလုံးအပေါ် အသေးစိတ်ပြန်လည် စဉ်းစားမှုများ ပြန်လည် ပြုလုပ်ရန် အရေးကြီးကြောင်း အကြံပြု တင်ပြလိုက်ရပါသည်။

# ကျမ်းကိုးစာရင်း


Arnold, Matthew, Ye Thu Aung, Susanne Kempel, and Kyi Pyar Chit Saw. *Municipal Governance in Myanmar: An Overview of Development Affairs Organizations.* Discussion Paper No. 7. Yangon: The Asia Foundation and MDRI-CESD. 2015. http://asiafoundation.org/resources/pdfs/MunicipalGovernanceinMyanmarENG.pdf.

Bahl, Roy & Richard Bird. "Subnational Taxes in Developing Countries: The Way Forward". *Public Budgeting & Finance.* Vol. 28, Issue 4. Winter 2008. pp 1-25. http://onlinelibrary.wiley.com/doi/10.1111/j.1540-5850.2008.00914.x/pdf.

Bissinger, Jared. *Local Economic Governance in Myanmar.* Yangon: The Asia Foundation. 2016. http://asiafoundation.org/resources/pdfs/LocalEconomicGovernanceinMyanmarENG.pdf

Glaeser, Edward and Abha Joshi-Ghani. *Rethinking Cities: Toward Shared Prosperity*. Economic Premise. Number 126. October 2013. Washington, DC: World Bank. http://siteresources.worldbank.org/EXTPREMNET/Resources/EP126.pdf.

Hoornweg, Daniel and Perinaz Bhada-Tata. *What a Waste – A Global Review of Solid Waste Management*. Urban Development Series, Knowledge Paper 15. Washington, DC: World Bank. 2012. http://siteresources.worldbank.org/INTURBANDEVELOPMENT/Resources/336387-1334852610766/What_a_Waste2012_Final.pdf.

International Growth Centre (Myanmar), 31 March 2016, Twitter, https://twitter.com/igc_myanmar.

Kelly, Roy. *Making the Property Tax Work*. Working Paper 13-11. International Center for Public Policy. Atlanta: Andrew Young School of Policy Studies. Georgia State University. April 2013. http://scholarworks.gsu.edu/cgi/viewcontent.cgi?article=1041&context=icepp.

Mikesell, John. "Developing Options for the Administration of Local Taxes: An International Review", *Public Budgeting and Finance*. Vol. 27. Issue 1. Spring 2007. pp 41-68.

Tin MG Oo. "New Urban Master Plans to be Introduced for 56 Locales". *Myanmar Business Today.* Vol 3. Issue 43. November 7, 2015. http://www.mmbiztoday.com/articles/new-urban-master-plans-be-introduced-56-locales.

Schroeder, Larry. "Forecasting Local Revenues and Expenditures", in Anwar Shah, Ed. *Local Budgeting*. Public Sector Governance and Accountability Series. Washington, DC: World Bank. 2007. pp. 53-76. http://siteresources.worldbank.org/PSGLP/Resources/LocalBudgeting.pdf.

UNCDF. *Procurement for Local Development: A Guide to Best Practice in Local Government Procurement in Least Developed Countries.* New York, NY: United Nations Capital Development Fund. http://www.uncdf.org/sites/default/files/Download/procurement.pdf.

UNDP. *State of Local Governance: Trends in Myanmar: A Synthesis of People's Perspectives Across all States and Regions.* Yangon: United Nations Development Programme. 2015. http://www.mm.undp.org/content/dam/myanmar/docs/Publications/PovRedu/Local%20Governance%20Mapping/UNDP_MM%20State%20of%20Local%20Governance%20-%20Synthesis%20Report.pdf.

UNICEF and WHO. *Progress on Sanitation and Drinking Water – 2015 Update and MDG Assessment*. Joint Monitoring Programme for Water and Sanitation. Geneva: World Health Organization. 2015. http://www.wssinfo.org/fileadmin/user_upload/resources/JMP-Update-report-2015_English.pdf.

Van't Land, Gerhard. "Institutional Assessment of Local Governance in Myanmar". Discussion paper. National Community Driven Development Project (NCDDP), World Bank.

World Bank. "Bank-Financed Procurement Manual". Draft July 2001. Washington. DC: World Bank. http://sitere-sources.worldbank.org/PROCUREMENT/Resources/pm7-3-01.pdf.

## နောက်ဆက်တွဲ ၁ - မြန်မာနိုင်ငံ၏ မြို့ပြ ဖွံ့ဖြိုးမှု

### ၁ (က) - မြို့ပြလူဦးရေ ပြည်နယ်၊ တိုင်းဒေသကြီး

| State/ Region | Total Population | Urban Population | % Urban |
|---|---|---|---|
| KACHIN | 1,642,841 | 592,368 | 36.1 |
| KAYAH | 286,627 | 72,418 | 25.3 |
| KAYIN | 1,504,326 | 329,166 | 21.9 |
| CHIN | 478,801 | 99,809 | 20.8 |
| SAGAING | 5,325,347 | 911,335 | 17.1 |
| TANINTHARYI | 1,408,401 | 338,419 | 24.0 |
| BAGO | 4,867,373 | 1,072,336 | 22.0 |
| MAGWAY | 3,917,055 | 588,031 | 15.0 |
| MANDALAY | 6,165,723 | 2,143,436 | 34.8 |
| MON | 2,054,393 | 572,189 | 27.9 |
| RAKHINE | 2,098,807 | 354,288 | 16.9 |
| YANGON | 7,360,703 | 5,160,512 | 70.1 |
| SHAN | 5,824,432 | 1,395,847 | 24.0 |
| AYEYAWADY | 6,184,829 | 872,600 | 14.1 |
| NAY PYI TAW | 1,160,242 | 375,189 | 32.3 |
| **TOTAL** | **50,279,900** | **14,877,943** | **29.6** |

# နောက်ဆက်တွဲ ၂ - ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရ ဖွဲ့စည်းတည်ဆောက်ပုံ

၁ (ခ)။ မြန်မာနိုင်ငံရှိ မြို့နယ်နှင့် မြို့တော် (လူဦးရေ ၂၀,၀၀၀ ကျော်)

| No. | City/town | Population | No. | City/town | Population | No. | City/town | Popu-lation | No. | City/town | Popu-lation |
|---|---|---|---|---|---|---|---|---|---|---|---|
| 1 | Yangon | 4,728,524 | 31 | Shwebo | 69,036 | 61 | Kyaukme | 39,930 | 91 | Hakha | 24,926 |
| 2 | Mandalay | 1,225,546 | 32 | Phyu | 63,880 | 62 | Minbu | 39,559 | 92 | Letpadan | 24,792 |
| 3 | Naypyitaw | 333,506 | 33 | Hpakant | 60,123 | 63 | Daik-U | 38,477 | 93 | Shwegyin | 24,579 |
| 4 | Taunggyi | 264,804 | 34 | Nyaunglebin | 59,244 | 64 | Mrauk-U | 36,139 | 94 | Kyaiklat | 24,479 |
| 5 | Bago | 254,424 | 35 | Myaungmya | 58,698 | 65 | Thayarwady | 35,815 | 95 | Nyaungdon | 24,455 |
| 6 | Mawlamyine | 253,734 | 36 | Bhamo | 58,696 | 66 | Kyaikto | 35,224 | 96 | Yedashe | 24,420 |
| 7 | Myitkyina | 243,031 | 37 | Kawthoung | 57,949 | 67 | Ye | 34,430 | 97 | Madaya | 24,234 |
| 8 | Monywa | 207,489 | 38 | Kalaw | 57,797 | 68 | Tangyan | 33,603 | 98 | Kyonpyaw | 23,966 |
| 9 | Lashio | 174,335 | 39 | Thanbyuzayat | 57,208 | 69 | Mohnyin | 33,290 | 99 | Nansang | 23,792 |
| 10 | Pathein | 169,773 | 40 | Thaton | 55,047 | 70 | Kayan | 32,977 | 100 | Laukkaing | 23,435 |
| 11 | Pyin Oo Lwin | 158,783 | 41 | Mudon | 52,514 | 71 | Mawlamyinegyun | 32,915 | 101 | Hopin | 23,352 |
| 12 | Pyay | 134,861 | 42 | Myede | 52,487 | 72 | Wundwin | 32,558 | 102 | Yesagyo | 23,329 |
| 13 | Kale | 130,506 | 43 | Tachileik | 51,553 | 73 | Pyawbwe | 32,214 | 103 | Waw | 23,143 |
| 14 | Myeik | 115,141 | 44 | Loikaw | 51,349 | 74 | Tanai | 31,998 | 104 | Gyobingauk | 22,947 |
| 15 | Myawaddy | 113,155 | 45 | Pyapon | 49,128 | 75 | Kyauktaga | 31,656 | 105 | Minbya | 22,944 |
| 16 | Meiktila | 111,522 | 46 | Nyaung-U | 48,528 | 76 | Labutta | 31,174 | 106 | Hopong | 22,840 |
| 17 | Taungoo | 108,589 | 47 | Taungdwingyi | 46,023 | 77 | Nanhkan | 30,269 | 107 | Myanaung | 22,550 |
| 18 | Sittwe | 100,748 | 48 | Yenangyaung | 45,120 | 78 | Lawksawk | 29,533 | 108 | Wakema | 22,181 |
| 19 | Magway | 94,038 | 49 | Chauk | 45,076 | 79 | Paung | 29,434 | 109 | Waingmaw | 21,969 |
| 20 | Pakokku | 90,842 | 50 | Kengtung | 44,289 | 80 | Toungup | 28,652 | 110 | Chaung-U | 21,929 |
| 21 | Taikkyi | 88,000 | 51 | Tamu | 43,737 | 81 | Thongwa | 28,018 | 111 | Danubyu | 21,762 |
| 22 | Myingyan | 87,708 | 52 | Bogale | 43,224 | 82 | Yamethin | 27,698 | 112 | Kawlin | 21,431 |
| 23 | Thanlyin | 86,065 | 53 | Maubin | 43,111 | 83 | Hpayarthonesu | 27,311 | 113 | Zalun | 21,254 |
| 24 | Hinthada | 83,762 | 54 | Twantay | 43,092 | 84 | Panglong | 27,115 | 114 | Homalin | 21,220 |
| 25 | Sagaing | 81,432 | 55 | Kawkareik | 42,950 | 85 | Katha | 26,732 | 115 | Hsipaw | 20,897 |
| 26 | Amarapura | 80,824 | 56 | Kyaukpadaung | 42,817 | 86 | Hmawbi | 25,960 | 116 | Kyaukpyu | 20,866 |
| 27 | Dawei | 80,117 | 57 | Kyauktan | 42,778 | 87 | Paungde | 25,455 | 117 | Mongla | 20,745 |
| 28 | Mogoke | 77,609 | 58 | Tatkon | 41,683 | 88 | Kanbalu | 25,022 | 118 | Thazi | 20,561 |
| 29 | Hpa-an | 75,141 | 59 | Kyaukse | 41,482 | 89 | Mogaung | 25,012 | 119 | Ye-U | 20,458 |
| 30 | Muse | 74,313 | 60 | Hlegu | 40,078 | 90 | Kutkai | 24,963 | 120 | Thayet | 20,251 |

Source: Matthew Arnold et al. Municipal Governance in Myanmar: an overview of Development Affairs Organizations (Yangon: The Asia Foundation and MDRI-CESD, 2015),

The Asia Foundation

No. 17, Thu Khi Tar Street,
Pyi Thar Yar Residence Lane 1,
15 Ward, Bauk Htaw, Yankin Township,
Yangon, Myanmar.

RENAISSANCE INSTITUTE

No. (79/A), Kyaikkasan Road,
Tamwe Township,
Yangon, Myanmar.

Photo by: Thi Dar Nwe & Ei Ei Thwe